
www.burmeseclassic.com



# ပေါ်ဂျာရင်

## ဂျာအေးနှင့် လောဘရဟတ်ကြီး

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

### ဒို့တာဝန် အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံး ညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
အချုပ်အခြာ အာဏာတည်တံ့ ခိုင်မြဲရေး ဒို့အရေး

### ပြည်သူ့ သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေးဦးတည်ချက် (၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်း သာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီး နိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေးဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့် စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

BURMESE CLASSIC

ပညာရွှေတောင်စာစဉ် ၁၀၃

# ဂျာအေနှင့် လောဘရဟတ်ကြီး ပေါ်ကျွာရစ်

ပညာရွှေတောင်စာအုပ်တိုက်
အမှတ်(၉၀၊၉၂)ပန်းဆိုးတန်းလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၁-၂၄၀၆၉၀

www.burmeseclassic.com

www.burmeseclassic.com

ဂျာအေးနှင့်လောကရယာဉ်ကြီး

ဝေါ်ရှုရန်

အတွင်းစာသားခွင့်ပြုချက်အမှတ်
၁၁၃၉ / ၂၀၀၄ (၁၀)

မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၁၃၅၄ / ၂၀၀၄ (၁၂)

ထုတ်ဝေသည့်အကြိမ်
ပထမအကြိမ်
၂၀၀၅ ခုနှစ်၊ မတ်လ

အုပ်ရေ
၅၀၀

အဖုံးပန်းချီနှင့် အတွင်း
ကိုထက်မိုး

ဖလင်
ကိုလှဝင်း

စာအုပ်ချုပ်
ပပမိုး

ထုတ်ဝေသူ
ဦးအောင်မြတ်ထွေး၊
ပညာရွှေတောင်စာအုပ်တိုက်
(မြဲ- ၀၃၉၄၅)
၁၁၄၊ စိန်ရတီလမ်း
ရတနာကျွန်းရိပ်သာ၊သုနန္ဒာ
မြောက်ဥက္ကလာပ

မျက်နှာဖုံးနှင့်အတွင်းစာသားပုံနှိပ်
ဦးဝင်းအောင်
သန်းထိုက်ရတနာအော့ဖ်ဆက်
မြဲ(၀၅၁၃၁)၊
အမှတ် ၈၄၊ လမ်း ၅၀၊
ပုဇွန်တောင်မြို့နယ်၊
ရန်ကုန်မြို့။

တန်ဖိုး
၇၀၀- ကျပ်

ဆရာဝေါ်ရှုရန်၏ထုတ်ဝေပြီးစာစဉ်

(၁) ဂျာအေးနှင့်ရွှေဒိုက်ကြီး
(၂) ဂျာအေးနှင့်ဗီလိဗွာ
(၃) ဂျာအေးနှင့်ဘဝင်လှိုက်ကြီး
(၄) ဂျာအေးနှင့်ဥစ္စာတဘော
(၅) ဂျာအေးနှင့်ချစ်နောက်တောက်
(၆) ဂျာအေးနှင့်ရွှေပြိုတ်သား
(၇) ဂျာအေးနှင့်နစ်လေလိပ်တွန်း
(၈) ဂျာအေးနှင့်လောကတွေလည်ပြန်
လူ
(၉) ဂျာအေးနှင့်လောကရယာဉ်ကြီး
ထင်လင်း၍
(၁၀) ဂျာအေးနှင့်မဟာဂူသဝင်ကြီး

www.burmeseclassic.com

www.burmeseclassic.com

## ပညာရွှေတောင် စာအုပ်တိုက်မှ ထုတ်ဝေပြီးသော စာအုပ်များ

| | | |
|---|---|---|
| ၁၄၅ | [illegible]ချည် | မောင်မြင့်ကြွယ် |
| ၁၄၆ | [illegible]ဆောင်မောင်တုတ်(ရတနာပုံလျှို့ဝှက်စာတိုက်လမ်းများ) | မောင်ဇေယျ |
| ၁၄၇ | သမိုင်းစာချွှဲသော ဂဠုန်ရုပ်ကြွင်းများ | လှမိုး(ပညာရေး) |
| ၁၄၈ | ပုန်းကြည် | မာယာ |
| ၁၄၉ | သုဝဏ္ဏကျိုးရှင့် ဆန်းကြယ်ရသဝတ္ထုတိုများ | ပညာဗလ |
| ၁၅၀ | အပြီးကျောက်အပေါက်ကျောက်နှင့် လျှော့နိစားမင်းအင် | သီနေဟ(ကချင်ပြည်နယ်) |
| ၁၅၁ | ဂျာအေးနှင့် ဝိယဝိဇ္ဇာ | ပေါ်ဂျာရစ် |
| ၁၅၂ | ဆေးသော်မကြေ | အထောက်တော်လုအောင် |
| ၁၅၃ | မိုးဆန်းပန်းလိုလန်းပါစေနှင့်လက္ကဏာအထူးဆောင်းပါးများ (ငြိတ်)ဆရာကျော်လင်း | |
| ၁၅၄ | ဂျာအေးနှင့် တတ်လိုက်ကြီး | ပေါ်ဂျာရစ် |
| ၁၅၅ | တားပင်သုံးပင် ဆေးဖက်ဝင် | ဦးလှခင် |
| ၁၅၆ | ယုန်ထောင်ကြောင်မိနှင့် ဂဠုန်ရဝတ္ထုများ | တစ်ကြိမ်ကြီးမောင်ကို |
| ၁၅၇ | ဒုတိယကမ္ဘာစစ်နှင့် ဂဠုန်ခြေစိုက်ဆန်းများ | လှမိုး (ပညာရေး) |
| ၁၅၈ | အိမ်ကြီးပေါ်မှ ခြေသံများနှင့်<br>သည်းထိတ်ရင်ဖိုဝတ္ထုတိုများ | ကြည်ဦး |
| ၁၅၉ | သူတော်ကောင်းနှင့် ကျောက်တားပြည်သံ | ဝေယံလင်းခေါင် |
| ၁၆၀ | ဝိကြိုတိုးတဲ့ ပိုးဖလံ | အထောက်တော်လုအောင် |
| ၁၆၁ | တုရက်တွင်းကပါလာသူ | ခင်(တောင်ကြီး) |
| ၁၆၂ | ကမ္ဘာ့ရှုမှုဆိုးနှင့် လှို့ချို့တော် | မိုးကျော် |
| ၁၆၃ | နဂါးတြိုဂံနှင့် အတိတ်မှလောက်လွန်ဖြစ်ရပ်များ | လှမိုး (ပညာရေး) |
| ၁၆၄ | ရွှေမည်းတောင်ကြား | ဝေယံလင်းခေါင် |
| ၁၆၅ | ပဲခူးမြို့မဆရာတော်ဘုရားကြီး | မကြွယ်ကြွယ် |
| ၁၆၆ | ဥမ္မာတကော | ပေါ်ဂျာရစ် |
| ၁၆၇ | တစ်ခန်းပြန်၍မနိုးသောဝေဒနာ | နတ်နွယ် |
| ၁၆၈ | ပရလောကမှထူးဆန်းသောဖြစ်ရပ်မှန်များ | ငြိမ်းငြိမ်း(ကျိုင်းတုံ) |
| ၁၆၉ | လှယမင်းလား ကျားရဲလားနှင့်တစ်ခြားဝတ္ထုတိုများ | မင်းခေါင်နန္ဒ |
| ၁၇၀ | ကျွန်တော်နှင့်သေးလောက ဖတ်းလောကနှင့်ကျွန်တော် | မကျေးဝင်းမြင့် |
| ၁၇၁ | ဂျာအေးနှင့် ချစ်နောက်ကောက် | ပေါ်ဂျာရစ် |
| ၁၇၂ | ကမ္ဘာ့ဖျက်စစ်ဆင်ရေး | မောင်မြင့်ကြွယ် |
| ၁၇၃ | နာမည်ကျော်စာရေးဆရာများနှင့် အောင်မြင်ကျော်ကြားသော<br>စာရေးဆရာများ၏လက္ခဏာများ | ငြိမ်းငြိမ်း(ကျိုင်းတုံ) |
| ၁၇၄ | မြင့်မိုရ်မှန်တိုင်း | မာယာ |
| ၁၇၅ | ဂျာအေးနှင့် ရွှေကြိုးဟံသား | ပေါ်ဂျာရစ် |
| ၁၇၆ | ဣသာမဏ္ဍိယ ဝိပါက်ကြွှာ နှင့် နိုင်ငံရပ်ခြားဝတ္ထုတိုများ | ထက်မြက် |
| ၁၇၇ | အဏ္ဏဝါတရွှေ | မောင်မြင့်ကြွယ် |
| ၁၇၈ | လင်းဆွဲဖော်ယျာ | မာယာ |
| ၁၇၉ | ဂျာအေးနှင့် နစ်လော်ရာကုန် | ပေါ်ဂျာရစ် |
| ၁၈၀ | သူရဲ့လက်ဆောင်(တတိယတွဲ) ဆရာဦးမောင်မောင်သန်း(ရှင်ကိုအေးမြစေသား) | |
| ၁၈၁ | ဂျာအေးနှင့် ယောကျ်ားလည်မြိုက် | ပေါ်ဂျာရစ် |
| ၁၈၂ | ညဘီလူး | မာယာ |
| ယခု | | |
| ၁၈၃ | ဂျာအေးနှင့် သောဘရာတ်ကြီး | ပေါ်ဂျာရစ် |
| ဆက်လက်၍ | | |
| ၁၈၄ | ဂျာအေးနှင့် မဟာဂျာသဘင်ကြီး | ပေါ်ဂျာရစ် |

## အာမွှင့်

တစ်ရွာမပြောင်း သူ့ရကောင်းမဖြစ် ဆိုသည့်စကား မှန်သည်ဟုပင် ဆိုရပေမည်လား မသိ။ ဂျာအေးတစ်ယောက် ရန်ကုန်တွင် အခြေချတော့မည်ဟု ရည်ရွယ်ကာ သူငယ်ချင်းဖြစ်သူ ငမောင်ရွှေနှင့် လိုက်ခဲ့၏။

မောင်ရွှေ၏ ကြီးဒေါ်ဖြစ်သူက ရန်ကုန်တွင် ပွဲရုံကြီးထောင်ကာ အကြီးပွားကြီး ကြီးပွားနေသည်မို့ တူဖြစ်သူကို လုပ်ငန်းနှင့်ပတ်သက်ပြီး ဝိုင်းဝန်းကူညီရန်တနှင့်ရေးခေါ် လိုက်၏။ ထိုအခါ ဂျာအေးကပါ မောင်ရွှေနှင့်အတူ လိုက်ပါရန်ဆုံးဖြတ်ခဲ့လေ၏။

သူ့ဆုံးဖြတ်ချက်ကို ဖျောက်ဆိပ်တို့လူစုကတော့ တားမြစ်ခဲ့သော်လည်း ဂျာအေးက လူငယ်ပီပီ ချမ်းသာမှု၊ တိုးတက်မှုကို လိုချင်၏။ တိုးတက်ဖွံ့ဖြိုးနေသော မြို့ပြ၏ အရိပ်အာဝါသတွင် ဘဝ၏ ရေခံမြေခံကောင်းလိမ့်မည်ဟု သူသုဆခဲ့၏။

ထို့ကြောင့်လည်း ဖျောက်ဆိပ်တို့၏စကား နားမဝင်နိုင်ဖြစ်ခဲ့၏။ ဂျာအေး၏စိတ်ထဲတွင် ကြွယ်ဝချမ်းသာမှုနှင့်အတူ ကမ္ဘာကြီးကိုပင် လှမ်း၍ကြည့်နိုင်သော မြို့ပြ၏ ပြတင်းပေါက်များရှေ့တွင် သူလည်း ဇွေ့ဇွေ့ငေးငေး ခံစားလို၏။ ဘဝကို သာမညဘဝနှင့်တော့ အဆုံးမသတ်လို။

တီဗီ၊ ဗီဒီယိုများတွင် မြင်တွေ့နေရသော မြို့ပြ၏ ခမ်းနားကြီးကျယ်မှုကို သူ ရင်တဖိုဖို ခံစားခဲ့ရဖူး၏။ သူ့စိတ်ထဲ ဘဝ၏ ခန့်ညားသော ရှင်သန်မှုကို မြို့ပြမှာသာ စိုက်ပျိုးနိုင်လိမ့်မည်ဟု တထစ်ချ ယုံကြည်ခဲ့၏။ ထို့ကြောင့်လည်း ဖျောက်ဆိပ်တို့ တားမြစ်နေသည့်ကြားက မောင်ရွှေနှင့်အတူ ရန်ကုန်သို့ လိုက်ခဲ့ခြင်း ဖြစ်လေ၏။

ပညာရွှေတောင်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



မောင်ရွှေ၏ ကြီးဒေါ်ဖြစ်သူ နေထိုင်ရာ အိမ်ကြီးမှာ ခန့်ညားဝင့်ထည်သည်။ မြို့ပြင်တွင် ခြံနှင့်ဝင်းနှင့် တည်ဆောက်ထား၏။ ပွဲရုံကို ရန်ကုန်အနောက်ပိုင်းတွင် ဖွင့်လှစ်ထား၏။ ဂျာအေးနှင့် မောင်ရွှေတို့နှစ်ဦးသည် ရန်ကုန်ရောက်တတည်းက ပွဲရုံအလုပ်နှင့် ရှုပ်ထွေးနေကြ၏။ မောင်ရွှေ၏ ကြီးဒေါ်ကလည်း ငွေကြေးဥစ္စာကအစ သူတို့ကို လွှဲထားသဖြင့် အစစအရာရာ ကိုယ့်ခြေကိုယ့်လက် ဖြစ်နေ၏။

သူတို့နှစ်ဦး ရောက်လာသဖြင့် မောင်ရွှေ၏ ကြီးဒေါ်လုပ်သူမှာ အိမ်တွင် နားနားနေနေ နေနိုင်ခဲ့၏။ ထို့ပြင် ကျန်းမာရေးကလည်း ကောင်းလှသည်မဟုတ်။ ဆီးချိုရောဂါ ရှိနေသည်မို့ အိပ်ရာထဲ တရှောင်ရှောင် ဖြစ်ခဲ့ရ၏။ တစ်ချိန်တွင် ဆီးချိုရောဂါ အခြေအနေ ဆိုးဝါးလာသဖြင့် ဆေးရုံတင်ခဲ့ရာ သူတို့နှစ်ဦး ဆေးရုံတွင် တစ်လှည့်စီ စောင့်ခဲ့ရ၏။

မောင်ရွှေ၏ ကြီးဒေါ်မှာ ဂျာအေးကို သားအရင်းသဖွယ် ချစ်လှသူဖြစ်၏။ ဂျာအေးကလည်း သွေးသွားရင်းသဖွယ် ချစ်ခင်ခဲ့လေ၏။ မောင်ရွှေ၏ ကြီးဒေါ် အမည်မှာ ဒေါ်စိမ်းမျှင် ဖြစ်လေ၏။ ရောဂါအခြေအနေကြောင့် မအိပ်နိုင် မစားနိုင်ဖြစ်ခဲ့ရာ သူနာပြုဆရာမလေး နှစ်ဦးကိုလည်း နေ့ညအဆိုင်းနှင့် ငှားခဲ့ရ၏။

မနက်ပိုင်းစောင့်သည့် သူနာပြုဆရာမလေး၏ အမည်မှာ 'လော်ရာ' ဟု အမည်ရှိပြီး အလွန်တရာမှ ချောမောလှပပေ၏။ အသားက ဖြူဖွတ်ဝင်းစိုနေပြီး အရပ်က မားမားမြင့်မြင့်၊ နှာတံပေါ်ပေါ်၊ မျက်ခုံးထူထူကလေးမို့ မြင်သူတိုင်း စွဲမက် ယစ်မူးသွားနိုင်သည့် ရုပ်ရည်ရှိလေ၏။

ဂျာအေးမှာ လော်ရာ၏ အလှကလေးကြောင့် ဆေးရုံသို့ မနက်တစ်ခေါက် ညတစ်ခေါက် ရောက်နေ၏။ လော်ရာနှင့် လက်ပွန်းတတီး နေရသည်ကိုလည်း အကြည်နူးကြီး ကြည်နူးနေ၏။ မောင်ရွှေကမူ ကြီးဒေါ်လုပ်သူဆီလာရင်း ဆေးရုံအနောက်ဘက် ချစ်မိုးကြီးထမင်းဆိုင်မှ 'ရွှေဝါ'ဆိုသော ကောင်မလေးနှင့် အဆင်ပြေနေ၏။ ကြီးဒေါ်ဖြစ်သူ၏ အခြေအနေကြောင့် ပွဲရုံ ခေတ္တ ပိတ်ထားရလေ၏။

ဂျာအေးနှင့် မောင်ရွှေတို့မှာ ဆေးရုံသည် သူတို့အတွက် ချစ်တလင်း ဗျူဟာကြီး ထင်မှတ်နေကြလေ၏။ ယခုလည်း မိုးလင်းသည်နှင့် ဆေးရုံပေါ်သို့ ရောက်ရှိလာ၏။ ထိုအချိန်တွင် ဆရာမလေး လော်ရာသည် ဒေါ်စိမ်းမျှင်ကို အစားအသောက် ကျွေးမွေးနေ၏။ ဂျာအေးကလည်း လော်ရာရှေ့ ရောက်သည်နှင့် ညောင်နာနာဂိုက် ဖမ်းလိုက်၏။

"ဘယ်လိုဖြစ်လာသလဲ ကိုဂျာအေး၊ မျက်နှာကလည်း မှုန်ကုပ်ကုပ်"

"နေမကောင်းချင်သလိုပဲ ဆရာမလေးရာ"

"မှန်းစမ်း ကိုယ်ပူသလား"

"အင်း . . . ဟို . . . ဟုတ်တယ် ပူချင်သလိုပဲဗျ"

လော်ရာက ဂျာအေး၏ နဖူးပြောင်ပြောင်ကြီးကို ဖတ်ခနဲ ဖမ်းစမ်းလိုက်၏။ ထိုအပြုအမူကြောင့် ဂျာအေး ရင်တွေဖိုသွား၏။ လော်ရာ၏ အထိအတွေ့က ကျဉ်စက်နှင့် တို့လိုက်သည့်အလားပင်။ ထိုအခြေအနေကို စောင့်ကြည့်နေသူမှာ တစ်ဖက်ခုတင်မှ နလုံးရောဂါသည် ဦးမင်္ဂလာ ဖြစ်၏။ ဂျာအေး၏ နည်းဗျူဟာကို ငယ်ရာမှကြီးလာသော ဦးမင်္ဂလာက သိနေ၏။

ထို့ကြောင့်လည်း ပြုံးစိစိလုပ်နေ၏။ လော်ရာသည် ဂျာအေး၏ နဖူးကို စမ်းပြီး မျက်လုံးလေးထောင့်ကပ်၍ ပြောလိုက်၏။

"ကိုယ်တော့ မပူပါဘူး"

"ဟုတ်ကဲ့၊ ဟို . . . ခေါင်းကိုက်သလိုလို ဘာလိုလိုနဲ့"

"ဒါဆို ကျွန်မ ဆေးသွားယူပေးမယ်၊ ခဏစောင့်နော်"

"ဟုတ်ကဲ့"

ဆရာမလေးက ဆေးခန်းဘက် ထွက်သွား၏။ ဂျာအေးသည် ဦးမင်္ဂလာဘက်ကို မျက်လုံးတစ်ဖက်မှိတ်ပြပြီး ခုတင်ဘေးသို့ လျှောက်လာ၏။

"ဘယ်လိုလဲ ဦးမင်္ဂလာ"

"အင်း . . . မင်းလုပ်ပုံကြည့်ပြီး ဝဲရောဂါတောင် သက်သာသလိုပဲ"

"ဟဲဟဲ ဒါ အချစ်လေ ဦးမင်္ဂလာရဲ့"

"ကြည့်လည်းလုပ်ပါဦးကွာ၊ ဟိုက ဖြူဖြူဥဥ မင်းက မည်းပုပ်ပုပ်"

"ဟာဗျာ အချစ်မှာ အရောင်အဆင်း မရှိပါဘူးဗျ၊ အဖြူအမည်းရောတော့လည်း ညိုညိုလေးတွေပေါ့ဗျာ"

"ဘာလဲကွ"

"ဟို အရောင်စပ်ပြတာပါ ဦးလေးမင်္ဂလာရဲ့၊ ဦးလေးမင်္ဂလာလည်း အချစ်နဲ့ ပတ်သက်လာရင် ရင်ဖိုဖူးမှာပေါ့"

"အိမ်း . . . မင်းက ဉာဏ်များတယ်ကွာ၊ ခေါင်းကိုက်တာတို့ ဗိုက်နာတာတို့နဲ့ ခုတင်ပေါ်က အဘွားကြီးထက် မင်းအခြေအနေက ဆိုးနေသလိုပဲ"

"ဩော် . . . ဆရာမလေး လော်ရာနဲ့ တွေ့တော့လည်း ရောဂါမရှိ ရောဂါ





www.burmeseclassic.com

www.burmeseclassic.com



ရှာချင်သဗျာ ဟဲဟဲ"

"ကြည့်လုပ်ပေါ့ကွာ၊ တော်ကြာ တကယ်ရောဂါဖြစ်လို့ ဆေးရုံပေါ်က ကတ်နဲ့ထမ်းချ"

"ဟာဗျာ နိမိတ်မရှိ ပြောရောမယ်၊ အချစ်နဲ့တွေ့လာရင် အူလကျိုမူလကျို တော့ ရှိလာမှာအမှန်ပဲဗျ။ ဦးလေးမင်္ဂလာလည်း အဲဒီဇာတ်လမ်းလေးတွေ ရှိမှာ ပါပဲဗျာ"

"အိမ်း- မင်းပြောမှ ငါလည်း ထန်းဘက် ရောက်တုန်းက ကရင်မလေး နော်ဆေးကို သတိရလာသကွာ"

"ဟင်- ပြောပါဦးဗျ၊ အချစ်အကြောင်းတွေ များများတွေးနိုင်လေလေ လူဟာ ရောဂါသက်သာလေပဲ ဦးလေးရာ၊ ရောဂါတွေးမနေနဲ့ အချစ်ဟာ အဲဒီဆေးပဲ"

"အိမ်း- ဟုတ်သား၊ မင်းပြောမှ ငါလည်း ငယ်ငယ်က အဖြစ်ဟောင်းတွေ တစ်ကွက်ချင်း တစ်ကွက်ချင်း မြင်လာသကွာ"

"ဒါ အကောင်းဆုံး လက္ခဏာပေါ့ ဦးလေးရာ၊ ကဲ- ပြောပါဦး"

"အိမ်း- ဒီလိုကွ"

ဂျာအေး၏ အတွန်းအပို့ စကားကြောင့် ဦးမင်္ဂလာမှာ ရောဂါဝေဒနာတွေ မေ့သွား၏။ သူ့အသွင်ကလည်း ငယ်နုရိပ်များ ထင်ဟပ်လာပေ၏။ အမှန်မတော့ ဦးမင်္ဂလာသည် နာမည်က ဆန်းလှသလို၊ လူလည်း ဆန်းလှသည့်ဘဝ။ ဘဝကို မင်္ဂလာနှင့် သွား၊ မင်္ဂလာနှင့် စား၊ မင်္ဂလာနှင့် နားလိုသူ ဖြစ်၏။

လောကကြီးကို အတိတ်ကောင်း၊ နိမိတ်ကောင်းများနှင့် ဖွဲ့စည်းလိုသူ ဖြစ်၏။ မကောင်းသတင်း၊ မကောင်းနိမိတ်ဆိုလျှင် ဦးမင်္ဂလာ ရှောင်၏။ အမှန်မတော့ ဘဝဖြစ်တည်ရာကလည်း ပြီးပြည့်စုံလှသော မိဘနှစ်ပါးထံမှ ပေါက်ဖွား ရှင်သန်ရသည်မို့ ရွှေအပြည့် ငွေအပြည့်ဘဝ။

ဒုက္ခ ဆိုသည့်စကား ကြားတောင်မကြားဘူးခဲ့၊ ထို့ပြင် အသုဘ၊ လူနာ မေး၊ နောက်ဆုံး ဆေးရုံဆေးခန်းပင် ရှောင်ခဲ့၏။ သူငယ်ချင်း အရင်းအချာကြီး တွေ ကွယ်လွန်အနိစ္စရောက်သည့်တိုင် ဘယ်တော့မှ အသုဘမပို့ခဲ့။ အသုဘမြေ ကို ခြေတစ်ဖဝါးမှ မချခဲ့၊ နာရေးကိစ္စဆိုလျှင် ဝေးဝေးကရှောင်၏။

သူ့ရှေ့ ညည်းလားညူလား လုပ်လာလျှင် ချက်ချင်း မောင်းထုတ်ပစ်တတ် လေ၏။ သူအို၊ သူနာ၊ သူသေ ဆိုသော အကြောင်းအရာများသည် ဦးမင်္ဂလာက နိမိတ်မရှိသည့် အကြောင်းအရာများဟု ယူဆခဲ့၏။





ဘဝကို မင်္ဂလာနိမိတ်များနှင့်သာ ဖွဲ့စည်းတုဆစ်ထားခဲ့သော ဦးမင်္ဂလာ။ လူငယ် ဘာသာဘာဝ အချစ်နဲ့ တွေ့လာသောအခါ ခံစားချက်တို့ တို့တို့ထိထိ ပေါက်ဖွားလာခဲ့၏။ ဦးဆုံး ကြုံခဲ့သူမှာ ကရင်မလေး နော်ဆေး။

အသားအရေက ဝွမ်းစိုင်ဝွမ်းခဲလို ဖွေးဖွေးဥနေ၏။ နှာတံပေါ်ပေါ်၊ မျက် ခုံးထူထူနှင့် ပွင့်သစ်စ ပန်းလေးသဖွယ် အလှရည်များ စက်စက်ယိုနေသော ကောင်မလေး။

နော်ဆေးကို ကျောင်းသားဘဝတွင် ကြုံခဲ့ရခြင်း ဖြစ်၏။ လူငယ်ဘဝ ဖြစ်၍ သူငယ်ချင်းတွေကလည်း နော်ဆေးကို ချဉ်းကပ်ပုံ ချဉ်းကပ်နည်း မဟာဗျူ ဟာ နည်းဗျူဟာများ သင်ကြားပေးခဲ့၏။ သို့သော် နော်ဆေးထံမှ မချစ်ဘူး၊ မုန်းတယ်၊ ငယ်သေးလို့ စသည်ဖြင့် ငြင်းပယ်လာမည့် စကားများကို ကိုမင်္ဂလာ မကြားလို။ အကြောင်းမှာ ထိုစကားများသည် မင်္ဂလာကင်းမဲ့သော စကားများ ဖြစ်နေ၍ပင်။

ထို့ကြောင့်လည်း ကိုယ်ချစ်ထက် သူချစ်ကို အရယူမည်ဟု ဆုံးဖြတ်ကာ ဦးဆုံး နော်ဆေးက မိမိကို ချစ်နေပြီဆိုသော သတင်းကို လုပ်ကြံထုတ်လွှင့် လေတော့၏။ သူစကားကြားရတော့ အသိုင်းအဝန်းတစ်ခုလုံး ပါးစပ်အဟောင်း သား ဖြစ်ခဲ့ကြ၏။

ဟုတ်မှ ဟုတ်ပါ့မလား ဆိုသော သံသယစကားများနှင့် အကဲခတ်ကြ၏။ ကိုမင်္ဂလာကတော့ ကိုယ်ဖန်တီးသည့်ဇာတ်ကို ခပ်တည်တည်နှင့် ဖြီးလုံးထုတ်၍ လာခဲ့၏။

ကိုယ့်ဘာသာ ကိုယ်ဝယ်ခဲ့သည့် ပစ္စည်းများကိုလည်း နော်ဆေးက အချစ် လက်ဆောင်ပေးသည်ဟု သူငယ်ချင်းများအား ကြွားလုံးထုတ်ခဲ့၏။ အတည် ပေါက် ပြောဆိုခဲ့သည်မို့ တဖြည်းဖြည်း ယုံကြည်လာ၏။ ထိုအချိန်တွင် နော် ဆေး၏ အသွားအလာကို ချောင်းမြောင်းခဲ့ကာ မဆုံဆုံအောင် ဖန်တီးခဲ့ပြီး သူငယ်ချင်းတွေကို သက်သေပြခဲ့၏။

ထိုရောအခါ အားလုံးက ခေါင်းတညိတ်ညိတ် လက်ခုပ်လက်ဝါးတီးကာ နှိမ့်မြင့်ခဲ့ကြ၏။ နော်ဆေးက အတန်းထဲမှာသာမဟုတ်၊ တစ်ကျောင်းလုံး၏ အလှ ဘုရင်မ။ သူနှင့် အိုကေနေပြီဆိုတော့ ပြိုင်ဘက်တွေအားလုံး ငြိမ်ကုပ်သွားခဲ့ကြ ၏။

ထိုသို့ ဖန်တီးတုဆစ်ခဲ့သော ထိုဇာတ်သည် တစ်ချိန်တွင် ဘူးပေါ်သလို ပေါ်ခဲ့ရ၏။ ပြဿနာအစကို ဆွဲထုတ်လိုက်သူက နော်ဆေးနှင့် အမြဲတမ်း သွား



www.burmeseclassic.com

www.burmeseclassic.com



သေရော ကုပ်ဖဲ့လိုက်ပါနေသော မိန်းမလျှာ တာတာလေး။ သူ့နာမည်အရင်းက ခေါင်တာ။ ယောကျ်ားနာမည်ဖဲဖျာက်ကာ ကျောင်းတွင် တာတာလေးဟု နာမည်ကျော်ကြားခဲ့၏။

ကိုမင်္ဂလာနှင့် နော်ဆေးတို့ ချစ်သူတွေ ဖြစ်နေကြပြီ၊ အမြဲတမ်း တွဲသွားတွဲလာ လုပ်နေကြပြီ ဆိုသော သတင်းကို ကြားရသောအခါ နော်ဆေးကို တာတာလေးက ပြန်လည်မေးမြန်းခဲ့၏။ တာတာလေး၏ မေးခွန်းကြောင့် နော်ဆေး ရှုံ့ရှုံ့ရဲ့ရဲ့ ဖြစ်သွား၏။

ကိုမင်္ဂလာကိုချိန်းပြီး မဟုတ်ကဟုတ်က လုပ်ကြံဖန်တီးနေသောဇာတ်ကို ဖြည်ကာ အပြတ်ပြောခဲ့၏။ ထိုအခါ ကိုမင်္ဂလာတစ်ယောက် နတ်သံနှောပြီး ချွဲချွဲပျစ်ပျစ်နှင့် တောင်းပန်သမှု ပြုရလေ၏။

"ဟုတ်ပါတယ် နော်ဆေးရယ်၊ ဒါ ကျွန်တော် ဖန်တီးခဲ့တာပါ။ နော်ဆေးရဲ့ ဂုဏ်သိက္ခာကို စော်ကားလိုက်သလိုဖြစ်မှန်း ကျွန်တော် သိခဲ့ပါပြီ။ ဒါကြောင့် ဟောဒီမှာ နော်ဆေး ကျွန်တော့်ကို ကြိုက်သလို စီရင်နိုင်ဖို့ ဓားတစ်လက် ပါလာပါတယ်။ နော်ဆေး ကျွန်တော့်ကို သတ်လိုက်ပါ၊ နော်ဆေး အမှုမပတ်စေရပါဘူး။ ပြောရရင် ချစ်လွန်းလို့ ကြံမိကြံရာ ကြံမိတာပါပဲ။ ကဲ- ဟောဒီမှာ ဓား၊ အသေသာ ထိုးသတ်လိုက်ပါဗျာ။ ဒါမှ မင်္ဂလာ ဆိုတဲ့ကောင် ချစ်ဒုက္ခက ဝေးသွားမှာ"

"အို- ဒါ ရှင့်ဘာသာ ဖန်တီးတာပဲ၊ ရှင့်ကိုယ်ရှင် ပြန်ထိုးသတ်လိုက်ပေါ့"

"တကယ်လား၊ ကျွန်တော် တကယ် သေလိုက်ရမလား။ နော်ဆေး သေဆိုသေ၊ ရှင်ဆိုရှင် ဘဝမှာ ကြိုက်သလို ဆုံးဖြတ်. . ."

"ဘုရား ဘုရား ရှင်က ကျွန်မကို အကျပ်ကိုင်တာလား"

"မဟုတ်ဘူး နော်ဆေး၊ အချစ်ဟာ လူကို ရူးသွပ်သွားစေတတ်တယ်။ ဟုတ်တယ်၊ ကျွန်တော် ရူးသွားပြီ၊ ပြော ကျွန်တော် ဘာလုပ်ပေးရမလဲ၊ ကျွန်တော့်ကြောင့် နော်ဆေး သိက္ခာ ထိခိုက်သွားရပြီ။ ဒီတော့ ကျွန်တော် သေဖို့ပဲ ကောင်းတယ်၊ ပြန်မယ် တစ်နေရာရာမှာပဲ ကိုယ့်ဘဝကိုယ် အဆုံးစီရင်"

"အို- ဒီ. . . ဒီလိုတော့ မလုပ်နဲ့လေ"

"ဗျာ၊ ဒါ. . . ဒါဆို ဘယ်လိုလုပ်ရမလဲ"

"ဒုက္ခပါပဲ ကိုမင်္ဂလာရယ်၊ ရှင် နော်ဆေးကို ဒီလောက်တောင်ပဲ ချစ်နေသလား"

"အိုဗျာ ချစ်တာမှ အသက်ရှူသံတောင် နော်ဆေးဆိုတဲ့ နာမည်လေး





ပါနေတယ်"

"တော်ပါတော့၊ ပြောလေကဲလေပါလား"

"ကျွန်တော့်ကြောင့် စိတ်မညစ်ပါနဲ့၊ ကျွန်တော့်ကို ဒါ နောက်ဆုံးမြင်ရတာပဲ အောက်မေ့ပါတော့"

"ကိုမင်္ဂလာ"

"ဗျာ"

"နော်ဆေးက ကရင်လူမျိုး၊ ရိုးသားတယ်၊ ပွင့်လင်းတယ်၊ အကြင်နာစေတနာကြီးတယ်"

"ကျွန်တော် ယုံပါတယ်ဗျာ၊ အဲဒီအချက်တွေဟာ ကျွန်တော့်ဘဝရဲ့ အမက်မောဆုံး အမှုအကျင့်လေးတွေပါ။ ဒီအထဲမှာ နော်ဆေးဟာ ကောင်းကင်ပေါ်က ကြယ်စင်နတ်သမီးလေးလို လှနေတော့ ကျွန်တော်လည်း လုပ်မိလုပ်ရာ လုပ်မိတာပေါ့ဗျာ"

"ဒုက္ခပါပဲ"

"အဲဒီ ဒုက္ခသံကြီး ဘေးချိတ်လိုက်ပါဗျာ"

သူ၏ စီးစီးပိုးပိုး အမှုအကျင့်များကြောင့် နော်ဆေး ငိုင်ကျသွား၏။ အချစ်နှင့် ပတ်သက်လျှင် နော်ဆေးဆိုသော ကရင်မလေးက အစွန်းအထေး မရှိခဲ့။ ဖြူဆွတ်ဆွတ် နှလုံးသားကို ကိုမင်္ဂလာက အရိပ်အယောင်ထင်အောင် ပြုလုပ်လိုက်သည်မို့ နော်ဆေးရင်ထဲ အသိခက်လှသော ဝေဒနာအရိပ်များ တအိအိ ဖုံးလွှမ်းလာလေ၏။ အကြင်နာကြီးလှသူမို့ ကိုမင်္ဂလာ သူ့ကြောင့် တစ်ခုခုဖြစ်သွားမှာ စိုးရိမ်နေ၏။ ထို့ကြောင့်လည်း ကိုမင်္ဂလာ၏ လက်ထဲမှ ငွေလက်ကိုင်ရိုးနှင့် ဓားကလေးကို အတင်း လုယူ သိမ်းဆည်းလိုက်ပြီး ရှက်ကိုးရှက်ကန်းနှင့် ပြန်သွားလေတော့၏။

ထိုအချိန်မှစပြီး အခြေအနေကို တွက်ချက်နားလည်လိုက်သော မင်္ဂလာတစ်ယောက် မုန့်လုံးစက္ကူကပ်သလို နော်ဆေးကို ပရိယာယ်အမျိုးမျိုးနှင့် ထိုးစစ်ဆင်လေရာ နောက်ဆုံးတော့ နော်ဆေးတစ်ယောက် မင်္ဂလာ၏ မဟာဗျူဟာထဲကားခန့် ပြုတ်ကျလာလေတော့၏။

ကြောက်စရာကောင်းလှသော ကိုမင်္ဂလာ၏ မဟာဗျူဟာ၊ မမှန်တာကို အမှန်လုပ်ပြီး မှန်လာသောအခါ အမှားဖွဲ့ပြီး တကယ့်အမှန်တရားကို ရှာခဲ့သော ကိုမင်္ဂလာ အလှဘုရင်မလေး နော်ဆေးနှင့်သူ တကယ့်ချစ်သူတွေ ဖြစ်သွား၏။

ထိုရောအခါ ကမ္ဘာပေါ်တွင် သူတို့နှစ်ယောက်မှလွဲ၍ ဘယ်သူမှ မရှိတော့



www.burmeseclassic.com

www.burmeseclassic.com



ဘူးဟုထင်ကာ အချစ်ကြောင့် မိုးမမြင်လေမမြင် ဖြစ်ခဲ့ရ၏။ နော်ဆေး ဘားအံကို ပြန်သွားသည့်ကာလများတွင် ကိုမင်္ဂလာတစ်ယောက် အလွမ်းကြီး လွမ်းတော့၏။

ဘလ္လာတိယဖို့ထဲက 'ပြာညိုညက်စင် ဆွေမမြင်၍ နွဲ့ပင်ခေါက်ချိုး၊ မရှင်နိုးသည်၊ လွမ်းမျိုးတစ်ထောင်ပြည့်ခဲ့ပြီ' ဆိုသော ကဗျာလေးဗမာ နော်ဆေးကို လွမ်းရသည့် အလွမ်းက ကမ်းကုန်အောင် ခံစားခဲ့ရ၏။

အိပ်လည်းလွမ်း၊ စားလည်းလွမ်း၊ သွားလည်းလွမ်း၊ အလွမ်းတရသောသောနှင့် အလွမ်းဇာတဝေဝေ၊ အအိပ်အနေပင် ပါးရှားခဲ့ရ၏။ ပြန်လာတော့လည်း နှစ်ယောက်သား တစ်ယောက်တည်း ဖြစ်သွားမတတ် ချစ်ခဲ့ရ၏။

နော်ဆေးကလည်း သူမှသူ၊ သူကလည်း နော်ဆေးမှ နော်ဆေး။ အချစ်တွေက မိုးမဆုံး မြေမဆုံး။ ထိုသို့ အချစ်တွေတဝေဝေနှင့် နေခဲ့ကြရာမှ ကိုမင်္ဂလာ ခံစားမှုတွေ ရိုးအီလာ၏။ နော်ဆေးကို အကြောင်းကြောင်း လုပ်ဇာတ်များခင်း၍ အချစ်နံပါတ်နှစ်ကို ရှာခဲ့၏။ ထို့နောက် အချစ်နံပါတ် သုံးလေးငါးခြောက် စသည်ဖြင့် အချစ်တွေ ဖောင်းပွလာခဲ့ပြီး အချစ်ဘူဖွာကြီး ဖြစ်ခဲ့လေတော့၏။

ထိုသို့ အချစ်ဝေါင်းများစွာ ကြွယ်ဝလာစေရန် သူ အသုံးချခဲ့သည့် နည်းဗျူဟာက အမှားကို အမှန်လုပ်ပြီး ယင်းအမှန်ကို ဝိုး၍ ယုတ္တိယုတ္တာကျသော အမှန်ဖြစ်အောင် တည်ဆောက်ကာ အချစ်များကို သိမ်းပိုက်ခဲ့ခြင်း ဖြစ်လေ၏။

ယခုလည်း သူမှာ အိမ်ထောင်သုံးဆက် ရှိခဲ့ပြီး ဖြစ်၏။ ပထမဦးဆုံး အိမ်ထောင်က နှစ်များစွာမကြာဘဲ ကွဲသွားခဲ့၏။ ထို့နောက် ဒုတိယ အိမ်ထောင်ထူခဲ့ရာ ဒုတိယအိမ်ထောင်နှင့်အပြိုင် တတိယအိမ်ထောင်ကို ယှဉ်ပြိုင်ထူထောင်ခဲ့လေ၏။ ဒုတိယနှင့် တတိယအိမ်ထောင်မှ မွေးဖွားလာသော သားသမီးက အားလုံးပေါင်း ရှစ်ယောက်။

သူ့ဘဝက အင်နှင့်အားနှင့်။ အဖြစ်အပျက်အချို့ကို ကြားသိလိုက်ရသော အခါ ဂျာအေး လည်သွား၏။

"ဟာ- ဦးလေးမင်္ဂလာ တယ်ဆော်ပါလားဗျ"

"ဟေ- မင်း ဘယ့်နှယ်စကား ပြောသလဲကွ"

"ဩော်. . . ဟို ဦးလေးမင်္ဂလာ ဘဝဟာ အချစ်တွေရော မိန်းမတွေပါ ပေါတယ် ပြောတာပါဗျာ"

"ဟဲဟဲ အဲဒါ ငါ့ရဲ့ ခပ်ကြောင်ကြောင် နည်းဗျူဟာတွေရဲ့ ရလဒ်ပဲကွ။ အမှားများတော့ မှန်၊ အမှန်များတော့ နဂိုအမှား မရှိတော့ဘူးလေကွာ"





"အင်- တစ်မျိုးကြီးပါလား။ ဒါထက် ဦးလေးရောဂါက နှလုံးရောဂါဆိုတော့ စိတ်ညစ်ခံလို့ မဖြစ်ဘူးနော်"

"ဟုတ်ပါ့ကွာ၊ စိတ်ညစ်တာဖြစ်ဖြစ်၊ စိတ်ပျော်တာဖြစ်ဖြစ် အရမ်းကာရော မခံစားရဲဘူးကွ"

"ဟင်- ဒါ. . . ဒါဆို သတိထားရမှာပေါ့"

"မောင်ဂျာအေး"

"ဗျာ"

"ဟို. . . ဆရာမလေး လော်ရာက ချောတယ်နော်"

"ဗျာ၊ ဟုတ်. . . ဟုတ်ကဲ့"

"ဟဲဟဲ ငါက ချောတာလှတာမြင်ရင် စိတ်မကုန်ချင်ဘူးကွ၊ ဟို မင်းက ဆရာမလေးကို အူလကျိုမူလကျို လုပ်နေတာမြင်တော့ ငါ့ရင်ထဲ တစ်မျိုးကြီးကွ။ ဟိုကွာ ဘယ်လိုပြောရမလဲ အသက်ကြီးမှ ရင်ခုန်မိသလိုပဲကွ"

"ဗုဒ္ဓေါ ဦးလေးမင်္ဂလာကလည်းဗျာ ခုအချိန်မှာ ဘုရားတရားစိတ် ထားရတော့မှာဗျ"

"ဟကောင်ရ ငါပြောတာ လောကီရေးရာကွ၊ အသက်ကြီးရင် တံမြက်စည်းလှည်းတဲ့ကွ"

"ဗျာ၊ ဟာ- ပေါက်တီးပေါက်ရှာဗျာ"

"အသက်ကြီးရင် တံမြက်စည်းလှည်း ဆိုတာ"

"နေဦးကွာ၊ ငါပြောတာ အသက်ကြီးလာလေလေ အတွေးအတောက ထူလာလေလေပဲကွ၊ သားရေးသမီးရေး ဟိုရေးဒီရေးနဲ့ စိတ်အမှိုက်တွေက နှလုံးအိမ်ထဲ ပွရောင်းနေတာပဲကွ၊ ဒီတော့ အဲဒီ စိတ်အမှိုက်တွေကို တံမြက်စည်းနဲ့ လှည်းပစ်ရမယ် ပြောတာကွ"

"ကြဲကြဲဖန်ဖန်ဗျာ"

"ဟဲဟဲ မင်းအတွက် ဗဟုသုတပေါ့ ဂျာအေးရေး ကိုင်း- ငါ့ကိုပြောစမ်း"

"ဘာတုံး ဦးလေးရာ"

"မင်းမျက်လုံးတွေက ဆရာမလေး လော်ရာကိုကြည့်တာ ဝါးစားမလိုပဲကွ"

"ဟာဗျာ ကျုပ်က လူသားမစားတတ်ပါဘူးဗျ"

"ဟေ- လူသား"

"ဟုတ်တယ်လေ၊ ဦးလေးမင်္ဂလာ ပြောပုံဆိုပုံက ကျုပ်က ဆရာမလေး လော်ရာကို အစိမ်းလိုက် ဝါးစားမယ်ဆိုတဲ့ပုံဗျ၊ အဲဒီလောက် အငမ်းမရကြူးပါ



www.burmeseclassic.com

www.burmeseclassic.com



ဘူးဗျ။ ဇာတ်တူသားစား ဟသ်ာကိုးသောင်း ပျက်သဗျ။ ကျုပ် ဆရာမလေး လော်ရာကို မစားပါဘူး"

"သေပါတော့ကွာ၊ မင်းက တယ်ဒုံးတာကိုး။ ငါပြောတာ ဟို. . . ငါ့လိုပဲ အချစ်တွေ ဆာလောင်နေပြီလို့ ပြောတာကွ။ ဟဲဟဲ ချစ်စရာရှိရင် ချစ်သာချစ်ကွာ၊ လူဆိုတာ အချစ်မရှိရင် အပြစ်ရှိတယ်ကွ။ လူဖြစ်လာမှ မချစ်တတ်ရင် အဲဒီလူကို နှလုံးအစားထိုး လဲပစ်သင့်တယ်ကွ။ အချိန်တန် အရွယ်ရောက်လို့မှ ရင်မခုန်တတ်ရင် ဒါ နှလုံးအိမ်ထဲ သွေးလှည့်ပတ်မှု မှုမမှန်လို့ကွ"

"ဟင်- ဦးလေးစကားတွေက ကြောက်စရာကြီးပဲ"

"ဒါပေါ့ကွာ၊ ငါပြောတာ မင်းအထင်တော့ ကြက်သီးထစရာပေါ့ကွာ။ ဒါပေမယ့် လူမှန်ရင် ချစ်ကိုချစ်တတ်ရမယ်ကွ။ ဒီတော့ မင်းကို ငါတစ်ခုမေးမယ် မင်း နှစ်ခုဖြေရမယ်"

"ဗျာ"

ဦးမင်္ဂလာ၏ စကားနှစ်ခွန်းကြောင့် ဂျာအေး အာရုံတွေ ပတ်ချာလည်နေ၏။ ဦးမင်္ဂလာ၏ အချစ်စိတ်က ဘဝပင်စင်ယူသည်အထိ ရှင်သန်ထွားကျိုင်းနေပုံရ၏။ အချစ်အကြောင်းကို ပြောရမယ်ဆိုလျှင် အားလုံးကို မေ့ထားသည့်အသွင် ပေါ်လွင်နေသဖြင့် ဂျာအေး ငြိမ်နေလိုက်ရ၏။

"ကိုင်း- ငါမေးမယ်"

"ဟုတ်. . . ဟုတ်ကဲ့"

"မင်း ဆရာမလေး လော်ရာကို ချစ်နေပြီလား"

"ဗျာ"

"ငါမေးတာ ဖြေလေကွာ၊ ဖြေရမှာ အဖြေနှစ်မျိုးနော်"

"ဘာတွေကုံးဗျာ၊ ဦးလေးမင်္ဂလာ စကားတွေကလည်း ကျုပ်ဖြင့် ချားရဟတ်ကြီး စီးနေရသလိုပဲ"

"ဟဲဟဲ ငါမေးတာပဲ ပြောပါကွာ၊ လောကမှာ ကိုယ့်ကိုယ်ကိုယ် ဘယ်တော့မှ ညာဖို့လိမ်ဖို့ မကြိုးစားနဲ့ကွ။ အဲဒီလို လိမ်ဖို့ကြိုးစားပြီဆိုရင် မင်းဟာ ကမ္ဘာပေါ်မှာ အညံ့ဖျင်းဆုံး လူစာရင်းထဲ ပါသွားလိမ့်မယ်ကွ"

"ဟာ- ဦးလေးမင်္ဂလာကလည်းဗျာ မညာပါဘူး"

"ဒါဆို ဖြေစမ်း"

"ဟဲဟဲ ချစ်တော့ချစ်တယ်ဗျ၊ ဒါပေမယ့် ဟို. . . မချစ်ရဲဘူး"

"အင်- မင်းစကားက ငါထင်ထားတာထက်ကို တာသွားပါလားကွ။





တကယ်လို့ မင်းနဲ့ငါ ဆရာမလေး လော်ရာကို အချစ်ပြိုင်ကြမယ်ဆိုရင် ဘယ်သူ အောင်နိုင်မယ်လို့ မင်းထင်သလဲကွ"

"ဗျာ"

ဦးမင်္ဂလာ၏ စကားတွေက ဂျာအေး၏ ပြုံးဖြီးဖြီးမျက်နှာကို ဖြတ်ရိုက်လိုက်သလိုပင်။ အရှင်းဆုံးပြောလိုက်ရလျှင် သူ့နှလုံးသားကို ဦးမင်္ဂလာက ခြေထောက်နှင့် ပိတ်ကန်ပြီး စိန်ခေါ်လိုက်သလိုပင်။ သူ အူချာချာနှင့် ခံစားနေစဉ် ဦးမင်္ဂလာ၏ အသံထွက်လာ၏။

"မင်း အံ့ဩနေသလား မောင်ဂျာအေး၊ နွားပျိုသန်လှ နွားအိုပေါင်ကျိုးသလောက် ရှိပါတယ်ကွာ။ ငါက ခုတင်ပေါ်မှာ ပက်လက်ကလေး နေနေပေမယ့် နှလုံးသားကတော့ ဒေါင်ဒေါင်မြည်နေတာပဲဟေ့။ မင်း မယုံရင် ခေါက်ကြည့်ပါလား"

"အင့်- ဒုက္ခပါပဲ၊ ဦးလေးက တော်တော့်ကို ကြောက်စရာကောင်းတာပဲ။ အိမ်း- နှလုံးရောဂါသည် ပီသလှပါတယ် ဦးလေးရာ"

"မောင်ဂျာအေး"

"ဗျာ"

"မင်းဟာ ဆရာမလေး လော်ရာအပေါ် ချစ် မချစ်ဆိုတာ ခုထိ ရေရေရာရာ မရှိသေးဘူးကွ၊ ဒီတော့ မင်း ငါ့ကို တစ်ခုကူညီစမ်းကွာ"

"ဘာ. . . ဘာကူညီရမလဲ ဦးလေး"

"အိမ်း- ငါ့ရောဂါက ဖျိုးခနဲ ဖျတ်ခနဲ သေသွားနိုင်တဲ့ ရောဂါကွ၊ ပြီးတော့ သားသမီးရှစ်ယောက် ပြဿနာကလည်း ငါ့ခေါင်းထဲမှာ ပလုံစီနေတယ်ကွ။ ဒီတော့ စိတ်ထဲ အမှိုက်တွေ ပုံနေသလိုပဲ၊ ဒါကြောင့် တံမြက်စည်းလှည်းမှကွ"

"ဗျာ၊ တံမြက်စည်း"

"အေးကွာ၊ ဒီတော့ ဟောဒီ ခေါင်းအုံးအောက်မှာ စာတစ်စောင် ရှိတယ်ကွ၊ အဲဒီစာကို ဆရာမလေး လော်ရာဆီ ပေးချင်တယ်ကွာ၊ ပြောရရင် တံမြက်စည်း ခဏခဏ လှည်းထားတဲ့ နှလုံးသားက ခုထိ မပျက်စီးသေးပါဘူးကွ။ ဒီတော့ မင်း ဆရာမလေး လော်ရာကို ချစ်တာ မချစ်တာ မသေချာသေးဘူး၊ အဲဒါကို ဖယ်လိုက်ကွာ၊ လောလောဆယ် ငါ့ကိစ္စကို မင်း အကျိုးဆောင်ပေးကွာ"

"အင်- ပြဿနာပဲ"

ဦးမင်္ဂလာ၏ ထူးဆန်းအံ့ဖွယ် စကားကြောင့် ဂျာအေး ရှုချင်ချင် ဖြစ်သွား၏။ သူ့ခမျာ ဆရာမလေးလော်ရာကို ကြည့်ကြည့်ပြီး စိတ်ကူးယဉ်လိုက်ရတာ



www.burmeseclassic.com

www.burmeseclassic.com



အမော။ နောက်ဆုံး မောင်ရွှေတောင် မသိသေး၊ ထိုအချိန်က ဦးမင်္ဂလာက လက်ဦးမှု ရယူလိုက်သဖြင့် ဂျာအေးခမျာ ဆန့်ငင်ဆန့်ငင် ဖြစ်နေ၏။ ဘာပြောလို့ ပြောရမှန်းပင် မသိ။

"ပြောလေကွာ"

"ဟာ- ဦးလေးကလည်း အဲဒီစာကို ဘယ်လိုပေးရမှာလဲ"

"လွယ်ပါတယ် ကောင်လေးရာ၊ ငါပေးတယ်သာ ပြောလိုက်"

"ဗျာ၊ ဖြစ် . . . ဖြစ်ပါ့မလားဗျာ"

"ဖြစ်ပါတယ်ကွာ၊ ကဲ- ထုတ်လိုက်စမ်း"

ဂျာအေးမှာ အူလည်ချာလည်နှင့် ခေါင်းအုံးအောက်မှ စာကိုယူပြီး အိတ်ထဲ ထည့်လိုက်ရ၏။ ဦးမင်္ဂလာမှာတော့ ဘယ်အချိန်က စာကြိုရေးထားမှန်းပင် မသိ။ ဂျာအေး ခေါင်းစားနေမိ၏။ ထိုအချိန်တွင် မောင်ရွှေ ရောက်လာသဖြင့် ဒေါ်စိမ်းမျှင်အတွက် လုပ်စရာရှိသည့် အလုပ်များကို လုပ်ကိုင်ပေးပြီး နှစ်ဦးသား ဆေးရုံပေါ်မှ ဆင်းခဲ့ကြ၏။

မောင်ရွှေမှာ ချစ်မိုးကြီး ထမင်းဆိုင်မှ ရွှေဝါကို တွေ့လိုမြင်လိုလှသဖြင့် ဆိုင်နှင့် မျက်နှာချင်းဆိုင်ရှိသော လက်ဖက်ရည်ဆိုင်ကလေးထဲ ဝင်ခဲ့ကြလေ၏။ ဂျာအေးမှာ သူ့ဝေဒနာနှင့်သူမို့ မောင်ရွှေ၏ ခံစားချက်ကို ဂရုမမူနိုင်။

မောင်ရွှေကို ဦးမင်္ဂလာ့ကိစ္စ ပြောပြလိုက်သောအခါ မောင်ရွှေ ဇဝေဇဝါ ဖြစ်နေ၏။

"ဟေ- ဟုတ်ရဲ့လား ကိုဂျာအေးရာ၊ ဦးမင်္ဂလာရဲ့ ပုံစံက မနက်ဖြန် သန်ဘက်ခါဆို ကြွတော့မယ်ပုံဗျ"

"အဲဒါပြောတာပေါ့ မောင်ရွှေရာ၊ ငါလည်း မယုံတစ်ဝက် ယုံတစ်ဝက်ကွ၊ ခုဥစ္စာ သူက တကယ် ပေးခိုင်းတာကွ"

"ဟာ- ဒီလူကြီး သေခါနီးမှ ရိကွာယူချင်တယ်"

"အဲဒီလိုပဲ ပြောရမှာပဲ၊ ငါလည်း ဘာလုပ်လို့ လုပ်ရမှန်းတောင် မသိပါဘူးကွာ"

"ဘယ်မှာလဲစာ"

"ဒီမှာလေကွာ"

မောင်ရွှေသည် စာကိုဖတ်ပြီး တောက်တခေါက်ခေါက် ဖြစ်နေ၏။ ထိုအချိန်တွင် ဂျာအေးမှာ ဦးမင်္ဂလာကိစ္စကို ဘယ်သို့ဘယ်ပုံ ဆောင်ရွက်ရမှန်းမသိဘဲ အူချာချာ ဖြစ်နေလေတော့၏။

⚬ ⚬ ⚬ ⚬ ⚬



## အခန်း (၁)

သူနာပြုဆရာမလေး လော်ရာမှာ ဂျာအေးထံမှစာကို ကြောင်စိစိနှင့် လှမ်းယူလိုက်၏။

"ဦးမင်္ဂလာက ကျွန်မကို စာပေးတယ်"

"ပြောတတ်ပါဘူး ဆရာမ၊ ဟို- သူ ပြောတာတော့"

လော်ရာမှာ ဂျာအေးစကားကို ရင်တခုန်ခုန်နှင့် နားစွင့်နေ၏။ ထိုစဉ် ဂျာအေးသည် ရယ်ဖြဲဖြဲ ပြောချလိုက်၏။

"သူပြောတာကတော့ သေတမ်းစာတဲ့"

"ရှင်၊ သေတမ်းစာ"

"ဆရာမကလည်း ဒီအရွယ်ရောက်မှတော့ ရည်းစားစာ မဟုတ်တာတော့ သေချာတယ်ဗျ၊ အဲဒါ ဆရာမလေးကို ပေးပေးပါဆိုလို့"

"ဟုတ်လား၊ ထူးဆန်းအံ့ဖွယ်ပါပဲ"

ဆရာမလေး လော်ရာမှာ ဦးမင်္ဂလာမှ ပေးလာသော သေတမ်းစာကို ရင်တခုန်ခုန်နှင့် ဖွင့်ဖတ်ကြည့်လိုက်၏။

ဆရာမလေး လော်ရာ . . .

ကျုပ် မကြာခင် သေရပါတော့မယ်၊ ဒါကြောင့် ကျုပ်ကို အချက်သုံးချက် ဖြည့်ဆည်းပေးချင်ပါတယ်။ အဲဒီအချက်တွေကတော့-

(၁) ဝက်သား ဘီးစပတ်တုံးကို အုန်းနို့ပျစ်ပျစ်နှင့်ချက်ပြီး တည်းသီးပြုတ်နှင့် စားပါရစေ။

(၂) ဝီစကီတစ်လုံးနှင့် ဒိန်ခဲတစ်ပန်းကန်

(၃) ဖွင့်နိုင်ပိတ်နိုင် ခလုတ်ပါတဲ့ စပယ်ရှယ် ခေါင်းတစ်လုံး

www.burmeseclassic.com

www.burmeseclassic.com



အဲဒီ အချက်သုံးချက်ကို ရတ်ပိုင်းတွင် စီစဉ်ပေးစေချင်ပါတယ်။

ဦးမင်္ဂလာ

ဆရာမလေး လော်ရာမှာ အထက်ပါစာကိုဖတ်ပြီး စူပွစူပွ ဖြစ်နေ၏။ ဂျာအေးကို ရွှတင်းတင်းကြည့်ပြီး မေးလိုက်၏။

"ကိုဂျာအေး"

"ဗျာ၊ ဆရာမလေး"

"ဦးမင်္ဂလာရဲ့ သေတမ်းစာက ကျွန်မကို သက်သက်မဲ့ တရားခံဖြစ်အောင် ဆွဲထည့်တာပဲ"

"အဲဒါပြောတာပေါ့ ဆရာမရယ်၊ ကျွန်တော်လည်း ဘာပြောလို့ ပြောရ မှန်းတောင် မသိတော့ပါဘူးဗျာ"

"နေဦး ဒီအဘိုးကြီး ရူးများရူးနေပြီလား မသိဘူး"

"ဟုတ်ပ့ါဗျာ"

ဆရာမလေး လော်ရာတစ်ယောက် ဂျာအေး၏ စကားကြောင့် သီးသန့် ခန်းထဲမှ ထွက်လာကာ ဦးမင်္ဂလာဆီသို့ ရောက်ရှိ၏။ ဦးမင်္ဂလာမှာ ဆရာမလေး လော်ရာကို မြင်လိုက်သည်နှင့် စပ်ဖြီးဖြီး အမူအရာနှင့် နှုတ်ဆက်လိုက်၏။

"ဟာ ဆရာမလေးပါလား၊ နေကောင်းရဲ့လား"

"အဲဒီမေးခွန်းက ကျွန်မမေးရမယ့် မေးခွန်းရှင့် ဦးမင်္ဂလာရဲ့၊ ကဲ- ဖြေပါဦး"

"ဩော်. . . ဆရာမလေးက ကျုပ်စာကို ဖတ်ပြီးပြီထင်တယ်"

"ဟုတ်တယ်"

"ဟဲဟဲ ဘယ်လိုလဲ ဆရာမ၊ အဲဒါ ကျုပ် ရင်တပွင့် ရေးထားတာဗျ"

"ကဲပါ ဦးမင်္ဂလာရဲ့၊ ဦးမင်္ဂလာက ခရစ်ယာန် ဘာသာဝင်လားဟင်"

"ဗျာ၊ ဘယ်လိုကြောင့်ပါလိမ့်၊ ကျုပ်စာထဲ အဲဒီအကြောင်းအရာတွေ ပါ လား၊ ဘယ်လိုကြောင့် မေးပါလိမ့်"

"အို- ကျွန်မကို ဦးမင်္ဂလာပေးတဲ့စာက သေတမ်းစာလေ၊ ဒါကြော မေးရတာပေါ့ရှင်"

"ဗျာ၊ သေတမ်းစာ ဟုတ်လို့လား"

"ဟုတ်တယ်လေ"

"ဗုဒ္ဓေါ၊ မှား . . . မှားပြီ"

"ဘာမှားတာတုံး၊ စာထဲမှာ စားချင်တာ စားမယ်၊ သောက်ချင်တာ





သောက်မယ်။ ပြီးတော့ ကျွန်မ မရှင်းတာက ဘာကြောင့် ခလုတ်ပါတဲ့ခေါင်းကို မှာတာလဲ"

"ခင်ဗျာ၊ သွားပါပြီ"

ဆရာမလေး လော်ရာ၏ စကားကြောင့် ဦးမင်္ဂလာမှာ မျက်လုံးအပြူးသား ဖြစ်သွား၏။ ကြားလိုက်ရသည့် စကားတွေက လွန်စွာမှ နိမိတ်မရှိ နမာမရှိ စကားများ။ ထိုစကားများကြောင့် သူ့ရင်ထဲ အလုံးကြီး ဆို့တက်လာသလို ဖြစ် ကာ နဖူးမှ ချွေးသီးချွေးပေါက်များ စို့လာ၏။ သူ့အမူအရာကိုကြည့်ပြီး လော်ရာ ပူပန်သွား၏။ ရောဂါက ရုတ်ခြည်း ထဖောက်လာ၏။

"ဟင်- ဦး . . . ဦးမင်္ဂလာ"

"မူး . . . မူးတယ်၊ မော. . . မောတယ်"

"ဟင်- ဒုက္ခပါပဲ"

"မူး . . . မူး . . . အီး . . . အီး"

လော်ရာမှာ ပျာယာခတ်သွား၏။ တာဝန်ခံ ဆရာဝန်ကို အလျင်အမြန် ပြေးခေါ်ကာ ချက်ချင်း အောက်ဆီဂျင်စက်တွေ အကူအညီနှင့် ဦးမင်္ဂလာ၏ ဝေဒနာကို ဝိုင်းဝန်းကုသလိုက်ရ၏။ မိနစ်သုံးဆယ်ခန့် အကြာတွင် ဦးမင်္ဂလာ အခြေအနေ ပုံမှန်ဖြစ်လာ၍ တပ်ဆင်တပ်ထားသော စက်များကို ဖြုတ်လိုက် ရ၏။

"ဟူး. . . ကံကောင်းလို့ဗျာ၊ ဘယ်လိုဖြစ်တာတုံး ဦးလေး"

"မပြောတတ်ပါဘူး ဒေါက်တာရယ်၊ ဟို- ကျုပ် ဘာဖြစ်သွားမှန်းတောင် မသိပါဘူး"

"သတိထားပါ ဦးမင်္ဂလာ၊ ဘာဖြစ်ဖြစ် အရမ်းကာရော မခံစားပါနဲ့"

"ဟုတ်သားပဲ၊ ခွင့်လွှတ်ပါ ဒေါက်တာရယ်"

တာဝန်ခံ ဆရာဝန်ရှေ့တွင် ဦးမင်္ဂလာတစ်ယောက် မခုတ်တတ်သည့် ကြောင်လုပ်ပြီး ပြောလိုက်ရ၏။ သူ့မျက်လုံးတွေက တစ်ဦးဦးကို ရှာနေ၏။ သူရှာနေသူက တခြားမဟုတ်၊ ပြဿနာ ဂျာအေးပင် ဖြစ်လေ၏။ ထိုအချိန်တွင် ဂျာအေးမှာ ဦးမင်္ဂလာ၏ အခြေအနေကို မောင်ရွှေထံမှ သိလိုက်ရသဖြင့် အ ပြေးအကျယ် စိတ်ပူသွားမိ၏။ ထို့ကြောင့်လည်း ဆေးရုံပေါ်သို့ အပြေးတက်လာ ရာ ခုတင်ပေါ်တွင် ငေါင်စင်းစင်းထိုင်နေသော ဦးမင်္ဂလာကို တွေ့လိုက်ရ၏။

"ဟာ ဦးလေး"

"ဟေ့ကောင်"



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ၊ အမြန်လှချည်လား"

"အာစမ်း မင်း ငါ့နားကို လာစမ်း"

"လာပါပြီဗျာ"

ကျားအေးကို မြင်လိုက်သည်နှင့် ဦးမဂ်လာအသွင်မှာ စားတော့ဝါးတော့မည့် အသွင်ပင်။ သူ့ကို အံကြိတ်ကြိတ်နှင့် ခေါ်လိုက်၏။

"ဟကောင်လေး"

"ဘာတုံး ဦးမဂ်လာရဲ့၊ စောစောက ဘယ်လိုဖြစ်တာတုံးဗျ"

"မင်းလုပ်လို့ ငါ သေတော့မလို့ကွ"

"ဗျာ၊ သေတော့မလို့၊ သေလည်း အေးတာပေါ့ ဦးလေးရာ။ မြန်မြန်သေလေ အေးလေ"

"ဟကောင် တိတ်စမ်း၊ မင်းကိုပေးလိုက်တဲ့စာက မေတ္တာစာကွ၊ အဲဒါ ဘယ်လိုဖြစ်ပြီး သေတမ်းစာ ဖြစ်သွားရတာလဲ ဖြေစမ်း။ ဒါ မင်း သက်သက် ငါ့ကို ဒေါက်ဖြုတ်လိုက်တာပဲ"

"ဟာ- မဟုတ်တာ၊ ဦးလေးမဂ်လာ အထင်လွဲကြီး လွဲနေပြီဗျ"

"ဘာကွ၊ မင်းလုပ်တာ"

"ဩော်- ဒုနေရာဒုး၊ တော်နေရာတော်ပေါ့ ဦးလေးရာ၊ ခုချိန်မှာ ဦးလေး ရေးသင့်တာ ရည်းစားစာ မဟုတ်ဘူးဗျ။ ရေးချင်းရေး သေတမ်းစာပဲ ရေးသင့်တာဗျ။ ကျွန်တော်က ဦးလေးအခြေအနေနဲ့ လိုက်မယ့်စာကို ပြောင်းရေးလိုက်တာပါဗျာ"

"ဘာကွ၊ တောက်- မင်းနှယ်ကွာ၊ မင်းလုပ်ပုံက အခွံထဲက ခေါင်းပြူထွက်မယ်ရှိတုန်း ဆားပက်ခံရတဲ့ ခရုလိုပါပဲကွာ။ ခုတော့ မင်းလုပ်တာနဲ့ ငါလည်း ခေါင်းထဲ ကျွမ်းထိုးဝင်ရမယ်ပုံပါလား"

"ဩော်- လူဆိုတာ အချိန်အခါကို ကြည့်တတ်မှ ပညာရှိတဲ့၊ ပညာရှိတို့မည်သည် တီးမှမြည်သတဲ့၊ ပြီးတော့ ပညာရှိ သတိဖြစ်ခဲ့တဲ့ဗျ။ ဟဲဟဲ ဦးလေးလို ပညာရှိက တီးမှမြည်လို့ တီးလိုက်တာပါ"

"ကောင်းကွာ၊ မင်းတီးတာ နှာနှုိး ဖြတ်ရိုက်လိုက်တာပဲ"

"ဟဲဟဲ ခန္တီစ သည်းခံခြင်းသည် မင်္ဂလာတဲ့ဗျ"

"တော်စမ်းကွာ၊ မင်း တော်တော်လည်တဲ့ကောင်၊ အပွဲပွဲနွဲလာသမျှ မင်းနဲ့ တွေ့မှ ငါ သေခါနီးပြီဆိုတာ သတိထားမိသပေါ့"

"ဗျာ၊ ကောင်းပါ့ဗျာ"





"ဘာကွ"

"ဟဲဟဲ ဦးလေးမဂ်လာရဲ့ သတိမြဲရင် ငရဲမရောက်ဘူးတဲ့"

"တော်ပါကွာ"

ဦးမဂ်လာမှာ ကျားအေးကြားက လုပ်ကြံလိုက်သော လုပ်ကြံမှုကြီးကြောင့် သူ့ကိုယ်သူ သတိထားမိလာ၏။ ကျားအေးလုပ်ပုံက အဝင်ဆိုးသော်လည်း အကျိုးရှိလှသည့် ဆေးခါးကြီးနှင့် တူလှပေ၏။ ကျားအေးကြောင့် ဘဝ၏ ဖြစ်တည်မှုကို ဖျတ်ခနဲ သဘောပေါက်သွားသဖြင့် ကျေးဇူးအတင်ကြီး တင်နေလေ၏။

"ဟုတ်ပါ့ကွာ၊ မင်းလုပ်မှ ငါ ဘယ်အခြေရှိနေပြီ ဆိုတာ သတိထားမိ သဟေ့"

"ဟုတ်လား၊ ဒါဆို ကျုပ်ကို ဦးလေးမဂ်လာ ကျေးဇူးတင်ရမှာပေါ့ဗျ"

"ဟုတ်တယ်၊ မင်းက ငါ့ကျေးဇူးရှင်လေးပါကွာ၊ ကဲ- ထိုင်ပါဦးကွာ၊ မင်းနဲ့ငါ ပြောစရာရှိသကွ"

ကျားအေးသည် ခုတင်ဘေး ခုံတန်းတွင် ဝင်၍ထိုင်လိုက်၏။

"ကော်ဖီသောက်မှာလား ဦးလေး၊ ကျုပ် ဖျော်လိုက်မယ်လေ"

"နေပါစေကွာ၊ မင်းကို ငါ တိုင်ပင်စရာရှိသကွ"

"ဘာများတုံး"

"ဒီလိုကွာ၊ ငါဟာ ခုဆိုရင် သချိုင်းကုန်း ခြေတစ်ဖက်လှမ်းနေပြီကွ၊ ငါ့မှာ လောလောဆယ် မိန်းမနှစ်ယောက်နဲ့ သားသမီးရှစ်ယောက် ရှိတယ်ဆိုတာ မင်းအသိပဲ။ ဒါပေမယ့် သူတို့ဟာ ငါ့ဆီကို မလာတစ်ချက် လာတစ်ချက်ကွ"

"ဟုတ်ပါ့ဗျာ၊ ကျုပ် ဆေးရုံပေါ် ရောက်လာကတည်းက ဦးမဂ်လာရဲ့ သားသမီးတွေရော ဇနီးမယားတွေပါ မမြင်ပါလားဗျ၊ ကေန္တ အားလုံး နယ်မှာ ဆင်တယ်"

"ဘယ်ကလာ သူတို့အားလုံး ရန်ကုန်က ခြံကြီးတစ်ခြံမှာ နေကြတာကွ။ အချိန်မှာ သူတို့အားလုံး ငါ မြန်မြန်သေလေ ကောင်းလေပဲကွ။ သူတို့ဟာ တစ်ချိန်က ငါ့ပိုင် ငွေကြေးဥစ္စာ တစ်ပုံတစ်ခေါင်းသုံးပြီး အကြီးအကျယ် ဘဝင်မြင့်နေကြတာကွ။ အဲ- ပြောရရင် ငါကလည်း ငါ့မိဘထားခဲ့တဲ့ ငွေကြေးဥစ္စာကို အရင်းနှီးပြီး ရတနာစည်းစိမ် တိုးပွားအောင် ဆောင်ရွက်ခဲ့တာပေါ့ကွာ။ ဒါပေမယ့် ဒုန်းမှာရေးလည်း ချချာရော မရှာနိုင်တော့ဘူးလေ၊ ဝင်ငွေ ထင်သလောက် မထွက်တော့ဘူး။ လက်သာ ကိုယ်ကျွတ်ဘဝပေါ့ကွာ။ အဲဒီအချိန်မှာ သူတို့ အားလုံး ငါ့ဆီက ဘာမျှော်နေကြသလဲ သိလား"



www.burmeseclassic.com

www.burmeseclassic.com



"ဘာမျှော်နေကြသလဲ ဦးလေး"

"အေး- ငါပြောပြမယ် နားထောင်၊ နံပါတ်တစ်က ငါ့ဆီက အမွေ၊ နံပါတ်နှစ်ကတော့ အေး- အဲဒီအချက်ကတော့ မပြောပါရစေနဲ့ကွာ၊ သူတို့ဟာ အဲဒီအချက်နှစ်ချက်နဲ့ ငါ့ကို အရင်တုန်းက ချဉ်းကပ်ခဲ့ကြတာကွ။ ခုတော့ ငါတောင်မသေသေးဘူး အင်တင်တင် ဖြစ်နေကြပြီ၊ ငါကလည်း ငါပိုင် ဥစ္စာမှန်သမျှ ဘယ်သူ့ကိုမှ ပုံမပေးချင်သေးဘူး၊ သူတို့ဟာ လူထက် အမွေကို မက်နေကြတယ်လေ"

"အင်း. . . ကြောက်စရာကြီးဗျာ"

"အဲဒါကြောင့် ပြောတာပေါ့ မောင်ဂျာအေးရာ၊ လူတွေဟာ ချမ်းသာချင်တဲ့စိတ်၊ လောဘစိတ်ပေါ့ကွာ။ ဘနဖူး သိုက်တူးချင်တဲ့သူတွေပဲကွ။ ဒီတော့ အဲဒီ လူတွေကို ငါ ကြည့်မရတော့ဘူးကွ"

"ဒီမ်း- ဦးလေးဘဝကလည်း ချဉ်သီးပင်အောက် ချဉ်သီးရှာ ဆိုသလိုပါလား"

"မှန်ပါ့ကွာ၊ သူတို့ ငါ့ဆီ ဘာကြောင့် မလာကြသလဲ သိလား"

"ဘာဖြစ်လို့လဲဗျ"

"အေး- ငါက ငါ့ရဲ့ပိုင်ဆိုင်မှုစာချုပ်စာတမ်းတွေအားလုံး သူတို့မသိအောင် သိမ်းထားတယ်ကွ၊ အဲဒါကို ငါက ထုတ်မပေးတော့ မလာကြတော့ဘူးလေ"

"တင်"

"အေး- အဲဒါ လူသဘော လူ့မနောပဲကွ။ နေပါစေကွာ ဆွေမျိုးဉာတကာ ဆိုတာ ခွဲနိုင်မှပါ မောင်ဂျာအေးရယ်၊ ဒီတော့ ငါ့ကို မင်း တစ်ခုကူညီပေးရမယ်"

"ဘာများလဲ ဦးလေးရ"

"တခြားတော့ မဟုတ်ဘူးကွ၊ ခုအချိန်မှာ ငါအတွေ့ချင်ဆုံး အမျှော်လင့်ဆုံးသူဟာ ငါ့ရဲ့ ငယ်ချစ်ဦး နော်ဆေးပဲ"

"ဟ- ဦးလေးကလည်း ကြီးမှ ဝဲခြောက်ပေါက်ချင်. . ."

"ဟာကွာ ဝဲခြောက်မဟုတ်ပါဘူး၊ ဝက်သက်ပေါက်တာပါ။ ငါပြောတာ အဲဒီကိစ္စ မဟုတ်ဘူးကွ၊ ငါပြောတာ ဘာကြောင့် နော်ဆေးကို တွေ့ချင်သလဲဆိုတော့ နော်ဆေးမှာ ငါ့ကိုယ်ဝန်ပါသွားသကွ"

"ဗျာ"

"အေး- နော်ဆေးဟာ ငါ့ကို အရိုးခံသက်သက်နဲ့ အချစ်ကြီးချစ်ခဲ့တဲ့ မိန်းမတစ်ဦးပဲကွ။ အဲဒီ မိန်းမသည်သာ ငါ့ရဲ့ဘဝကို ပိုင်ဆိုင်သင့်တယ်။ ပြီးတော့ နော်ဆေးရဲ့ သမီး ဒါမှမဟုတ် သားပေါ့ကွာ၊ အေး အဲဒီသူဟာ ငါ့ရဲ့စစ်မှန်တဲ့ အမွေစား အမွေခံလို့ပဲ ငါယုံကြည်တယ်။ ဒီတော့ကာ ငါ နော်ဆေးကို ပစ္စည်း တစ်ခု လက်ဆောင်ပေးခဲ့ချင်တယ်"

"ဘာများတုံး ဦးလေးရဲ့"

"အကျီတစ်ထည်ပေါ့ကွာ"

"ဗျာ- အကျီတစ်ထည်၊ ဘာ. . . ဘာလုပ်ဖို့လဲဗျ"

"မင်း အဲဒီကိစ္စကို မမေးနဲ့ မင်းလုပ်ပေးရမှာက အဲဒီအကျီကို နော်ဆေးဆီ အရောက်ပို့ပေးဖို့ပဲကွ။ တစ်ခုတော့ ရှိတယ်ပေါ့ကွာ၊ သူနဲ့ငါက ကွဲကွာခဲ့ကြတာ ခုဆို အနှစ်သုံးဆယ် ကျော်လုပြီကွ။ ဒီတော့ကာ မင်းအနေနဲ့ အတော့်ကို ရှာရခက်မယ့်ကိစ္စပဲ။ ဒါပေမယ့် မင်းပြောပုံဆိုပုံကြည့်ပြီး ငါ သဘောကျတယ်။ မင်းဟာ အခြေအနေနဲ့ အချိန်အခါကို တွက်တတ်တဲ့လူ၊ ဒီတော့ ငါ့ကိစ္စကို မင်း စွမ်းဆောင်နိုင်လိမ့်မယ်လို့ ငါယုံတယ်"

"အနှစ်သုံးဆယ်ဆိုတော့ တော်တော့်ကို ကြာသွားပြီပဲ၊ တွေ့ရင် ဘယ်လို မှတ်မိနိုင်မှာလဲဗျ"

"မပူပါနဲ့ကွာ၊ ငါ့ဆီမှာ သူနဲ့ နှစ်ယောက်တွဲပြီး ရိုက်ထားတဲ့ဓာတ်ပုံ ရှိတယ်။ လိပ်စာလည်း ရှိတယ်၊ ထူးခြားတာက နော်ဆေးရဲ့ ညာဘက်မေးဖျားမှာ မှဲ့အနီလေးတစ်လုံး ရှိတယ်။ အဲဒါ သူ့အမှတ်အသားပဲ၊ မင်းအတွက် စရိတ်စက ကိုလည်း ငါ လုံလုံလောက်လောက် ပေးလိုက်ပါ့မယ်။ ဒီအတောအတွင်း ငါ တစ်ခုခု ဖြစ်သွားခဲ့ရင် ဒီကိစ္စ ဘယ်သူ့မှ အသိမပေးလေနဲ့။ မင်းနည်းမင်းဟန်နဲ့ လိုက်ပေတော့ကွာ"

ဦးမင်္ဂလာ၏ အကြောင်းအရာများက သူ့အတွက် အတော်လေးကို ထူးဆန်းနေ၏။ လောဘနှင့် ပတ်သက်လာလျှင် လူများ၏ သဘောသဘာဝက လွန်စွာမှ ကြောက်စရာကောင်းလှကြောင်း ဂျာအေး တွေးမိလေ၏။ သူတို့နှစ်ဦး တီးတိုးတိုင်ပင်ကာ ဦးမင်္ဂလာက သူ့ကို အညိုရောင် ဂျာကင်အကျီတစ်ထည်နှင့် သုံးစွဲရန် ငွေကြေးဥစ္စာများ ယုံကြည်စွာ ထုတ်ပေးလာ၏။

ထိုသို့ နှစ်ယောက်သား တိတ်တဆိတ် ကြံစည်နေစဉ် ဆေးရုံပေါ်သို့ ဦးမင်္ဂလာ၏ ဒုတိယအိမ်ထောင်မှ သားဩရသဖြစ်သူ မင်္ဂလာလှဖေ ဝင်ရောက်လာလေ၏။ ဦးမင်္ဂလာသည် သူ့သားသမီး ခြောက်ယောက်စလုံးကို ရှေ့မှ မင်္ဂလာတွဲတပ်ပေးထား၏။ (စာရေးသူ၏ မှတ်ချက်)







www.burmeseclassic.com

www.burmeseclassic.com



ခင်ထားလှမြသည် ဂျာအေးနှင့် သူဖခင်တို့ တိုးတိုးတိတ်တိတ် ပြုမူနေသည်ကို မြင်ရသောအခါ မျက်စိမျက်နှာပျက်သွား၏။ ထိုအချိန်တွင် ဂျာအေးသည် ဦးခင်လာ၏ ခုတင်မှခွာကာ မောင်ရွှေတို့ဆီ လျှောက်ခဲ့လေ၏။

"ကိုဂျာအေး"

"ဘာတုံးကွ မောင်ရွှေ"

"ဟိုဗျာ ကျုပ် ဗိုက်ဆာလို့ ကြီးဒေါ်နား နေပေးစမ်းပါဦး"

"ဟာ- မင်းကလည်း အားအားရှိ ဗိုက်ပဲဆာနေတာပဲ။ ဟော့ကောင် မောင်ရွှေ ငါသိတယ်နော်"

"ဟဲ့- ဘာတွေ သိနေကြတာတုံး"

"ဩော်- ကြီးဒေါ် အလကား နောက်နေကြတာပါ"

"မင်းတို့နှစ်ယောက် ဆေးရုံလာပြီး ရှုပ်တီးရှုပ်တုတ် မလုပ်ကြနဲ့နော်၊ တော်ကြာ ငါပါ ဆေးရုံပေါ်က ဆင်းနေရဦးမယ်"

"ဟာ- ကြီးဒေါ်ကလည်း မဟုတ်တာ၊ ကျွန်တော် ဗိုက်ဆာလို့ အဲဒါ"

"အလိုတော်၊ နင့်ဗိုက်က ဆာပဲ ဆာနိုင်လွန်းတယ်၊ ရိုးမှရိုးရဲ့လား မောင်ရွှေရယ်"

"ဟုတ်တယ် ကြီးစိမ်း၊ မောင်ရွှေပုံစံက ဖုတ်ဝင်နေသလိုပဲဗျ"

"ဟေ"

"ဟာ- ပေါက်တီးပေါက်ရှာဗျာ"

"ကဲ- ဒါဆိုရင်လည်း နင်တို့နှစ်ယောက်စလုံး သွားကြ၊ ကြီးဒေါ် ပုတီးစိပ်လိုက်ဦးမယ်"

"ကောင်းသားပဲ"

"ဟာ- ကိုဂျာအေး လိုက်ရင်. . ."

"ဘာဖြစ်သလဲ မောင်ရွှေရ မင်းကလည်းကွာ ကိုင်း- သွားမယ်"

"မောင်ရွှေ နင် ခွဲခြားခွဲခြား မလုပ်နဲ့နော်"

"ဟုတ်. . . ဟုတ်ကဲ့ ကြီးဒေါ်"

မောင်ရွှေ ဂျာအေးကို အရမ်းမခေါ်ရဲ၊ ပြဿနာပေါင်းစုံကို မွှေနှောက်ဖန်တီးလေ့ရှိသော ဂျာအေးကို မောင်ရွှေ အလိုလိုနေရင်း တွန့်နေ၏။ ချစ်မိုးကြီး ထမင်းဆိုင်သွားသွားပြီး ရွှေဝါရွှေ့ အိုက်တင်ကြီးတစ်ခွဲသားနှင့် ဝါကြွားခဲ့ပုံများကို ဂျာအေးသိလျှင် မလွယ်။

သို့သော် ဂျာအေးကို ဘယ်လိုမှ ဟန့်တားလို့မရသဖြင့် နှစ်ယောက်သား





ဆေးရုံပေါ်မှ ဆင်းခဲ့ကြ၏။ ချစ်မိုးကြီးထမင်းဆိုင်မှာ ဆေးရုံ၏ ညာဘက်ခြမ်းတွင်ရှိပြီး ဟင်းထမင်းချက်ပြုတ်ရာတွင် လက်ရာအလွန်မှ ကောင်းလှ၏။ စားသုံးသူကလည်း နှစ်ဆယ့်လေးနာရီ မပြတ်ရှိ၏။

ဆေးရုံကလူများအပြင် ရပ်ကွက်က လူများပါ လာရောက်ဝယ်ယူသည်မို့ အမြဲတမ်း လူစည်ကားနေ၏။ သူတို့နှစ်ဦး ရောက်ရှိသွားချိန်တွင် ဆိုင်မှာ လူကျနေသဖြင့် ရွှေဝါဆိုသော ဝကစ်ကစ်ကောင်မလေးခမျှာ မနားရ။

မိခင်ကြီးနှင့်အတူ ပျာယာခတ်နေ၏။ သူတို့နှစ်ဦး ဆိုင်ထောင့်ရှိခုံတွင် ဝင်၍ထိုင်လိုက်၏။ ဂျာအေးသည် ဝကစ်ကစ်ကောင်မလေးကို မြင်လိုက်သည်နှင့် မောင်ရွှေကို မျက်စောင်းထိုးပြီး မေးလိုက်၏။

"အဲဒါ ရွှေဝါ မဟုတ်လားကွ"

"ဟုတ်. . . ဟုတ်တယ်"

"မဆိုးပါဘူးကွ၊ ဆီသုတ် မီးဖုတ်စားရရင် အတော့်ကို ကောင်းမှာကွ"

"ဘာကွ၊ ကိုဂျာအေး ခင်ဗျား. . ."

"ဟဲဟဲ မင်းကလည်း နောက်တာပြောင်တာတောင် သည်းခံစိတ် မမွေးနိုင်ဘူးလားကွ၊ မင်းကောင်မလေးပုံစံက ဝါတာတာ ပြောင်းဖူးပေါက်လေးနဲ့ တူသကွ။ ဟီးဟီး နေပါဦး မောင်ရွှေရ မင်းက အဲဒီ ပြောင်းဖူးပေါက်လေးကို ဖုတ်စားမှာလား ဒါမှမဟုတ် ပြုတ်စားမှာလား"

"ဟာ- သွားပါပြီဗျာ၊ ပြောင်းဖူး မဟုတ်ဘူးဗျ လူလူ၊ လူမှ ကျုပ်မျက်စိထဲ နတ်သီးလေးလိုလှတဲ့ ကောင်မလေးဗျ"

"ပိုပါ့ကွာ၊ ကဲ- ထားပါတော့ စောစောက ငါမေးတာ"

"မမေးနဲ့ဗျာ"

"ဘာလဲ မင်း ကျွဲမြီးတိုသွားသလား၊ အလကားစတာပါ မောင်ရွှေရာ၊ မင်းက အဲဒီကောင်မလေးကို ချစ်တယ်ဆိုတော့ အဲဒီ ချစ်တယ်ဆိုတာ ဘာလဲကွ"

"ဗျာ- အချစ်"

"အေး- မင်း သေသေချာချာ သိပြီလား"

"ဟို. . . ဟိုဒင်းဗျာ၊ သူ့ရဲ့ ဝကစ်ကစ်ကိုယ်လုံးလေးနဲ့ ဖူးတူးတူးမျက်နှာလေးကို မြင်ရင် ရင်ခုန်တယ်ဗျာ၊ ခြေတွေလက်တွေ အေးစက်သွားတယ်ဗျာ၊ အဲဒါ အချစ်ပဲပေါ့ဗျာ"

"ဟ- ဟုတ်သေးဘူး မောင်ရွှေရ။ ရင်ခုန်တာတို့၊ ခြေတွေလက်တွေအေး



www.burmeseclassic.com

www.burmeseclassic.com



စက်တာတို့ ဆိုတာ ဟိုကွာ ဟို မင်းကြီးဒေါ်လို ဖြစ်ချင်လို့ကွ၊ အဲဒါ ဆီးချိုအစ ရင်ခုန်ရတဲ့ ဟဲဟဲ"

"ဗျာ"

"ငါပြောတာယ်၊ အဲဒါ အချစ် မဟုတ်ဘူး၊ ဆီးချိုလက္ခဏာကွ။ ဆီးချိုက မျိုးရိုးလိုက်တယ်လေ"

"တော်ပါတော့ဗျာ"

သူတို့နှစ်ဦး ပြောဆိုနေစဉ် ရွှေဝါဆိုသော လုံးကစ်ကစ် ကောင်မလေးက သူတို့အနားသို့ ရောက်ရှိလာ၏။ ပြုံးစိစိအမူအရာနှင့် မောင်ရွှေကို ကြည့်ပြီး မေးလိုက်၏။

"ဟော- ကိုရွှေကြီးပါလား ဘာစားမတုံး"

"ဟို- ကြက်. . . အဲ ဟိုဒင်းလေ"

"ဟာ- မောင်ရွှေကလည်း ကိုယ်စားမယ့် ဟင်းထမင်းတောင် မေ့နေတယ်၊ ကိုင်း- ဒီလိုလုပ် ဆိုင်မှာ ကြောင်သားရှိလား"

"ရှင်၊ ကြောင်သား"

"ဟုတ်တယ်၊ မောင်ရွှေက ကြောင် တအားကြိုက်တာ၊ အမြီးတောင် ဖုတ်ပြီး ဟင်းချိုသောက်တဲ့ကောင်ဗျ"

"ရှင်၊ အမြီးတောင်"

"ဟုတ်ပါ၊ ဟေ့ကောင် မောင်ရွှေ ပြောလိုက်လေကွာ"

"ဟုတ်တယ် အဲ ဟုတ်ဘူး၊ ကိုဂျာအေး မဟုတ်တာတွေဗျာ။ အလကား ပြောတာ မရွှေဝါ။ ဟို ကျွန်တော့်ကို ငါးသလောက်ပေါင်းရယ်၊ ပြီးတော့ ပဲကြီးကုလားဟင်းရယ် ပေးဗျာ။ ကိုဂျာအေး ခင်ဗျားကြိုက်တာမှာဗျာ၊ မရွှေဝါတို့က တအား လက်ကောင်းတာဗျ"

"လက်. . . ဘာလက်ကောင်းတာလဲ၊ မင်းဟာ လက္ခဏာဆရာလား မောင်ရွှေရာ"

"ဟာဗျာ၊ လက်ရာကောင်းတယ် ပြောတာဗျ"

"ဩော်- ဒီလိုလား၊ ကိုင်း- ဒါဆို ပုံးရည်ကြီးနဲ့ ငါးနဲ့ချက်ထားတာ တစ်ပွဲနဲ့ ငါးပိရည်ကောင်းကောင်းနဲ့ စားမယ်၊ ကောင်းကောင်းလေးနော်"

"စိတ်ချပါရှင်"

ရွှေဝါမှာ စကားပြောတာကအစ အချိုးပြေပြေ မပြောချင်သော ဂျာအေးကိုကြည့်ပြီး မျက်စောင်းတထိုးထိုး ဖြစ်နေ၏။ မောင်ရွှေမှာ ရွှေဝါ့မျက်နှာ





ဖူးဖူးလေးကို တောင်းပန်သောအကြည့်နှင့် ကြည့်နေမိ၏။

ထိုစဉ် ရွှေဝါတစ်ယောက် ဆိုင်နောက်ဘက်ကို ပေါက်ဆတ်ဆတ်နှင့် လျှောက်သွားလေတော့၏။

"ကိုဂျာအေးကလည်းဗျာ စကားပြောရင် ကြည့်ပြောစမ်းပါ၊ ကျုပ်နဲ့သူက ခုမှပြေလည်မယ် ရှိသေးတယ်ဗျ"

"ဩော်- ဒါဆို ဇာတ်လမ်းက အခုမှ ကမ္ဘာမကျေပြီးခါစပေါ့၊ ကောင်းတယ် ဒီကိစ္စ ငါကြားဝင် ဒါရိုက်တာလုပ်ပေးမယ် မောင်ရွှေရ၊ ဘာမှ မပူစမ်းပါနဲ့ကွာ၊ မင်းက အချစ်အကြောင်းကို ကောင်းကောင်းသိတာ မဟုတ်ဘူးကွ"

"အင်း- ဟို. . . ဒီကိစ္စ ကျုပ် ကတတ်ပါတယ်ဗျာ"

"ဘာကမှာလဲ ဘီလူးကလား၊ ဇော်ဂျီကလား"

"ဟာ- ဟိုလေဗျာ မင်းသားက"

"အောင်မယ် ဇာတ်တောင်မထွက်ရသေးဘူး မင်းသား လုပ်ချင်နေတယ်၊ ဒီပွဲမှာ ဒါရိုက်တာမရှိရင် ဘယ်လိုမှ မပီပြင်ဘူးကွ၊ ဒီတော့ ငါက ဒါရိုက်တာ လုပ်ကိုလုပ်မှ ဖြစ်မယ်ကွ"

"ဟာ- မ. . . မလုပ်ပါနဲ့၊ ကိုဂျာအေး ဒါရိုက်တာလုပ်ရင် ကျုပ် မင်းသား မဖြစ်ဘဲ မြင်းသား ဖြစ်နေဦးမယ်"

"ရှင်၊ မြင်းသား ဟုတ်လား"

"ဗျာ၊ ဩော်- မရွှေဝါ"

"စောစောက ကိုရွှေကြီးပြောတော့ မြင်းသားဆို"

"ဟဲဟဲ ကျွန်တော်တို့ နောက်နေကြတာပါ"

"ဩော်- သိပါဘူး၊ တဲ- ဟောဒီမှာ"

"ဟာ- ဟင်းနံ့လေးက မွှေးကြိုင်နေတာပဲဗျာ၊ မရွှေဝါဟာ တကယ်ကို လက်ရာကောင်းပါလားဗျာ"

"အို- ကိုရွှေကြီးကလည်း"

"ဟုတ်တယ်ဗျ၊ တကယ့် နတ်သုဒ္ဓါပဲ"

"ဟာ- မောင်ရွှေကလည်း တအား မြှောက်ပင့်နေတာပဲကိုး၊ မရွှေဝါခမျာ ချက်ချင်း ဘဝကူးပြီး နတ်စိမ်းဖြစ်ရမယ်ပုံပါလား"

"အင်"

"ကိုရွှေကြီး"

"ခင်ဗျာ၊ ဘာတုံး မရွှေဝါ"



www.burmeseclassic.com

www.burmeseclassic.com



"ကိုရွှေကြီးက ကျွန်မကို သေစေချင်လို့လား ပြောပါဦး"

"ဘာ- ဟုတ်. . . ဟုတ်ဖူးလေ၊ ဒီ. . . ဒီလို"

"အို- ရွှေဝါကို ဒီလိုသဘောထားတာတော့ မကောင်းဘူး"

"ဟာ- ရှုပ်ကုန်ပါပြီကွာ၊ ကိုဂျာအေး"

"ဘာတုံးကွ၊ ဒီကိစ္စ ငါ ဘာမှဝင်ပြောစရာမလိုဘူး၊ မရွှေဝါ နတ်သမီးဖြစ်ရင် မောင်ရင် အငွေ့ပဲ ရှုရမယ်"

"ဟိုက်- တော်. . . တော်ပါတော့၊ တောင်း . . . တောင်းပန်ပါတယ် ရွှေဝါရယ်၊ ကျွန်တော် ဒီသဘောမျိုးပြောတာ မဟုတ်ရပါဘူး။ ဟို- ဟင်းချက်ကောင်းလို့ ပြောမိတာပါ"

"တကယ်လား"

"တကယ်ပါ မရွှေဝါရယ်၊ လူစင်စစ်က နတ်ဖြစ်ပါစေရဲ့"

"ရှင်၊ နတ်၊ လာပြန်ပြီနတ်"

"ဟာ- ဟို. . . ဟိုဒင်း"

"တော်ပြီ၊ ဆက်မပြောနဲ့တော့"

"အင်"

ရွှေဝါတစ်ယောက် သူ့ကို ဆူပွဆူပွလုပ်ပြီး အနားမှ ဆောင့်ကြီးအောင့်ကြီး ထွက်သွား၏။ မောင်ရွှေခမျာ လင်းတကြီးမှိုင်သလို တွေတွေကြီး ဖြစ်နေ၏။ ဟင်းထမင်းတွေကလည်း အငွေ့တထောင်းထောင်း။ ဂျာအေးမှာ မောင်ရွှေကို ကြည့်ပြီး ခပ်ဖြီးဖြီးဖြစ်သွား၏။

"ဘယ်လိုဖြစ်သွားတာတုံးကွ"

"ဟာ- ခင်ဗျား မဟုတ်တာတွေ လျှောက်ပြော"

"ငါပြောတာ နတ်ဖြစ်စဉ်လေကွာ၊ မင်းကပါ နတ်အကြောင်း ထည့်ပြောတော့ ရှုပ်ကုန်တာပေါ့ကွ"

"အဲဒါပြောတာပေါ့ဗျာ၊ မဖြစ်သင့်တာတွေ ဖြစ်ကုန်ပြီဗျ"

"မင်းက ဘာဖြစ်ချင်လို့လဲ"

"တော်ပါတော့ဗျာ၊ ရွှေဝါနဲ့ ကျုပ်ကြား နားလည်မှုကြီးကလေး ပြတ်သွားရင်ခက်မယ်ဗျ၊ ရွှေဝါက တအား စိတ်နုတာဗျ၊ ပြီးတော့ ယောကျ်ားဆိုလို့ ရင်ဖိုတောင် မသန်းဖူးဘူးဗျ"

"ဟ- ညွှန်းလှချည်လား။ လွယ်ပါတယ်ကွာ၊ ရွှေဝါ မင်းအပေါ် သုံးလေးရက်အတွင်း ကျလာစေရမယ်ကွ၊ ငါပြောသလိုသာလုပ်"





"ဗျာ၊ သေ. . . သေချာရဲ့လား ကိုဂျာအေး"

"ဟာ- မြေကြီးလက်ခတ်မလွဲစေရဘူးကွ၊ ဒီကိစ္စမှာ မင်း ငါ့ကို ဒါရိုက်တာတင်ဖို့လိုတယ်၊ လောကကြီးမှာ ကိုကြီးဖျောက်ပြောသလို နည်းစနစ်မသိရင် အင်အားဖြုန်းတီးရာကျမယ်ကွ"

"ဒါဆို နည်းစနစ်"

"အေး- ဒီကိစ္စ ဘာမှမပူနဲ့၊ ငါ ဒါရိုက်တာလုပ်မယ်၊ မောင်ရွှေက မင်းသားလုပ်၊ ဒါပေမယ့် အလွမ်းခန်းလည်း ပါချင်ပါမယ်နော်"

"ဗျာ- လွမ်းရမယ်"

"ဟာ- ဒါ ကြိုတွေးထားရမယ့် အချက်တွေလေကွာ။ ဘယ်သူမဆို ကောင်းခန်းလေးပဲ ရိုက်ချင်ကြတာကွ။ ဒါပေမယ့် ဇာတ်ကြီးက အိတိတိကြီးဖြစ်သွားနိုင်တယ်။ ကောင်းတာများတော့လည်း ငါးသိုင်းများ ဟင်းဟုံ ဆိုသလိုဖြစ်မှာကွ။ ဒီတော့ လွမ်းရတာ၊ ဆွေးရတာလည်း တစ်မျိုးတစ်ဘာသာ အရသာရှိသကွ"

"အင်- ဘုရား ဘုရား၊ ဟုတ်မှလည်းလုပ်ပါ ကိုဂျာအေးရာ"

"ဟာ- အရေးကြီးတာ ငါ ဒီအချိန်ကစပြီး ဒါရိုက်တာလုပ်ပြီ၊ မင်း ငါပြောတဲ့အတိုင်းသာ ကပေတော့ပေ့"

"အင်"

မောင်ရွှေတစ်ယောက် ဂျာအေး၏ ချာလည်လည် ပြောဆိုမှုကြောင့် အူချာချာ ဖြစ်သွား၏။ အလိုလိုနေရင်း ဂျာအေး၏ မင်းသားတစ်ယောက် နေ့ချင်းညချင်း ဖြစ်သွားလေတော့၏။ နောက်တစ်နေ့ ညနေပိုင်းအရောက်တွင် ဂျာအေးသည် ချစ်မိုးကြီးထမင်းဆိုင်သို့ တစ်ယောက်တည်း ရောက်လာခဲ့၏။ မျက်နှာအသွင်အပြင်ကိုလည်း မှုန်ကုပ်ကုပ်၊ ညစ်တစ်တစ်ဂိုက် ဖမ်းထား၏။ ထိုအချိန်တွင် ရွှေဝါသည် ဂျာအေးကိုကြည့်ရင်း မောင်ရွှေ ပါမလာသဖြင့် စိတ်ထဲ ထင့်သွား၏။

"အစ်ကိုကြီး၊ ဟို ကိုရွှေကြီးကော မပါဘူးလား"

"အင်း ခေါ်တာပဲ၊ ခေါ်လို့ကို မရဘူးဗျာ"

"ရှင်၊ ဘာဖြစ်လို့ပါလိမ့်"

"ဟာ- သေချင်တယ်ချည်းပဲ တွင်တွင်ကြီး ပြောနေတယ်လေ၊ ပြီးတော့ သူကြီးဒေါ်ကလည်း ဆေးရုံက မဆင်းရသေးဘူးဗျ။ အဲဒါ အရက်ချည်းပဲ အအား နင်းသောက်လို့ မနေ့ကဆို အန်ဖတ်ဆို့ပြီး သေတောင်သေတော့မလို့"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်၊ သေတော့မယ်"

"ဟုတ်တယ်၊ ပုံစံက ဖုတ်လှိုက်ဖုတ်လှိုက်ပုံစံ။ သူ တစ်ခုခု ဖြစ်နေပုံပဲဗျ၊ ပြီးတော့ မရွှေဝါနဲ့ ကတောက်ကဆ ဖြစ်ကတည်းက အရက်သောက်လိုက်တာ ခုထိပဲဗျ။ ဘာမှလဲ မစားဘူး"

"အို- ဒုက္ခပါပဲ၊ ကိုရွှေတော့ ဘာတွေလျှောက်လုပ်နေပါလိမ့်၊ ရွှေဝါက သူ့ကို စိတ်မဆိုးပါဘူးရှင်၊ သူ ရွှေဝါ့အပေါ် နားလည်မှု လွဲသွားတာ ဖြစ်လိမ့်မယ်"

"ဟာ- ဟုတ်ပြီ၊ ဒီကောင့်စိတ်က ပုရွက်ဆိတ်သောက်ရှိတာ မရွှေဝါရဲ့၊ အထိမခံဘူး၊ ညှိုးလွယ်ကြွေလွယ်ပေါ့ဗျာ။ ဧကန္တ ကျုပ်သူငယ်ချင်း မောင်ရွှေ ခင်ဗျားကို စွဲနေပြီထင်တယ်"

"အို- အစ်ကိုကြီးကလည်း"

ဂျာအေးက စကားကို ကောက်ပင်ရိတ်လှိုးပြောနည်းနှင့် ပြောချလိုက်ရာ ရွှေဝါတစ်ယောက် တွေခနဲ ဖြစ်သွား၏။ ထိုစဉ် စားမည်သောက်မည့်သူများ ရောက်လာသဖြင့် ရွှေဝါ အလုပ်ရှုပ်နေ၏။ ပြီးတော့ ဂျာအေးသည် ချစ်မိုးကြီး ဆိုင်မှ ဝက်သားနှင့် ပုံးရည်ကြီးချက်ကို စွဲလမ်းနေပြီဖြစ်ရာ ယခုလည်း မငြိုးတမ်း မှာယူလိုက်၏။ ငါးပိရည်ကလည်း ရေတတ်သီးစိမ်း၊ မရန်းသီး၊ ပူစွန်ခြောက်တို့နှင့် နိုင်ချင်းဖျော်ထားသည်မို့ ခံတွင်းတွေ့လှ၏။

တို့စရာ ပဲသီးစိမ်းပြုတ် မကျက်တကျက်၊ မုန်လာဥဖြူ ဆလတ် စသည်ဖြင့် အမည်စုံလှလေရာ တစ်ထိုင်တည်း နှစ်ပန်းကန် မောက်မောက်ခန့် ကုန်သွား၏။ ထို့နောက် အချိုပွဲအဖြစ် လက်ဖက်နှင့် ထန်းလျက်ခဲများ ရောက်ရှိလာ၏။ ရွှေဝါ ခမျာ မောင်ရွှေ၏အကြောင်းကို အတော်ကလေး နားထောင်ချင်ပုံရ၏။ လူဝင်ကျဲလာသည်နှင့် သူ့ခုံဘေးနား ရောက်လာ၏။

"စားလို့ကောင်းလား အစ်ကိုကြီး"

"ကောင်းလှသကွာ၊ အင်း- မောင်ရွှေကလည်း ဒီဆိုင်လက်ရာဆို တဖွဖွ ပြောတာကွ၊ ခုတော့ ဒီကောင် အရက်ထဲ ခေါင်းစွပ်နေရပြီ"

"အို- ပြော. . . ပြောလိုက်စမ်းပါ အစ်ကိုကြီးရယ်၊ သူ ကျွန်မအပေါ် တစ်မျိုးထင်နေတာပါ။ ရွှေဝါ စိတ်မဆိုးတတ်ပါဘူးရှင်၊ ပြီးတော့ တစ်လက်စ တည်း ပြောရဦးမယ်"

"ဘာများလဲ"

"ဟို- ကျွန်မတို့အိမ်မှာ မနက်ဖြန် ညပိုင်းကို ဘုရားကိုးဆူပူဇော်ပွဲလုပ်မယ် လေ၊ အဲဒါ ကိုရွှေကိုပါ ရအောင်ခေါ်ပြီး လာခဲ့ပါလား၊ ရွှေဝါ မျှော်နေမယ်လေ





ကိုရွှေကို ပြောလိုက်၊ လူကို သတိရသေးတယ်ဆိုရင် လာခဲ့ပါလို့"

"အေး ပြောလိုက်ပါ့မယ်ကွာ၊ ဒါထက် လိပ်စာက"

"လိပ်စာက လွယ်လွယ်လေးပါ၊ -----ဆေးရုံနဲ့ သုံးလေးလမ်းပဲ ခြားတယ်၊ အစ်ကိုလည်း လာဖြစ်အောင်လာနော်"

"ဟာ- လာမှာပေါ့၊ ဘာကျွေးမှာလဲ"

"ဟို- ကြာဆံချက်လေ"

"ကောင်းပါ့ကွာ၊ လာပြီသာ မှတ်တော့"

"ကိုရွှေကို. . ."

"သြော်. . . စိတ်ချစမ်းပါ၊ မရရအောင် ခေါ်ခဲ့မှာပေါ့"

"ကျေး . . . ကျေးဇူးပါပဲရှင်"

ရွှေဝါမျက်နှာလေး ဝင်းတောက်တောက် ဖြစ်သွား၏။ ဂျာအေးမှာလည်း ဆင်ခဲ့သည့်ဇာတ်က တာထွက်ကောင်းခဲ့ပြီမို့ ဝမ်းအသာကြီး ဝမ်းသာကာ ဆိုင်ထဲမှ ထွက်ခဲ့လေတော့၏။

○○○○○

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

"သေ. . . သေချာရဲ့လားဗျာ"

"ဩော်- မောင်ရွှေကလည်းကွာ ဂျာအေးကြံရင် ထရံတောင် မှန်ဖြစ်သတဲ့ ကွ၊ မင်းကိစ္စက ပုရွက်ဆိတ်ခေါင်းလောက် ရှိတဲ့ကိစ္စပါကွာ"

"ဟုတ်. . . ဟုတ်ပါတယ်ဗျာ၊ ဒါကြောင့်လည်း ကိုဂျာအေးကို ကျုပ်က အားကိုးတာပေါ့"

"ဟေ့ကောင် မောင်ရွှေ"

"ဗျာ"

"မင်း ရွှေဝါကို ချစ်တယ်လို့ ပြောပြီးပြီလား"

"ဟာ- မပြောရဲဘူးဗျ"

"ခက်ပါ့ ဝေတုံးရာ၊ ဒီကိစ္စ နောက်ကျလို့ ကောင်းတာမဟုတ်ဘူးကွ။ မှတ် ထား နောက်ကျလို့မကောင်းတဲ့ကိစ္စ သုံးမျိုးရှိသကွ။ နံပါတ်တစ်က ချစ်တယ် တဲ့စကား ပြောဖို့ပဲ။ နံပါတ်နှစ်က အိမ်ထောင်ပြုတဲ့ကိစ္စကွ။ နံပါတ်သုံးက အလှူ သွားတဲ့ကိစ္စ။ အေး- အဲဒီ အချက်သုံးချက်စလုံးက မြန်လေကောင်းလေပဲကွ"

"ဟုတ်လား"

ဂျာအေးတစ်ယောက် သူ့စိတ်ထဲ ထင်ရာတွေ ပြောချလိုက်လေ၏။ ဗိုလ် တင်က ဆရာကြီးအိုက်တင်။ မောင်ရွှေမှာ ဂျာအေးပြောသမျှ အဟုတ်ကြီးထ နေ၏။ ထို့ကြောင့်လည်း အူတူတူနှင့် မေးမြန်းလိုက်၏။

"ဟို ဒုတိယအချက်က အိမ်ထောင်ပြုတာ မြန်ရမယ်ဆိုတဲ့ အချက် တစ်မျိုးကြီးပဲဗျ"

"ဘာဖြစ်လို့တုံးကွ၊ မှတ်ထား ငတရဲ့ အချိန်နဲ့ ဒီရေက လူကိုမစောင့်



တဲ့ကွ၊ မင်း ဒီကနေ့ ချစ်စကား မပြောမိလိုက်ရင်ဖြစ်ဖြစ်၊ အိမ်ထောင်ပြုဖို့ မဆုံးဖြတ်ရသေးရင် ဖြစ်ဖြစ် ဖြုန်းဆို ကားတိုက်ခံရရော ဆိုပါတော့ကွာ"

"ဗျာ၊ ကားတိုက်. . . ဟာ- နိမိတ်မရှိ"

"သဘောပြောတာပါကွ၊ ကားက မင်းလည်မျိုဖြတ်ကြိတ်၊ လျှာကြီးထွက်၊ မျက်လုံးကြီးပြူး၊ ခေါင်းကြီးပြား"

"အောင်မလေးဗျ၊ မ. . . မသေ"

"အေး- အဲဒါ ပြောတာပေါ့၊ ကံကြမ္မာဆိုတာ သံသရာရဲ့ ဆရာကြီးကွ။ သူက ဆေးတောင်ဝှေးတစ်ချောင်းကိုင်ပြီး လူတွေကို ဖြစ်စေဇာတ် ခင်းနေတာ ကွ။ ဟိုကောင် ငတေမောင်ရွှေ ယောင်လည်လည် လုပ်နေတာ ကြည့်မရဘူး ဆိုပြီး တဗွေစာရင်းတိုးအောင် သေချင်းဆိုးနဲ့ သေစေဆို သေရမှာပဲကွ"

"ဗျာ၊ မလုပ်ပါနဲ့ ကိုဂျာအေးရာ လူက မသေခင်တောင် တဗွေလိုလို သရဲလို ပုံစံဖြစ်နေရတဲ့ကြား"

"သံသရာ ပြောတာကွ၊ မှတ်ထား ဘယ်တော့မှ နောက်မကျစေနဲ့။ အလှူ အိမ်သွားရင်လည်း နောက်ဆုံးမှသွားကြည့် မစားရတဲ့အပြင် ပန်းကန်ဆေးဖို့ သေချာသကွ"

"လောကကြီး သိချင်ရင် ဘယ်တော့မှ နောက်မကျလေနဲ့ မောင်ရွှေရ ခုဆို ရွှေဝါလေးခမျာ မင်းကို သေရွာပြေးရှာမလားဆိုပြီး ဝေဒနာတေးကဗျာ ဖွဲ့နေလောက်ရောပေါ့"

"ဟိုက်- ကိုဂျာအေးကလည်းဗျာ နိမိတ်မရှိလိုက်တာ၊ အင်း- ခင်ဗျားဟာ ဘာဥုဒါယီသေလို့ ဝင်စားတဲ့လူကျနေတာပဲ"

"ဟေ- ဘယ်လိုဖြစ်လို့တုံးကွ၊ ကြည့်လည်းပြောပါ မောင်ရွှေရာ၊ မအပ် စပ်ရာတွေပြောလို့ မိုးကြိုးပစ်နေပါဦးမယ်"

"ဩော်- ကိုဂျာအေးကလည်း ကျုပ်က သဘောပြောတာဗျ"

"အိမ်း- နိုင်းတော့မနိုင်းပါနဲ့ကွာ၊ ကိုင်း- စောစောကစကား ပြန်ဆက်ရ အောင်"

"ဘာများတုံးဗျ၊ ဩော်- အချစ်"

"အေး- မင်းက သူ့ကို ဖွင့်မပြောသေးဘူးဆိုတာ ကြောက်လို့မဟုတ်လား"

"ဟာ- အဲဒါတော့ အမှန်ပဲဗျ၊ အချစ်ဟာ တစ်ခါတစ်ခါတော့ သရဲတစ္ဆေ ခြောက်တယ်ဗျ၊ မတွေ့လိုက်နဲ့ တွေ့လိုက်တာနဲ့"

"မောင်ရွှေ မင်းတောင် စာဖွဲ့တတ်ပြီးတိုး၊ မင်းက ဘာနေ့သားလဲ"

www.burmeseclassic.com

www.burmeseclassic.com



"နေသားလေဗျ"

"တင်- နာမည်နဲ့ နေနဲ့ တလွဲပါလားကွ"

"ဟဲဟဲ ကျွန်တော်က အမြဲတမ်း အလွဲလွဲ အချော်ချော်ချည်းပဲဗျ။ ကျောင်းနေတာတောင် ကိုယ် ဘယ်နှတန်းရောက်မှန်း မသိဘူးဗျ၊ တစ်ခါတစ်ခါ စာမေးပွဲဖြေရင် စိတ်ထဲရှိတဲ့စာတွေ ဖြေချလိုက်တာဗျ၊ အဲဒါ လေးတန်းရောက်ပေမယ့် လေးတန်းစာတွေ မေ့ကုန်တာနဲ့ စိတ်ထဲ သတိရလာတဲ့ နှစ်တန်းစာတွေ ရေးချလိုက်တာ ဆရာမဆို ကျုပ်အဖြစ်ကို အံ့ရောပဲဗျ"

"ဟေ- ကောင်းသကွာ၊ မင်းဥစ္စာ ရောဂါကျွမ်းနေပုံပဲကွ၊ ကဲ- ဒါဆို ရွှေဝါနဲ့ မင်းကိစ္စရော အံချော်ချင်"

"ဟာ- ခ. . . မလုပ်ပါနဲ့ဗျာ၊ အံမချော်ပါရစေနဲ့"

"အေး- အံမချော်စေချင်ရင် ငါ့ဆရာကြီး အစ်ကိုဖျောက်ရဲ့ ဗေဒင်ပညာက ဒီနေရာမှာ ကွက်တိပဲကွ၊ အံမချော်စေချင်ရင် ကံဖော်ရတယ်ကွ"

"ဟုတ်လား၊ ဘယ်လို ကံမျှားဖော်ရမှာလိမ့်"

"မှတ်ထားကွ၊ မင်းက စနေသား ရွှေဝါက ဘာနေ့သမီးလဲ"

"အင်း. . . မရွှေဝါက ကျုပ်စိတ်ထင်တော့ ခုနစ်ရက်သားသမီးပဲ ဖြစ်ရမယ်"

"ဘာကွ၊ ငါမေးတာ နေ့ကွ၊ ထားတော့ကွာ၊ ရွှေဝါဆိုတာ ဗုဒ္ဓဟူး ဒါမှမဟုတ် ရာဟု တစ်ခုခုပဲ၊ နေ့မွေးညမွေး တစ်ခုခုပေါ့။ ထားတော့ကွာ စနေ-ဗုဒ္ဓဟူး မျက်လုံးပြူးတဲ့ကွ"

"ဗျာ့ ဘာ. . . ဘာဖြစ်လို့"

"ဩော်- တစ်ယောက်နဲ့ တစ်ယောက် တွေ့ရင် လည်ပင်းညှစ်ချင်စိတ်တို့ ပါးရိုက်ချင်စိတ်တို့. . ."

"ဟာဗျာ မဟုတ်ကဟုတ်တ ပြောတော့မယ်"

"ဟဲဟဲ ငါပြောတာ မှားသွားသကွ၊ စနေဗုဒ္ဓဟူး သိုက်ဘီလူးတဲ့ မှတ်ထား"

"သိုက်ဘီလူး၊ ကြောက်. . . ကြောက်စရာကြီး"

"ဟာ- ငါပြောချင်တာ အဲဒီနှစ်ယောက်ပေါင်းရင် သိုက်ဘီလူးကတောင် မစ,မယ့်ကိန်းကွ၊ ကောင်းတယ် ကောင်းတယ် ဒါဆို မရွှေဝါရဲ့ အမေကြီးက ဘယ်သူတုံး"

"ဗျာ၊ ဘာလုပ်ဖို့လဲဗျ"

"ဟ- မောင်ရွှေကလည်း တုံးပါ့ကွာ၊ ဒါ အညမညသဘောတွေကွ၊ မင်း



မရွှေဝါ နှစ်ယောက်တည်း ပေါင်းမှာမဟုတ်ဘူး၊ မင်းယောက္ခမလောင်းကြီးလည်း ပါသပေါ့ကွာ"

"ဟာ- မလုပ်ပါနဲ့ဗျာ၊ ယောက္ခမကြီးပါပေါင်း. . ."

"ဟိတ်ကောင် ငါပြောတာ ယောက္ခမကြီးကိုပါ မင်းပတ်ဝန်းကျင်စာရင်းထဲ စာရင်းထည့်ရမှာကွ၊ ဒါကြောင့် ငါမေးတာ"

"ဩော်. . . ဒီလိုလား၊ ဟဲဟဲ ယောက္ခကြီး နာမည်က စိန်မျက်ခုံးတဲ့ဗျ"

"ဟိုက်- ဘယ်လိုကြီးလဲ၊ ကေန္တ ဇာတ်သမကြီးနဲ့ တူပါရဲ့"

"ပြောတတ်ဘူးလေဗျာ၊ သဘောမနောကတော့ မဆိုးဘူးဗျ၊ ကျုပ်ကို သား. . . သားနဲ့ နားဝင်ချိုလိုက်တာဗျ"

"အိမ်း- မောင်ရွှေ မင်းကတော့ အချစ်အတွက်နဲ့ ပတ်သက်လာရင် လက်ယက်တွင်းထဲ ကျွမ်းထိုးကူးမယ့် ကောင်ပဲကိုး၊ ထားပါတော့ကွာ အရေးကြီးတာ စနေနဲ့ မတည့်တာ ကြာသပတေးပဲ၊ ဒီတော့ မင်းယောက္ခမကြီးဟာ စိန်မျက်ခုံးဆိုကတည်းက ကြာသပတေး မဖြစ်နိုင်ဘူးကွ၊ ဒီတော့ မင်းအတွက် ကောင်းသပေါ့ကွာ၊ ဒီတော့ လောကမှာ လိုချင်ရင် ကြိုတင်သိထားရမှာက ချူဆိပဲကွာ"

"ချူဆိ၊ ဘာတုံးဗျ"

"ဩော်- ဘာလုပ်လုပ် ရှောရှောရှုရှုဖြစ်ဖို့ ချူဆိထည့်ရတယ်ကွ၊ မင်းလိုချင်တာ ရွှေဝါ၊ ရွှေဝါကို လိုချင်ရင် ယောက္ခမလောင်းကို ချူဆိထည့်ရတယ်ကွ"

"ဗျာ- ဘယ်ကိုထည့်ရသတုံး နားထဲလား၊ ဒါမှမဟုတ်"

"ဟကောင်ရာ ငါပြောတာကို ခေါင်းနဲ့စဉ်းစားကွ၊ မင်းဥစ္စာ ဘာပြောပြော ခြေထောက်နဲ့ ဆုံးဖြတ်ပြီး ဒုံးတိုက်ပြောချင်တဲ့ကောင်ပဲ၊ ကိုင်း- ငါခင်းတဲ့လမ်းအတိုင်း လျှောက်စမ်း"

ဂျာဒေးတစ်ယောက် အူလည်လည်နိုင်လွန်းလှသော မောင်ရွှေကို လူမှုဆက်ဆံရေးပညာများ သင်ကြားပို့ချပေးခဲ့၏။ သူ သင်ကြားပေးသည့် ပညာက စာအုပ်စာပေထဲကလည်း မဟုတ်၊ လူပညာရှိကြီးများဆီကလည်း မဟုတ်၊ သူ့စိတ်ထင်ရာ ပြောချလိုက်သော စိတ်ထင်ပညာရပ်များ ဖြစ်လေ၏။ ထိုစကားများကြောင့်လည်း မောင်ရွှေတစ်ယောက် လုံးထွေးပတ်ချာလည်တာ ဂျာဒေးကို ဆရာကြီးတစ်ဆူအလား ထင်မှတ်သွားလေ၏။

ထို့ကြောင့်လည်း စကားပြောဆိုပြီးသွားကြသည့် နောက်တွင် မောင်ရွှေ ■ ဒကာခံ၍ ရှမ်းပြည်နယ်ဘက်မှလာသော မြင်းခေါင်းဝီစကီနှင့် ညှိခံလေ



www.burmeseclassic.com

www.burmeseclassic.com



တော့၏၊ ဗျာအေးမှာ အရက်တောင်းသောက်ရလျှင် ဆရာဖြစ်သူ ဖျောက်ဆိပ်ကို သတိရနေ၏၊ ဘယ်သွားသွား ဘယ်လာလာ ဖျောက်ဆိပ်နှင့်သူ မခွဲခဲ့ကြ။ ဖျောက်ဆိပ်၏ ဇနီးသည် အပုလေးက အပေါက်ဆိုးလှသော်လည်း ဂျာအေးကိစ္စ ပြောလာလျှင် ဖျောက်ဆိပ်က ရှေ့မှ ကာဆီးကာဆီး ကာကွယ်တတ်လေ၏။

ယခုတော့ ဆရာဖျောက်ဆိပ်နှင့်သူ တစ်မြေတစ်ရေ ဝေးနေရပြီမို့ သတိရနေ၏။

"အင်း. . . ကိုကြီးဖျောက်သာရှိရင် မြင်းခေါင်းဝီစကီနဲ့ အမဲခြောက်ကို တမြှင်းမြှင်းချင်း သောက်မှာကွ"

"ဟုတ်ပ့ါဗျာ၊ ကျုပ်လည်း သတိရသဗျာ"

"အင်း. . . တွေ့ကြုံဆုံကွဲ မလွဲသံသရာ၊ ပမာချားရဟတ် တဖျပ်ဖျပ်နှင့် လျှပ်စီးလက်သည့်ပမာပင် တဲ့ကွ အေ့"

"ဟ- ကောင်းလှချည်လားဗျ၊ ဒါ ကိုဂျာအေး ဘယ်ကဖတ်လာလဲဗျ"

"ဟာ- ငါ့ခေါင်းထဲမှာ ကဗျာတွေ ပလူပျံနေတာကွ"

"တော်လိုက်တာဗျာ၊ ဒါဆို ရွှေဝါနဲ့ ပတ်သက်ပြီး အချစ်ဆိုတဲ့ ကဗျာလေး တစ်ပုဒ် စပ်ပေးပါလားဗျာ၊ ကျွန်တော် ရွှေဝါ့ကို ကဗျာစပ်ပြီး ပေးချင်တယ်"

"အိမ်း- ဒါဆို နောက်တစ်လုံး ထပ်မှာကွာ၊ အမြည်းကတော့ ဆတ်သားခြောက် မီးဖုတ်လုပ်ကွာ"

"အို- ရပါတယ်ဗျာ"

ပြောပြောဆိုဆို မောင်ရွှေတစ်ယောက် တက်တက်ကြွကြွနှင့် နောက်ထပ် အရက်အမြည်းများ မှာလေ၏။ ထိုအချိန်တွင် ဂျာအေးတစ်ယောက် ဒီဂရီတက်လာပြီဖြစ်၏၊ ပါးစပ်ကလည်း ပွစိပွစိလုပ်လာ၏။ ဆေးပေါ့လိပ်တိုကို ပါးစောင်တွင်ခဲပြီး သူ့ဆရာဖျောက်ဆိပ်ဂိုက် ဖမ်းလိုက်လေ၏။

"ဟုတ်ပြီ၊ မှတ်စမ်းကွာ"

"ဗျာ၊ ဘာနဲ့မှတ်ရမှာလဲဗျ"

"မင်းမှာ ရေးစရာ ကညစ်မပါဘူးလား"

"ကညစ်. . . ကြံကြံဖန်ဖန်ဗျာ၊ အဲ- ဘောလ်ပင်လေးတော့ ပါသဗျာ"

"ဒါဆို မှတ်ကွာ၊ ငါရွတ်မယ်"

"လုပ်ဗျာ"

"ကဗျာခေါင်းစဉ်က အချစ် သို့မဟုတ် မြွေ"

"ဗျာ၊ မြွေက ဘာတုံးဗျ"





"ဟေ့ကောင် တိတ်တိတ်နေစမ်းပါ၊ ကဗျာဗျာန်တွေက တပျံပျံတဝဲဝဲ၊ မင်းအသည်း ဝဲမပေါက်စေနဲ့ကွ"

"ဗုဒ္ဓေါ"

"ကိုင်း- လိုက်မှတ်စမ်းကွာ"

ပြောပြောဆိုဆိုနှင့် ရီတီတီ မူးနောက်နောက် ဖြစ်နေသော ဂျာအေးတစ်ယောက် အချစ် သို့မဟုတ် မြွေဆိုသော ကဗျာလေးချိုးကြီးတစ်ပုဒ်ကို အောက်ပါအတိုင်း လက်တန်း ရွတ်ဆိုလေတော့၏။

"အချစ်ဆိုတဲ့
ချိုသကာ လိုရာကို အနှစ်ဖွဲ့ရရင်
အဖြစ်မဲ့လှတယ်ထင်။
နှလုံးသား ကဆုန်စိုင်းသလို
မုန်တိုင်းချိုပြင်းရှရှ
ငြင်းမရတဲ့ အရသာက
ဘဝတကျောပင်။
နိဗ္ဗာန်အမြိုက် မဝင်ချင်
မိုက်တယ်များ ထင်လေမလား။
အချစ်ကို ကမ္ဘာဖွဲ့
ဘာနဲ့မှ မလဲလို
အသည်းကို ရက်ကန်းဖောက်ကာပဲ
ရတက်အလွမ်းတွေ ကြောက်လှပါရဲ့
နောက်ဘဝ မဝေးချင်ပါဘူ
အတွေးမှာ တစ်ချစ်တည်း ချစ်လှသမို့
တဆစ်ဆစ်တရွရွ
ချစ်နှမ နဂိုအလှကိုလေ
မျိုရလျှင် မျိုချချင်သား"

ဂျာအေး၏ အချစ်လေးကြိုး ကဗျာကြီးကြောင့် မောင်ရွှေ တလှုပ်လှုပ် တရွရွ ဖြစ်သွား၏၊ ပါးစပ်ကလည်း တရှုးရှုး တရှဲရှဲ ဖြစ်လာလေ၏၊ သူ့အသွင်ကို ကြည့်ပြီး ဂျာအေးပင် အူကြောင်ကြောင် ဖြစ်သွား၏။

"ဘာဖြစ်တာတုံးကွ၊ ငရုတ်သီး မျိုမိလို့လား"

"ဟာ- ဟုတ်ပါဘူးဗျာ၊ ခင်ဗျားကဗျာက တယ်ကောင်းသကိုး၊ ကျုပ်တော့



www.burmeseclassic.com

www.burmeseclassic.com



အင်္ကျီဘာတို့ ရွှေဝါဆီ ရောက်အောင် ပေးမယ်ဗျာ"

"အေး- ကောင်းတယ်၊ ဘယ်တော့ပေးမှာလဲ"

"မနက်ဖြန် အလှူမှာ ပေးမယ်ဗျာ"

"ပေးကွာ၊ မြန်လေကောင်းလေပဲကွ ဟဲဟဲ"

နှစ်ယောက်သား အတိုင်အဖောက်ညီစွာနှင့် ပြောပြောသောက်သောက် လုပ်ခဲ့ကြရာ မိုးအတော်ချုပ်မှ ဆိုင်က ပြန်ခဲ့ကြလေ၏။ မောင်ရွှေခမျာ အရက်မူးလာသည်နှင့် ရွှေဝါကို တသသ လုပ်လေတော့၏။ အိမ်ပြန်ရောက်သည်အထိ ခံစားချက်က မပြယ်သေး။

သို့နှင့် နောက်တစ်နေ့ ညဉ့်ဦးပိုင်းအရောက်တွင် သူတို့နှစ်ဦး အဝတ်အစား တောက်တောက်ပြောင်ပြောင်ဝတ်ကာ ရွှေဝါတို့အိမ်ဆီ ချီတက်ခဲ့ကြလေ၏။ လမ်းတွင် ဂျာအေးတစ်ယောက် စိတ်ထဲထူးဆန်းသော အကြံအစည် ပေါ်လာ၏။

"ဟေ့ မောင်ရွှေ"

"ဘာတုံးဗျ"

"မင်း သူ့ကို ချစ်တယ်လို့ အသေအချာ ပြောမှာလား"

"ဗျာ၊ ဟို. . . ကျုပ် အဲဒီလောက်"

"အိမ်း- ဟုတ်ပြီ၊ မင်းဟာ ဖိုးသာဝ နွားသိုးကြီးလိုပဲကွ"

"ဗျာ၊ နွားသိုးကြီး"

"အေးလေကွာ၊ ခွေ့မယ်ခွေ့မယ် တကဲကဲပြင်နေတဲ့ ဖိုးသာဝနွားသိုးကြီး၊ တကယ့်ပွဲလည်းရောက်ရော ရှေ့နွားကြည့်ပြီး တစ်ချိုးတည်း လှည့်ပြေးတာကို ပြောပြတာကွ။ ခုလည်း မင်းလုပ်ပုံက ခွေ့မယ်တပြင်ပြင် ပွဲအဝင် ဖင်သီလို့ပြေးဆိုသလို ဖြစ်နေပြီကွ ဟားဟားဟား"

"ဟုတ်ပ့ါဗျာ၊ ခု ပြောဖို့ စိတ်ထဲကြံမိတာတောင် ခြေတုန်လက်တုန်တွေ ဖြစ်လာပြီဗျ"

"ဟဲဟဲ အဲဒါ အိမ်မြှောင်ဥ ကြော်စားမိလို့ကွ"

"ဟာ- ပေါက်တီးပေါက်ရှာဗျာ"

"ကဲ- ဘာမှမကြောက်နဲ့၊ အိမ်မသွားခင် ဆေးတစ်ခွက်နှစ်ခွက် ဝင်သောက်လိုက်"

"ဗျာ- ဘာဆေးတုံး"

"ယစ်ရွှေရည်လေကွာ၊ ချစ်အဖြေစီချင်ရင် ယစ်ရွှေရည် မှီဝဲတဲ့ကွ၊ တစ်





ခွက် နှစ်ခွက် သောက်လိုက်ပေ့ါကွ။ ဒါမှ ရဲတင်းလာတာပေ့ါ။ နှုတ်ရဲလျှာရဲရင် ဘာပဲဖြစ်ဖြစ် ကောင်းသကွ"

"ဒါဆိုလည်း လုပ်ဗျာ"

"အိမ်း- မင်း အတော်ရဲတင်းလာပြီကွ"

မောင်ရွှေတစ်ယောက် ဂျာအေး၏ လမ်းညွှန်ချက်ကို မက်မက်စက်စက် ယုံကြည်နေလေ၏။ ထို့ကြောင့်လည်း ဘုရားကိုးဆူမသွားခင် လမ်းဘေးဘုံဆိုင်တွင် ဝင်၍တွယ်ခဲ့ကြ၏။ မောင်ရွှေက အရက်ကို ဟုတ်တိပတ်တိ သောက်တတ်သည်တော့ မဟုတ်ပါချေ။ ဂျာအေး အဆွယ်ကောင်းသဖြင့် တစ်ခွက်စ နှစ်ခွက်စ သောက်တတ်ခဲ့ပြီ ဖြစ်လေ၏။

ယခုလည်း တစ်ခွက်နှစ်ခွက်သောက်မည်ဟု ဂျာအေးက နိဒါန်းချီခဲ့သော်လည်း သောက်ရင်းသောက်ရင်း တစ်လုံးလုံး ပြောင်သွားခဲ့၏။ မောင်ရွှေမှာ ချစ်စကားဆိုရမည်မို့ တုန်တုန်ယင်ယင် ဖြစ်နေရ၏။ ထို့ကြောင့်လည်း ကြောက်စိတ်ပြေလိုပြေငြား ဂျာအေးထည့်သမျှ သောက်မိလေ၏။

သောက်၍ ဝင်သွားသည့်အချိန်ကစပြီး မောင်ရွှေတစ်ယောက် အချိန်တိုတိုကလေးနှင့် အမူအရာများ ပြောင်းလဲသွားလေ၏။ တစ်ကိုယ်လုံး လှည့်ပတ်စီးမျောနေသောသွေးများ ပူနွေးလာ၏။ ကြောက်စိတ် ရှက်စိတ်တွေလည်း ကြက်ပျောက် ငှက်ပျောက်။

သောက်စားပြီးကြသည်နှင့် သူတို့နှစ်ဦး ဘုရားကိုးဆူ ပူဇော်ပွဲသို့ ချီတက်ခဲ့ကြလေ၏။ ထိုအချိန်တွင် ဘုရားကိုးဆူ ဆရာဗျိုင်းတစ်ယောက် ကြေးစည်တနောင်နောင်ထုကာ ပရိတ်တရားတော်များကို အသံအောင်အောင်နှင့် ရွတ်ဖတ်နေလေ၏။

ရွှေဝါမှာ မောင်ရွှေ လာမည်ဆိုသဖြင့် ရွှေဖလားရောင် ကြိုးကြီးချိတ်နှင့် အစွမ်းကုန်ပြင်ဆင်ကာ ပရိသတ်များကို ဧည့်ခံနေလေ၏။ ထိုစဉ် အိမ်ပေါ်သို့ ဂျာအေးနှင့် မောင်ရွှေတို့နှစ်ဦး ရောက်ရှိလာလေ၏။ ရွှေဝါသည် မောင်ရွှေကို မြင်သည်နှင့် ဝမ်းပန်းတသာ ဖြစ်သွားလေ၏။

"ဟယ်- ကိုရွှေ လာတယ်တော့"

"ဟာ- လာမှာပေ့ါ မရွှေဝါရယ်"

"ထိုင်လေ ထိုင်၊ အေးအေးလူလူမှစား၊ အေးအေးလူလူမှ ပြန်နော်"

"စိတ်ချ၊ ဒီမှာ အိပ်လို့ရရင် အိပ်သွားမယ်"

"ရှင်"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ- မောင်ရွှေတလည်း ဘာတွေပြောသတုံးတွေ"

"ဟို. . . အဲ- အိပ်"

"မဟုတ်တာကွာ၊ ဟဲဟဲ မရွှေဝါ လုပ်စရာရှိတာ လုပ်ပါ"

"ဟုတ်. . . ဟုတ်ကဲ့"

မောင်ရွှေက ရဲမယ့်ရဲတော့လည်း ပြောချလိုက်သည့်စကားက အတုံးလိုက် အတစ်လိုက်၊ ဂျာအေးပင် ခေါင်းကြီးသွားခဲ့ရ၏။ ရွှေဝါမှာလည်း မောင်ရွှေ၏ စကားကြောင့် ကြက်သီးတဖြန်းဖြန်းဖြစ်ကာ သူတို့အနားမှ ရှောင်သွားလေတော့၏။ ထိုအချိန်တွင် ဘုရားကိုးဆူ ဆရာဖျိုင်းက အသံနေအသံထားနှင့် စာကဗျာတွေ ရွတ်ဆိုပူဇော်နေဆဲ၊

"ဟကောင် ကြည့်ပြောပါကွ၊ မင်းဥစ္စာ ကြမ်းမယ့်ကြမ်းတော့ ဘရိတ်တောင် မနင်းဘူး"

"ဟဲဟဲ မောင်ရွှေပဲဗျာ၊ ချစ်ပြီပေါ့ဆိုရင် ကျွန်တော်က စားပြလုပ်ရလုပ်ရ၊ သူပုန်လုပ်ရလုပ်ရဗျ"

"အင်- ဟေ့ကောင် ငါက ဒီမှာ ဒါရိုက်တာနော်၊ မင်းက မင်းသား၊ ငါပြောတာ ကပါကွ။ ခုဥစ္စာ ရေခင်းပဲ ရှိသေးတယ်၊ မင်းက နှစ်ပါးသွားဇာတ်ဆင်နေပြီ"

"ဩော်- ချစ်တာကိုးဗျ"

"တော်ပါတော့ကွာ၊ သတိထားစမ်းပါ"

"ဟဲဟဲ သတိထားပေမယ့် အသိတရားမှာတော့ မခိုင်ကြားလေးတွေ ဆိုချင်သဗျ"

"သွားပြီ၊ ငါ့ဇာတ်ငါ မနိုင်တော့ဘူး"

"မပူပါနဲ့ ကိုဂျာအေးရာ လူတစ်ကိုယ် အကြိုက်တစ်မျိုးရယ်မို့ ကြိုက်သိုးတွေပေါက် အဲ. . ."

"တိတ်တိတ်နေစမ်းပါကွာ၊ ဟို. . . ဟိုမှာ ရွှေဝါ လာနေပြီ"

သူတို့နှစ်ဦး အချီအချပြောနေစဉ် ရွှေဝါတစ်ယောက် စားသောက်ဖွယ်ရာများကို ငွေလင်ပန်းနှင့် ထည့်ယူလာပြီး သူတို့စားပွဲအေးတွင် ကျုံ့ကျုံ့လေးထိုင်ကာ ဝန်းထဲမှ ပန်းကန်များကို စားပွဲပေါ် ချပေးလိုက်၏။

"စားကြနော်"

"စားမယ် စားကိုစားမယ်၊ စားလို့မရရင် မျိုချမယ်ဗျာ၊ အချစ် သို့မဟုတ် မြွေတဲ့ဗျ"

"ရှင်၊ ကို. . . ကိုရွှေ ဘာတွေဖြစ်နေတာလဲ"





"ဟို- မြွေ. . . မြွေဖြစ်နေတာ"

"ရှင်"

"ဟကောင် မောင်ရွှေ"

"ဟဲဟဲ ပျော်လွန်းလို့ပါ မရွှေဝါရယ်၊ ပြော. . . ပြောချင်ရာ ပြောမိတာပါ"

"ဟုတ်တယ်၊ ဒီကောင် ဒီကနေ့ သိပ်အူမြူးနေတာ"

"ဟုတ်လား၊ စားနော် ကိုရွှေ ဟောဒါ ကြက်သားဖတ်၊ ဟောဒါ အသည်း"

"ဗျာ၊ အသည်း . . . အသည်း စားရမယ်"

"မောင်ရွှေ"

"ဟဲဟဲ ဝမ်းသာလိုက်တာ ဟီးဟီး ဟဟ"

ဂျာအေးက ရွှေဝါ မသိအောင် မောင်ရွှေ၏ပေါင်ကို မနည်းကြီး ကုတ်နေရ၏။ မောင်ရွှေခမျာ သေရည်အရှိန်ကလည်း ရှိနေ၏။ ရွှေဝါကလည်း သူ့အပေါ် အကြင်နာကြီး ကြင်နာနေပြန်ဆိုတော့ မောင်ရွှေ အောက်ခြေလွတ်နေ၏။

သူတို့နှင့် မလှမ်းမကမ်းတွင် ထိုင်နေသော ဘုရားကိုးဆူ ဆရာဖျိုင်းခမျာ မောင်ရွှေ၏ အခြေအနေကိုကြည့်ရင်း မျက်လုံးအပြူးသား ဖြစ်နေ၏။

"ဟာ- အပြောကြမ်း၊ အစားကြမ်း၊ အပြုကြမ်းနဲ့ ကေန္တ ဘီလူးနဲ့ တစ္ဆေ နှစ်တွေစပ်ပြီး မွေးတာများလား"

ဆရာဖျိုင်းခမျာ ရွတ်ဖတ်ဖို့ပင် မေ့နေ၏။ မောင်ရွှေကတော့ အရှိန်ရနေပြီဟု ဆိုရမည်ပင်။ ကြာဆံချက် သုံးလေးပွဲကို ငရုတ်သီးမှုန့်တွေဖြူး၊ အချဉ်တွေ ညှစ်၊ နံနံပင်တွေထည့်ကာ တရှူးရှူးနှင့် တွယ်လိုက်၊ ဂျာအေးကိုလည်း ပြောချင်ရာပြောလိုက် လုပ်နေ၏။

ထိုစဉ် ဆရာဖျိုင်းကို ဂျာအေး သတိထားမိသွား၏။ သူတို့နှစ်ဦးကို မျက်လုံးကြီးပြူးပြီး ကြည့်နေသော ဆရာဖျိုင်းကို ဂျာအေးက ကြည့်ပြီး လျှာထုတ်ပြလိုက်၏။

"အလို ဟိုတစ်ကောင်ကလည်း ငါ့ကို လျှာထုတ်ပြလာပါလား၊ ကေန္တီနှစ်ယောက်ဟာ လူတော့ မဟုတ်နိုင်ဘူး၊ ရုပ်ရည်တွေက ပြတဲတဲ လန်တန်တန်၊ ဘီလူးတွေ မှင်စာတွေပဲ ဖြစ်ရမယ် ဘုရား ဘုရား"

ဆရာဖျိုင်းတစ်ယောက် ကြက်သီးဖြန်းဖြန်းထသွား၏။ ထို့ကြောင့်လည်း သူတို့ကို လှည့်မကြည့်ရဲတော့ဘဲ ဘုရားစာများကို အော်ဟစ်ရွတ်ဆိုလေ၏။

"သရဲ မှင်စာ ဘီလူး ပြိတ္တာ ဝေးရာကရှောင်၊ အနားတောင် မသီလေနဲ့၊ ဒီဆရာဖျိုင်း အာဏာသံဆိုင်းကပါ မောင်းလိုက်ပါရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"နောင်. . . နောင်. . . နောင်"

"ဟာ- ထူလှချည်လားဗျ"

"ပြောတတ်ဘူးလေကွာ၊ ဒါ ကောင်းတဲ့အလုပ်ပဲကွ"

"ကိုဂျာအေး"

"ဘာတုံးကွ"

"ဟို- ဆရာဖျိုင်းဆိုတာ ဘုရားကိုးဆူဆရာရဲ့ နာမည်ပဲ ဖြစ်မယ်ဗျ"

"အေး- ဖြစ်နိုင်တယ်ကွ"

"တအား အော်တာပဲဗျာ"

"ကိုရွှေ ဘာလိုသေးလဲ"

"ဗျာ"

"သြော်- မရွှေဝါ"

"အဆင်ပြေရဲ့လား"

"ဟဲဟဲ ပြေ. . . ပြေပါတယ်"

ဂျာအေးသည် မောင်ရွှေကို အောက်မှလက်ကုတ်ပြီး မျက်နှာရိပ် မျက်နှာကဲ ပြလိုက်၏။ သဘောကား ချစ်ကဗျာပေးလိုက်ရန် ပြောသည့်သဘော။ မောင်ရွှေက မူးနေပေမယ့် ချက်ဆို နားခွက်က မီးတောက်သူ။

"မရွှေဝါ"

"ဘာတုံး ကိုမောင်ရွှေ"

"ဟို- ကျုပ်. . . ကျုပ်သေ"

"ဘာဖြစ်သလဲ"

"ခင်ဗျားနဲ့ပတ်သက်ပြီး ကဗျာရေးနေတာဗျ၊ ဒါကြောင့် မလာနိုင်တာလေ သုံးလေးည မိုးကိုလင်းရောဗျ"

"ရှင်၊ ဘာကဗျာမို့လဲ"

"ဟဲဟဲ မရွှေဝါ ဖတ်ကြည့်လေ၊ ရော့ရော့"

"အို- လူကြီးတွေ မြင်. . ."

"မြန်မြန်ယူလိုက်လေ"

မောင်ရွှေက အတင်း ထိုးပေးလိုက်သဖြင့် ရွှေဝါ ကြောက်ကြောက်ရွံ့ရွံ့နှင့် ယူကာ စားပွဲဘေးမှ ထသွား၏။ ထိုမြင်ကွင်းကို မြင်လိုက်သူက ဘုရားကိုးဆူ ဆရာဖျိုင်း။

"အိမ်း- သာသနာပြုမယ်ဆိုခါမှ သာယာမှုတွေကမြင်။ ခက်ပါ့ကွာ၊





ဘယ်လို သကောင့်သားတွေပါလိမ့်။ အေးလေ သရဲတစ္ဆေ ဖုတ်ဘီလူး မှင်စာမျိုးတွေ ဆိုရတော့လည်း အကြောက်အလန့်က နည်းပါးလှသကိုး"

ဆရာဖျိုင်းတစ်ယောက် သူတို့နှစ်ဦးကို ရဲရဲမကြည့်ဝံ့တော့။ မောင်ရွှေကလည်း သူ့ကို မျက်လုံးကြီး ပြူးပြ၊ ဂျာအေးကလည်း လျှာထုတ်ပြနှင့် ဘုရားကိုးဆူ ဆရာဖျိုင်း ဒေါသစိတ် ဝုန်းဒိုင်းထနေသဖြင့် ကြေးစည်ကိုသာ တဒူဒူထုနေလေ၏။

ထိုအချိန်တွင် ဂျာအေးနှင့် မောင်ရွှေတို့နှစ်ဦး စားသောက်ပြီးကြသည်မို့ ရွှေဝါကိုနှုတ်ဆက်ကာ အိမ်ပေါ်မှ ဆင်းသွားကြလေ၏။ ဘုရားကိုးဆူ ဆရာဖျိုင်းမှာ ဂျာအေးတို့ ထသွားမှပင် ဟင်းချနိုင်ခဲ့လေ၏။

သို့သော် အခြေအနေက ထိုမျှနှင့် ပြီးဆုံးသွားသည် မဟုတ်ပါချေ။ မောင်ရွှေသည် မူးမူးနှင့် ဆရာဖျိုင်း၏ နံပါတ်ခုနစ်အရွယ်ဖိနပ်တစ်ဖက်ကို သူ့ဖိနပ်တစ်ဖက်နှင့် စီးသွားခဲ့လေ၏။ မောင်ရွှေ၏အသွင်မှာ လူသာသေးသော်လည်း ခြေထောက်က ဘဲခြေထောက်။ ဖိနပ်နံပါတ်က ဆယ့်နှစ်မှ တော်ပေ၏။ ထိုအခါ ဆရာဖျိုင်း၏ ဖိနပ်ကလေးခမျာ မောင်ရွှေ၏ ခြေပြားကြီးဒဏ်ကို မချိတင်ကဲ ခံစားနေရလေ၏။

ထိုအချိန်တွင် မနက်မိုးလင်း၍ ပစ္စည်းပစ္စယများ သိမ်းဆည်းပြီး အိမ်ပြန်မည်လုပ်နေသော ဆရာဖျိုင်းခမျာမှာလည်း မောင်ရွှေထားခဲ့သော နံပါတ်ဆယ့်နှစ်ဖိနပ်ကြီး တစ်ဖက်ကိုကြည့်ကာ ရှုံ့တီးရှုံ့မဲ့ ဖြစ်သွားလေတော့၏။

"အလို ငါ့ဖိနပ်က ဘယ်လိုလုပ်ပြီး ဘီလူးသရဲစီးတဲ့ ဖိနပ်ကြီး ဖြစ်သွားပါလိမ့်။ ဒုက္ခပါပဲ ပုရွက်ဆိတ်ခေါင်း ဆင်နှာမောင်းတပ် ဆိုသလိုပါလား"

"ဘာတွေဖြစ်နေသလဲ ဆရာကြီးရဲ့"

"သြော် ဟောဒီမှာ ကျုပ်ဖိနပ် ဘယ်တစ်မျိုး ညာတစ်မျိုး ဖြစ်နေပြီ ကျောင်းအမရေ"

ရွှေဝါ၏ မိခင်ကြီး ဒေါ်စိန်မျက်ခုံးခမျာ ဆရာဖျိုင်း၏ စကားကြောင့် တအံ့တသြ ဖြစ်သွားလေ၏။

"ဘယ်တစ်မျိုး ညာတစ်မျိုးဆိုတော့ ဆရာ့ဥစ္စာ နှစ်မျိုးပေါ့နော်"

"ဗျာ"

"ဟင်းဟင်း ဒါဆို ဆရာ့ခြေထောက်က တစ်မျိုးကြီးပါလား၊ ကေန္တ ဆရာ့ အမေနဲ့ ဆရာ့အဖေရဲ့ ခြေထောက်တစ်ဖက်စီကို အမွေရလို့ဖြစ်မယ်"

"အလို ဘယ်လိုတွေ ပြောသတုံး ကျောင်းအမရယ်၊ ဟောဒီမှာ ကြည့်၊



www.burmeseclassic.com

www.burmeseclassic.com



ဘယ်ကလေကဝ မှားစွပ်သွားသလဲ မသိဘူးဗျ။ ကျုပ်ဖိနပ်အရွယ်က ခုနစ်၊ အဲဒါ ဘယ်ဘက်ကျတော့ ခုနစ်၊ ညာဘက်ကျတော့ ဆယ့်နှစ်ကြီး ဖြစ်နေသဗျ။ ခက်ပါ့ဗျာ"

"အို- ဟုတ်လား ဒုက္ခပါပဲရှင်"

"အဲဒါပြောတာပေါ့ ကျောင်းအမရဲ့၊ လူတွေဟာ ကိုယ်စီးတဲ့မြင်း အသီးအမမှ မခွဲတတ်ရင် ဘယ်လိုလုပ် နိဗ္ဗာန်ရမလဲဗျ"

"ဟုတ်ပါ့ရှင်"

"လူတွေ လူတွေ မတော်မတည့် စကားနှောက်၊ ခနော်ခနဲ့ တံတားလျှောက်၊ ဒါကြောင့် မလျှော်တဲ့တရား မောက်ရသပေါ့လေ။ ကိုင်း- ကျွဲတစ်ဖက် နွားတစ်ဖက်စီးပြီး ခရီးသွားရမှာတော့ ကျုပ်က ရှုံ့လှသဗျို့"

"ဒုက္ခပါပဲ ဆရာကြီးရယ်၊ ဟို အိမ်မှာလည်း မိန်းမဖိနပ်တွေပဲ ရှိနေတော့"

"နေပါစေတော့ ကျောင်းအမရယ်၊ ကာယကံရှင် လာရင်သာ လဲလိုက်ပါတော့၊ ကျုပ်နဲ့တော်တဲ့ ဖိနပ်တစ်ဖက်ပဲစီးပြီး ပြန်တော့မယ်ဗျို့"

ပြောပြောဆိုဆိုနှင့် သူ့ဖိနပ်စစ်စစ်ဖြစ်သော ညာဘက်ဖိနပ် နံပါတ်ခုနစ်ကို စီးကာ ဘယ်ခြေဗလာနှင့် အိမ်ပေါ်မှ ဘုရားတ,၍ ဆင်းသွားလေတော့၏။

⭘⭘⭘⭘⭘



## အခန်း (၃)

မောင်ရွှေတစ်ယောက် ဘုရားကိုးဆူညတွင် ဖြစ်ချင်တိုင်း ဖြစ်ခဲ့သည်မို့ ချစ်မိုးကြီးထမင်းဆိုင်ကို မသွားရဲတော့။ ဆေးရုံကိုရောက်သည်နှင့် ကြီးဒေါ်နံဘေးထိုင်ကာ ရွှေဝါကို ရင်ထဲမှ တမ်းတနေရလေ၏။ ထိုအချိန်တွင် ဒါရိုက်တာကြီး ဂျာအေးသည် ချစ်မိုးကြီးဆိုင်သို့ အရဲစွန့်ရောက်ရှိသွားလေရာ ရွှေဝါက သူ့ကို စာတစ်စောင် တိတ်တဆိတ်ပေး၍ ထွက်သွားလေ၏။

ပြန်စာရပြီမို့ ဂျာအေးတစ်ယောက် မောင်ရွှေအတွက် အပျော်ကြီးပျော်နေလေ၏။ ဆေးရုံပေါ်သို့ ခေါင်းတမော့မော့နှင့် တက်လာပြီး မောင်ရွှေကို အပြင်ဝရန်တာသို့ ခေါ်ထုတ်လိုက်၏။

"ဘာ. . . ဘာကိစ္စလဲဗျ"

"ဟဲဟဲ ငါရိုက်တဲ့ဇာတ်က ခုမှ မင်းသမီးနဲ့ မင်းသား နှစ်ပါးသွားခန်း ရောက်ပြီကွ ဟားဟားဟား"

"ဗျာ၊ နှစ်ပါးသွား ဘာ. . . ဘာတုံးဗျ"

"ဟ- မင်းသားကလည်း တုံးပါ့ကွာ၊ မင်းကိစ္စ ပြောနေတာကွ၊ ရွှေဝါနဲ့မင်း နှစ်ပါးသွားရတော့မယ်"

"ဗျာ၊ ဟာ- ပျော်. . . ပျော်လိုက်တာဗျာ၊ ကိုဂျာအေးက ဘယ်လို ဘယ်လို သိလို့လဲဗျ"

"ဟောဒီမှာ စာလေကွာ၊ ပြန်စာပေးလိုက်ပြီကွ"

"ဟာ- ပျော်. . . ပျော်လိုက်တာ ပေးပေး ကျွန်တော် ဖောက်ဖတ်မယ်ဗျာ"

"ဖြည်းဖြည်းလုပ်ပါကွ၊ ပြဲသွားဦးမယ်"

မောင်ရွှေတစ်ယောက် ဂျာအေး၏ လက်ထဲမှစာကို အတင်းလှမ်းယူပြီး



www.burmeseclassic.com

www.burmeseclassic.com



နှာခေါင်းတွင် တရှုတ်ရှုတ် မွှေးနေ၏။ ဝမ်းသာလွန်းလှသဖြင့် ခုန်ပေါက်နေပေ၏။ ဝရန်တာတွင် ထွက်၍ထိုင်နေကြသော လူနာများပင် သူတို့နှစ်ဦးကိုကြည့်ပြီး မျက်စိနောက်နေကြ၏။ ထိုစဉ် မောင်ရွှေတစ်ယောက် ဘုရားအဆူဆူတ,ကာ စာကို မရဲတရဲ ဖွင့်လိုက်၏။ ဂျာအေးမှာလည်း သူတင်သည့်မင်းသား စွန်မှစွန်ပါ့ မလားတွေးကာ ရင်တတိတ်တိတ် ဖြစ်နေ၏။ ထိုအချိန်တွင် မောင်ရွှေတစ်ယောက် စာကို မျက်လုံးကြီးအပြူးသားနှင့် ဖတ်လိုက်လေတော့၏။

ကိုရွှေရှင့်

ရှင့်ကို ကျွန်မ အတော်ကို အထင်ကြီးခဲ့ပါသည်။ လူရိုးလူဖြောင့် သူတော်ကောင်းလေးတစ်ဦးလို့ ထင်ခဲ့ပါရဲ့ရှင်၊ လေသံလေးနဲ့ ဘာမှ နားမလည်သလို နေတတ်တာမို့ ကျွန်မ ရှင့်ကို သနားကရုဏာစိတ် ဝင်မိတာ အမှန်ပါပဲ။ ဒါပေမယ့်ရှင် အဲဒီ ဒါပေမယ့် စာကို မရေးမဖြစ်လို့ ရေးလိုက်ပါရဲ့၊ ရှင် စိတ်ခိုင်ခိုင်ထားပြီး ဖတ်ပါ။ ကျွန်မရော မေမေရော ရှင့်အခြေအနေကို ဘုရားကိုးဆူညတုန်းက အကဲခတ်နေကြပါတယ်၊ အဲဒီအခါမှာ ရှင်က မျှိုသိပ်ထားတဲ့ ဗိဇဆိုးကြီးတွေ ဘွားခနဲ ပေါ်လာတော့တာပဲရှင်၊ အဲဒါကတော့-

နံပါတ်တစ်- ရှင် အိမ်ကိုလာတုန်းက အရက်တွေမှူးနေတယ်။

နံပါတ်နှစ်က- ဘုရားကိုးဆူဆရာကို ရှင်တို့နှစ်ယောက် လျှာထုတ်လိုက် မျက်စိမှိတ်လိုက်နဲ့ မခန့်လေးစား လုပ်ကြတယ်။

နံပါတ်သုံး - ရှင်ပြောလိုက်တဲ့ စကားတွေထဲမှာ မြွေဆိုတဲ့ သတ္တဝါ အကြောင်း ပါလာတယ်။ ကျွန်မတို့က မြွေမပြောနဲ့ တီအောင်တောင် ကြောက်တယ်။

နံပါတ်လေး - ရှင်တို့နှစ်ယောက်စလုံး စားပုံသောက်ပုံက ပြိတ္တာဘဝက လူဖြစ်လာကြသလိုပဲ

နံပါတ်ငါး - အဲဒီအချက်ကတော့ ရှင် ဘုရားကိုးဆူ ဆရာဖျိုင်းရဲ့ ဘယ်ဘက်ဖိနပ်ကို တမင် မှားစီးသွားတယ် မဟုတ်လား။

အဲဒီအချက်တွေကို ပေါင်းစုပြီး အဖြေထုတ်လိုက်တော့ ရှင်ဟာ လူစစ်စစ်ပေါက်ပေါက် မဖြစ်နိုင်ဘူး။ ကြမ်းတယ်၊ ရမ်းတယ်၊ ရိုင်းစိုင်းတယ်။ အဲဒီအဖြစ်တွေကြောင့် ကျွန်မ ရှင့်ကို မစဉ်းစားနိုင်တော့ဘူး။

ပိုဆိုးတာက ရှင်ရေးတဲ့ကဗျာဟာ ကဗျာဆရာ မြဖေရေးတဲ့ ကဗျာဖြစ်နေလို့ပဲ။ အဲဒီကဗျာကို လူတစ်ယောက် ကျွန်မကို ရည်းစားစာပေးတုန်းကလည်း ရေးခဲ့ဖူးတယ်၊ ဒါတို့ ရှင်က သုံးလေးည ရေးရတယ်လို့ ပြောတာဟာ ရှင့်





ကျွန်မကို အထင်သေးပြီး လိမ်ညာတာပဲ။ ကျွန်မ အမုန်းဆုံးက လူလိမ်လူညာ။ ဒါကြောင့် ရှင့်ကို ကျွန်မ လုံးဝ (လုံးဝ) မစဉ်းစားတော့ပါဘူး။

ရွှေဝါ

"ဟိုက်- သွား . . . သွား . . . သွားပါပြီ ကိုဂျာအေးရယ်"

"ဟေ- ဘယ်လိုဖြစ်လို့ သွားတာတုံး"

"သေပါပြီဗျာ၊ ကျုပ် . . . ကျုပ်"

"မောင်ရွှေ သတိထားလေကွာ၊ ဘာဖြစ်တာတုံးကွ"

"စာ . . . စာ"

မောင်ရွှေ၏ အသွင်က မတ်တတ်ကြီး မေ့သွားသလိုပင်။ ဂျာအေးမှာ မောင်ရွှေကိုကြည့်ပြီး ကြောင်အမ်းအမ်း ဖြစ်သွားကာ လက်ထဲမှစာကို လှမ်းယူ၍ ဖတ်ကြည့်လိုက်၏။

"ဟာ- အကျိုးနည်းပါပကောလား"

"ဟုတ် . . . ဟုတ်ပါတယ်ဗျာ၊ ကျုပ်ဘဝ နေတွေ လတွေ ဖြုန်းဖြုန်းဒိုင်းဒိုင်း ကွယ်သွားသလိုပါပဲဗျာ၊ သေ . . . သေလိုက်ချင်သဗျာ"

"ဟာ- မဟုတ်တာကွာ"

"ဟိုဗျာ ဒီဝရန်တာပေါ်က ခုန်ချ"

"ဟိတ် . . . ဟိတ်ကောင်"

"ဟဲ့ဟဲ့ ဆွဲကြပါဦး၊ ဆေးရုံပေါ်က ခုန်ချ"

"ရူးသွားတာလား"

"ကြောင်သွားတာဖြစ်မယ်"

လူနာစောင့်တွေရော လူနာတွေပါ မောင်ရွှေကိုကြည့်ကာ တစ်ယောက်တစ်ပေါက် အော်ဟစ်နေကြ၏။ မောင်ရွှေ ဘာဆိုဘာမှ မမြင်တော့။ ဝရန်တာပေါ် အတင်း ကုပ်တက်ကာ ခုန်ချဖို့ ကြံစည်လေ၏။ ဂျာအေးခမျာမှာလည်း မောင်ရွှေကို ဝရန်တာလက်ရန်းပေါ်မှ မနည်းကြီး ဆွဲချကာ ဆေးရုံထဲ ဝင်လာခဲ့၏။

သူတို့အဖြစ်က ဆေးရုံကြီးတစ်ခုလုံးသာမက ကြီးဒေါ်လုပ်သူပါ ကြားသိသွားသဖြင့် မောင်ရွှေကို သူ့အနားသို့ ချက်ချင်း ခေါ်ယူလေ၏။

"ဟဲ့- မောင်ရွှေ မင်း . . . မင်း ဆေးရုံပေါ်က ခုန်ချမလို့ဆို"

"xxx. . . xxx"



www.burmeseclassic.com

www.burmeseclassic.com



"အဲ- ဘာသို့ ငါမေးနေတာ မဖြေတာလဲ၊ ဒုက္ခပါပဲ ဒီကလေး အပများ မိနေရောသလားကွယ်။ ကိုင်း- တော်ပြီ တော်ပြီ ဆေးရုံက ဆင်းတော့မယ် ခု ချက်ချင်း တာဝန်ခံဆရာဝန် ခေါ်ပေးစမ်း"

"ဗျာ၊ ဘာ. . . ဘာလုပ်မလို့လဲ ကြီးဒေါ်ရယ်"

"ဆင်းမယ်၊ ဆေးရုံက ဆင်းမယ်"

"ဟာ- ကြီးဒေါ်ကလည်း"

"မပြောနဲ့၊ ငါက ဒါဆိုဒါမှ၊ ငါပြောတာလုပ်"

"ဒုက္ခပါပဲ"

ဒေါ်စိမ်းမျှင်၏ စကားကို မောင်ရွှေ မလွန်ဆန်သာ။ နောက်ဆုံး တာဝန်ခံ ဆရာဝန်ကြီးကို ခေါ်ပေးလိုက်ရ၏။ ဒေါ်စိမ်းမျှင်သည် တူတော်မောင်အတွက် စိုးရိမ်တကြီး ဖြစ်သွားခဲ့ကာ သူ့ဝေဒနာကို ဂရုမစိုက်နိုင်တော့ဘဲ ဆရာဝန်ကြီး ကို အနူးအညွတ် ပန်ကြားကာ ဆေးရုံပေါ်မှ အားချင်းဆင်းခဲ့လေတော့၏။

ထိုအချိန်တွင် တစ်ဖက်ခုတင်ပေါ်မှ ငေါင်စင်းစင်းနှင့် ကြည့်နေသော ဦးမင်္ဂလာမှာ ဂျာအေးကို မျက်နှာကဲနှင့် လှမ်းခေါ်လိုက်၏။

"ဂျာအေး"

"ဗျာ၊ ဦးလေးမင်္ဂလာ"

"ငါ့ကိစ္စကို ဆောင်ရွက်ပေးဖို့ မမေ့ပါနဲ့ကွာ၊ ခုတစ်လော မင်းတို့မရှိတုန်း ငါ့ဆီကို မိသားစုတွေ ရောက်လာကြတယ်၊ သူတို့က ငါ့ကို ရောဂါသက်သာရဲ့ လား လာမေးတာ မဟုတ်ဘူးကွ၊ သူတို့က ငါဝှက်ထားတဲ့ အမွေပစ္စည်းတွေ လိုချင်နေကြပြီ"

"ဗျာ၊ ကြောက်စရာကြီးပါလား"

"လောဘစိတ်က ငယ်ထိပ်ရောက်နေပြီကိုးကွ"

"ဟုတ်ပါ့ဗျာ"

"ထားပါတော့ကွာ၊ ငါ့လူတွေအကြောင်း ငါအသိဆုံး။ သူတို့ဟာ ဘနေ့ သိုက်တူးမယ့် လူတွေကွ။ ဒီတော့ မင်း ငါအကူအညီတောင်းတဲ့ကိစ္စကို အမြန် ဆောင်ရွက်ပေးပါကွာ။ တကယ်လို့ ငါ့အခြေအနေ တစ်ခုခု တိမ်းပါးသွားခဲ့ရင် ငါမှာတဲ့အတိုင်း လုပ်ပေးပါကွာ။ အဲ- ကံမကောင်းလို့ ငါအသက်ရှင်နေသေးမယ် ဆိုရင်တော့ တိုးတိုးတိတ်တိတ်သာ လာအကြောင်းကြားလှည့်ပါကွာ"

"စိတ်ချပါ ဦးလေးမင်္ဂလာရယ်၊ ကျုပ် အတတ်နိုင်ဆုံး ဆောင်ရွက်သွားပါ့ မယ်"





"သာဓုပါပဲကွာ"

"ကိုင်း- ဒါဆို ကျုပ်သွားမယ်"

"ကောင်းပါပြီကွယ်၊ အိမ်း- မင်းမရှိတော့ ဦးဘဝက ပိုပြီး အထီးကျန်သွား သလိုပါပဲကွယ်"

"ကျုပ် စိတ်မကောင်းပါဘူးဗျာ၊ ကျုပ်လည်း အားရင်လာခဲ့မှာပါ"

"ဟင်- တကယ်လာမှာလား"

"လာနိုင်အောင် ကြိုးစားပါ့မယ်ဗျာ၊ ကဲ- သွားပြီဗျို့"

ဦးမင်္ဂလာကို နှုတ်သာနှုတ်ဆက်ရသော်လည်း ဂျာအေးရင်ထဲ မကောင်း လှ။ လူ့လောကကြီး ကြောက်စရာကောင်းလှသော လောဘစိတ်၏ ချုပ်ကိုင် ချယ်လှယ်မှုကိုတွေးကာ အံ့သြခဲ့ရလေ၏။

နောက်ဆုံး သူတို့လူစု အိမ်သို့ ကားတစ်စီးနှင့် ပြန်ခဲ့ကြလေ၏။ မောင်ရွှေ ခမျာ အိမ်ပြန်ရောက်ပြီးသည့် အချိန်မှစ၍ အခြေအနေ အပြောင်းလဲကြီး ပြောင်းလဲသွားလေ၏။

တစ်ချိန်က အရက်ကို ရှောင်ခဲ့သော မောင်ရွှေ။ ယခုတော့ အရက်သည် အချစ်၊ အချစ်သည် အရက်ဆိုသော ဝါဒသစ်ကို ထူထောင်လာလေရာ ဂျာအေး ပင် မျက်လုံးပြူးနေရလေ၏။ ညနေစောင်းသည်နှင့် မောင်ရွှေတစ်ယောက် သူ့ကို လက်တို့လေတော့၏။ မောင်ရွှေ အပြုအမူကို ဂျာအေးပင် ထိတ်လန့်လာ၏။

"ဟ- မင်းဥစ္စာ မဟုတ်သေးပါဘူးကွာ"

"ဘာမဟုတ်တာတုံး ကိုဂျာအေးရာ၊ လောကရဲ့သစ္စာမဲ့မှုက သေရည်ဆို၊ ဒီစကား ခင်ဗျားပဲပြောခဲ့တာ မဟုတ်လားဗျာ၊ တစ်ခွက်သောက် တစ်ခွက်မူးဆို"

"ဟာ- ရေရောရင်တော့ အဲဒီလောက် မဟုတ်ပါဘူးကွာ"

"မရောဘူး၊ ရေရောရင် ရသာပျက်တယ်ဆို"

"ဒုက္ခပါပဲ၊ မင်းက ငါပြောတာတွေနဲ့ ငါ့ကို ပြန်ချည်တာကိုး။ အေး- လောကမှာ အတိုင်းအတာတော့ ရှိတယ်ကွ။ ဒါ ငါ့ဆရာ ကိုကြီးဖျောက် ပြော ခဲ့တဲ့ စကားကွ။ ဒီတော့ အရက်တစ်ပက်ကို ရေတစ်ခွက် ရောမှဖြစ်မယ်"

"တော်ပြီဗျာ အရက်ဟာ မူးတယ်၊ ပဒိုင်းက ရူးတယ်၊ အချစ်က မူးလည်း ရူးတယ်၊ ရူးလည်း ရူးတယ်။ ဒီတော့ ကျုပ် ရူးတယ် မူးမယ်ဗျာ။ ကိုင်း- သွားကြစို့"

"ဒုက္ခပါပဲ မင်းဥစ္စာ မောင်ကျန်တစ်တို့ပါလားကွ"

"မပြောနဲ့ဗျာ၊ ကိုင်း- သွားမယ်"

ပြောပြောဆိုဆိုနှင့် အတင်း ဆွဲလွဲခေါ်လေရာ ဂျာအေးတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



တန့်သန့်တန့်သန့်နှင့် ပါသွားလေတော့၏။ ဆိုင်ရောက်တော့ မောင်ရွှေ ဖုံကြဲသေသော့၏။ မှာလိုက်တဲ့ အရက်တွေကလည်း တစ်လုံးပြီးတစ်လုံး၊ အမြည်းတွေကလည်း တစ်ပွဲပြီး တစ်ပွဲ၊ ဂျာအေး လက်မြှောက်နေရ၏။

"မောင်ရွှေ တော်ပါတော့ကွာ၊ ငါတို့ ပွဲရုံကိစ္စ"

"မသိဘူးဗျာ၊ ဘဝမှာ အချစ်မရှိရင် ဘာမှမရှိတော့ဘူးဗျ၊ မရှိရင် မသိဘူး"

"အင်း. . . ဒဿနတွေ ပေါက်ကွဲလှချည်လား"

"ဟုတ်တယ် ကိုဂျာအေး၊ ဘဝဟာ မြှုမနေသင့်ဘူးဗျ"

"ဟေ- ဘုရား ဘုရား ဟုတ်ပြီ၊ မင်း အပမှီနေပြီထင်တယ်၊ ကြီးဒေါ် ပြောတဲ့စကားတွေ မှန်နေပါလား၊ မောင်ရွှေ မောင်ရွှေ"

"ဘယ်သူလဲ ဘာလုပ်မလို့တုံးဗျ"

"ငါ မင်းသူငယ်ချင်း ဂျာအေးလေကွာ"

"အေး ဂျာအေး၊ ဒါရိုက်တာကြီး ဟုတ်လား"

"ဟုတ်တယ်လေ၊ ဒါရိုက်တာကြီးလေ"

"တော်ပြီ ကျုပ် နှစ်ပါးသွားမကရဘဲ နှစ်ပါးခြား ကနေရပြီဗျ ဟီး . . ရွှေ ဖို. . . မောင့်ရဲ့ ရွှေကလေးရဲ့"

"ဗုဒ္ဓေါ"

မောင်ရွှေ၏ အသွင်က လင်းတကြီး မှိုင်းတိုက်ထားသလိုပင်။ သောက်ရင်းစားရင် မျက်ရည်တွေက ပါးနှစ်ဖက်ပေါ်မှာ ရွှဲရွှဲစိုလာသလို နှာခေါင်းနှစ်ပေါက်မှလည်း နှာရည်တွေ ယိုစီးလာတော့၏။ ပိုရွှံ ရွံရှာဖွယ်ကောင်းလှသည်မှာ ပါးစောင်မှ သွားရည်များကလည်း ယိုစီးလာပြန်ရာ မျက်ရည်များ၊ နှာရည် သွားရည်ဆိုသော ခံစားချက် ထုတ်ကုန်များက မျက်နှာတစ်ခုလုံး ပေကျံပွရွှနေ၏။

မောင်ရွှေ့အသွင်က သနားစရာ မကောင်းသည့်အပြင် အလွန်မှ ရွံရှာဖွယ်ကောင်းလှလေရာ ဂျာအေးပင် ရွံ့တွန့်တွန့် ဖြစ်နေလေတော့၏။

"မောင်ရွှေ မင်းဥစ္စာ ရွံစရာကွာ၊ မြင်သူအပေါင်း ထမင်းခုနှစ်ရက် မစားနိုင်အောင် လုပ်နေတာလားကွ။ မင်းက အချစ်မှမဟုတ်ဘဲ အနှစ်တွေကွ"

"မဟုတ်ဘူးဗျ၊ အနှစ်မဟုတ်ဘူး၊ အပြစ်ဗျ အပြစ်"

"အဲ- သိပ်ဟုတ်တာပေါ့ကွာ၊ အပြစ်တွေ ရွံစရာကောင်းလိုက်တဲ့ အပြစ်တွေ"

"အင်- ဘာလဲဗျ"





"တော်ပါတော့ကွာ၊ ဆက်ငိုရင် မင်းပုံစံက အမှိုက်ပုံရောက်မယ့် ကိန်းပဲ"

"ဟာ- ကိုဂျာအေးကလည်း ကျုပ်က ဘဝမင်းသား မလုပ်ရဘဲ အမှိုက်ပုံထဲ ဆင်းရမှာလားဗျ၊ ဘာလဲ အမှိုက်တောက်တဲ့ ဇာတ်ဝင်ခန်းလား"

"တော်ပါတော့ မောင်ရွှေရာ၊ မင်းချစ်တာ အပျစ်တွေ များနေတော့ ငါ ဒါရိုက်တာ မလုပ်ပါရစေနဲ့ကွာ"

"ဟဲဟဲ ဟီး . . . ရွှေကလေးရယ်"

ဂျာအေးတစ်ယောက် အရက်အရသာလည်း မောင်ရွှေ၏ ညစ်တီးညစ်ပတ် မျက်နှာကြောင့် ထမြေးချင်စိတ်ပေါက်နေလေ၏။ နောက်ဆုံး မနည်းချော့ကာ ဆိုင်ထဲမှ ထွက်ခဲ့ရလေ၏။ အပြင်ရောက်တော့ အတော်ကလေး မိုးချုပ်နေပြီဖြစ်၏။ နှစ်ယောက်စလုံးလည်း မူးရူးနေပြီဟု ဆိုရချေမည်။

မောင်ရွှေလည်း ဟိုယိုင်ဒီယိုင်နှင့် ထင်ရာမြင်ရာ လျှောက်သွားခဲ့သလို၊ ဂျာအေးလည်း ဘယ်ရောက်လို့ ဘယ်ပေါက်မှန်းမသိ၊ လမ်းတစ်ဝက်အရောက်သူ့အနားသို့ လူတစ်ဦးကပ်လာ၏။

"မင်းက ဂျာအေးလား"

"ဟုတ်တယ် ကျုပ်နာမည် ဂျာအေး၊ အညာသား ဒါပေမယ့် ကွမ်းမစားလို့ သွားဖြူးမထူဘူးဗျ"

"ဟုတ်လား၊ ဒါဆို တားပေါ်တက်ကွာ၊ ငါမှာ ကားပါလာတယ်။ ဒီနေ့ ဒါ လူတွေကို ကူညီချင်နေတယ်ကွ"

"ကောင်းတယ် ဒါဆို ရဲထဲဝင်လိုက်ပါလားဗျ၊ နေ့တိုင်းကူညီလို့ ရတာပေါ့"

"ဟာ- စိတ်ထဲ တစ်ခါတစ်ရံ ကူညီချင်စိတ် ပေါက်လာလို့ပါကွာ"

"ခင်ဗျားက တော်တော် ထူးဆန်းတာပဲ"

"ကဲ- တက်ပါကွာ ကားပေါ်ကျမှ စကားစမြည် ပြောကြတာပေါ့"

"ဟုတ်တယ်၊ ခင်ဗျားလို မိတ်ဆွေမျိုး ရှားတယ်၊ ကျုပ်က အတော့်ကို ညောင်းနေပြီဗျ၊ ဒီတော့ လမ်းမလျှောက်ချင်တော့ဘူး"

"ဒါကြောင့် ပြောတာပေါ့ကွာ တက်တက်"

"နေပါဦး ခင်ဗျားဘယ်သူလဲ နာမည်တော့ မှတ်ထားရမယ်"

"ဘာလုပ်ဖို့လဲကွာ"

"ဩော်- ကျုပ် နတ်ပြည်ရောက်ရင် ခင်ဗျားသတင်း နတ်မင်းကြီးတွေဆီအရင်ခံလိုက်မယ်ဗျာ"

"အင်- ဟဲဟဲ ငါ့နာမည် ပုတ်သင်ညိုတဲ့ကွ"



www.burmeseclassic.com

www.burmeseclassic.com



"ပုတ်သင်ညို ဟုတ်လား၊ ဟားဟား တော်တော်ထူးဆန်းတာပဲ၊ ပုတ်သင်ညိုက သတ္တဝါတွေထဲမှာ အမြင်နှစ်မြင်နဲ့ ရှင်သန်နေတဲ့ သတ္တဝါဗျ"

"အင်း လာပါကွာ၊ လမ်းပေါ်မှာ စကားမပြောစမ်းပါနဲ့"

"လိုက်မယ် လိုက်မယ်၊ ခင်ဗျားလို သူတော်ကောင်းက ခေါ်မှတော့ လိုက်ပြီပေါ့ဗျာ၊ ဘယ်မှာလဲ နတ်ရထား"

"ဟာ- ကားပါကွ"

"ခင်ဗျားက မသေခင် နတ်ဖြစ်မယ့်လူဗျ၊ ဒီတော့ ခင်ဗျားမောင်းတဲ့ကားဟာ နတ်ကားပဲ ဖြစ်ရမယ်၊ လိုက်မယ်ဗျ"

"လာလာ"

သူဘေးနားရောက်လာသူမှာ ပုတ်သင်ညိုဟု အမည်ရ၏။ နာမည်နှင့်လိုက်သည်ဟု ဆိုရလေမလားမသိ။ မျက်လုံးပြူးပြူးကြီးတွေက အပြင်ထွက်မတတ်။ ကြည့်တော့လည်း ဘယ်ညာမညီ။ တောင်တစ်ဖက် မြောက်တစ်ဖက် အကြည့်။ ဆံပင်က ကတုံးဆံပင်။ နှာခေါင်းကရှည်၊ ပါးစပ်ကြီးကြီး။ ပြောရလျှင် လွန်စွာမှ အကျည်းတန်လှသည့် ရုပ်ရည်ပိုင်ရှင်ဟု ဆိုရချေမည်။ ပုတ်သင်ညိုသည် ဂျာအေးကို အတင်းဆွဲလွဲကာ ကားလမ်းဘေး ထိုးရပ်ထားသော အနက်ရောင် ကားတစ်စီးပေါ် ခေါ်ခဲ့၏။

အထဲရောက်သည်နှင့် ဂျာအေးတစ်ယောက် မဟန်နိုင်တော့။ ဆိုဖာပေါ် ခွေခွေလေး လဲကျသွားကာ တရှူးရှူးနှင့် အိပ်ပျော်သွား၏။ ပုတ်သင်ညိုဆိုသူက ဂျာအေးကိုကြည့်ရင်း ပြုံးတီတီ ပြုံးလိုက်၏။

"ဖားရိုက်တာထက်တောင် လွယ်လှပါလား ဂျာအေးရာ ဟင်းဟင်း"

ပုတ်သင်ညိုဆိုသူမှာ ဂျာအေး၏ ခွေခွေလေး အိပ်ပျော်နေသော အနေအရာကိုကြည့်ကာ အကျေနပ်ကြီး ကျေနပ်နေ၏။ နောက်ဆုံး ကားစက်နှိုးကာ လမ်းအထက်ဘက်သို့ ကွေ့ပတ် မောင်းနှင်သွားလေတော့၏။

၀၀၀၀၀



## အခန်း (၄)

"အလို ငါ ဘယ်များ ရောက်နေပါလိမ့်၊ နတ်ပြည်များလား"

"ဘောင်မယ် မင်းလို အရက်သမားကို နတ်ပြည်က လက်ခံပါ့မလားကွ၊ ဟေ့ကောင် မှင်စာ ထစမ်း"

"ဗျာ၊ ခင်ဗျားတို့ ဘယ်သူတွေလဲ"

"ဟားဟားဟား မင်းကများ ငါတို့ကိုကြည့်ပြီး ကြောက်နေရတယ်လို့၊ တကယ်ဆို မင်းကို ငါတို့က ကြောက်ရမှာကွ။ ရုပ်ကိုက ဘယ်နည်းနဲ့မှ လူမဖြစ်နိုင်တဲ့မျက်နှာ၊ စုတ်တီးစုတ်ဖတ် ဖိုးရိုးဖားရား၊ ညစ်တီးညစ်ပတ်"

"တော်ပါတော့ဗျာ၊ ခင်ဗျားကြီးပြောတာနဲ့ ကျုပ်ကိုကျုပ်တောင် မသတီတော့ဘူး။ နေပါဦး ခင်ဗျားတို့က ဘယ်သူတွေတုံး၊ ကျုပ် ဒီကို ဘယ်လိုဘယ်လို ရောက်လာသလဲ ပြောကြစမ်း"

"ဟေ- မာလှချည်လားကွ၊ ဟေ့ကောင် ဂျာအေး ငါ့မျက်နှာကိုကြည့်စမ်း"

"ဘာလုပ်ရမှာလဲဗျ"

"လမ်းဘီလူး ရွှေနီဆိုတာ မင်း ကြားဖူးလား"

"အင်- လမ်းဘီလူး ရွှေနီ၊ ဘာလုပ်တာတုံး မိလ္လာကျုံးတာလား၊ ဒါဆိုရင်တော့ ကျုပ် မသိဘူး"

"ဟာ- ဒီကောင် ငါ့ကိုများ"

"ကျုပ်က မသိမှ မသိဘဲဟာဗျာ၊ ပြောပါဦး ခင်ဗျားက ဘယ်လိုဂုဏ်ပုဒ်တွေကို ပိုင်ဆိုင်ထားလို့လဲ"

"အင်- ဒုက္ခပါပဲ၊ ငါက မေးရမယ့်ဥစ္စာ ဒီကောင် လာပြန်မေးနေပြန်ပြီ၊ ဟေ့ကောင် ပုတ်သင်ညို"



www.burmeseclassic.com

www.burmeseclassic.com



"ဘုာ ဆရာကြီး"

"လာစမ်းကွာ၊ မင်းခေါ်လာတဲ့ကောင်က လူမှဟုတ်ရဲ့လားကွ"

လမ်းဘီလူး ရွှေနီ၏ ခေါ်သံကြောင့် အိမ်ကြီး၏ နောက်ဖေးချောင်တွင် အရက်ထိုင်သောက်နေသော ပုတ်သင်ညို အပြေးထွက်လာ၏။ မြင်ကွင်းက အံ့သြစရာပင်။ ဂျာအေး အမူအရာက ရှုတင်းတင်းနှင့် ဂိုက်ဆိုက်က ဆရာကြီး စတိုင်။ သူ့ဆရာကြီး လမ်းဘီလူးရွှေနီခမျာ ဂျာအေးရှေ့တွင် ညောင်နာနာနှင့် ထိုင်နေ၏။

"ဘာ. . . ဘာဖြစ်လို့လဲ ဆရာကြီး"

"ဒီကောင် ဂျာအေးမှ ဟုတ်ရဲ့လားကွ"

"ဟေ့လူ ကိုရွှေနီ၊ ကျုပ်ကို အသရေမဖျက်နဲ့စမ်းဗျာ၊ လောကမှာ ဂျာအေး ဆိုတာ တစ်ယောက်ပဲရှိတယ်၊ ဘာမှ မယုံမကြည် သံသယစိတ်တွေ မထားမနေ နဲ့။ ကဲ- ပြောစမ်း ကျုပ် ဒီကို ဘယ်လိုရောက်လာသလဲ၊ ဘာကြောင့် ရောက် လာရသလဲ၊ ခင်ဗျားတို့က ဘယ်သူတွေလဲ ပြောစမ်း"

"အင်- ငါ. . . ငါ မင်းကို"

"ရဲရဲပြောစမ်းပါဗျ၊ ကြောင်တိကြောင်တောင် လုပ်မနေစမ်းပါနဲ့"

"အေး . . . အေးပါကွာ၊ ငါ. . . ငါ့ ဟို ဟေ့ကောင် ပုတ်သင်ညို"

"ခင်ဗျာ"

"ငါ. . . ငါ ဘယ်လိုပြောရမှာလဲကွ၊ ဒုက္ခပါပဲကွာ"

"ဟို. . . ဆရာကြီးက လူ. . . လူဆိုးလေ၊ လူဆိုးခေါင်းဆောင်ကြီးဗျ ကျွန်တော်က သူ့ကို ဖမ်းလာတာလေ"

"ဟေ- ဟုတ်လား"

"ဩော်- လူဆိုးခေါင်းဆောင် လမ်းဘီလူးရွှေနီကိုး"

"ဟုတ်. . . ဟုတ်ပါတယ်"

"ဟားဟားဟား လူဆိုးခေါင်းဆောင်ကြီးတဲ့ ဟားဟားဟား"

"ဟင်- ဘာ. . . ဘာဖြစ်လို့ ရယ်. . . ရယ်တာလဲ"

ဂျာအေး တဟူးဟူး တဟားဟား အော်ဟစ်ရယ်မောလိုက်သဖြင့် လမ်း ဘီလူးရွှေနီနှင့် ပုတ်သင်ညိုတို့နှစ်ဦးမှာ ကြောင်စီစီ ဖြစ်နေကြ၏။ သူတို့ကိုယ်သူတို့ လူဆိုးတွေမှ ဟုတ်ရဲ့လားပင် ဇဝေဇဝါ ဖြစ်နေ၏။ ထိုအချိန်တွင် ဂျာအေးသည် ရှုတည်တည် အမူအရာနှင့် လမ်းဘီလူး ရွှေနီကို မေးလိုက်၏။





"ခင်ဗျား လူဆိုးလုပ်လာတာ ဘယ်လောက်ကြာပြီတုံး၊ လူဘယ်နှယောက် သတ်ခဲ့သလဲ၊ ထောင်ကော ကျဘူးလား"

"အင်- မေးခွန်းတွေများတယ်၊ ရှုပ်ကုန်ပြီ"

"ဩော်- ခင်ဗျားက ဒီလောက် ဉာဏ်မမီပါလား၊ ဒါဆို ခင်ဗျား ဘာကိုင် သလဲပြောစမ်း"

"ကိုင်. . . ဟို. . . ဘာကိုမေး"

"ခက်ပါ့ကွာ၊ ကျုပ်မေးတာ ခင်ဗျားကလူဆိုး၊ ဒီတော့ သေနတ်ကိုင်တာ လား၊ တုတ် ဓားကိုင်တာလား မေးတာ၊ ဘာကြောင့်လဲဆိုတော့ ခင်ဗျားကိုင်တဲ့ လက်နက်အပေါ်မှာ ခင်ဗျားအဆင့်အတန်း မီနေတယ်"

"ဩော်- ဆရာကြီး ပြောလိုက်လေ"

"အေး . . . အေး ငါကိုင်တာ ဟိုဟာကွာ၊ တုတ်လိုလို သေနတ်လိုလိုကွ"

"အလို ခင်ဗျားဥစ္စာ တစ်မျိုးကြီးပါလား၊ ဒါဆို ခင်ဗျား ဓားပြနဲ့ သူခိုးကြား က သွပ်ပြားဖြစ်ရမယ်"

"ဟိုက်- ဒုက္ခပါပဲ နေ့. . . နေပါဦး၊ မင်းက ငါတို့ကို နည်းနည်းလေးမှ မကြောက်ဘူးလားကွ၊ လမ်းဘီလူး ရွှေနီဆိုတာ ဒုစရိုက်လောကမှာ ဘုရင်လိုနေ ခဲ့တာကွ၊ ခုတော့ မင်းလုပ်တာနဲ့ ငါလည်း သွပ်ပြားဖာတ်ခင်းရတော့မယ်၊ ကိုင်း- ပြောစမ်း ငါ့ကို ကြောက်တယ်လို့ ပြောပေတော့၊ သူခိုး အဲလေ သွပ်ပြား၊ ဟာ- ငါကွ ဓားပြ"

"အင်- ခင်ဗျားပုံစံက ပေါကြောင်ကြောင်နဲ့၊ ကျုပ်တော့ သိပ်မယုံချင်ဘူး၊ ခင်ဗျားမှာ လိုင်စင်တွေ၊ မှတ်ပုံတင်တွေရှိလား၊ အဲဒါရှိရင် ထုတ်ပြစမ်းပါ"

"ဒုက္ခပါပဲ၊ ဒီမှာ ဂျာအေး"

"ဘာတုံး ကိုရွှေနီရဲ့၊ တကယ်ဆို ခင်ဗျားဟာ ဦးရှင်ကြီး တင်သင့်တာဗျ၊ ဒါမှမဟုတ် ဘုန်းကြီးပျံလိုက်ပြီး ငိုချင်းချ"

"ဟာ- တော်ပါတော့ကွာ၊ ဒီမှာတွေ့လား ဂျာအေး၊ ဒါ ဘာတုံး"

"ဩော်- လုပ်သေနတ်ကြီးကိုး၊ ဒါဆို ပစ်လို့ရသလား"

"အော်မယ် မင်းက ပျော့စိစိငနဲများ အောက်မေ့နေသလားကွ၊ ရွှေနီ ကြမ်းပြီဆို ပြန်လမ်းမရှိဘူးတဲ့၊ ကိုင်း- မင်း လက်မြှောက်စမ်းကွာ၊ ငါပြောတာ ကြားလား၊ ငါသတ္တိတွေ ရှိလာပြီ၊ လူဆိုးစိတ် ဝင်လာပြီကွ"

"ဩော်- ခုမှ ခင်ဗျားက လူဆိုးပုံပေါက်လာတယ်၊ ကိုင်း- ဒါဆို ကျုပ် ကြောက်သလိုလို ဖြစ်လာပြီဗျ"



www.burmeseclassic.com

www.burmeseclassic.com



"ဟူး ဟားဟား အဟီးဟီး"

"ဒုဒ္ဓေါ ရယ်ပုံက လူဆိုးရယ်သံနဲ့ တူဘူး"

"ဘာကွ၊ ရယ်တာပဲ လူဆိုးရယ်နည်း ရှိသေးလား"

"ဟာ- ရှိတာပေါ့၊ လူဆိုးကြီးတွေ ရယ်ပုံရယ်နည်း၊ အော်ပုံအော်နည်း၊ အဲဒါတွေ ခင်ဗျား လေ့ကျင့်ထားရမှာဗျ၊ မှတ်ထား ကုလားပြည်မှာ ဒိုတီကိုးဘောင်းဘီ ချုပ်မဝတ်လေနဲ့"

"ဟိုက်- တော်ပါတော့ကွာ၊ ဟော့ကောင် ပုတ်သင်ညို"

"ဗျာ၊ ဆရာကြီး"

"ငါတော့ လည်နေပြီကွာ"

"ဟုတ်ပ့ါဗျာ၊ ဒီမှာ ကိုဂျာအေး၊ ခင်ဗျားလုပ်ပုံက များနေပြီဗျ၊ တကယ်ဆိုရင် ခင်ဗျားဟာ ကျုပ်တို့ကို ကြောက်ရွံ့ပြီး အကြီးအကျယ် တုန်လှုပ်ချောက်ချားနေရမှာဗျ၊ ခုတော့ ခင်ဗျားက ကျုပ်တို့နှစ်ယောက်ကို လည်နေအောင် မွှေနေပါလားဗျာ"

"ဟားဟား ဟီး ဟီး ဟီး"

"ရယ်ပြန်ပြီလား"

ဂျာအေး၏ ဖန်တီးမှုရိုက်ချက်က ပြင်းပြင်းရှရှ မားပြကြီး ရွှေနီပင် သူ့ရှေ့မှောက်တွင် လည်တယ်တယ် ဖြစ်ခဲ့ရ၏။ အမှန်မတော့ ဂျာအေး မူးသွားပြီးနောက် သူကိုယ်သူ ဘာတွေဖြစ်မှန်းပင် မသိတော့၊ အမူးပြေ၍ သတိရလာသောအခါ အိုဟောင်းနေသော အိမ်ကြီးထဲ ရောက်နေသည်ကို တွေ့လိုက်ရခြင်းပင်။

ထို့ပြင် သူ့ရှေ့ ကားကားကြီးထိုင်ကာ တမင်ကြောက်အောင် ပြုပြနေသော လမ်းဘီလူးရွှေနီကို စိတ်ထဲ ကြောက်စရာတော့ ဖြစ်သွားသည်မှာ အမှန်ပင်။ သို့သော် ဟန်ကိုယ့်ဖို့ဆိုသော နည်းဗျူဟာဆင်ပြီး သူပြုံးလည်း ကိုယ်ကပြုံပြုလိုက်ခြင်းဖြစ်ရာ သူ၏ နည်းဗျူဟာ ထိုးဇာတ်က ရာခိုင်နှုန်းပြည့်နီးပါး အောင်မြင်သည်ဟု ဆိုနိုင်ပေသည်။ သို့သော် ရေရှည်တွင် လူသည်လူပင် ဘီလူးသည် ဘီလူးပင် ဖြစ်လေ၏။

ယခုလည်း ရွှေနီ ဘီလူးဇာတ်ခင်းတော့မည်မို့ ဂျာအေး ရွံ့တွန့်တွန့် ဖြစ်နေ၏။ သို့သော် ကိုယ့်ကြောက်စိတ်ကို တစ်ဖက်လူ မသိစေချင်။ လောကကြီးမှာ ကြောက်လေလေ ခြောက်လေလေ ဖြစ်၏။ ထိုစဉ် ရွှေနီသည် သစ်သားလုပ်သေနတ်ကြီးကို ယမ်းထိုးမောင်းတင်လုပ်ကာ သူ့ရင်ဘတ်တည့်တည့်ကို ထိုးချိန်





လိုက်၏။

"ကိုင်း- သေပေတော့ကွာ"

"ဟာ- ဟေ့ ဟေ့လူ၊ ဆရာကြီး လက်လွှန်မယ်"

"ဟာ- လွှန်လွှန်ကွာ၊ ဒီငတကို လွှတ်ထားလို့ မဖြစ်ဘူးကွ၊ ကြက်တူရွေးကနေ လင်းတဖြစ်မယ့်ကိန်းကွ။ ကိုင်း- ဟော့ကောင် ဂျာအေး အေဘေးဂျာအေး"

"ခင်ဗျား . . . ခင်ဗျား ကျုပ် . . . ကျုပ်ကို သတ်တော့မှာလား"

"အေး- သတ်မယ်၊ သတ်ကိုသတ်ရမယ်ကွ"

"ဟာ- မ . . . မလုပ်နဲ့ဦး ဆရာကြီးရဲ့၊ ကျွန်တော်တို့ ဟိုကိစ္စ ရှိ . . . ရှိသေးတယ်"

"အဲ- ဟုတ်သားပဲကွာ လက်လွှန်တော့မလို့"

လုပ်သေနတ်ကြီး တချိန်ချိန်လုပ်နေသော ရွှေနီမှာ ပုတ်သင်ညို၏ သတိပေးမှုကြောင့် သေနတ်ကို ဖျတ်ခနဲ ရုပ်လိုက်ပြီး ဂျာအေးရှေ့တွင် တင်းတင်းရင်းရင်း လုပ်နေလေ၏။

"ကိုင်း- မင်းကို ငါမေးမယ်"

"ဘာများလဲ ကိုရွှေနီ"

"မင်း ဦးမင်္ဂလာကို သိလား"

"ဦးမင်္ဂလာ ဟုတ်လား"

"ဟုတ်တယ်၊ ဦးမင်္ဂလာ ဆေးရုံတက်နေတုန်းက မင်းကို တစ်ခုခုပေးခဲ့လိမ့်မယ်၊ ပြီးတော့ ဘာတွေပြောခဲ့သလဲ"

"ဩော်- ခင်ဗျားက ဦးမင်္ဂလာကိစ္စနဲ့ ကျုပ်ကို ဖမ်းလာတာကိုး၊ ဟုတ်လား ကိုရွှေနီ"

"ဟုတ်တယ်ကွ၊ ကိုင်း- ပြောစမ်း ဦးမင်္ဂလာ မင်းကို ဘာပေးခိုင်းသလဲ၊ ဘာတွေပြောခဲ့သလဲ ပြောစမ်း၊ မှန်မှန်ကန်ကန်ပြောနော်၊ မပြောလို့ကတော့ ဟောဒီမှာ တွေ့လား လုပ်သေနတ်၊ တစ်ချက်ပစ် တစ်ချက်ထိတဲ့နော်၊ ယမ်းအပြည့်ပဲကွ၊ ကိုင်း- ပြောစမ်းကွာ"

ရွှေနီ လူရိုင်းစိတ်ဝင်နေပြီ၊ သေနတ်ကြီးတကားကားလုပ်ကာ ဂျာအေးရှေ့ တဝဲဝဲ လုပ်နေ၏။

"ဟာ- ခင်ဗျားသေနတ်ကြီးက မျက်စိနောက်လှသဗျာ၊ ကျုပ်ကို ခင်ဗျားသတ်လို့ မရသေးပါဘူးဗျာ၊ ပြီးတော့ ကျုပ်ဇာတာမှာ သူများသတ်လို့သေနိုင်မယ့်ဇာတာ မပါဘူးဗျ"



www.burmeseclassic.com

www.burmeseclassic.com



"အင်"

"မှင်သား ကိုရွှေနီရဲ့၊ လူဆိုတာ သေမျိုးချည်းပဲဗျ။ ခင်ဗျားလည်း တစ်နေ့ ခဲသားတစ်နေ့ မာလကစျာန်ကြွရမှာပဲဗျ။ ဒါ ဆန်းပြားတဲ့ကိစ္စ မဟုတ်ဘူး၊ သဘ်ပစ်မယ်ဆိုပြီး ကျုပ်ကို မခြိမ်းခြောက်စမ်းပါနဲ့ဗျာ။ ခင်ဗျားမှာ တခြားနည်းလမ်း မရှိတော့ဘူးလား"

"အင်- ဒုက္ခပဲ၊ မင်းဟာ တော်တော် လက်ပေါက်ကတ်တဲ့ ကောင်ပဲကိုးကွ။ ဘယ်သူမဆို သေရမှာ ကြောက်ကြတာချည်းပဲကွ။ မင်းကျမှကွာ၊ ကိုင်း- စောစောကကိစ္စ မင်း ဘာပြောချင်သလဲ"

"ဦးမဂ်လာ ကိစ္စလား"

"ဟုတ်တယ်"

"နေပါဦး၊ ခင်ဗျားတို့ကို ဘယ်သူကများ ခိုင်းလိုက်သလဲဗျ"

"ဟာ- ဒါ မင်းသိဖို့ မလိုဘူးကွ၊ ငါမေးတာ မင်း ဖြေကွာ။ အေးအေးလူလူ ပြောနေတာနော်၊ ကြမ်းရရမ်းရမယ် ဆိုရင်တော့ ဟဲဟဲ မင်းက လူဖလံလေး၊ ငါ့လက်ခုပ်ထဲမှာ ပြားချပ်ကြေမွသွားလိမ့်မယ်"

"ဟာ- ကိုရွှေနီကလည်း လုပ်ပြန်ပြီ၊ ကျုပ်ကို ပုရွက်ဆိတ်များ အောက်မေ့နေသလားဗျာ၊ ဒီမှာ ကိုရွှေနီ"

"ဘာတုံးကွ"

"ခင်ဗျားသိချင်တဲ့ ဦးမင်္ဂလာကိစ္စ ကျုပ် ဘာမှ မသိဘူးဗျ"

"ဘာကွ"

"ဟုတ်တယ်၊ ကျုပ်ပြောတာ အမှန်ပဲ။ နေပါဦး ဘာကြောင့်များ ကျုပ်ကို ဖမ်းလားဆီးလားလုပ်ပြီး မေးရတာလဲဗျ"

"ဒါ မင်း မေးစရာ မလိုဘူး၊ စကားကို တောင်ကွေ့မြောက်ကွေ့ မလုပ်နဲ့ကွာ။ ခုချိန်မှာ မင်းကို ငါ အေးအေးဆေးဆေး မေးနေတာကွ။ အေး- မေးမရဘူးဆိုရင်တော့ ကဲဆိုးပြီသာ မှတ်လေတော့။ ရွှေနီတို့က ရက်စက်တဲ့နေရာမှာ မျောက်အရှင်ကို အမြီးက ကိုင်ရိုက်ခဲ့တဲ့ကောင်ကွ"

"ဩော်- ကိုရွှေနီ ကိုရွှေနီ"

"ဘာတုံးကွ"

"ခင်ဗျားလုပ်ပုံက ငရဲပြည်ကို ဗီဇာမလိုဘဲ သွားဖို့ ကြိုးစားနေသကိုး"

"တိတ်စမ်းကွာ၊ မင်း ငါ့ကို တရားမဟောနဲ့ ငါမေးတာ မင်းဖြေစမ်း"

"ဒုက္ခပါပဲ၊ ဖြေပြီးပြီလေဗျာ ထပ်ဖြေလည်း ဒီအဖြေပဲ ထွက်မှာပေါ့ဗျာ၊





ခင်ဗျား တခြားမေးခွန်း မေးဗျာ"

"ဟာ- မင်းဟာ နာမည်နဲ့လိုက်အောင် ဂျာအေး သူ့အမေရိုက်လုပ်တဲ့ကောင်ပဲ၊ တော်ပြီကွာ ကြာကြာနေရင် ငါလည်း ဘုန်းကြီးဝတ်မိလိမ့်မယ်၊ ကိုင်း- ပုတ်သင်ညို"

"ဗျာ- ဆရာကြီး"

"ဒီကောင့်ကို အောက်ထပ်အခန်းထဲမှာ ချုပ်ထားလိုက်စမ်းကွာ၊ ငါထင်တာ ဂျာအေးဟာ လူတောသား ဖြစ်ရမယ်၊ ငါတစ်ခွန်းပြောရင် ဒီကောင်က ငါ့ကို ဆယ်ခွန်းပြောမယ့်ကောင်ကွ"

"ဟုတ်တယ် ဆရာကြီး၊ ကျွန်တော်လည်း ကြားထဲက လည်နေပြီဗျ၊ ဒါဆို အောက်ထပ်က အခန်းထဲမှာ ချုပ်ထားလိုက်မယ်"

"အေး၊ မောသွားပြီကွာ၊ တစ်ခွက်တစ်ဖလားလောက်တော့ ချလိုက်ဦးမှ"

"ကိုရွှေနီ"

"ဘာတုံးကွ"

ရွှေနီထံမှ တစ်ခွက်တစ်ဖလားဆိုသော အသံကြားလိုက်သည်နှင့် ဂျာအေး ခေါင်းထောင်လာ၏။ ယခုအထိ ရွှေနီတို့ခင်းလာသည့်ဇာတ်ကို မရေလည်သေး။ ထို့ကြောင့်လည်း ဝင်ပြီး ရောလိုက်ပြန်၏။

"ဟိုဗျာ ကျုပ်ကိုလည်း တစ်ခွက်တစ်ဖလားတော့ ပေးသောက်ဗျာ"

"ဘာကွ၊ ဟေ့ကောင် မင်း လိုင်းပူးမလာနဲ့"

"ဒုက္ခပါပဲဗျာ၊ ခင်ဗျားနဲ့ ကျုပ်က ပခုံးနှစ်ဖက်ကြား ခေါင်းပေါက်၊ ထမင်းစား၊ ချေးပါ အားလုံး အတူတူပဲလေဗျာ။ ဘာများ ခြားနေလို့လဲ၊ ခင်ဗျားက ဘယ်နေရာ ပိုထူးနေသလဲ"

"ထူးတယ်ကွ ထူးတယ်"

"ဘာထူးသတုံး၊ ဧကန္တ ခင်ဗျား နောက်ကျွမ်းပစ်ပြီး လမ်းလျှောက်တယ် ထင်တယ်"

"တိတ်စမ်းကွာ၊ နေပါဦး မင်းက သောက်တတ်လို့လား"

"ဟာ- သောက်ချင်တာပေါ့ဗျာ၊ ခင်ဗျားနဲ့ကျုပ်က ဘယ်မှာတုတူမတူတူ အရက်သောက်တတ်တာချင်း တူနေပြီး အရက်သမားဆိုတာ ပိုပြီး နှလုံးကောင်းခမ်းကြီးရတယ်ဗျ"

"အင်း ဟုတ်သား"

"အဲဒါကြောင့် ပြောတာပေါ့ဗျာ၊ သေရည်ဝင်ရင် လေပြည်ရှူ သေတဲ့ဗျ၊



www.burmeseclassic.com

www.burmeseclassic.com



[illegible]တွေ မခင်းစမ်းပါနဲ့ဗျာ၊ ဘယ်လိုတုံး ကျုပ်ကိုတစ်ခွက်"

"ဟိုင်း- မထူးပါဘူးကွာ၊ လူလည်း မင်းကို ဖမ်းလိုက်မှ ဓာတ်လဗိုင် လိုက်နေပြီ ဆော့ကောင် ပုတ်သင်ညို ပုလင်းယူခဲ့၊ အမြည်းတွေ ရေတွေပါ ယူခဲ့ကွာ၊ ဂျာအေး ဆိုတဲ့ကောင်က ဘုန်းကြီးသဘက်ကွ၊ ငါတို့ တစ်ခွန်းရွတ်ရင် ဒီကောင်က သုံးလေးခွန်း ရွတ်မယ့်ကောင်၊ ဒီတော့ တစ်သားတည်း ဖြစ်သွားအောင် ၄သောက်ကြမယ်ကွ"

"ကောင်းသားပဲ ဆရာကြီးရဲ့"

နောက်ဆုံးတော့ လမ်းဘီလူးရွှေနီတို့ ဆရာတပည့် ဂျာအေးကို လက်မြှောက်လိုက်ရလေ၏။ သူတို့နှစ်ဦးက ကြေးစားဒုစရိုက်လောကတွင် ဟုန်းဟုန်းတောက် ကျော်ကြားနေကြသူများ ဖြစ်ကြ၏။ ထိမထင်စိတ်နှင့် လက်ရဲဇက်ရဲရှိသူများ ဖြစ်ပေ၏။ ယခုတော့ သူတို့နှစ်ယောက်လုံး ဂျာအေး၏ နည်းဗျူဟာထဲ ပေါ်လောမျောခဲ့ရပြီ ဖြစ်လေ၏။

စားပွဲညိုညစ်ညစ်ပေါ်တွင် အရက်နှစ်လုံး၊ ဆိတ်သားခြောက်၊ လက်ဖက်စသည်ဖြင့် အမြည်းက စုံလင်လှ၏။

ပုလင်းချလိုက်သည်နှင့် ဂျာအေးက လက်မြန်ခြေမြန် တွယ်လေတော့၏။

"ဟ- ကြမ်းလှချည်လားကွ၊ ရေမရောပါလား"

"ဟဲဟဲ ရေရောရင် သဘောအရသာ ဖွယ်တယ်ဗျ"

"အင်- မင်းကတော့ လူသေးသလောက် ဆရာကြီးဂိုက်ပဲကွ၊ ကဲ- ချကွာစားကြ"

ရွှေနီ ဂျာအေးကို လက်လန်သွား၏။ ခွက်ကြမ်းရိုက် သောက်ချလိုက်သည်မို့ ဂျာအေးတစ်ယောက် ပုတူတူ ထွေတေတေ ဖြစ်သွား၏။ အမှန်တော့ ရွှေနီတို့လူစုကို ဂျာအေး စိတ်ထဲက တုန်လှုပ်နေမိတာ အမှန်ပင်။ သူ့အကြောက်ဆုံးက ယမ်းထိုးထားသည့် လုပ်သေနတ်ကြီး။ မတော်တဆ ကျည်ထွက်သွားလျှင် ဘယ်လိုမှ ရှောင်မရသည့်ကိန်း။

ထိုအခြေအနေကို ရင်ဆိုင်နေရစဉ် အဓိကနည်းဗျူဟာဖြစ်သော မချိုသွားဖြဲ ဗျူဟာကို ဆင်လိုက်ရခြင်း ဖြစ်လေ၏။ ယခုတော့ သူ၏ နည်းဗျူဟာတဒုတ်ဒုတ်ထိ အကျိုးရှိသွားချေပြီဟု ဆိုရတော့မည်။ ရွှေနီတို့ ဆရာတပည့်မှာလည်း သောက်ရင်းသောက်ရင်းနှင့် လည်လာ၏။

"ဂျာအေး"

"ဘာတုံး ကိုရွှေနီ"





"ငါဟာ လူဆိုးကြီးတစ်ယောက်ကွ၊ မင်းနဲ့တွေ့တော့ လူဆိုးစိတ်တွေ ဘယ်ရောက်သွားကုန်ပြီလဲ မသိဘူး၊ အဲဒါ မင်းရဲ့ အရည်အချင်းတစ်ရပ်ပဲကွ။ ဧကန္တ မင်းမှာ ဂန္ဓာရီအစီအရင်တွေများ ရှိနေသလား မသိဘူး"

"ဟာ- အဲဒီကိစ္စတော့ မပြောချင်ဘူးဗျာ၊ ကျုပ်ဆရာကြီးက ဝိဇ္ဇာဓိုရ်ဆရာဖျိုင်းဗျ၊ သူက အလယ်လမ်း ဆရာကြီးဗျ"

"ဟေ- အလယ်လမ်း၊ ဟာ- ငါကြားဖူးတာ အထက်လမ်း၊ အောက်လမ်းပဲ ကြားဖူးတာကွ။ မင်းကျမှ အလယ်လမ်းဖြစ်ရတယ်လို့ ဟုတ်သေးဘူးထင်တယ်"

"ဩော်- ကိုရွှေနီကလည်း သူက အထက်တစ်ဝက် အောက်တစ်ဝက် ဆရာကြီးဗျ။ ဒါကြောင့် သူ့လမ်းကို အလယ်လမ်းဆရာကြီးလို့ ပြောတာပေါ့"

"ကောင်းကွာ၊ ပြောလိုက်မှဖြင့် ထူးထူးဆန်းဆန်းတွေချည်းပဲ။ ကိုင်း- ဆက်ပြောစမ်းပါဦးကွာ၊ မင်းဆရာကြီး နာမည်က ဝိဇ္ဇာဓိုရ် ဆရာဖျိုင်း ဟုတ်လား၊ ဘာလဲ သူ့မှာ ပီယဆေးရှိလို့လား"

"ဟာ- သူ့မှာ ဆေးတွေ ဂုတ်ပုံကြီး။ ကိုယ်ဖျောက်ချင်သလား၊ မိုးပျံချင်သလား၊ မြေလျှိုးချင်သလား ဗျာ၊ အိုဗျာ အကုန်ပိုင်တယ်။ ဒါပေမယ့် ကျုပ်ဆရာက မတစ်လုံးကျေ ဆရာဖျိုင်းလို့လည်း နာမည်ကြီးတယ်ဗျ"

"မတစ်လုံးကျေ၊ ဘာဖြစ်လို့တုံးကွ"

"ဟာ- သူ့မှာ မိန်းမပေါင်း ငါးဆယ့်ငါးယောက် ရှိတယ်ဗျ"

"ဟိုက်- ကြမ်းလှချည်လား"

"ကြမ်းတာတော့ မပြောနဲ့ဗျို့၊ လင်းတတစ်ကောင်ကို ဖမ်းပြီး ပါးစပ်ထဲ သွင်းလိုက်တာ နှာခေါင်းထဲက နံ့ပြီစုတ် ထွက်လာတယ်ဗျ"

"ဟိုက်- ပြောင်မြောက်လှချည်လားကွ"

"ဟာ- ဒါ အကင်းပဲ ရှိသေးတယ်"

"ဟုတ်လား၊ လုပ်ပါဦးကွ"

"တစ်ခါတုန်းက မြစ်အနောက်ဘက် သချိုင်းမှာ သူတစ်ယောက်တည်းဗျ၊ အဲဒါ မြေကြီးထဲက လူသေတွေကို အကုန် အသက်သွင်းပြီး အဲဒီရွာတည်လိုက်တယ်ဗျ"

"အင်- ကြောက်စရာကြီးကွ"

"ဟာ- အဲဒီလိုနဲ့ တည်ခဲ့တဲ့ရွာတွေ မနည်းတော့ဘူး။ သူသွားရင် အဲဒီရွာကလူတွေ ပြားပြားကို ဝပ်လို့ဗျ"

"အာပါး"



www.burmeseclassic.com

www.burmeseclassic.com



"[illegible]ပြောတာပေါ့ သူဟာ တကယ့်ဆရာကြီးဗျ။ ဒါပေမယ့် ဆရာကြီးက [illegible] ပတ်သက်လာရင် မရဘူးဗျ။ ယူလိုက်ရင်လည်း သူထက် အသက် ဆယ်နှစ် ဆယ့်ငါးနှစ်လောက်ကိုငယ်တဲ့ မိန်းမတွေဗျ။ အဲဒီ တစ်ချက်ကြောင့် ကျုပ်ဆရာကြီးက အထက်လမ်းဆရာကြီး မဖြစ်တာပေါ့၊ ဒါပေမယ့် သူက တစ်ခု ထူးဆန်းတယ်ဗျ"

"ဟင်- ဘာတုံးကွ"

"အဲဒီရွာတွေသွား ချောချောလှလှ မိန်းမတွေ့ယူ၊ မကြိုက်ရင် ထားခဲ့နဲ့ ရွာပေါင်း နှစ်ဆယ်ကျော်မှာ သူ့ကလေးတွေ ရာချီနေပြီဗျ"

"ဟာ- ဒါဆို သရဲတစ္ဆေတွေ ပိုပြီး အင်အားတောင့်တင်းလာပြီပေါ့။ မင်း ဆရာကြီးက ဘယ်လိုစီမံချက်နဲ့များ စီမံနေပါလိမ့်။ ကေန္ဒ တစ်ကမ္ဘာလုံးကို သရဲတစ္ဆေကမ္ဘာကြီး ဒါမှမဟုတ် ဂမ္ဘီရကမ္ဘာကြီးများ. . ."

"သိပ်ဟုတ်တာပေါ့ဗျာ၊ ဆရာဗျိုင်းက အတိုင်းတိုင်း အပြည်ပြည်မှာ သူ့ရဲ့ သရဲတစ္ဆေမြို့ရွာတွေတည်ပြီး ဂမ္ဘီရကေရာဇ်ကြီး လုပ်ချင်တာဗျ"

"ဟာ- အကြံကလည်း ကြီးပါ့ကွာ"

"ခင်ဗျားတို့ ကျုပ်ဆရာကြီးဆီမှာ တပည့်ခံကြည့်၊ အဋ္ဌာရသ တစ်ခုခု တော့ ရလာမှာပဲဗျ"

"အိမ်း- မင်းပြောတာနဲ့ ကြက်သီးတောင် ထသကွာ၊ သရဲတွေ တစ္ဆေတွေ ကြားမှာ ငါတို့ပါ တစ္ဆေသရဲတွေ ဖြစ်သွားရင် ဒုက္ခပါပဲ၊ မင်းပုံကြည့်ရတာလည်း မှင်စာလိုလို ပြိတ္တာလိုလိုပဲ။ ကေန္ဒ မင်းလည်း အဲဒီရွာသားများလားကွာ"

"ဟဲဟဲ ဒါကတော့ ဂမ္ဘီရဆန်တယ်ဗျ၊ ကျုပ်အကြောင်းကို မသိချင်စမ်းပါ နဲ့ဗျာ"

"အင်"

ဂျာဒေအးတစ်ယောက် စိတ်ထဲ ထင်ရာမြင်ရာ ဖြီးဖြန်းကာ ယုတ္တိရှိသည် မရှိသည်ကို မစဉ်းစားဘဲ ပြောချလိုက်၏။ သူ့အမူအရာက အတည်ပေါက် ဟန်ပန်များ ရှိနေသည်မို့ ရွှေနီတို့နှစ်ဦး တကယ်ပင် ယုံကြည်နေ၏။ ပုတ်သင်ညို မှာ လူဆိုးသူခိုးဘဝ ရောက်သော်လည်း ကြောက်စိတ်ကြီးလှသူဖြစ်၍ ဂျာအေး ကို တစိမ့်စိမ့်ကြည့်ရင်း ခေါင်းမွေးတွေ ထောင်လာ၏။

"ကို. . . ကိုဂျာအေး"

"ဘာတုံးဗျ"

"ခင်ဗျား လူရော လူ. . . လူစစ်စစ်မှ ဟုတ်ရဲ့လားဗျာ"





"ဒါတွေ မပြောစမ်းပါနဲ့ ပုတ်သင်ညိုရာ၊ အရေးကြီးတာ ခင်ဗျား ဘာဖြစ် ချင်သလဲ ပြောကြည့်"

"ဟင်- တ. . . တကယ်လား"

"တကယ်ပေါ့ဗျာ၊ မှတ်ထား ကျုပ်ဆရာက ဝိဇ္ဇာမိုရဲ အလယ်ဆရာကြီး ဆရာဗျိုင်း၊ ကျုပ်က အောက်လမ်းပညာကို ဂုဏ်ထူးနဲ့ အောင်ထားတာဗျ"

"ဟာ"

"ဩော်- ဒါကြောင့်ကိုး အေ့"

ရွှေနီရော ပုတ်သင်ညိုပါ ဂျာအေး၏ စကားကြောင့် မျက်လုံးပြူး မျက် ဆန်ပြူး ဖြစ်ကုန်ကြ၏။ ထိုအချိန်တွင် ပုလင်းထဲ အရက်ကုန်သွားပြီ ဖြစ်၏။ သူတို့ သုံးယောက်စလုံးလည်း သောက်ရင်းပြောရင်းနှင့် အတော့်ကို မူးနေကြပြီ ဖြစ်၏။ ပုတ်သင်ညိုမှာ ဂျာအေး၏ စကားကြောင့် မူးတူးတူးပင် ဖြစ်နေရာက တက်တက်ကြွကြွ ဖြစ်လာလေ၏။

"ကျုပ်. . . ကျုပ်မှာ တအားချစ်တဲ့ ကောင်မလေးတစ်ယောက် ရှိတယ်ဗျ၊ အဲဒီကောင်မလေး နာမည်က ဘဲဥတဲ့၊ နာမည်နဲ့လိုက်အောင် ဖြူစွတ်နေတာဗျ၊ ဒါပေမယ့် သူက ကျုပ်ကို မချစ်ဘူး၊ ပြီးတော့ သူ့မိဘတွေကလည်း ကျုပ်ကို နှစ်ကိုယ့်တစ်စိတ်တဲ့ဗျ"

"ဟင်- နှစ်ကိုယ့်တစ်စိတ် ဘာဖြစ်လို့လဲဗျ"

"ဟိုဗျာ ကျုပ်မျက်စိနှစ်လုံးက တောင်တစ်လုံး မြောက်တစ်လုံး ဖြစ်နေ တော့ အမြင်နှစ်မျိုး စိတ်နှစ်မျိုး ရှိလို့တဲ့ဗျာ၊ ဒါကြောင့် သဘောမတူဘူးပေါ့ဗျာ"

"ဩော်- ဒါကြောင့်ကိုး၊ ဒါက လွယ်ပါတယ်ဗျ၊ အဲဒီ မျက်စိနှစ်လုံး ပုံမှန် ဖြစ်စေချင်ရင် ဇလက်သာ၊ လင်းလေ၊ ပရုတ်၊ ငရုတ်သီး၊ လေးမျိုးကြိတ် တစ်နေ့ သုံးကြိမ်သောက်"

"ပျောက်ရောလားဗျ"

"ဟာ- ပျောက်တာမှ လူတောင် ပျောက်သွားနိုင်တယ်"

"ဗျာ၊ ဟာ- ကျုပ်က အဟုတ်မှတ်"

"တကယ် ပြောတာဗျ၊ မယုံရင် သောက်ကြည့်လေ၊ ဒါ တေဇောမမှန်လို့ အမြင်မသန်တာဗျ၊ တစ်နေ့ကို ငါးကြိမ်လောက် သောက်ကြည့်လိုက်၊ အဲဒီ အချက် ကောင်းသွားပြီဆို ခင်ဗျားရဲ့ ဘဲဥတို့၊ ငုံးဥတို့၊ မျောက်ဥတို့ ဘို. . . မှိုသမျှ ဥတွေ ခင်ဗျား မြုတ်စားလို့ ရပြီ"

"ဟာ- ကြမ်းလှချည်လားဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟဲဟဲ အောက်လမ်းက ဒီလောက်တော့ ရှိမှာပေါ့၊ အဲဒီဆေး တစ်နေ့ ငါးကြိမ်သောက်ပြီးရင် ညတိုင်း ထဘီဇောက်ထိုးဝတ်ပြီး အိပ်ကြည့်လိုက်၊ ဥတွေ အားလုံး ပြုတ်စားလို့ရပြီသာ မှတ်ပေတော့"

"စိတ်ဝင်စားစရာပဲဗျ"

ပုတ်သင်ညိုမှာ ဂျာအေးစကားကို သဘောအကျကြီး ကျနေ၏။ ထိုအချိန်တွင် ဆရာကြီး ရွှေနီခမျာ ဂျာအေး၏ စကားများကို ခေါင်းတညိတ်ညိတ်နှင့် နားထောင်နေရင်း မှုးမှုးဖြင့် အိပ်ပျော်သွားလေ၏။

ဂျာအေးနှင့် ပုတ်သင်ညိုတို့ နှစ်ဦးမှာ မဆုံးနိုင်သော စကားများကို ပြောဆိုနေကြဆဲ။

အခေါက်ကလေး ညဦးနက်မှ နှစ်ယောက်စလုံး ထိုင်ခုံပေါ်တွင် မှုးတူးမင်တင်နှင့် တခူးခူး အိပ်ပျော်သွားလေတော့၏။

⊙⊙⊙⊙⊙



## အခန်း (၅)

နောက်တစ်နေ့ မိုးအလင်းတွင် ထိုင်ခုံပေါ် တရှုးရှုး အိပ်ပျော်နေသော ရွှေနီနှင့် ပုတ်သင်ညိုတို့ လန့်နိုးလာကြ၏။ သူတို့နှစ်ယောက်စလုံး၏ ကိုယ်ပေါ်တွင် ကြိုးအထပ်ထပ်နှင့် ချည်နှောင်ထားသည်မို့ ပိုးတုံးလုံးကြီးများသဏ္ဍာန်ဖြစ်နေ၏။

"ဟ- ဘယ်လိုဖြစ်တာတုံး"

"လုပ်. . . လုပ်ပါဦး ဆရာကြီးရယ်"

"ဟာ- ငါလည်း မင်းလိုပဲကွ၊ တစ်ကိုယ်လုံး ကြိုးတွေ ချည်ထားလိုက်တာ နေရာလပ်တောင် မရှိဘူးကွ၊ ဧကန္တ ဟို အောက်လမ်းဆရာ ဂျာအေး လက်ချက်ဖြစ်ရမယ်"

"ဟာ- ဟုတ်ပြီဗျ၊ ကိုဂျာအေးက ကျုပ်တို့ကို သူ့ပညာနဲ့ စီရင်ခဲ့တာဖြစ်မယ်၊ ဒီအိမ်မှာ ဒီလောက်များလှတဲ့ ကြိုးတွေ မရှိဘူးဗျ၊ ဒါ မှော်ဝင်ကြိုးတွေဖြစ်ရမယ်"

"ဗုဒ္ဓေါ၊ ဒုက္ခပဲ၊ ငါတို့ ဒီလိုပဲ နေရတော့မှာလားကွာ"

"မပြောတတ်ပါဘူး ဆရာကြီးရယ်၊ ကျုပ်တို့တော့ ကိုယ်ကျိုးနည်းပြီထင်ပါရဲ့ဗျာ အီး . . ."

ရွှေနီနှင့် ပုတ်သင်ညိုတို့နှစ်ဦး ဂျာအေးလက်ချက်ကြောင့် အကြီးအကျယ် ဒုက္ခတွေ့နေကြစဉ် ဂျာအေးတစ်ယောက် မောင်ရွှေတို့အိမ်ဆီ ပြန်လည်ရောက်ရှိလာ၏။ မောင်ရွှေ၏ အရိပ်အယောင်ကို အိမ်ကြီးပေါ်တွင် မတွေ့ရသဖြင့် ဂျာအေး လည်နေ၏။ နောက်ဆုံး ခုတင်ထက် သာသာလေးထိုင်နေသော ခေါ်စိမ်းမျှင်၏ အခန်းထဲသို့ ဝင်လာလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



"အို- မောင်ဂျာအေးပါလား။ မင်း ဘယ်တွေလျှောက်သွားနေသတုံးကွယ်
"ဟို- ကိစ္စရှိလို့ပါ ကြီးစိမ်းရဲ့၊ ဟို- မောင်ရွှေရောဟင်"
"အဲဒါ ပြောတာပေါ့ကွယ်၊ မောင်ရွှေလည်း ဘယ်ရောက်လို့ ရောက်မှ
မသိ၊ ညကလည်း အိမ်ပြန် မအိပ်ဘူး။ ကြီးစိမ်းလည်း သူ့ကို စိတ်ပူပူနဲ့ မျှော်
တာကွယ့်၊ ရှာစမ်းပါဦး လူလေးရယ်"
"ဟင်- ဒါဆို မောင်ရွှေ ဘယ်များသွားပါလိမ့်"
ကြီးစိမ်း၏ စကားကြောင့် ဂျာအေး စိတ်ပူသွား၏။ ထို့ကြောင့်လည်
အိမ်ကြီးပေါ်မှ အလျှင်အမြန် ဆင်းခဲ့၏။ အိမ်တွင် တောက်တိုမယ်ရ လုပ်ကိုင်
သော ချစ်မွေးကို ခြံထောင့်တွင် တွေ့လိုက်ရ၏။ ချစ်မွေးက နာမည်နှင့် ဆန့်ကျ
ဘက်၊ မျက်နှာပြားပြား၊ နှုတ်ခမ်းမွေးစုတ်ဖွတ်ဖွတ်၊ အရပ် ကလန်ကလား၊ စကာ
ပြောဆိုရာတွင်လည်း ထစ်ထစ်ငေါ့ငေါ့။
"ကိုချစ်မွေး"
"ဟာ- ဂျာ. . .ဂျာအေး . . . ဘာ. . . ဘာ. . . ဘာကိစ္စ"
"ကျုပ်နဲ့ လိုက်ခဲ့စမ်းဗျာ၊ မောင်ရွှေ ပျောက်နေလို့ဗျ"
"ဟင်- ဟုတ်. . . ဟုတ်လား"
"လာစမ်းဗျာ"
ချစ်မွေးတစ်ယောက် ချာလည်လည်နှင့် ဂျာအေးနောက် ပါလာခဲ့လေ
သူတို့နှစ်ဦး မောင်ရွှေ သွားတတ်လာတတ်သည့် နေရာကို လှည့်ပတ်ရှာဖွေခဲ့
မောင်ရွှေက ရန်ကုန်ရောက်တာ မကြာသေး။ ဟိုဟိုဒီဒီ သွားတတ်လာတ
သည်တော့ မဟုတ်ပါချေ။ ထိုအခြေအနေကို တွက်မိသဖြင့် ဂျာအေး မစဉ်းစ
တတ်အောင်ပင် ဖြစ်နေ၏။
တစ်မြို့လည်း နှံ့အောင် ရှာပါသော်လည်း မောင်ရွှေ၏ အရိပ်အယော
ကို မမြင်ရ။ နောက်ဆုံး အအေးဆိုင်သို့ဝင်ကာ အနားယူလိုက်ကြ၏။
"ဘယ်. . . ဘယ်လို. . . လုပ်. . . လုပ်ကြမလဲကွ"
"ကျုပ်လည်း ဘယ်လိုမှ မစဉ်းစားတတ်တော့ဘူးဗျ။ မောင်ရွှေတစ်ယော
စိတ်ညစ်ညစ်နဲ့ ရေထဲများ ခုန်ချသွားပြီလား မသိဘူး၊ ဒုက္ခပါပဲ၊ ဒါမှမဟုတ
ရှူးများရှူးသွားပြီလား မသိဘူး"
"ဘယ်. . . ဘယ်လို ဖြစ်. . . ဖြစ်လို့တုံးကွ"
"နေပါဗျ၊ ကျုပ်တို့ မရှာရသေးတဲ့ နေရာတစ်နေရာ ရှိသေးတယ်ဗျ"



"ဟင်- ဘယ်. . . ဘယ်. . . နေ. . . ရာလဲကွ"
"ရှာကျောင်းဘက်ကောဗျ။ ဆရာတော် ဦးဇဝနက သူ့ဘကြီးလေ၊ အဲဒီကို
ကျုပ်တို့ သွားမရှာသေးဘူးဗျ"
"အေး- ဟုတ်. . . ဟုတ်. . . ဟုတ်နိုင်တယ်ကွ"
"ဒါဆို သွားမယ်ဗျ"
ပြောပြောဆိုဆိုနှင့် သူတို့နှစ်ဦး လိုင်းကားစီးကာ မြို့အနောက်ဘက်ရှိ
ကျေးကျောင်းဆီသို့ ရောက်ရှိလာ၏။ ကျောင်းဝင်းထဲအရောက်တွင် ပိတ်မြှုစင်
ကြယ်နှင့် တံမြက်စည်းလှည်းနေသော ဖိုးသူတော်တစ်ဦးဆီသို့ လျှောက်ခဲ့ကြ၏။
အနားရောက်သည်နှင့် ခေါင်းကြီးငုံ့ပြီး တံမြက်စည်းလှည်းကျင်းနေသော
ဖိုးသူတော်က သူတို့ကို စောင်းငဲ့ကြည့်လိုက်၏။
"ဟာ- မောင်ရွှေ"
"ဟင်- ကိုဂျာအေးပါလား"
"ဘယ်. . . ဘယ်လိုဖြစ်တာတုံး မောင်ရွှေရာ၊ မင်းအဖြစ်က ငါတောင်
ယုံနိုင်လောက်အောင်ပါလားကွာ။ ဘုရား ဘုရား အချစ်အတွက်နဲ့ ဖိုးသူတော်
ဝတ်ပစ်လိုက်တာပေါ့လေ ဟုတ်လား"
"ဟာ- ဟုတ်သေးပါဘူးကွာ"
"ကဲ- လာ လာကြ"
ဖိုးသူတော်ဝတ်ထားသော မောင်ရွှေကိုကြည့်ကာ ဂျာအေးရော ချစ်မွေးပါ
ကြောင်အမ်းအမ်း ဖြစ်နေကြ၏။ နောက်ဆုံး သူတို့သုံးဦး ဘုန်းတော်ကြီးကျောင်း
၏ အောက်ထပ်သို့ ဝင်ခဲ့လေ၏။ ဖိုးသူတော် မောင်ရွှေသည် သူတို့ရှေ့သို့
ဆန်းလျက်ခဲများ၊ ရေနွေးကြမ်းအိုးများ ချပေးလိုက်ပြီး မှုန်ကုပ်ကုပ်နှင့် ဝင်ထိုင်
လိုက်၏။
"ဘယ်လိုဖြစ်တာတုံး မောင်ရွှေရာ" ၂
"အချစ်ပေါ့ ကိုဂျာအေးရာ၊ ကျုပ် မခံစားနိုင်တော့ဘူးဗျ။ တော်ပြီဗျာ၊
ဆရာပြောရရင် သံသရာက ရှုပ်လည်းရှုပ်ပါ့။ အချစ် အမုန်း၊ နှလုံးသားဇာတ်ကြီး
နိုင်မနင်း ထောင်းခနဲ အပြတ်၊ ဘဝ ဖရိုဖရဲ"
"ဟာ- ဘာတွေတုံး၊ ဘာတွေ ရွတ်နေတာလဲ"
"ဩော်- သံဝေဂရမိတဲ့ အဖြစ်ကို ပြောတာပါ ကိုဂျာအေးရယ်၊ ဒါကြောင့်
လောကီအရေးကို ကျုပ် မတွေးရဲတော့ဘူးဗျ။ သံသရာနဲ့ အဆက်ဖြတ်လိုက်ချင်
တယ်။ ဒါပေမယ့် ကိုယ်က ဝါရင့်ပါရမီရှင်လည်း မဟုတ်သေးဘူးလေ၊ ဒါကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ဆရာတော်ကြီးဆီ ရှတ်လျှောက်ပြီး ဖိုးသူတော်ဝတ်လိုက်တာပဲ။ ခုဆို အချစ်တွေ အရှုံးတွေ နလုံးသားတွေ အားလုံး ပြားပြားဝပ်သွားကြပြီလေ"

"ဒုက္ခပါပဲ၊ ဒါဆို မောင်ရွှေက တစ်သက်လုံး ဝတ်လိုက်တော့မှာလား"

"အင်"

ဂျာအေးစကားကြောင့် ဖိုးသူတော် မောင်ရွှေ မျက်လုံးပြူးသွားလေ၏ မေးလိုက်သည့်မေးခွန်းက သူ့အရှိက်ကို အထိုးခံလိုက်ရသလိုပင်။ သူ့ကို မျက်မှ ရိပ် မျက်နှာကဲပြကာ တိုးတိုးတိတ်တိတ်ပြောရန် အချက်ပေးလိုက်ရ၏။

"ဆရာတော်ကြီး ကြားသွားဦးမယ်၊ ငါက တခြားကိစ္စ အကြောင်းပြပြီ ပြောခဲ့တာကွ၊ အချစ်ကြောင့်ဆိုတာ သိရင် မလွယ်ဘူး"

"အင်- မင်းဥစ္စာကလည်း တစ်မျိုးကြီးပါလား၊ ဒါဆို မင်းကို ရွှေဝါက ချစ်ပါတယ် ပြောလာရင် ဘယ်လိုလုပ်မလဲ"

"ဟင်"

"ပြောလေကွာ"

"ကိုဂျာအေး ဝေဒနာတွေ ငြိမ်သက်နေတာကို မဖွပါနဲ့တော့ဗျာ၊ လောက ရဲ့ သမုဒ္ဒယသားကောင်ဘဝကို ကျုပ် တကယ် ငြီးငွေ့သွားခဲ့တာပါဗျာ"

"ကောင်းပြီလေ၊ ဒါဆို ရွှေဝါနဲ့ မောင်ရင်တို့ရဲ့ဇာတ်လမ်းကို ဖျက်သိမ်း လိုက်တော့မယ်၊ ဒီတစ်သက် ဘယ်တော့မှ မကြိုးစားနဲ့တော့"

"ဗျာ"

"ဟုတ်တယ်၊ ရွှေဝါနဲ့တွေ့ရင် ငါ အပြတ်ပြောချလိုက်တော့မယ်ကွာ"

"အင်- ဒီ. . . ဒီလိုတော့ မလုပ်ပါနဲ့ဗျာ"

"ဟင်- မင်းပဲ သံသရာကို အပြန်တစ်ရာ ပြတ်ပြီဆိုကွ။ ဒီတော့ ငါလည်း သူ့ကို ပြတ်ပြတ်သားသားပဲ ပြန်ပြောလိုက်တော့မယ်။ ပြီးတော့ ငါ့မှာ ကိစ္စတစ် အရေးတကြီး ပေါ်လာလို့ မြစ်ဝကျွန်းပေါ်ဘက် ခရီးထွက်ရဦးမယ်ကွ"

"ဟင်- ဒါ. . . ဒါဆို အပြတ်တော့ မပြောပါနဲ့ဦး ကိုဂျာအေးရာ၊ ခင်ဗျာ လုပ်တာနဲ့ ကျုပ် ဘာဆုံးဖြတ်ရမှန်းတောင် မသိတော့ဘူး"

"ဘယ်လိုဖြစ်သွားတာတုံး"

"ဟို. . . ဟို ရွှေဝါကို အပြတ်မပြောပါနဲ့ဦးဗျ၊ ကျုပ်က ကိုယ့်စိတ်မနိုင် ခုလို ဝတ်မိတာပါ၊ ငါးရက်လောက် စောင့်ပြီးရင် ကျုပ် ထွက်လာမယ်၊ အဲဒီတော မှ ခရီးထွက်ပါဗျ၊ အိမ်မှာ ဘယ်သူမှ မရှိရင် ကြီးဒေါ် အခက်တွေ့နေဦးမယ်"

"ဟုတ်သားပဲ၊ ဒါဆိုလည်း မင်းကြီးဒေါ်ကို ငါပြောလိုက်ပါ့မယ်"





"ဟိုး . . ရွှေဝါက ကျုပ်ကို စိတ်လည်ဖို့ ရှိလားဗျ"

"ဟာ- သိပ်ရှိတာပေါ့ကွ၊ မိန်းမဆိုတာ ကိုယ့်ချစ်သူကိုတော့ အကောင်း ပကတိ မြင်ချင်တာပေါ့ကွ"

"ကျုပ်က ဘာဖြစ်နေလို့လဲဗျ၊ အားလုံး အလတ်ကြီးပဲဟာ"

"ဟုတ်ဘူးကွ၊ ငါပြောတာ ကိုယ့်ချစ်သူကို ချိုကျိုးနားရွက်ပဲ့ပုံစံ မဖြစ်စေ ချင်ဘူးလေကွာ။ ဖြစ်နိုင်ရင် စင်းလုံးချော အပြစ်ကင်းတဲ့လူပဲ ဖြစ်ချင်တာပေါ့၊ ဒါကြောင့် မင်းကို သူက လိုချင်တဲ့အချက်တွေ မပြည့်စုံလို့ ငြင်းတာပေါ့။ တကယ်သာ အဲဒီချက်တွေ ပြည့်စုံရင် မင်း အခုချိန်မှာ ရွှေဝါနဲ့ တတွဲတွဲ ဖြစ်နေပြီ ကွ"

"ဟယ်- တကယ်လားဗျ"

"ဩော်- တကယ်ပေါ့ မောင်ရွှေရာ"

"ဟာ- ဒါဆို ငါးရက်က များတယ်၊ သုံးရက်ပဲ စောင့်ဗျ"

"ဟင်- လောလှချည်လား၊ ကြာကြာပြောရင် မင်းဥစ္စာ ခုချက်ချင်း လူထွက် မယ့်ကိန်းပဲ"

"ဟဲဟဲ ချစ်တာကိုးဗျ"

"ကဲကဲ ဒါဆို ငါတို့ပြန်ကြမယ်၊ ကြီးဒေါ်ကိုလည်း အသေအချာ ပြောလိုက် ပါ့မယ်ကွာ၊ မင်းသာ အေးအေးဆေးဆေး နေခဲ့ပေတော့"

ဂျာအေးတို့နှစ်ယောက် မောင်ရွှေကို နှုတ်ဆက်ကာ ကျောင်းဆီမှ ပြန်ခဲ့ ကြလေ၏။ အိမ်ပြန်ရောက်သည်နှင့် ဂျာအေးက မောင်ရွှေအဖြစ်ကို ကြီးဒေါ် လုပ်သူအား ရှင်းပြလိုက်၏။ သူ့စကားကြောင့် ကြီးဒေါ်လုပ်သူပင် တအံ့တသြ ဖြစ်နေ၏။

"အလိုတော် ဘယ်လိုဘယ်လို ဖိုးသူတော်ဝတ်သွားရတာတုံး၊ ဝတ်ချင်း ဝတ် ဘုန်းကြီးဝတ်လိုက်ပါလား၊ ခုတော့ တောင်မကျ မြောက်မကျနဲ့"

"သူပြောတော့ သုံးရက်ပဲတဲ့"

"ဟုတ်လား ဘယ်လိုကြီးပါလိမ့်ကွယ်၊ အင်း. . . မင်းတို့နှစ်ယောက်လည်း ဗွဲရုံကိစ္စကို မေ့နေကြပြီထင်ပါ့"

"ဗျာ၊ ဟို- မမေ့ပါဘူး ကြီးစိမ်းရယ်"

"အေး၊ လောလောဆယ်တော့ ပွဲရုံမှာ လူတစ်ယောက် ခန့်ထားလိုက်ပြီ ာမည်က ရိုးရိုးယဉ်တဲ့"

"ဗျာ၊ ရိုးရိုးယဉ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘတ်တယ် ဟိအား အလုပ်လုပ်တဲ့ ကောင်မလေး။ လုပ်ငန်းလည်း ကျွမ်းကျင်တယ် ဖြီးတော့ ကုန်သည်လောကကိုလည်း ကျင်ကျင်လည်လည် သည်းခံနိုင်တယ်၊ ဒါကြောင့် ကြီးစိမ်း ခန့်လိုက်တာ။ မင်းတို့ သူနဲ့ အေးက ဝိုင်းလုပ်ပေးရုံပါပဲ။ ငါ့စိတ်ထင်တော့ ရှိုးရှိုးလေးဟာ ပွဲရုံတစ်ခုလုံးကို ကောင်းကောင်း အုပ်ချုပ်နိုင်မယ့်ပုံပဲဟေ့"

"ဟုတ် . . . ဟုတ်ကဲ့"

"စောစောကပဲ ပြောထားမယ်နော်၊ ရှိုးရှိုးဟာ ငါ့ယောက်ျားဘက်က တူမလေးနော်၊ ရှိုးရှိုးအေးအေးလေး။ အလုပ်ကိစ္စကလွဲလို့ ဘာမှသိတာ မဟုတ်ဘူး။ ဒီတော့ မင်းရော ဟို ဖိုးသူတော် လူထွက်ကိုရော သတိပေးထားမယ်၊ ကောင်မလေး စိတ်ညစ်အောင်တော့ မလုပ်ကြနဲ့နော်"

"ဟာ- ကြီး . . . ကြီးစိမ်းကလည်းဗျာ၊ ကျုပ်တို့က ဒီလောက်လည်း မဟုတ်ပါဘူး"

"တော်စမ်းပါကွယ်၊ ဟို ဖိုးသူတော် မောင်ရွှေအကြောင်း ငါ မသိဘူးများ အောက်မေ့နေသလား ဟင်း . . .၊ သွားတော့ ကြက်သားကြော် ရှိတယ်၊ ပဲကုလားဟင်းကို ငါးခေါင်းနဲ့ ချက်ထားတယ် မင်းအကြိုက်ပဲ"

"ကျေးဇူးပဲ ကြီးစိမ်းရေ"

ဒေါ်စိမ်းမျှင်မှာ တူတော်မောင် မောင်ရွှေနှင့် ဆက်နွယ်ပြီး ဂျာအေးကို သားအရင်းပမာ ခင်တွယ်မိ၏။ ထို့ကြောင့်လည်း စားတာသောက်တာကအစ ဘာကြိုက်သည်ကို သိနေလေ၏။ ဂျာအေးမှာ ရေနံချောင်းတစ်ဖက်ကမ်း ကျွန်းပေါ်တွင် ဆင်းဆင်းရဲရဲ မွဲမွဲတေတေ ပေပေတတ်တတ် နေထိုင်ခဲ့ရသည့်ဘဝကိုပင် မေ့နေပြီဖြစ်၏။

ရန်ကုန်အိမ်ကြီးပေါ်တွင် ကျကျနန စားရသောက်ရမို့ လက်ရှိဘဝကို အရသာတွေ့နေသည်ဟု ဆိုရချေမည်။ ထို့ပြင် ခေတ်မီစွာဖြင့် ပြင်ဆင်ဖြီးလိမ်းထားကြသော ရန်ကုန်သူလေးများကို မြင်ရသောအခါ သူ့စိတ်ထဲ အစွဲကြီး စွဲနေလေတော့၏။

ယခုလည်း ရှိုးရှိုးယဉ်ဆိုသော ကောင်မလေးအမည်ကို ကြားလိုက်ရသည်နှင့် နှလုံးသားတွေ ခုန်ဆွခုန်ဆွ ဖြစ်နေ၏။ သူ့ရင်ထဲ ဆေးရုံက ဆရာမလော်ရာပင် မေ့တေ့တေ့ ဖြစ်နေချေပြီ။

ဒေါ်စိမ်းမျှင်ကိုယ်တိုင် စီမံချက်ပြုတ်ထားသည့် ဟင်းထမင်းများ အဝကြိတ်ပြီးသည်နှင့် ပွဲရုံဘက်သို့ လျှောက်ခဲ့၏။ ရှိုးရှိုးယဉ် အလုပ်ဝင်သည်မှာလည်း တစ်ပတ်ပင် မပြည့်သေး။ ဒေါ်စိမ်းမျှင်ကိုယ်တိုင် ဂျာအေးတို့နှစ်ဦးကို အသိမပေးဘဲ ခန့်အပ်ခဲ့ခြင်း ဖြစ်လေ၏။

ဂျာအေးသည် ပွဲရုံဘက်ရောက်သည်နှင့် အံ့ဩသွား၏။ ကုန်ကားကြီးသုံးလေးစီးကို ပလက်ဖောင်းဘေးတွင် တွေ့လိုက်ရပြီး မြစိမ်းရောင် လောင်းကုတ်လေးဝတ်၍ စီမံခန့်ခွဲနေသော ရှိုးရှိုးယဉ်ကို တွေ့လိုက်ရ၏။

အရပ်က မားမားမြင့်မြင့်၊ ဆံပင်က ကျောပြင်ပေါ်သို့ ဖြန့်ချထားပြီး တံကောက်ကွေးအထိ ရှည်လျားလှ၏။ နှာတံပေါ်ပေါ် မျက်ခုံးထူထူလေးနှင့် အလွန်တရာမှ ချစ်စရာ၊ စွဲမက်စရာ ကောင်းလှသော ရှိုးရှိုးယဉ်လေးကိုကြည့်ပြီး ပါးစပ်အဟောင်းသား ဖြစ်နေ၏။

ထိုစဉ် ပွဲရုံအလုပ်သမား သွားခေါ စံဖေက ဂျာအေးကို မြင်သွား၏။ စံဖေက လူမမြင်ရခင် သွားအရင် မြင်ရသည်ဟု ဆိုရပေမလား မသိ။

"ဟာ- ကိုဂျာအေးပါလား၊ လာလေဗျာ"

"ဩော်- အေးအေး"

"ဟောဒါ ကျုပ်တို့ပွဲရုံရဲ့ မန်နေဂျာ ရှိုးရှိုးယဉ်လေဗျာ"

"ဩော်- ကိုဂျာအေးဆိုတာ ထင်တယ်"

"ဟာ- ဟုတ်တယ်၊ ခင်ဗျား တော်တော့်ကို လှတယ်ဗျာ"

"ရှင်"

"ဩော်- ကျွန်တော် ပြောချင်တာ တစ်မျိုးပါ၊ ဟို လူဟာ ဥပမိရုပ်လည်း သိတယ်ဗျ၊ လုပ်ငန်းခွင်မှာ ဥပမိရုပ်ကလည်း ဩဇာသက်ရောက်မှု ရှိတာပဲဗျ ဆိုဟဲ"

"ဩော်- ဒါလား၊ ဒီလောက်လည်း မဟုတ်ပါဘူးရှင်"

"ကျွန်တော် ဘာကူညီရမလဲပြော၊ ကြီးစိမ်းက မရှိုးရှိုးရဲ့သတင်းကို ပြောနေတာဗျ၊ အဲဒါကြောင့် ကျွန်တော် လာကြည့်တာပေါ့"

"ဟုတ်လား၊ ဟို . . . ကိုရွှေ ဆိုလား"

"သူက ဖိုးသူတော် ဝတ်နေတယ်လေ"

"ရှင်၊ ဘယ်လိုဖြစ်သွားတာလဲ"

"ဟို . . . အဲ- ရှူး . . . ရှူးသွားတာလေ၊ ပြောရရင် သည်းခြေပျက်သွားတာပေါ့"

"အို- ဘုရား ဘုရား"

"အဲဒီ မောင်ရွှေဆိုတဲ့ ငတက အချစ်ရူး ရူးသွားတာ မရှိုးရှိုးရဲ့ ဒီတော့







www.burmeseclassic.com

www.burmeseclassic.com



[illegible]သလောက် ရှိသွားပါပြီဗျာ"

"ဟုတ်လား အဲ. . . အဲဒီ ကိုရွှေက ကြီးကြီးစိမ်းရဲ့ တူတော်မောင်နော်၊ ကြီးကြီးစိမ်းက ကိုရွှေနဲ့ ကိုဂျာအေးကို တူလိုသားလိုချစ်တာ။ ကျွန်မနဲ့တွေ့တော့ တတွတ်တွတ် ပြောနေကြတာ။ ကဲ- ကိုဂျာအေး ဆိုင်ထဲမှာ ခဏထိုင်ဦးနော်၊ ကျွန်မ လုပ်စရာရှိတာ ဆက်လုပ်လိုက်ဦးမယ်"

"ရပါတယ်ဗျာ၊ စိတ်ချလက်ချလုပ်ပါ"

ရှိုးရှိုးယဉ်သည် သူ့ကို ပြုံးဖွဲ့ဖွဲ့နှင့် ပြောဆိုကာ ဆိုင်ရှေ့သို့ ထွက်သွား၏။ ဂျာအေးခမျာ ရှိုးရှိုးယဉ်၏ လုံးကျစ်ကျစ် အသွင်ကလေးကို ကြည့်ကာ ရင်တဖိုဖို ခံစားနေရ၏။

ထိုစဉ် သူ့အနားသို့ သွားခေါ်စံဖေ ရောက်လာ၏။ ဂျာအေးကို သုံးလေးခါ ခေါ်သော်လည်း ခေါ်မရ ဖြစ်နေ၍ မနည်းကြီး အော်ခေါ်မှ သတိဝင်လာ၏။

"ဟာ- စံဖေကလည်း လန့်လိုက်တာကွာ"

"ဘယ်လိုဖြစ်နေတာတုံးဗျ၊ မရှိုးရှိုးကို ကြည့်လိုက်တာ အသက်တောင် ပျောက်သွားပြီလား အောက်မေ့ရတယ်"

"ဟာ- စံဖေကလည်း ဒါ သဘာဝပဲလေကွာ၊ လှတာမြင်ရင် ညစာတောင် မခင်ဘူးကွ၊ အဲဒါ မင်းမှ မခံစားတတ်တာပဲကွ"

"ဟာ- ခင်ဗျားကတော့ လွန်ပါ့ဗျာ"

"ဟဲဟဲ ဘာမဆို စိတ်လွှန်လက်လွန် ခံစားတတ်ရတယ် စံဖေရ၊ ဘယ်တော့မှ တုံးလုံးတွဲလောင်း မဖြစ်စေနဲ့"

"ရှင်"

"ဟ- ရှိုးရှိုး လာလာ၊ ဘယ်လိုလဲ အဆင်ပြေရဲ့လား"

"ပြေပါတယ်ရှင်၊ အထက်ပိုင်းက ဆီကားနှစ်စီးနဲ့ ပဲကားသုံးစီး ဝင်လာတယ်လေ၊ အားလုံးတော့ စီစဉ်ပြီးပါပြီ၊ ကိုဂျာအေး ဘာစားပြီးပြီလဲ"

"ဗျာ"

"ဟိုရှေ့ကဆိုင်မှာ သွားစားရအောင်၊ ရှိုးရှိုးက ဒကာခံပါ့မယ်"

"ဗျာ၊ ဟဲဟဲ"

"ကိုင်း- သွားမယ်"

"ဟဲဟဲ"

"ကိုဂျာအေး"

"ဘာလဲ ကိုစံဖေ"





"တဟဲဟဲနဲ့ စကားတောင် မပြောနိုင်တော့ပါလားဗျ"

"ဟာ- စံဖေကလည်း ဟဲဟဲ"

ရှိုးရှိုးယဉ်၏ သိမ်မွေ့သောအပြုံး နူးညံ့သော အပြောကြား ဂျာအေး တလည်လည် ဖြစ်နေ၏။ ဆိုင်ရောက်သည်နှင့် ရှိုးရှိုးယဉ်က ဦးဆောင်ပြီး စားဖွယ်သောက်ဖွယ်များမှာကာ ဂျာအေးကို ပြုစုလေ၏။ ဂျာအေးတစ်ယောက် နတ်ပြည်ရောက်သွားသည့်အလား ခံစားနေရ၏။

အလွန်တရာမှ လှပချောမောသော ရှိုးရှိုးယဉ်၏ မျက်နှာနုနုလေးကို ပါဝါဗို့အားကြီးလှသော အကြည့်များနှင့် ငေးမောနေလေ၏။

"ကိုဂျာအေး"

"ခင်ဗျာ"

"ဘာဖြစ်လို့ လူကို ဒီလောက်တောင် ကြည့်နေရတာလဲ"

"ဩော်- ဟို မရှိုးရှိုးက တအားကို လှရက်ပါ့ဗျာ"

"အို- ဒါပဲ ပြောနေတာပဲ၊ ကဲ- စားလေ"

"ဟုတ်ကဲ့"

ဂျာအေးတစ်ယောက် ရှိုးရှိုးယဉ်ထံမှ လွင့်ပျံ့လာသော ကိုယ်သင်းနံ့လေးကြောင့် မေ့မူးသွားမတတ် ခံစားရလေ၏။ ရှိုးရှိုးယဉ်နား တဝဲဝဲလုပ်နေသည်မို့ မောင်ရွှေထံ သွားရန်ပင် မေ့နေ၏။

သို့နှင့် သုံးရက်မြောက်သောနေ့တွင် ဖိုးသူတော်မောင်ရွှေတစ်ယောက် ဖိုးသူတော်ဝတ်ရုံလဲကာ ပွဲရုံသို့ အလျင်အမြန် ရောက်ရှိလာလေ၏။ တစ်ခေါင်းလုံး ပြောင်နေအောင် ရိတ်ထားပြီး လည်ကတုံးအဖြူ ပုဆိုးအဖြူအနက် ကွက်ကျားဝတ်ထားသည်မို့ ဝေးဝေးကကြည့်လျှင် ဘိုးတော်ပေါက်စနှင့် တူလှ၏။

ထိုအချိန်တွင် ဂျာအေးတစ်ယောက် ရှိုးရှိုးယဉ်၏ ဘေးထိုင်ကာ စာရင်းဇယားများ ကြည့်ချင်ယောင်ဆောင်ကာ တိတ်တခိုး ပိုးပန်းနေ၏။

"ကိုဂျာအေး"

"ဟင်- မင်း"

"ဟာ- ကျုပ် မော်င်ရွှေလေ"

"ဩော်- မောင်ရွှေ ဖိုးသူတော်"

"အို- အရှူး"

"ဗျာ"

"ဟို- မင်း . . . မင်း ထွက်လာပြီလား"



www.burmeseclassic.com

www.burmeseclassic.com



"[illegible] ကိုဂျာအေးရာ ခင်ဗျားတလည်း ကျောင်းကို တစ်ခေါက်တောင် [illegible] သူ. . . သူက ဘယ်သူလဲ"

"ဒါ ကြီးစိမ်းခန့်ထားတဲ့ မန်နေဂျာအသစ်လေ၊ မရှိုးရှိုးယဉ်တဲ့"

"ဗျာ၊ ချော. . . ချောလှချည်လား"

"မောင်ရွှေ"

"ဗျာ"

"သတိထားလေကွာ၊ ဒါ ငါတို့ မန်နေဂျာကွ၊ ရိုရိုသေသေ လုပ်စမ်းပါကွာ"

"ဩော်- ဟုတ်. . . ဟုတ်သားပဲ"

"မရှိုးရှိုး လား၊ ဒါ မောင်ရွှေပဲ"

"ဩော်- ဟို ရှူးသွားတယ်. . ."

"ဗျာ"

"အဲလေ သည်းခြေပျက်ပြီး ပြန်ကောင်းသွားတဲ့ ကိုမောင်ရွှေ"

"ဗုဒ္ဓေါ ဘာ. . . ဘာတွေတုံး၊ ကိုဂျာအေး ခင်ဗျား ဘာတွေပြောထားသလဲဗျာ"

"ဩော်- မင်းက အချစ်ကြောင့် သည်းခြေပျက်သွားဖူးတယ်လို့ ပြောတာပါကွာ၊ ငါက ဘာလို့ ညာပြောရမှာလဲ"

"ဟင်- ခင်ဗျားကလည်းဗျာ"

"ဘာလဲ၊ မင်းက မဟုတ်လို့လား"

"ဟုတ်တော့ ဟုတ်ပါတယ်၊ ဒါပေမယ့် အဲဒီလိုတော့ မပြောသင့်ဘူးဗျာ"

"ငါက အမှန်ကို မြတ်နိုးတာကွ"

"အင်"

"ကိုင်း- မင်း ချစ်မိုးကြီးဆိုင်ကို သွားမလား၊ ငါတော့ မရောက်သေးဘူးကွ"

"ဟို. . . သွားရအောင်ဗျာ"

"ဒါဆို ငါလည်းလိုက်မယ်"

ပြောပြောဆိုဆိုနှင့် ထိုင်ရာမှထကာ နှစ်ယောက်သား ရွှေဝါလေးရှိသည့် ချစ်မိုးကြီး ထမင်းဆိုင်ဆီသို့ ထွက်ခဲ့ကြလေတော့၏။ မောင်ရွှေခမျာ ပြောင်လက်နေသောကတုံးကို တပွတ်ပွတ်လုပ်ရင်း ရင်တခုန်ခုန် ခံစားနေရလေ၏။

သူတို့နှစ်ဦး ထမင်းဆိုင်သို့အရောက်တွင် ရွှေဝါ၏ အရိပ်အယောင်ကို မမြင်ရသဖြင့် မောင်ရွှေခမျာ ပြောင်သလင်းခါနေသော ကတုံးကိုပွတ်ရင်း ချွေးခြင်းများစွာဖြင့် သောကရောက်နေ၏။ ထိုစဉ် ဆိုင်အနောက်ဘက်မှ ထမင်းဟင်း





ခပ်သည့် ကုလားမလေး ထွက်လာ၏။

"နာ. . . နာရီ"

"ဘာတုံး ကိုရွှေကြီး"

"ဟို- ရွှေ. . . ရွှေဝါရော မမြင်ပါလားကွယ်"

"ဩော်- ကိုရွှေကြီးတလည်း မမဝါ ရွာပြန်သွားပြီလေ"

"ဟိုက်- ဘာ. . . ဘာဖြစ်လို့လဲကွယ်"

"ကျွန်မ နားစွန်နားဖျားကြားတာတော့ မင်္ဂလာဆောင်ကိစ္စပဲ"

"အလို"

"ဟိုက်- မောင်ရွှေရေ ဘုရားတ,ပေတော့"

"နာ. . . နာရီ"

"ဘာလဲ ကိုရွှေကြီးရယ်၊ ကျွန်မမှာ လုပ်စရာတွေ ရှိသေးတယ်"

"အေးပါဟာ ဟို. . . မင်္ဂလာကိစ္စဆိုတာ ဘယ်သူ့မင်္ဂလာလဲ"

"မပြောတတ်ဘူးလေ၊ တောက သူတို့အမျိုးတွေလာလို့ ပြန်ထည့်လိုက်ရတယ်၊ ဒေါ်လေးစိန်လည်း လိုက်သွားတယ်၊ ခု ဆိုင်မှာ ဒေါ်လေးစိန်ရဲ့ ညီမ တစ်ဝမ်းကွဲပဲ ရှိတယ်"

"ဟိုက်- ဒါ. . . ဒါဆို ကိုယ်ကျိုးတော့ နည်းပြီထင်မါတယ်"

"အဲဒါတော့ နာရီလည်း မသိဘူး၊ ဘုရားမှာ ဆုတောင်းပေါ့"

"ဒုက္ခပါပဲ ကိုဂျာအေးရေ"

"ဘာလဲ မောင်ရွှေ"

"ကျုပ် ဘာလုပ်ရမလဲဗျာ"

"ဖိုးသူတော် ပြန်ဝတ်လိုက်ပါလား"

"ဗျာ၊ ဟို- မကောင်းပါဘူးဗျာ၊ ဒုက္ခပါပဲ ဘယ်ဝဋ်ကြွေးကြောင့်လည်း ရွှေဝါရယ်၊ နီးရက်နဲ့ ဝေးရတော့မှာလားကွယ်၊ တစ်ဦးမေတ္တာ တစ်ဦးမှာဆိုတဲ့ စကားပုံပြင်လေး . . ."

"မောင်ရွှေ"

"ဗျာ၊ ကိုဂျာအေး"

"ဒီလောက်လည်း မရှူးစမ်းပါနဲ့၊ အရေးကြီးတာက မရွှေဝါ ရွာပြန်တာ သူ့မင်္ဂလာကိစ္စပဲ ဖြစ်ပါလိမ့်မယ်"

"အင်- ဝိုပြီး ခံရခက်လှတယ်ဗျာ"

"ဘာမှ တွေးမနေနဲ့၊ ဖူးစာဆိုတာ ဦးရာလူပဲ မောင်ရွှေရဲ့ မင်းက ထိပ်ဆုံး

www.burmeseclassic.com

www.burmeseclassic.com



ကရအောင် တန်းမစီဘဲ အုံလကျိမ္မလကျိ လုပ်နေတာကိုးကွ"

"အင်- အချစ်ဆိုတာ တန်းစီရသလားဗျ"

"ဒါပေါ့ကွာ၊ ကြားဖြတ်သင့်ရင် ဖြတ်ရတယ်၊ ကျော်သင့်ရင်ကျော်၊ နင်းသင့်ရင် နင်းရတယ်ကွ"

"ကြမ်းလှချည်လားဗျာ၊ နောက်တအော်မယ်၊ ခဲနဲ့ထုမယ်ဆိုရင်ကောဗျာ"

"ဟာ- ခံလိုက်ပေါ့ကွာ၊ အချစ်အတွက် အသက်ပင်သေသေလို့တောင် စာဆိုရှိတယ် မဟုတ်လား"

"ဒုက္ခပါပဲ၊ ဒါဆို ဘယ်သူများ ကျော်တက်သွားပါလိမ့်"

"အဲဒါတွေ ပြောမနေနဲ့၊ ရွှေဝါ့လိပ်စာကို ရအောင်မေးပေတော့ မောင်ရွှေရ၊ အချစ်ဆိုတာ တစ်ခါတစ်ခါတော့ စွန့်စားသင့်ရင် စွန့်စားရမှာပဲ"

ဂျာအေး၏ အမွှတ်ိုက်တွန်းမှုကြောင့် မောင်ရွှေ၏စိတ်တွေ ချောက်ချားလာ၏။ ရူးချင်သလိုလို ဖြစ်လာ၏။ ရွှေဝါကို သူ အဆုံးမခံနိုင်၊ ရွှေဝါသည် သူ့ဘဝ၏ ကမ္ဘာတစ်ခြမ်း၊ သူ့ဘဝမှာ ရွှေဝါ မရှိလျှင် ကမ္ဘာမရှိသလိုပင်။ ထို့ကြောင့် ကုလားမလေး နာရီကို လိပ်စာအရဲစွန့်ပြီး မေးခဲ့၏။

ရွှေဝါတို့ ရွာကလေးက ရန်ကုန် - ပဲခူး လမ်းမပေါ်ရှိ ရွာကလေးတစ်ရွာမှ ဖြစ်၏။ ရွာနာမည်မှာ ကောက်ချဲဟု အမည်ရ၏။

သိပ်မဝေးလှသည်မို့ သူတို့နှစ်ဦး ကြုံရာရထားနှင့် ဒရောသောပါး လိုက်ခဲ့ကြလေ၏။ မောင်ရွှေတစ်ယောက် လမ်းတစ်လျှောက်လုံး သမ္မာဒွေဂါထာတော်ကြီးကို ရွတ်ဆိုနေ၏။ သူ့တစ်ပါးလက်ထဲ ရွှေဝါလေး ထည့်လိုက်ရတော့မည်မို့ စိတ်တခြား လူတခြား ဖြစ်နေ၏။ ဘယ်နည်းနဲ့မှ ရွှေဝါလေးကို သူ့တစ်ပါးလက် အပါမခံနိုင်၊ ဖြစ်နိုင်လျှင် အကြမ်းပတမ်းနည်းသုံးကာ ခိုးပြေးဖို့ပင် မိုက်မိုက်မဲမဲ ကြံစည်လာခဲ့သည်မို့ သူ့တစ်ကိုယ်လုံး ဝုန်းဆန်နေလေတော့၏။

○○○○○



## အခန်း (၆)

ကောက်ချဲရွာကလေးမှာ ရထားလမ်းနှင့် မနီးလေးတစ်ပြလောက်သာ ဝေးသုံးပြီး လယ်ကွင်းများကို ကျော်ဖြတ်သွားရ၏။ ရထားပေါ်က ဆင်းသည်နှင့် သူတို့နှစ်ဦး ဘူတာဘေးရှိ အအေးဆိုင်ကလေးတွင် ဝင်၍ထိုင်လိုက်၏။

"မောင်ရွှေ"

"ဘာလဲ ကိုဂျာအေး"

"ငါတို့ ဒီအတိုင်း ဖြောင်သွားရင် ပြဿနာတွေ ဖြစ်ကုန်လိမ့်မယ်ကွ"

"ဟင်- ဒါ. . . ဒါဆို ဘယ်လိုလုပ်ကြမလဲ၊ ကျွန်တော် ရွှေဝါကို အဆုံးရှုံးခံနိုင်ဘူးဗျာ၊ ခိုးပြေးလို့ရရင် ပြေးမယ်ဗျာ"

"အင်- မင်းဉာဏ် တော်တော့်ကို ကြောက်စရာကောင်းလှပါလားကွာ။ နေဦးကွ၊ ဒီကိစ္စ ခေါင်းသုံးမှ ဖြစ်မယ့်ကိစ္စကွ"

"ဗျာ၊ ဘယ်လိုသုံးမှာလဲ"

"နေဦးကွ ငါ စဉ်းစားဦးမယ်၊ ရွာမှာ လူခံလည်း မရှိတော့ ပိုဆိုးသကွ၊ ဟာဟော နားထောင်စမ်း"

"ဗျာ၊ ဘာ. . . ဘာသံလဲဗျ"

"ခေတ်စက်သံ ကြားတယ် မဟုတ်လား"

"ဟင်- ကြား . . . ကြားတယ်၊ ဒုက္ခပါပဲ ဒါ ရွှေဝါတို့ မင်္ဂလာဆောင်ကဖြစ်မယ်၊ ကိုဂျာအေး သွားကြစို့ဗျာ"

"နေပါဦးကွာ၊ မစဉ်းမစားဘဲလုပ်ရင် ပြဿနာပေါင်းစုံ ဖြစ်လာလိမ့်မယ်၊ တော့ ဒီလိုလုပ်ပါလား"

"ဗျာ၊ ဘယ်လိုလုပ်မလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ငါ ရွာကို အရင်သွားနှင့်မယ်၊ မင်း ဘူတာရုံမှာ စောင့်ရင်စောင့် ဒါမှ
မဟုတ် ဒီဆိုင်မှာပဲ စောင့်ရင်စောင့်၊ ငါ ဦးဆုံး သွားစုံစမ်းမယ်၊ ရွှေဝါတို့ကို
သေချာပြီဆိုရင် ငါ ရွှေဝါကို မရရအောင် တွေ့မယ်။ ပြီးတော့ မင်း ပါလာတာ
ငါပြောမယ်၊ ဖြစ်နိုင်ရင် ငါလှည့်ထုတ်လာခဲ့မယ်ကွာ၊ မင်းပါလာတော့ မင်းစိတ်
မင်းနိုင်တာလည်း မဟုတ်ဘူးကွ၊ ဒီတော့ ရှုပ်ကုန်လိမ့်မယ်"

"အင်"

"ဘယ်လို သဘောရသလဲကွ"

ဂျာအေး၏ စကားကြောင့် မောင်ရွှေ တွေခနဲ ဖြစ်သွား၏။ ဘာကိုဆုံးဖြတ်
ရမှန်းပင် မသိ။ သူ့စိတ်ထဲ ရွှေဝါနှင့်အတူ နေလိုခြင်းသာရှိ၏။ သို့သော် ဂျာအေး
ချပြလာသည့်စကားက မှန်နေသည်မို့ ဂျာအေးသည် ဆိုင်ထဲမှ ထွက်ခွာလာခဲ့ပြီး
ဘူတာရုံဘေး လမ်းလေးအတိုင်း ဆင်းခဲ့၏။

"ဟာ- ဒုက္ခပါပဲကွာ၊ ဒီနွားက လမ်းမှ ဖြောင့်ဖြောင့်မသွားတတ်ရင် အလ
ကားပဲ၊ တောက်- အရေးထဲ ဘီးက နွံထဲ နစ်နေရသေးတယ်"

"ဟင်- ဘာဖြစ်တာလဲဗျ၊ လှည်းဘီး ကျွံနေလို့လား"

"ဟုတ်ပါ့ သူငယ်ရယ်၊ လမ်းဘေးကို ဆွဲချသွားတာပဲ၊ ကျုပ်က တစ်
ယောက်တည်းဆိုတော့ ခက်ပါ့ကွယ်"

"ဟာ- မပူပါနဲ့ ကျုပ်တူညီပါ့မယ်"

"ဟင်- ကျေးဇူးတင်လိုက်တာကွယ်"

"ကဲ- ဦးကြီးလှည်းပေါ်တက်၊ ကျုပ် ကျွံနေတဲ့ဘီးကို ရအောင်မ,ပေးမယ်"

"ကျေးဇူးပါပဲကွယ်"

လှည်းလမ်းအဝတွင် နွံနစ်နေသော လှည်းတစ်စီးကို တွေ့လိုက်ရ၏
လှမ်းဘေးတွင် တဆူဆူ တဆောင့်ဆောင့်နှင့် နွားတွေကို အော်ဟစ်နေသော
လယ်သမားကြီးတစ်ဦးကို တွေ့လိုက်ရ၏။ ဂျာအေးသည် လူငယ်ပီပီ လယ်
သမားကြီး၏ အခက်အခဲကို ဝင်ရောက် ကူညီလိုက်လေ၏။

"ကိုင်း- မ,ပြီဗျို့"

"အေး- ကျုပ် နွားတွေ ရုန်းနိုင်အောင် မောင်းလိုက်မယ်"

"အီး . . . အီး"

"ဟဲ့နွား ရုန်းပါဟ၊ ဟဲ့"

"အီး . . . အီး"

"ကြွ . . . ကြွပြီဟေ့၊ ရုန်း ရုန်းပါဟ"





"အီး . . . အီး . . . အား ရပြီ"

"တော်ပါသေးရဲ့ကွယ်၊ ကဲ- သူငယ် ဘယ်သွားမှာလဲ၊ လှည်းပေါ်တက်
လေ"

"ကျုပ် ကောက်ချဲကို သွားမလို့ဗျ"

"ဟာ- ကျုပ်ကလည်း ကောက်ချဲကပဲ။ တက်ပါ၊ ကျုပ် လိုက်ပို့ပေးပါစေ၊
ကောက်ချဲက ဘယ်သူ့ဆီ သွားမှာလဲ"

"ဟို- အဲဒီမှာ ရွာခံအသိတော့ မရှိဘူးဗျ၊ ဟို ဓာတ်စက်ဖွင့်နေတဲ့ အိမ်ကို
သွားမလို့လေ"

"ဪ- ဒါဆိုတက်လေ၊ အဲဒါ ကျော်မြင့်တို့အိမ်က ဖွင့်တာ"

"ဟုတ်လား၊ ဒါဆို အဲဒီ ကျော်မြင့်ဆီ သွားမယ်ဗျ"

"ဟာ- ကျော်မြင့်က ကျုပ်ထက်တောင် ကြီးတာဗျ၊ အရွယ်က ခုနစ်ဆယ်
ကျော်နေပြီ၊ သူငယ်ထက် အများကြီး ကြီးတာကို ဘယ့်နှယ် ကျော်မြင့်လို့
ခေါ်ရသတုံးကွ"

"ဗျာ၊ ဟဲဟဲ စကားမှားသွားလို့ပါ ဦးကြီးရယ်"

"ကဲ- တက်တက် သွားကြမယ်"

ပြောပြောဆိုဆိုနှင့် သူတို့နှစ်ဦး လှည်းတစ်စီးနှင့် ရွာဘက်သို့ ထွက်ခဲ့ကြ
လေ၏။ လမ်းတစ်လျှောက်လုံး စကားတပြောပြောနှင့် လာခဲ့ကြ၏။ လှည်း
သမားကြီး၏ အမည်မှာ ဦးဖိုးယုန်ဟု အမည်ရပြီး သဘောမနောလည်း ကောင်း
သူပေ၏။ စပါးအကြောင်း၊ လယ်ထွက်အသီးအနှံများအကြောင်း ပြောရင်း
စကားတပြောပြောနှင့် လာခဲ့ကြရာ နောက်ဆုံး ရွာထဲသို့ ရောက်ရှိလာလေတော့
၏။

ဦးဖိုးယုန်သည် နွားများကို အော်ရင်းငေါက်ရင်း ဘိုးကျော်မြင့်တို့ အိမ်ဝိုင်း
ရှေ့ ရပ်ပေးလိုက်၏။ အိမ်ဝိုင်းထဲတွင် လူသူရှုပ်ထွေးနေပြီး ဓာတ်စက်သံကလည်း
ဘငေါ်ငေါ် တဂွိဂွိနှင့် ဆူညံနေ၏။

"မောင်ဂျာအေး၊ အဲဒါ ဘိုးကျော်မြင့်တို့ အိမ်ဝိုင်းပဲကွ၊ ကျုပ်အိမ်က ဒီလမ်း
အဆုံးမှာ ရှိတယ်၊ အပြန်ဝင်ခဲ့ဦးနော်"

"ဟုတ် . . . ဟုတ်ကဲ့"

ဂျာအေးခမျာ လှည်းပေါ်က ဆင်းသာဆင်းနေသော်လည်း စိတ်ထဲ
အတုန်ကယင် ဖြစ်နေ၏။ ဘိုးကျော်မြင့် ဆိုသူကိုလည်း သူ မမြင်ဖူးဘူး၊ ရွာကို
သည်း တစ်ခါမှ မရောက်ဖူးဘူးသည်မို့ ကြောင်စီစီ ခံစားနေရလေ၏။ အိမ်ဝိုင်း



www.burmeseclassic.com

www.burmeseclassic.com



ထားသော ဖွတ်လာကြသူများကလည်း သူ့ကို ပြုံးကြောင်ပြုံးကြောင်နှင့် ကြည့်သွားကြ၏။

ဟန်ကိုယ့်ဖို့ဆိုသည့် စကားအတိုင်း ဂျာအေးသည် လျော့ရဲရဲ ဖြစ်နေသော စိတ်ကိုတင်းကာ အိမ်ဝိုင်းထဲသို့ ခေါင်းတည်မောင်းတည် ဝင်လာခဲ့လေ၏။

"အောင်မယ်လေး ကိုသာမြရဲ့ မြို့က ရှင့်သူငယ်ချင်းတွေ ယာနေပြီလေ ထကြည့်ပါဦး ကိုသာမြရဲ့ အီး . . . ဟီး"

"ဟာ"

"အောင်မယ်လေး သွားလေသူကြီးရဲ့၊ လူချစ်လူခင်များလှတဲ့ မေတ္တာရှင်ကြီးရဲ့၊ ဟိုမှာ မြို့က ရှင့်သူငယ်ချင်း လာနေပြီလေ၊ စကားတွေ ထပြောပါဦးလား အီး . . . ဟီး"

"ဗုဒ္ဓေါ သွားပြီ၊ ငါတော့ လွဲပြီ"

ရုတ်တရက် ကောက်ကာငင်ကာ အော်ဟစ်ငိုယိုလိုက်သည့် အသံကြောင့် ဂျာအေး တွန့်ခနဲ ဖြစ်သွား၏။ မြင်ကွင်းက ဘယ်လိုမှ မှန်းမထားသော မြင်ကွင်း၊ တဲရှေ့တွင် အလောင်းစင်ကြီး ပြင်ထားပြီး အလောင်းဘေးတွင် အမျိုးသမီးငယ် တစ်ဦးက သူ ဝင်လာသည်နှင့် အော်ဟစ်တိုင်တည် ငိုကြွေးလေတော့၏။

ဂျာအေးခမျာ ဆုပ်လည်းစူး စားလည်းရှူး အခြေအနေမို့ ကြောင်စီစီနှင့် ခင်းထားသော ခေါက်ကုလားထိုင်တွင် ဝင်၍ထိုင်လိုက်ရလေ၏။ သူ့လို ထိုင်နေသည့် ရွာသားတွေကလည်း လေးငါးဦးရှိ၏။

"နောင်ကြီးလာတာ အချိန်မီသဗျို့၊ မဟုတ်ရင် ဒီနေ့လယ် သင်္ဂြိုဟ်တော့ မလို့ဗျ၊ ဘယ်က လာသတုံး"

"ဟို . . . ကျုပ် ရန်ကုန်ကပဲ"

"သြော်- ဟုတ်မှာပါပဲ၊ ကိုသာမြလည်း ရန်ကုန်မှာ အလုပ်လုပ်နေတာဗျ ဒီပြန်ရောက်တာ နှစ်လပဲ ရှိသေးတယ်"

"ဘယ်လိုဖြစ်လို့ ဆုံးသွားတာလဲ"

"ဟို- ပိုးထိလို့လေ၊ ဆေးရုံတောင် ပို့ဖို့ အချိန်မရလိုက်ပါဘူးဗျာ"

"ဟင်- ဟုတ်လား"

"သာမြဟာ တအား ဝီရိယကြီးတဲ့လူဗျ၊ သားတွေ သမီးတွေကို သူတစ် ယောက်တည်း ရုန်းကန်ရှာကျွေးနေတာ။ ခုလည်း မိုးမလင်းသေးဘူး ယာထဲ ဆင်းပြီး ပေါင်းသင်ဖို့ လုပ်တာလေ၊ ဝီရိယကြီးလွန်းတော့ တောထဲတောင်ထဲ သဲသဲကွဲကွဲ မမြင်ဘဲ ထွန်ရေးငင်ဖို့ ပေါင်းသင်နေတုန်း ပိုးထိတာပေါ့"





"ဟုတ်လား၊ အံ့ဩစရာပဲဗျာ"

"အေးအေးလူလူမှ ပြန်ပေါ့ဗျာ၊ ကျုပ်က သာမြရဲ့ယောက်ဖ မောင်စောပါ။ ဒီမှာ တစ်ညအိပ် မနက်မှ ထပြန်ပေါ့"

"ဗျာ၊ ဟို- ကျုပ်မှာ ကိစ္စလေးတွေ ရှိသေးလို့"

"ဒါဆို မြေကျတော့ စောင့်ပါဦး"

"ဟုတ် . . . ဟုတ်ကဲ့"

ဂျာအေး ဘာပြောလို့ ပြောရမှန်းပင် မသိတော့၊ သူ့ကိုယ်သူ သာမြ၏ သူငယ်ချင်းပမာ ဟန်ဆောင်၍ အလိုက်သင့် ပြောခဲ့ ဆိုခဲ့ရလေ၏။ လူတွေကလည်း သူ့ကို ရန်ကုန်က ဧည့်သည်ဆိုပြီး နေရာပေးခဲ့ကြသည်မို့ အတော်ကလေး အကျပ်ရိုက်နေရ၏။

ထိုအချိန်တွင် စင်ပေါ်တင်ထားသော ကိုသာမြ၏အလောင်းကို ခေါင်းထဲ ထည့်ကာ မြေမြှုပ်ရန် ကြံစည်နေကြ၏။ ဂျာအေးမှာလည်း အူလည်လည်နှင့် ထကာ ဟိုဟိုဒီဒီ လုပ်နေရ၏။ ထိုစဉ် ကာလသားခေါင်းက သူ့ကို အရက် တစ်ပိုင်းကို ပုန်းလျှိုးကွယ်လျှိုး တိုက်လာသဖြင့် လူကွယ်ရာတွင် ငွပ်ခနဲ မော့ချ လိုက်၏။

ထို့နောက် အလောင်းကို သင်္ချိုင်းဘက်သို့ သယ်ဆောင်ခဲ့ရာ ကိုသာမြ ဇနီးသည် မယ်ခင်၏အသံက တစ်လမ်းလုံး စီစီညံနေ၏။ ကြေးစည်ရိုက်သံ၊ ခွေးဟူသံ၊ မယ်ခင့်ငိုသံနှင့် တစ်ရွာလုံး ပွက်လောညံနေ၏။ ထိုစဉ် ခတ်စက်မှ အဆိုတော် မျိုးမြင့်လေး၏ နေကာမျက်မှန်လေး သီချင်းသံကလည်း ဖွာလောင် ဗွာလောင်နှင့် ဆူဝေနေပေ၏။

သို့နှင့် သင်္ချိုင်းသို့အရောက်တွင် ဂျာအေးလည်း ကာလသားအုပ်ထဲ ရောက်ကာ အလောင်းမြေကျရန် စိစဉ်နေ၏။

"ကိုဂျာအေး"

"ဗျာ၊ ဟာ- မရွှေဝါ"

"ရှင် . . . ရှင် ဘယ်လိုလုပ်"

"ရှူး . . . တိုးတိုးပြောပါဗျ"

"အင်"

လူအုပ်ထဲမှ ခေါ်သံကြောင့် ဖျတ်ခနဲ လှည့်ကြည့်လိုက်ရာ ရွှေဝါကို တွေ့ လိုက်ရ၏။ စိတ်ထဲ ဝမ်းပန်းတသာ ဖြစ်မိသော်လည်း သူခင်းထားသည့်ဇာတ်ကို ဆန့်နှင့်ပန့်နှင့် ဆက်တနေရ၏။ အလောင်းမြေကျသွားသည်နှင့် ရွှေဝါအနား



www.burmeseclassic.com

www.burmeseclassic.com



သို့ ဆောင်မလည် ရောက်ရှိသွားလေ၏။ ရွှေဝါမှာ ဂျာအေး၏ လုပ်ပုံကိုင်ပုံ ကြည့်ပြီး အတော်ကလေးကို အံ့ဩနေ၏။

"ဘယ်. . . ဘယ်လိုဖြစ်တာတုံး၊ ကိုကြီးသာမြနဲ့ ရှင်က သိလို့လား"

"ဟာ- အဖြစ်ကတော့ ပြောတောင် မပြောချင်တော့ပါဘူး မရွှေဝါရယ် ကိုင်း- ကျုပ်တို့ တစ်နေရာရာမှာ စကားသွားပြောရအောင်"

"ဟို. . . အိမ်လိုက်ခဲ့လေ၊ အိမ်မှာ အမေရော၊ အဖေရော ရှိတယ်"

"ဟာ- ခင်ဗျားအမေရှိရင် မလွယ်"

"ဩော်- အမေနဲ့ အဖေက လယ်ထဲဆင်းသွားပြီ၊ ကျွန်မအစ်မပဲ ရှိတယ်"

"ဟင်- ဟုတ်လား၊ ခင်ဗျားအစ်မက ခင်ဗျားလိုပဲ ချောလား"

"ရှင် ဘာတွေ မေးနေတာတုံး"

"ဩော်- ဟုတ်သားပဲ၊ ကိုင်း- ဒါဆို သွားစို့ဗျာ၊ ကြာကြာဆက်နေရင် ကျုပ်ပါ ရေစက်ချတဲ့အထဲ ပါနေရော့မယ်"

"ကဲ- လာလာ"

ပြောပြောဆိုဆိုနှင့် သချိုင်းထဲမှ ထွက်ခဲ့ကြပြီး ရွာမြောက်ဖျားရှိ မရွှေဝါ အိမ်ကလေးဆီသို့ ရောက်ရှိလာလေ၏။ မရွှေဝါတို့၏ အိမ်ကလေးမှာ ပျဉ်ထောင်အိမ်ကလေးဖြစ်ပြီး သပ်သပ်ရပ်ရပ်နှင့် နေချင့်စဖွယ်ကောင်းလှ၏။

အိမ်ဝိုင်းထဲရောက်တော့ ကွပ်ပျစ်ပေါ် ဝင်ထိုင်လိုက်၏။ အိမ်နောက်ဘက်မှ မရွှေဝါ၏ အစ်မဖြစ်သူ မနေဝါ ရောက်ရှိလာလေ၏။ လက်ထဲတွင် ယွန်းလင်ပန်းနှင့် စားသောက်ဖွယ်ရာများ ပါလာ၏။

"ဟောဒါ ကျွန်မအစ်မ  မနေဝါတဲ့၊ ကျွန်မလိုပဲ လှတယ်ချောတယ်လေ"

"အို"

"ဟာ- ဟုတ်ပ၊ တော်တော့်ကို ချောတာပဲ"

"ရှင်"

"ဟဲဟဲဟဲ ဟို တစ်မျိုးမထင်ပါနဲ့နော်၊ ကျုပ်နာမည် ဂျာအေး၊ မရွှေဝါနဲ့ သူငယ်ချင်းလေ"

"ဟုတ်လား၊ စားပါသောက်ပါရှင်"

"စားမှာပေါ့ဗျာ"

"ကိုဂျာအေး ရှင် အရက်တွေ သောက်ထားတယ် မဟုတ်လား၊ ကျွန်မက အရက်သမားဆို. . ."

"ဩော်- မရွှေဝါကလည်း ကျုပ် အကျုပ်တည်းကြားက မျက်နှာပြောင်



တိုက်ပြီး ကျော့်ဖြတ်ခဲ့ရတာဗျ၊ ဒီလောက်လေးတော့ ခွင့်လွှတ်ပါဗျာ"

"ဟိုတစ်ယောက်လည်း အဲဒီလိုနေမှာပဲ"

"ဟာ- မောင်ရွှေက လူရိုးလေးပါ မရွှေဝါရယ်၊ ခုလည်း သူ့ကိစ္စနဲ့ လိုက်လာတာ၊ သူ့ကို ဘုတာရုံမှာထားခဲ့တာ ခုမှ သတိရတယ်ဗျ"

"ရှင်၊ ဘူတာရုံမှာ ဟို. . . ဘာလာလုပ်ကြတာလဲ"

"ဟိုဗျာ. . . အဲ ဘာပြောရမလဲတောင် မသိဘူး"

"ရှင်"

ဂျာအေး၏ အချာချာစကားကြောင့် မရွှေဝါပင် လည်နေ၏။ သူ့ရွာသို့ ဂျာအေး ထူးထူးဆန်းဆန်း ရောက်လာသည်မို့ မအံ့ဩဘဲ မနေနိုင်တော့။ ဂျာအေးသည် ဟိုကုတ်ဒီကုတ်လုပ်ရင်း အခြေအနေကို ကြည့်လိုက်၏။ ထိုအချိန်တွင် ရွှေဝါ၏အစ်မ နေဝါတစ်ယောက် မီးဖိုချောင်ထဲ ဝင်သွားသည်ကို တွေ့လိုက်ရသဖြင့် လေသံတိုးတိုးနှင့် ပြောလိုက်ရ၏။

"ဟို. . . မရွှေဝါ မင်္ဂလာဆောင်တော့မလို့ဆို"

"ရှင်"

"ကျွန်တော်ပြောတာ ဟုတ်လား"

"အို- မဟုတ်တာဘဲ"

"ဟိုက်- ဒါဆို မင်္ဂလာကိစ္စနဲ့ ရွာပြန်တယ်ဆိုတာ"

"ဩော်- အဲဒါ ကျွန်မအစ်မ မနေဝါလေ၊ လာမယ့်အပတ်ထဲမှာ မင်္ဂလာပွဲလုပ်မှာရှင့်၊ ဒါကြောင့် ကျွန်မက ကြိုပြီး ပြန်လာတာ၊ ကျွန်မ မင်္ဂလာဆောင်လို့ ဘယ်သူက ပြောသလဲ ပြောစမ်း၊ ဒါ သက်သက် ကျွန်မကို အပုပ်ချတာပဲ"

"ဩော်- ထား ထားပါတော့ဗျာ၊ ကျုပ်ကောင်က ဖိုးသူတော်ဝတ်ရက်က ထွက်ထွက်လာပြီး ခင်ဗျားသတင်းလည်းကြားရော အတင်း လိုက်ချလာတာဗျ"

"ဟင်- ဒုက္ခပါပဲ၊ သေသေချာချာလည်း မစုံစမ်းကြဘူး၊ အားကြီး နမော်နမဲ့ နိုင်တယ်"

"ဟုတ်ပ့ါဗျာ၊ ဟိုကောင်လည်း အဲဒီသတင်း ကြားပြီးကတည်းက ဘာဆို ဘာမှ မမြင်တော့ဘူးဗျ၊ ဒုက္ခပါပဲ ဒီကောင်လည်း ဘူတာရုံမှာ ဘယ်လိုဖြစ်နေပြီလဲတောင် မသိဘူး"

"ဒုက္ခပါပဲ၊ ရှင်တို့လုပ်လိုက်ရင် တလွဲချည်းပဲ"

"အေးဗျာ၊ အကုန် တလွဲချည်းပဲ။ ခုလည်းကြည့် အလိုလိုနေရင်း အသူ့ကိစ္စထဲ ရောပါသွားတာ ကံကောင်းလို့ ကျွန်တော့်ကိုပါ သငြိုဟ်. . ."



www.burmeseclassic.com

www.burmeseclassic.com



"အို- ဘာတွေ လျှောက်ပြောနေတာလဲ"

ဂျာအေးသည် သူကြုံခဲ့ရသည့် တလွဲတချော် အခြေအနေများကို ရှင်းပြလိုက်၏။ ရွှေဝါခမျာ သူပြောသမျှကို နားထောင်ရင်း ပြုံးတုံးပြတဲ ဖြစ်နေ၏။

"ဒုက္ခပါပဲ၊ ရှင်တို့နှစ်ယောက်က လိုက်လည်းလိုက်ပ့ါ။ ကဲ- ဒါဆိုလည်း သူ့ကို အမြန်သွားခေါ်လေ၊ တော်ကြာ ဘူတာရုံမှာ အိပ်ပျော်နေဦးမယ်၊ နေဦး အိမ်ကလှည်းနဲ့သွား၊ ကျွန်မမောင်တစ်ဝမ်းကွဲလေး ထည့်လိုက်မယ်"

"ကောင်းတာပေါ့ဗျာ"

ရွှေဝါ၏ မောင်ဝမ်းကွဲအမည်မှာ သူတော်၊ အသားမည်းမည်း၊ အသက်က နှစ်ဆယ်မကျော်သေးသော်လည်း လူပုံသဏ္ဌာန်က ရာဝင်အိုးကြီးပမာ။ ဝဝ ဖိုင့်ဖိုင့်နှင့် လှည်းပေါ် လုံးတုံးတုံးနှင့် တက်လာပြီး ထိုင်လိုက်၏။

"ဟာ- ရာဝင်အိုးကြီး"

"ဟဲဟဲ နည်းနည်းဝတယ်ဗျ"

"ဟာ- မင်းဥစ္စာ နည်းနည်း မဟုတ်ဘူးကွ၊ တအား ဝနေတာ။ ဘာတွေစားသတုံး"

"ဟဲဟဲ တစ်နေ့ ထမင်းငါးခါစားတယ်၊ တစ်ခါစားရင် ဆန်နှစ်လုံးချက်"

"ဟိုက်- လူမှ ဟုတ်ရဲ့လားကွ"

"ဟာဗျာ၊ ခင်ဗျားကလည်း ကျုပ်က လူပါဗျ"

ဂျာအေးစကားကြောင့် သူတော် ကျွဲမြီးတိုလာ၏။ စီးစီးပိုးပိုး ပြောဆိုလာသဖြင့် မျက်နှာကြီးက ခရမ်းချဉ်သီးတစ်လုံးပမာ နီရဲလာ၏။ စိတ်တိုတိုနှင့် နွားလှည်းကို သုတ်ခြေတင်မောင်းနှင်ခဲ့ရာ ရွာအထွက် ချောင်းလေးတစ်ခုပေါ် အဖြတ်တွင် ဂျာအေးစကားကြောင့် သူတော် ပေါက်ကွဲသွား၏။

"ဝတာတော့ သိပ်မကောင်းဘူးကွ၊ ကြာရင် ပြဿနာဖြစ်လာမယ်၊ ပြဿနာဘဝကနေ အမွှေးအမှင် ရှည်လာပြီး ဘီလူးတို့ တစ္ဆေ. . ."

"ဘာ- ခင်. . . ခင်ဗျား စော်ကား ကဲကွာ"

"ဖြောင်း"

"ဘုံး"

"ဟာ"

"ဝုန်း ဒုန်း"

"ဗွမ်း အောင်မယ်လေး သေပါပြီ"

သူတော်တစ်ယောက် စိတ်ဆိုးပြီး နွားပြာကြီးတင်ပါးကို နှင်တံနှင့် တအားရိုက်ပစ်လိုက်ရာ လှည်းဘီးကြီးက တံတားကိုချော်၍ ရေထဲ ထိုးဆင်းသွားလေရာ လှည်းကြီးပါ ချောင်းထဲ ပြုတ်ကျလေ၏။ ဂျာအေးရော သူပါ ချောင်းထဲ ပြုတ်ကျသွားလေ၏။

"ဖရှုး. . . ရေမကူးတတ်ဘူး၊ ကယ်ပါ"

"ခင်ဗျား ကျုပ်ကို ပြဿနာလို့ ပြောဦးမလား"

"အင်- ကယ်. . . ကယ်ပါ"

"ပြောလေ၊ ကတိပေးရင် ကယ်မယ်"

"ဟာ- ငါမှန်တာ ဖရှုး . . . ဝူး . . . ဝူး နစ်တော့မယ်"

"ဒါဆို ကျုပ်ပြောတာ သဘောတူလား"

"တူ. . . တူပါတယ်၊ ဖရှုး. . . ဝူး . . . အွး . . . အီး"

"ကတိတည်ရမယ်နော်"

"နစ်. ၁ . နစ်နေပြီ"

ဂျာအေးတစ်ယောက် ဝါးတစ်ရိုက်ခန့်အနက်ရှိသော ချောင်းထဲ ယက်ကန်ယက်ကန် ဖြစ်နေ၏။ သူက အညာသားဖြစ်သော်လည်း ဧရာဝတီမြစ်ဘေး နေထိုင်သဖြင့် ရေကို ထိုက်သင့်သလောက် ကူးတတ်၏။ သို့သော် ယခု ကြုံနေတွေ့နေရသည့်ချောင်းက ရေစီးလည်း သန်သလို၊ နက်လည်းနက်လှ၏။ ထို့ကြောင့်လည်း မြုပ်ချည်ပေါ်ချည် ဖြစ်နေ၏။

သူတော်ကတော့ သူ၏ ဝကစ်ကစ်ကိုယ်လုံးကြီးကို ရေပေါ် ဖော့ထားနိုင်၏။ ဂျာအေးထံမှ သူ မကြားချင်သော စကားကို မပြောရန် ကတိရမှ ကယ်တင်လိုက်လေ၏။ ဂျာအေးခမျာ တစ်ကိုယ်လုံး ရွှဲရွှဲစိုနေ၏။ နွားနှစ်ကောင်မှာလည်း ရေထဲ ယက်ကန်ယက်ကန် ဖြစ်နေ၍ မနည်း ဆွဲတင်လိုက်၏။ လှည်းဒေါက်တွေ ကျိုးကုန်သဖြင့် နောက်ဆုံးတော့ ဂျာအေးတစ်ယောက်တည်း ဘူတာရုံသို့ လျှောက်ခဲ့ရလေ၏။

ထိုအချိန်တွင် တစ်ယောက်တည်း အကျပ်ရိုက်နေသူမှာ မောင်ရွှေပင်။ ရွှေဝါနှင့် ရင်ဆိုင်ရတော့မည်မို့ အကြီးအကျယ် ချောက်ချားနေ၏။ ကတုံးပြောင်ပြောင် မျက်နှာပြုပြုနှင့် အလွန်တရာမှ အကြည့်ရဆိုးလှသော ရုပ်ရည်ကို ရွှေဝါ မြင်သွားလျှင် မုန်းတီးသွားမည်ကို စိုးရိမ်နေ၏။

ထို့ကြောင့်လည်း ရဲဆေးတင်သည့်သဘောနှင့် ဘူတာရုံ အနောက်ဘက်ရှိ ခွက်ပုန်းဆိုင်ထဲဝင်ကာ မီးတောက်အရက် လေးငါးပတ်ခန့် သောက်ပစ်လိုက်၏။ အသောက်သမား မဟုတ်သဖြင့် သောက်ပြီးသည်နှင့် ဆိုင်ထဲတွင် ကျမ်းထိုး




www.burmeseclassic.com

www.burmeseclassic.com



ရောက်ခဲ့ ဖြစ်သွားခဲ့၏။

ထိုအခါ ဆိုင်ရှင်ကိုယ်တိုင် သူ့ကိုထမ်းကာ ရေထဲနှစ်ခဲ့ရ၏။ သံပရာရည်များ နားထဲထည့် ညှစ်ခဲ့၏။ စက္ကူပြာချကာ တိုက်ခဲ့၏။ နည်းပေါင်းစုံနဲ့ အမူးပြေအောင်လုပ်သော်လည်း အမူးမပြေနိုင်။ နောက်ဆုံး ဆိုင်အနောက်ဘက် ရေကန်ထဲတွင်ချပြီး ရေစိမ်ခိုင်းထား၏။

ဂျာအေး သွားချိန်တွင် မောင်ရွှေတစ်ယောက် ရေကန်စပ်တွင် တစ်ကိုယ်လုံး ပေပေကျံကျံနှင့် ထိုင်နေ၏။ အရက်ဒဏ်ကြောင့် လူလည်း ညောင်နာနာဖြစ်နေ၏။ ရှံ့တွေကလည်း ပွရှနေ၏။

"ဟာ- ဘယ်လိုဖြစ်တာလဲ မောင်ရွှေ"

"မြင်တဲ့အတိုင်းပဲ ကိုဂျာအေးရယ်၊ ကျုပ်တော့ ကိုယ်ကျိုးနည်းပြီ ထင်ပါရဲ့ဗျာ"

"ဘယ်လိုဖြစ်လို့ တစ်ကိုယ်လုံး ပေကျံ၊ အရက်နံ့တွေကလည်း ချဉ်စုတ်စုတ်နဲ့ ဒုက္ခပါပဲ၊ နွံထဲ ကျွဲစိမ်နေသလိုပဲ"

"ပြောပေတော့ဗျာ၊ ကျုပ်ကို တွဲပါဦးဗျ"

"ဟာ-၊မဟုတ်သေးဘူး၊ ခု မောင်ရင့်ကို ရွှေဝါက ခေါ်ခိုင်းလိုက်ပြီကွ"

"ဗျာ၊ ရွှေ. . . ရွှေဝါက ခေါ်ခိုင်းတယ်"

"ဟုတ်ပ၊ ဒီပုံနဲ့ မင်း ဘယ်လို မျက်နှာသွားပြမလဲ ပြောပါဦး"

"အင်- ဒုက္ခ. . . ဒုက္ခပါပဲ၊ ကျုပ် ဘယ်လိုလုပ်ရမလဲဟင်၊ ဟာ- ခင်ဗျားလည်း တစ်ကိုယ်လုံး ရွှဲရွှဲစိုနေပါလား၊ ဘယ်လိုဖြစ်တာတုံး၊ ဘယ်သူက ရေနဲ့ပက်တာလဲ"

"မမေးတော့နဲ့ကွ၊ မင်းရော ငါပါ နွံလူးကျွဲတွေ ဖြစ်နေပြီ၊ ရွှေဝါဆီကို ဒီအတိုင်းသွားရင် ရွာသားတွေမြင်ပြီး ထွက်ပြေးကုန်မှာကွ"

"ဒုက္ခပါပဲဗျာ၊ ကြံစမ်းပါဦး ကိုဂျာအေးရယ်၊ ကျုပ်တော့ သေသာသေလိုက်ချင်တော့သဗျာ၊ ရွှေဝါလေးနဲ့ ရင်ဆိုင်ရမှာကြောက်လို့ အရက်သောက်မိတာ ခုတော့ အရက်မူးပြီး လူလည်း ကျွဲဖြစ်နေပြီ"

"တုံးပါကွာ၊ ကိုင်း- ဒါဆို အရက်ဆိုင်ရှင်ဆီက အကျႌနဲ့ ပုဆိုးငှားကွာ၊ ငါက အရေးမကြီးဘူး၊ မင်းက အရေးကြီးတယ်၊ ရေချိုးပစ်လိုက်၊ ကွမ်းတွေဝါးလိုက် ဒါဆို ကောင်းသွားလိမ့်မယ်"

"ဟာ- ဟုတ်ပြီ"

"မြန်မြန်လုပ်ကွာ၊ သွားပြောကြည့်စမ်း"





"ဟုတ်ကဲ့"

နောက်ဆုံး မောင်ရွှေတစ်ယောက် ဆိုင်ရှင်ကို ဦးချမတတ် တောင်းပန်ပြီး ရေမိုးချိုးကာ မတော်မလျော် အဝတ်အစားများ ဝတ်လိုက်၏။ ထို့နောက် ကွမ်းပလုတ်ပလောင်းဝါးကာ ရွှေဝါတို့ရွာဆီသို့ တက်သုတ်နှင်၍ လျှောက်ခဲ့လေတော့၏။

OOOOO



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

"ဟယ်- ကိုသာမြရဲ့ သူငယ်ချင်းတွေပါလား၊ ကျွန်မဖြင့် ရှာလိုက်ရတာ။ လာကြလေ၊ ရက်လည်မှ ပြန်ကြပေါ့"

"ဗျာ"

"လာလာ ဖေဖေက ညသည် ဘယ်ရောက်သွားလဲ တမေးတည်း မေးနေတာ။ အိမ်လိုက်ခဲ့ကြလေ၊ ဟိုဟိုဒီဒီ လျှောက်မသွားကြပါနဲ့၊ ခုချိန် ရွာအပြင်မှာ မြွေ တအားပေါတာ"

"အင်- မြွေ"

"လာလာ အဖေက ကျွန်မကို ရှာခိုင်းနေတာရှင့်"

"ဟုတ်လား"

ရွာအဝင်တွင် သာမြ၏မိန်းမ မယ်ခင်က ဂျာအေးကို မြင်သွားသဖြင့် အတင်း ဆွဲခေါ်လေ၏။ ဂျာအေးမှာ ဘာလုပ်လို့ ဘာလုပ်ရမှန်းမသိ။ မောင်ရွှေမှာ ဘုမသိဘမသိ။ ထိုစဉ် သာမြ၏ယောက်ဖ မောင်စောပါ ရောက်လာ၏။

"ခင်ဗျားတို့ ဘယ်လျှောက်သွားနေတာလဲ၊ ဟိုလူတရော ကိုသာမြသူငယ်ချင်းပဲလား"

"ဗျာ၊ ဟို. . . အဲ- ဟုတ်တယ်၊ လာကွာ မောင်ရွှေ"

"ဟို. . . ကျုပ်"

"လာစမ်းပါကွာ"

မောင်ရွှေမှာ ဘာဆိုဘာမှ နားမလည်တော့။ သာမြမိန်းမနှင့် ယောက်ဖတို့ အတင်းခေါ်ဆောင်မှုကြောင့် အသုဘအိမ်ဝိုင်းထဲ ပြန်လည်ရောက်ရှိသွား၏။ အိမ်ရှေ့ကွပ်ပျစ်ပေါ်တွင် သျှောင်တစောင်းနှင့် ဘိုးကျော်မြင့်ဆိုသော အဘိုးအို





ကြီးတစ်ဦး ထိုင်နေ၏။ မောင်ရွှေမှာ ဂျာအေးကို မျက်စမျက်နပစ်ရင်း မေးမြန်းနေ၏။ ဂျာအေးကလည်း မောင်ရွှေ၏အမေးကို ပြန်မဖြေနိုင်။ နှစ်ယောက်သား သာမြတို့အိမ်သားများနှင့် အလိုက်သင့် ရောလိုက်ရ၏။ ထိုစဉ် ဘိုးကျော်မြင့်က ဆေးတံအိုကြီး တဖွာဖွာလုပ်ရင်း သူတို့ကို ပြောလိုက်၏။

"မောင်ရင်တို့က ရန်ကုန်သားတွေဆိုတော့ အိမ်မှာ ရက်လည်တဲ့အထိ နေကြပေါ့။ စားရေးသောက်ရေး မပူကြပါနဲ့ကွယ်၊ သာမြက အဘသမက်ဆိုပေမယ့် သားပါပဲကွယ်။ တအား ရိုးတဲ့အကောင်၊ သူငယ်ချင်းကလည်း တအားပေါတယ်။ တစ်ခါတစ်ခါ ရွာကိုလာကြတာ မနည်းဘူးကွယ့်။ ဒါထက် မောင်ရင်တို့က ဘယ်သူတွေတုံး"

"ဟုတ်ကဲ့၊ ကျွန်တော့်နာမည် ဂျာအေး။ သူ့နာမည်က မောင်ရွှေပါ"

"ဟုတ်လား၊ စီးပွားရေး အလုပ်အကိုင်ရော ဟန်ကြရဲ့လား"

"ဒီလိုပါပဲ အဘရယ်၊ ရရစားစားပေါ့။ ရန်ကုန်မှာ စီးပွားရှာရတာ ကျားခြောင်းခြောင်းချောင်းချောင်းပြီး ရှာရတာ အဘရဲ့။ ထောင်ချောက်တွေကလည်း ပေါပါဘိသနဲ့။ အသွားမတော်ရင် ထောင်ချောက်ထဲ ဖြုန်းခနဲ ကျသွားပြီသာ မှတ်ဗျို့"

"ဟုတ်ပ့ါကွယ်၊ အင်း. . . ခေတ်ကြီးက သိပ္ပံခေတ်ကြီးလေ၊ အလုပ်ကို ရွေးလုပ်ကြပေါ့ကွယ်"

"ဟာ- ဟောဒီ ကျုပ်သူငယ်ချင်း မောင်ရွှေ သူက သိပ္ပံပညာရှင်ကြီးဗျ"

"အင်"

"ဟုတ်လား ဘာတွေများ လုပ်သတုန်းကွယ့်"

"မောင်ရွှေက မြွေဆေးဖော်နေတယ်လေ၊ ဒီကောင် မြွေမြင်တာနဲ့ ငမ်းငမ်းတက် ဖမ်းတာ အဘရဲ့"

"ဗုဒ္ဓေါ၊ ဖမ်းပြီး ဘာလုပ်သတုံး"

"ဟိုဗျာ သူ့ရည်ရွယ်ချက်က တစ်ကမ္ဘာလုံးမှာရှိတဲ့ မြွေတွေကို ရေမြွေဖြစ်အောင် ဗီဇပြောင်းပစ်နေတာဗျ၊ တစ်လောကလည်း သူ့ ကြွက်တွေ ဗီဇပြောင်းလိုက်တာ ရန်ကုန်မှာ ကြွက်မျိုးတွေကို ပြုတ်ရော"

"ဟာ- ကြမ်းလှချည်လား၊ ဘယ်လိုများ လုပ်ကြသတုံး"

"သူက ကြွက်မြင်တာနဲ့ဖမ်း၊ အဲဒီလို ဖမ်းပြီးတာနဲ့ ကြွက်တွေကို အရောင်တွေဆိုးပြီး တစ်ကောင်နဲ့ တစ်ကောင် မမှတ်မိအောင် လုပ်တာဗျ။ ဒီတော့ ကြွက်လောက ပြဿနာတွေ ဖောင်းပွကုန်ရော။ တစ်ကောင်နဲ့ တစ်ကောင်



www.burmeseclassic.com

www.burmeseclassic.com



မနောဘိမိရာက၊ ပြဿနာရှာရာက အကုန်လုံး မျိုးတုံးကုန်တာဗျာ။ ခုလည်း မွှေဘက်လှည့်နေပြီ။ နောက် ခွေးတွေကို စမ်းသပ်မယ်တဲ့။ ပြီးရင် လူတွေပေါ့"

"ဟေ"

"ဟာ- ကိုဂျာအေး ခင်. . . ခင်ဗျား ဘာတွေ. . ."

"ဩော်- မောင်ရွှေကလည်း သိအောင်တော့ ပြောရမှာပေါ့ကွာ၊ မပြောမပြီး မတီးမမြည်ဘူးကွ။ အဘက ပညာရှိကြီး၊ ဒီတော့ ပြောမှ တီးမှ"

"အလို မောင်ဂျာအေးရယ်၊ ကျုပ်တော့ မောင့်စကားတွေ နားထောင်ပြီး ကြောက်လာပြီ"

"အဘ"

"ဘာတုံး သမီး"

"ဟို. . . ညှော်သည်တွေကို ကျွေးဖို့မွေးဖို့ လုပ်ဦးလေ"

"အဲ- ဟုတ်သားပဲကွယ့်၊ စကားပြောကောင်းနေတာဟေ့၊ ကိုင်း- မင်းတို့နဲ့ စကားပြောရတာ အတော့်ကို ဗဟုသုတရသကွာ၊ ဒါပေမယ့် လူဆိုတာ စားနိုင်မှ ကွယ့်"

သူတို့လူစု စကားပြောနေစဉ် သာမြယောက်ဖ ရောက်လာပြီး သူတို့ကို လက်တို့ကာ အိမ်နောက်ဘက် ဘူးစင်အောက် ခေါ်သွား၏။ ယခုထိ မောင်ရွှေ ဇာတ်ရည်မလည်သေး၊ ရွှေဝါ အရိပ်အယောင် မမြင်ရသဖြင့် သောကတွေ ဝေနေ၏။ ထိုစဉ် မောင်စောက ဘူးစင်ပေါ် ဝှက်ထားသည့် ချက်အရက်နှစ်လုံးကို ကွပ်ပျစ်ပေါ် ချလိုက်၏။

"ခင်ဗျားတို့ပုံက သောက်တတ်တဲ့ပုံပေါ်လို့ ခေါ်တာ၊ မစားခင် တစ်ခွက် တစ်ဖလား ချလိုက်ကြစို့"

"ကောင်းသားပဲ"

"မယ်ခင်ရေ ကြက်ခြေထောက်၊ ကြက်ခေါင်းချဉ်ပေ့၊ ညှော်သည်တွေကို ကောင်းကောင်းညှော်ခံမှ ဖြစ်မယ်"

"လာပါပြီ အစ်ကိုစောရယ်"

ကွပ်ပျစ်ပေါ်တွင် အရက်တွေ အမြည်းတွေနှင့် ဖွယ်ဖွယ်ရာရာ ဖြစ်နေ၏။ မယ်ခင်သည် မောင်ရွှေ၏ တတုံးပြောင်ပြောင်ကို လက်ညှိုးထိုးပြီး မေးလိုက်၏။

"ဟို အစ်ကိုကြီးက ဘုန်းကြီးလူထွက် ထင်တယ်"

"ဟုတ်ပါ့၊ ဒီကောင်လည်း ကိုသာမြသတင်းကြားလို့ ချက်ချင်း သင်္ကန်းချွတ်ပြီး လိုက်လာတာ၊ ကိုသာမြနဲ့ ရန်ကုန်မှာ ပေဖော်ပေဖက်ပေါ့။ အလုပ်လည်း





တကယ် လုပ်တာဗျ၊ ပြီးတော့ သူက တစ်ခုလပ်"

"ဟာ- ကိုဂျာအေး ကျုပ်က လူပျို"

"ဩော်- မိန်းမကွဲသွားတော့လည်း လူပျိုကြီးပေါ့။ ကိုရွှေရယ်"

"ဟုတ်တယ်"

ဂျာအေး ပြောချင်ရာ စွတ်ပြောချလိုက်သဖြင့် မောင်ရွှေ ရှုံ့မဲ့သွား၏။ မောင်စောကလည်း သူတို့နှစ်ယောက်ကို မြင်မြင်ချင်း ခင်တွယ်သွားပုံရ၏။ ထို့ကြောင့်လည်း အရက်ခွက်ထဲ အရက်ဖြည့်ကာ အတင်း တိုက်လေတော့၏။ ဂျာအေး ဘာမှမစဉ်းစားတော့ဘဲ တိုက်သမျှ တွယ်လေတော့၏။ မောင်ရွှေခမျာ မှာလည်း နဂိုအရှိန်ကလေး ပြယ်တယ်တယ် ဖြစ်နေပြီမို့ မထူးဇာတ် ခင်းလိုက်လေ၏။

အရက်တစ်လုံး ကုန်သွားချိန်တွင် သူတို့နှစ်ဦး ရီတီတီ မူးတူးတူး ဖြစ်လာ၏။ မောင်စောလည်း အာသွက်လျှာသွက် ဖြစ်လာ၏။

"ချစမ်းဗျာ၊ ဒါ ကျုပ်ကိုယ်တိုင် ချက်တာဗျ"

"ဟုတ်လား၊ အတော်ကောင်းတာပဲ"

"ဟာ- ကိုဂျာအေးကလည်း မကောင်းခံနိုင်ရိုးလားဗျ၊ ပျားရည်၊ စောင်းလျားသီး၊ ထန်းရည်တွေနဲ့ ရောမွှေထားတာဗျ၊ အရသာက ဘရန်ဒီအရသာဗျ"

"ဟုတ်ပါ့ဗျာ"

"သာမြက အသေစောလှသဗျ၊ ဒီကောင်လည်း တအား တွယ်တာဗျ၊ သောက်ပြီဆိုရင် သုံးလေးရက် မထတော့ဘူး၊ ဒါပေမယ့် ဒီကောင်က အရက်သောက်တာကလွဲလို့ စိတ်ကောင်း စေတနာကောင်း ရှိတယ်ဗျ"

"ဟုတ်ပါ့ဗျာ"

"ကဲ- သောက်ကြစမ်းဗျာ၊ ကုန်ရင် နောက်တစ်လုံး ရှိသေးတယ်"

"အို- အစ်ကိုစောကလည်း ညှော်သည်တွေကို တအား မတိုက်ပါနဲ့၊ စားဖို့ သောက်ဖို့ ကျန်သေးတယ်လေ၊ ကိုသာမြက သူ့သူငယ်ချင်းတွေ တအား ဂရုစိုက်တာရှင့်၊ ကဲ- အရက်ကို လက်စသိမ်းပြီး ထမင်းစားကြပါဦးရှင်"

"ဟာ- ဟုတ်တာပေါ့။ ကိုသာမြက ကျုပ်တို့နှစ်ယောက်ကို ညီအစ်ကိုလို ချစ်တာ၊ ဟောဒီ မောင်ရွှေနဲ့ဆို တစ်ခုတင်ထဲ အိပ်တာ"

"အင်း- ရှင်တို့သူငယ်ချင်းက လူရိုးလေးပါရှင်၊ ဒါကြောင့် ဟိုမိန်းမလည်တွေ့ပြီး ပြဿနာတွေ ရှုပ်ကုန်တာပေါ့"

"ဗျာ- မိန်းမလည်၊ ဘယ်က မိန်းမလည်လဲ"



www.burmeseclassic.com

www.burmeseclassic.com



"အို- အစ်ကိုတို့ မသိဘူးလား။ မိသိန်းလှိုင်လေ၊ ရန်ကုန်မှာ ကိုသာမြကို တွေ့ပြီး ချွဲချွဲပျစ်ပျစ်လုပ်တာ၊ တစ်ခါတည်း ရှုပ်ကုန်တာပေါ့"

"ဟုတ်လား၊ သာမြ အဲဒီလောက်ဆိုး"

"အို- ရှင်တို့က တစ်ခုတင်ထဲ အိပ်တယ်လည်းပြောသေး၊ ကိုယ့်သူငယ်ချင်း အကြောင်း ရှင်တို့ မသိဘူးဆိုတော့ ယုံနိုင်ပေါင်"

"ဗျာ"

"ကဲ- အဲဒီအကြောင်းတွေ ပြောမနေပါနဲ့ မယ်ခင်ရာ၊ သေတဲ့လူက သေ ပြီပဲ။ ကဲ- လာလာ စားကြမယ်"

ပြောပြောဆိုဆိုနှင့် သူတို့နှစ်ဦးကို အိမ်ရှေ့ကွပ်ပျစ်ဆီ ခေါ်ဆောင်သွား၏။ ပြင်ဆင်ထားသည့် ဟင်းထမင်းတွေကလည်း ဖွယ်ဖွယ်ရာရာ။ ကြက်သားကာလ သားချက်၊ အတို့အမြုပ်၊ ငါးပိရည် စပ်ရှရှမို့ ဂျာအေးရော မောင်ရွှေပါ ခေါင်း မဖော်နိုင်။

ထိုအချိန်တွင် ရွှေဝါခမျာ ဂျာအေးနှင့် မောင်ရွှေတို့ မပေါ်လာသဖြင့် စိုးရိမ်နေရှာ၏။ မောင်လုပ်သူ သူတော် အပြောအရ သောကတွေ ဖြစ်နေရ၏ ထို့ကြောင့်လည်း အိမ်ပေါ်မှ ဆင်းခဲ့ကာ ရွာထဲ လှည့်ပတ်ရှာခဲ့၏။ သာမြတို့အိမ် နား ယောင်လည်လည် လုပ်မိ၏။

ထိုအခါ သာမြတို့ အိမ်ဦးတွင် ဂျာအေးနှင့် မောင်ရွှေတို့နှစ်ဦး ထမင်းတွယ် နေကြသည်ကို မြင်တော့ ပါးစပ်အဟောင်းသား ဖြစ်သွား၏။ အိမ်ဝိုင်းထဲ ဆတ် တောက် ဆတ်တောက် ဝင်လာခဲ့ပြီး ကွပ်ပျစ်ဘေးရပ်ရင်း ပြောလိုက်၏။

"အလို ကိုဂျာအေးတို့ ဘယ်လိုဖြစ်သတုံး"

"ဟာ- ရွှေဝါ"

"အင်"

"ဟော- ရွှေဝါပါလား၊ တစ်ခါတည်း ဝင်စားလေ"

"မစားတော့ဘူး မမခင်ရေ ဟို မမခင်နဲ့ သူတို့က ဘယ်လိုသိကြတာတုံး"

"ဟင်- ရွှေဝါနဲ့လည်း သိတယ်"

"ဟုတ်. . . ဟုတ်ကဲ့"

"သူတို့က ကိုသာမြ သူငယ်ချင်းတွေလေ၊ ဒါကြောင့် အိမ်မှာပဲနေဖို့ ပြော တာ"

"ဟုတ်လား"

ရွှေဝါ ရောက်လာသဖြင့် ဂျာအေးရော မောင်ရွှေပါ ချာချာလည်နေ





ပြဿနာတွေ ရှုပ်ထွေးကုန်ပြီဟုထင်ကာ ပြူးပြူးပြဲပြဲ ဖြစ်နေ၏။ အဆိုးဆုံးက မောင်ရွှေ။ ဂျာအေး ခင်းသမျှဇာတ်ထဲ အူလည်လည် ကနေရသော်လည်း ခုထိ ဘာဇာတ်မှန်း မသိသေး။ ထိုစဉ် ရွှေဝါကိုတွေ့လိုက်ရသဖြင့် ဘာပြောလို့ ဘာ ပြောရမှန်းမသိ။ ရင်ထဲ ဆို့တို့တို့ကြီး ခံစားနေရသဖြင့် စားလက်စထမင်းကို ရပ်လိုက်၏။

"တော်ပြီလား ကိုရွှေ စားလေ"

"တော်. . . တော်ပြီ"

"ကိုဂျာအေး ထည့်စားနော်၊ ကျွန်မယောကျ်ားက သူ့သူငယ်ချင်းတွေ အဲဒီလို ဧည့်ခံမှ ကြိုက်တာ"

"ဒါ. . . ဒါပေါ့ဗျာ"

ဂျာအေးကတော့ ပေါက်သည့်နဖူး မထူးတော့ပြီ ဇာတ်ခင်းနေ၏။ ကြက် ပေါင်ကြီးတွေ တဂျိုးဂျိုး တဂျွပ်ဂျွပ်ကိုက်ကာ ပယ်ပယ်နယ်နယ် စားသောက်နေ ၏။ ရွှေဝါခမျာ သူတို့နှစ်ဦးကိုကြည့်ပြီး ပါးစပ်အဟောင်းသား ဖြစ်နေ၏။ သွား လေသူ ကိုသာမြနှင့် ဘယ်တုံးက သူငယ်ချင်းဖြစ်ခဲ့ကြသည်ကို သူတောင် မသိ။

နောက်ဆုံး စားသောက်ပြီးသွားသောအခါ ရွှေဝါနောက်သို့ ကုပ်ချောင်း ကုပ်ချောင်းနှင့် လိုက်ခဲ့ကြ၏။

"ကိုရွှေ"

"ဗျာ"

"ကိုသာမြနဲ့ ဘယ်တုံးက သိသတုံး"

"ဟို. . . မသိဘူး၊ ဘယ်တုံးကမှ မသိဘူး"

"ရှင်၊ ဒါဆို ဘယ်လိုလုပ်"

"ဟာ- အဲဒါ ကိုဂျာအေး ဘာတွေလုပ်နေမှန်း ကျုပ်လည်း မသိပါဘူး"

"ဟင်- ဒါဆို ကိုဂျာအေးနဲ့ ကိုသာမြက အရင်တုန်းက သူငယ်ချင်း"

"ရွှေဝါကလည်း စောစောက ကျုပ် ရှင်းပြပြီးပြီလေ၊ ခုဥစ္စာ ငါတို့နှစ် ယောက် ရွာပြန်လာမှာ အဲဒီ သာမြမိန်းမနဲ့တွေ့ပြီး အတင်း ဆွဲခေါ်လာတာဟ၊ ထမင်းကျွေး အရက်တွေတိုက်နဲ့"

"ဒုက္ခပါပဲ၊ အဖြစ်မှန်ကို ပြောလိုက်ပေါ့"

"ဟာ- ပြောဖို့အချိန်ကို မရဘူး၊ သူတို့က ဇွတ်မှဇွတ်၊ ဒါနဲ့ ငါတို့နှစ်ယောက် လည်း ချော်လဲရောထိုင်လိုက်ရတာ"

"ရှင်တို့နှစ်ယောက်စလုံး တော်တော် အူကြောင်ကြောင်နိုင်လှတယ်၊ ကဲ-



www.burmeseclassic.com

www.burmeseclassic.com



လာလာ အိမ်ဝဲလိုက်ခဲ့ကြတော့"

"ဟင်- ဖြစ်. . . ဖြစ်ပါ့မလား၊ ဟို- မရွှေဝါ အမေကြီးနဲ့ တွေ့ . . ."

"အမေက ပါးစပ်ပေါက်ဆိုးပေမယ့် သဘောကောင်းပါတယ်"

နောက်ဆုံး သူတို့နှစ်ဦး ရွှေဝါတို့ အိမ်ဝိုင်းထဲ ရောက်ရှိလာရာ ပြောင်းဖူး ဖက်ကြီး တဖွာဖွာလုပ်နေသော ရွှေဝါအမေ ဒေါ်စိန်မျက်ခုံးကို တွေ့လိုက်ရလေ၏။ ဒေါ်စိန်မျက်ခုံးသည် မောင်ရွှေကို မှတ်မိနေ၏။ မြင်မြင်ချင်း လက်ညှိုးကြီး တထိုးထိုးနှင့် မေးလေတော့၏။

"အလို ဟို. . . က. . . တုံး . . . ကတုံးက မောင်ရွှေ မဟုတ်လား"

"ဟုတ်ပါ့ အမေရေ"

"ဘယ်လိုဖြစ်လို့ လိုက်လာကြသတုံး"

"ကျွန်တော်တို့ ဒီရွာမှာ သူငယ်ချင်းရှိတယ်လေ ကြီးမျက်ခုံးရဲ့ အဲဒါ ဒီ ရွာလည်းရောက်ရော ရွှေဝါနဲ့တွေ့တာ"

"ဟင်"

"မင်းတို့သူငယ်ချင်း ဟုတ်လား၊ ငါဖြင့် တစ်ခါမှ မကြားဖူးပါဘူး၊ ဘယ်သူ တုံး၊ ဘယ်ကလဲ ပြောစမ်း မောင်ရွှေ"

"ခင်ဗျာ၊ ဟို. . . . ဟို ကိုသာခင်လေ၊ သူ အတင်းခေါ်တာနဲ့ လိုက်လာ တာဗျ"

"သာခင်. . . ဘယ်ကသာခင်လဲ၊ ရွာမှာ သာခင်ဆိုတဲ့ နာမည်နဲ့ အသက် ရှစ်ဆယ်ကျော် ဘိုးသာခင်ပဲ ရှိတယ်"

"ခင်ဗျာ၊ ဪ- ဟို. . . ကို. . . ကိုသာမြ၊ သူက ကျွန်တော်တို့ကို အဓမ္မခေါ်တာဗျ၊ ဒါကြောင့် မလိုက်ချင်လိုက်ချင်နဲ့ လိုက်ခဲ့ရတာဗျ"

"ဟင်. . . သာမြ"

မောင်ရွှေတစ်ယောက် သူစိတ်ထဲတွေ့ရာ စွတ်ပြောလေ၏။ ရွှေဝါနှင့် ဂျာအေးတို့နှစ်ဦးမှာ မောင်ရွှေ၏စကားကြောင့် ပါးစပ်အဟောင်းသား ဖြစ်နေ၏။ ဒေါ်စိန်မျက်ခုံးမှာ မောင်ရွှေကိုကြည့်ရင်း ဇဝေဇဝါ ဖြစ်နေ၏။

"ဟဲ့ဟဲ့ ဘယ်က သာမြတုံး၊ ဟို မယ်ခင့်ယောကျ်ားလား"

"ဟုတ်. . . ဟုတ်ပါတယ် ကြီးမျက်ခုံးရေ သာမြက မလွယ်ဘူး၊ ခုလည်း ထမင်း အတင်းကျွေးလို့ စားနေတုံး"

"ဟဲ့- မောင်ရွှေ"

"ခင်ဗျာ"





"မင်း ဘာမဟုတ်တရုတ်တွေ ပြောနေတာလဲ ပြောစမ်း၊ အဲဒီ သာမြဆိုတာ သေလို့ မြေတောင်မြှုပ်လိုက်ပြီဟဲ့"

"ဗျာ"

"ဟာ- သွားပါပြီ"

"ကဲ- ပြောစမ်း၊ နင်တို့နှစ်ယောက် ငါ့ကို ကလိမ်ကကျစ် မပြောနဲ့၊ ငါက ...န်တာပြောမှ ကြိုက်တယ်၊ မဟုတ်တာပြောလို့ကတော့ ကာလသားခေါင်း ...ခါပြီး ရွာက နှင်ထုတ်ခိုင်းမယ်"

"အမေ"

"ဘာတုံး သမီး"

"သူတို့က သမီးကိုဆီကို ခင်လို့ လိုက်လာကြတာပါ အမေရယ်၊ သူတို့က ...မိမလာခဲ့ရတာနဲ့ ဟိုရှောင်ဒီရှောင် ဖြစ်နေကြတာ"

"ဟုတ်လား၊ အဲဒါကို ဘာလို့ ငါ့ကို လိမ်ညာပြောတာလဲ၊ ငါက လိမ်ညာ ...ပြောတာ မကြိုက်ဘူး၊ ဟဲ့- ကတုံး"

"ဗျာ"

"မင်းက ဘယ်လိုဖြစ်လို့ ကတုံးတုံးတာလဲ"

"ဒီ. . . ဒီလိုပါ အဒေါ်၊ မောင်ရွှေခေါင်းမှာ ဒက်တွေ တအားများ"

"ဟာ- မဟုတ်တာ"

"ဒက်တွေ. . . ပြစမ်း"

"ဟာ- မဟုတ်ပါဘူးဗျ၊ ကိုဂျာအေးကလည်းဗျာ မဟုတ်တာ ပြောပြန်ပြီ"

"ဟုတ်တာ ပြောတာပဲကွာ၊ ကတုံးတုံးတာ ဆံပင်သန်တယ်၊ ပြီးတော့ ...တ်တွေ ဝဲတွေ ကင်းတယ်ကွ။ ဆံပင်ပိုသန်ချင်လို့ မင်းပဲ ငါးရှဉ့်သွေးနဲ့ ညတိုင်း ...လူးအိပ်တယ် မဟုတ်လား"

"အလို ငါးရှဉ့်သွေးလူးတယ်၊ ဟဲ့- ကတုံး နင်မို့ မရွံမရှာဟယ်၊ ဆံပင်သန် ...ရင် ကတုံးအမြဲရိတ်၊ ခေါင်းကို နေ့တိုင်း ရေလောင်းရတယ်ဟဲ့"

"ဗျာ"

မောင်ရွှေတစ်ယောက် ဒေါ်စိန်မျက်ခုံးနှင့် ဂျာအေးကြား ချာလည်ချာ ...ည် ဖြစ်နေ၏။ ရွှေဝါမှာ မောင်ရွှေ့အမူအရာကိုကြည့်ပြီး ကရုဏာသက်နေမိ ...ကြာကြာနေလျှင် ဒေါ်စိန်မျက်ခုံးနှင့် ဂျာအေးကြား မောင်ရွှေ ရှုံးသွားနိုင် ...ည်မို့ ကြားထဲကဝင်ပြီး စကားလွှဲပြောလိုက်ရ၏။

"ကိုရွှေက ဘယ်လိုဖြစ်တာတုံး၊ တစ်ကိုယ်လုံးလည်း မည်းသဲနေကျလို့



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ အရက်စော်တွေကလည်း နံပါ၊ ဘယ်လိုဖြစ်တာတုံး အရက်
သောက်ပြီး အသည်းတွေ ဟက်တက်ကွဲနေပြီလား"

"ဟို- ကွဲ. . . ကွဲနေပြီဗျ"

"ဘာကွဲတာတုံး"

"ခေါင်းကွဲတာ ဖြစ်မှာပေါ့"

"ဟင်- ဟုတ်. . . ဟုတ်ဘူး ကြီးကြီးရဲ့"

"ဒါဆို မင်း ဘာကွဲတာလဲကွ"

"ဟဲဟဲ အသည်းလေ ကြီးမျက်ခုံးရဲ့၊ ကျွန်တော့်မှာ အသည်းနှလုံး
ကျွတော့ပါဘူးဗျာ၊ အချစ်ဆိုတာ ပြန်တောင်းလို့ရရင်တော့ တအား ကောင်း
ပဲ။ ဩော်. . . ရွက်ဝါကြွေ၊ နွေဦး . . . လေအလူးမှာ. . ."

"ဟဲ့ဟဲ့ ဘာတွေတုံး ကတုံးရဲ့၊ သီချင်းတွေ ဆိုမလို့လား။ နေပါဦး နင်
ဘယ်သူ့ကိုများ အချစ်တွေပေးခဲ့လို့တုံး၊ ဧကန္တ ငါ့ထမင်းဆိုင် ထမင်းလာ
တုန်းက ပန်းကန်ဆေးတဲ့ ကုလားမ နာရီကို ပေးခဲ့တာလား"

"ဟုတ်တယ် ဟုတ်တယ်၊ မောင်ရွှေ ဟုတ်တယ်လို့ ပြောလိုက်လေ"

"ဟုတ်. . . ဟုတ်ကဲ့၊ ဟာ- တော်ပါတော့ ကိုဂျာအေးရယ်၊ ကျွန်
ရှုးတောင် ရှူးချင်ပြီ"

"အလကား ပြောတာပါ မောင်ရွှေကတုံးရယ်။ ကြီးကြီးက မင်
အကြောင်းကြောင်း အမူအရာကို သတိထားမိလို့ နောက်တာပါကွယ်။
မင်းတို့လာလည်တာ အတော်ပဲဟေ့၊ လာမယ့် တနင်္ဂနွေမှာ အဒေါ်
မင်္ဂလာဆောင် ရှိတယ်။ မင်းတို့နှစ်ယောက်စလုံး မပြန်ကြနဲ့"

"ဗျာ- မင်္ဂလာဆောင်"

"ဟုတ်တယ်လေ မောင်ကတုံးရဲ့"

"သွားပါပြီဗျာ၊ မောင်ရွှေဘဝ ပြာကျပါပြီ"

"ဟဲ့ဟဲ့ ဘာတွေတုံး"

"အောင်မယ်လေး ဆိတ်တယ်ဗျ၊ ကိုဂျာအေး ဘာလို့ ကျုပ်ပေါင်ကို
တာလဲဗျ"

မောင်ရွှေတစ်ယောက် ထင်ရာမြင်ရာ စွတ်ပြောနေသဖြင့် ဂျာအေး
မသိမသာ တို့ဆိတ်ပြီး သတိပေးလိုက်ရ၏။ မောင်ရွှေအဖြစ်က ချက်ချင်း
စားကြီး သေတော့မည့်ပုံ။ ရွှေဝါကို မျက်နှာငယ်လေးနှင့် လှမ်းကြည့်ရင်း
အပေါင်းသားဖြင့် ကြည့်နေ၏။





ဒေါ်စိန်မျက်ခုံးမှာ မောင်ရွှေဖြစ်နေပုံကို နားမလည်။ ထို့ကြောင့်လည်း
မှုန်ကုပ်ကုပ် အမူအရာနှင့် မေးလိုက်၏။

"ကဲ- နေပါဦး မောင်ရွှေကတုံးရဲ့၊ ငါ့သမီး မင်္ဂလာဆောင်တာနဲ့ မင်းက
ပြာကျတော့မယ်ဆိုတော့ ဘယ်လိုသဘောလဲ၊ ငါ့သမီးကို မင်းက မြင်ဖူးလို့လား
ကွယ့်"

"ဗျာ၊ ဟို- ရွှေဝါ. . . ရွှေဝါ မဟုတ်လား"

"ဩော်. . . မင်းက ရွှေဝါနဲ့ နေဝါ မှားနေတာကိုး။ ခု မင်္ဂလာဆောင်မှာ
နေဝါတဲ့။ ရွှေဝါကိုလည်း နောင်နှစ်လောက် အိမ်ထောင်ချပေးမှာ"

"ဟိုက်- ဒါ. . . ဒါဆို ရွှေဝါ မဟုတ်ဘူးပေါ့နော်။ တော်. . . တော်ပါ
သေးရဲ့ဗျာ၊ ဝမ်းသာလိုက်တာ ကိုဂျာအေး"

"ဟင်"

"ရွှေဝါ မဟုတ်ဘူးတဲ့ဗျ"

"ဟဲ့- ရွှေကတုံး၊ နင်က အမေတစ်ယောက်လုံး ရှေ့မှာထားပြီး ထင်ရာမြင်-
ရာတွေ စွတ်ပြောနေပါလား"

"ခင်ဗျာ"

"အမေ သူ. . . သူက နည်းနည်းထုံတယ် အမေရဲ့၊ စိတ်ရှိရာစွတ်ပြော
တယ်"

"ဟုတ်တယ် ကြီးမျက်ခုံးရဲ့၊ မောင်ရွှေဟာ နည်းနည်း သွပ်ချောင်ချောင်။
သူတို့က သွပ်မျိုးတွေဗျ"

"ဟာ့- တော်ကြပါတော့၊ ကန်တော့ပါရဲ့ ကြီးမျက်ခုံးရယ် ကျွန်တော်
အများကြီး တောင်းပန်ပါတယ်နော်။ စိတ်မဆိုးပါနဲ့ ကြီးမျက်ခုံး၊ မင်္ဂလာဆောင်
မှာ ကျွန်တော်. . ."

"ဘာ"

"ဩော်. . . ဟို- မင်္ဂလာဆောင်မှာ ဘာပဲလုပ်ရလုပ်ရ လုပ်ပါ့မယ်၊ ထင်းခွဲ
ရေခပ် ကျွန်တော် အကုန်လုပ်နိုင်တယ်။ ပြီးတော့ ရွှေဝါ့အတွက် သနပ်ခါးလည်း
သွေးတတ်တယ်။ အို. . . တစ်အိမ်လုံးရှိသမျှ အလုပ်တွေ ကျွန်တော် လုပ်ပေး
မယ်"

"ဟာ- ပေါလှချည်လား ကတုံးရာ"

"ကိုဂျာအေးကလည်းဗျာ၊ ဂါရဝါလဲ နိဝါတောစတဲ့ဗျ၊ ဟဲဟဲ ဩော်-
အမေ အဲလေ"



www.burmeseclassic.com

www.burmeseclassic.com



"တဲ့- ဘတုံး နင်တမျှား ငါ့တို အမေတဲ့"

"ဟာ- မဟုတ် . . . ဟို . . . ဟဲဟဲ မှား . . ."

"တော်ပါတော့၊ ကဲ- ကိုရွှေမောင်ရော ကိုဂျာအေးပါ အိမ်မှာပဲနေကြ။ ကျွန်မအစ်မ မင်္ဂလာဆောင်မှာ ဆိုင်းလည်းငှားထားတယ်၊ မနက်ဖြန် ဆိုင်းတီးမှာ။ ပြီးတော့ သုံးရက်တောင် ထမင်းကျွေးမှာ"

"ကောင်းတာပေါ့ဗျာ၊ မောင်ရွှေ ဘယ်လိုလဲ သုံးရက်လောက် နေမယ် မဟုတ်လား"

"ဟာ- နေမှာပေါ့ ကိုဂျာအေးရာ၊ သုံးရက် မဟုတ်ဘူး၊ တစ်သက်လုံး နေ . . ."

"ရွှေကတုံးနော်"

"ဟဲဟဲ အမေ အဲ- ကြီးဒေါ်ကလည်းဗျာ"

ဒေါ်စိန်မျက်ခုံးမှာ မောင်ရွှေ၏ အုတီးအုကြောင် ပြောပုံဆိုပုံ နေပုံထိုင်ပုံကိုကြည့်ပြီး ရယ်ချင်နေ၏။ ချာလည်ချာလည် ဖြစ်နေသော မောင်ရွှေ၏ အသွင်ကြောင့် ရိုးပုံရိုးလက်ရှိသည်ဟု တွေးကာ စိတ်ထဲက အမှတ်တွေ ပေးနေလေ၏။ သို့နှင့် သူတို့နှစ်ယောက် ရွှေဝါတို့အိမ်တွင် စိတ်အေးချမ်းသာစွာနှင့် နေထိုင်ကြလေ၏။

မောင်ရွှေမှာ ပျော်လွန်းလှသဖြင့် မိုးမမြင် လေမမြင် ဖြစ်နေ၏။ ဒေါ်စိန်မျက်ခုံးတို့လင်မယားနှင့် လယ်ထဲလိုက်သွားကာ ပုဆိုးခါးတောင်းကျိုက်ပြီး လယ်သမားကြီးလုံးလုံး လုပ်နေ၏။

သို့နှင့် စိန်လက်သီးဆိုင်းအဖွဲ့ ရွာသို့ရောက်ရှိလာပြီး ညဦးပိုင်းတွင် တဖြောင်းဖြောင်း တဂွမ်းဂွမ်းနှင့် တီးလေတော့၏။ မောင်ရွှေမှာ ရွှေဝါတို့သားအမိအနားက မခွာပါချေ။ ယောက္ခမလောင်းနှစ်ဦးကိုလည်း ကမ်းကုန်အောင် ပြုစုနေလေ၏။

ထိုအချိန်တွင် ဂျာအေးတစ်ယောက် သာမြ၏ ယောက်ဖ မောင်စောနှင့်အဖွဲ့ဖြစ်သွားကာ အရက်ဆိုင်ရောက်နေ၏။ ဆိုင်းကလေးမှာ ထန်းတဲကလေးဖြစ်ပြီး ရေနံဆီမီးအိမ်ကလေး ထွန်းထား၏။

အမြည်းကလည်း ထူးထူးဆန်းဆန်းတွေ ကြော်လှော်ထား၏။ ကြွက်ကြော်၊ ဖားကြော်၊ ရှဉ့်ခြောက်ကင်၊ ခါချဉ်ငါးပိချက်၊ မြွေသားဟင်း စသည်ဖြင့်စုံလှ၏။

ဂျာအေး၏အပြောတွင် မောင်စောတစ်ယောက် အကျေနပ်ကြီး ကျေနပ်





နေ၏။ ရန်ကုန်နှင့် ကောက်ချဲမှာ မဝေးလှသော်လည်း မောင်စောတစ်ယောက် တစ်ခါမှ မရောက်ဖူးပေ။ ငယ်ငယ်ကတည်းက လယ်ထဲယာထဲ ကျွဲနှင့် နပန်းလုံးခဲ့ရသည်မို့ သူများပြောတာကိုသာ သွားရည်တမျှားမျှားနှင့် နားထောင်ခဲ့ရ၏။

ဂျာအေးကလည်း ဟုတ်တာရော မဟုတ်တာရော အကုန်ပြော၏။

"ကိုဂျာအေး"

"ဘာတုံး ကိုစောရဲ့"

"ဟို . . . ဟိုဗျာ၊ ရန်ကုန်သူတွေ ပြားကုန်ပြီဆိုဗျ"

"အင်- ဘယ်လိုဖြစ်လို့တုံး"

"ကျုပ် ကြားတာတော့ ဘယ်သူကြည့်ကြည့် ပြားတားတားချည်းပဲတဲ့၊ အဲဒါကိုခေါ်တာ ရှိသေးတယ်ဗျာ၊ ဟို- အဲ . . . ဒယ် . . . ဒယ်ကြီးတွေဆို"

"အင်- ခင်ဗျားစကားတွေ ဆန်းလှချည်လား၊ ဒယ် ကျုပ်တော့ ကြားတောင် မကြားဖူးဘူး"

"ကျုပ်ကို ဟိုဘက်ရွာက ကာလသားခေါင်း ပြောတာဗျ၊ ကိုယ်တွေကြည့်လိုက်ရင် ပြားတားတား ကပ်တတ်တတ်"

"ဪ- မော်ဒယ်လေးတွေကို ပြောတာကိုး"

"ဟဲဟဲ ဟုတ်တယ်၊ မော်ဒယ် မော်ဒယ်ဗျ၊ အဲဒီ ဒယ်လေးတွေကို ကျုပ်မြင်ချင်တယ်ဗျာ"

"မကြည့်ချင်စမ်းပါနဲ့ ကိုစောရာ၊ ဒယ်တွေကို မြင်ချင်ရင် ခင်ဗျား ကြောင်တွေကိုကြည့်"

"ကြောင်ကိုကြည့်ရမယ်"

"ဟုတ်ပ။ အဲဒီဒယ်လေးတွေက ကြောင်လိုသွားတယ်၊ ကြောင်လိုစားတယ်၊ ပြီးတော့ တစ်ခါတစ်ခါ ကြောင်လို အော်တတ်တယ်ဗျ"

"ဟိုက်- ဒါဆို လူမှမဟုတ်ဘဲ ကြောင်တွေပါလားဗျ၊ ဒါဆို သူတို့ကို ရွာခေါ်ပြီး လယ်ကြွက်တွေ ခုတ်ခိုင်းရင်ကောင်းမယ်"

"ကြံကြံဖန်ဖန်ဗျာ"

"ကိုင်း- သောက်ဗျာ၊ ပြီးရင် ကျုပ်တို့ စိန်လက်သီးဆိုင်း သွားကြရအောင်။ လက်သံ တအား ကောင်းသဗျ။ တစ်ခါတုန်းကလည်း အဲဒီဆိုင်းအဖွဲ့ လာဖူးတယ်။ စိန်လက်သီးဆိုတဲ့ ငတေကြီးက တအား လက်သံပြောင်တယ်။ သူ့ညီမ စိန်လက်ကောက်ကလည်း အဆို တအား ပိုင်တာဗျ။ ပြီးတော့ လူရွှင်တော် ဆိတ်ဖူးနဲ့ ခေါင်းကြီးကလည်း တအား ရယ်ရတာဗျ"



www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်လား ဒါဆို လက်စသိမ်းပြီး သွားကြတာပေါ့ဗျာ"

ပြောပြောဆိုဆိုနှင့် သူတို့နှစ်ဦး လက်ကျန်အရက်နှင့် အမြည်းများကို ရှင်း၍ ရွာထဲသို့ ထွက်ခဲ့ကြလေတော့၏။ ထိုအချိန်တွင် စိန်လက်သီးဆိုင်းဝိုင်းကြီးမှာလည်း အတော်ကလေး အရှိန်ရနေပြီ ဖြစ်၏။ တီးဝိုင်းဆရာ စိန်လက်သီးကလည်း ပတ်လုံးများကို တပြောင်ပြောင် တထိန်ထိန် တီးကာဖြင့် လက်စွမ်းအကြီးအကျယ် ပြ၏။

စိန်လက်သီးမှာ ကတုံးကို ပြောင်အောင်ရိတ်ထားသဖြင့် မီးရောင်အောက်တွင် ပြောင်ပြောင်လက်လက်ဖြစ်နေပြီး အားစိုက်ခွန်စိုက် တီးနေသဖြင့် ချွေးသီးချွေးပေါက်များ စို့နေ၏။ နမဖြစ်သူ စိန်လက်ကောက်ကလည်း အားကျမခံ နှုတ်ခမ်းကြီးနှစ်ခုကို ထော်ထော်ပြုပြုကြီးလုပ်ကာ ခုနစ်သံချီအောင် သီဆိုနေလေ၏။

"အစ်ကို ကာလသားတို့ ××× မကြည့်နဲ့ရှင်၊ ××× ကျွန်မ ရင်တခုန်ခုန် မျက်လုံးချင်းတောင် မဆုံရဲဘူးရှင်၊ ××× အဖိုးဆို ရင်ဖိုမသန်းပါဘူး အပျိုဖြန်း ကျွန်မလေ ××× အလွမ်းဆို နာမည်တောင် မကြားချင်လှ ××× နှစ်ပါးကြင်ရမှာ ကျွန်မ ကြောက်လှပါရဲ့ လက်ကောက်ကလေးရင် အို ကြောက်လှပါရဲ့ရှင်"

"ဟာ- ချွဲလှချည်လားကွ၊ လက်ကောက်ဆိုပြီး ချက်ကျောက်ကြီးနဲ့ တူတယ်"

"ဟိုက်- တိုးတိုးပြောပါ ကိုဂျာအေးရယ်"

"ဘာဖြစ်လို့တုံး"

"သူ့အစ်ကို စိန်လက်သီးက တအား ဒေါသကြီးတယ်ဗျ။ သူ့နှမကို ဥထားတာ၊ အဲဒီ အသံကြားတာနဲ့ စင်ပေါ်က ဆင်းရိုက်မှာနော်"

"ဟ- သူ ဒီလောက်တော့ သည်းခံရမှာပေါ့ဗျာ"

သူတို့နှစ်ဦး အချီအချပြောနေစဉ် လင်းကွင်းကြီးက တချမ်းချမ်း တီးချလိုက်၏။ ပတ်မကြီးကိုလည်း တအုန်းအုန်း တဖြုန်းဖြုန်း ထုချလိုက်၏။ စိန်လက်ကောက်ကလည်း အသံဘုရင်ဟု ဆိုရလောက်၏။ အချီအချ အဖိအဖော့ အတိုင်အရိုင်နှင့် ဌာန်ကရိုဏ်းကျကျ ဟဲချင်တိုင်း ဟဲနေ၏။

ပရိသတ်အားလုံး ကောင်းချီးသြဘာပေးနေစဉ် ဂျာအေးမှာ စိတ်ထဲ မရိုးမရွ ဖြစ်လာ၏။ စိန်လက်ကောက်၏ ပြုပြုလန်လန် နှုတ်ခမ်းကြီးများ၊ ပြူးအစ်အစ် မျက်လုံးကြီးများ၊ စူးရဲရဲအသံကြီးများနှင့်အတူ စိန်လက်သီး၏ ပြောင်လက်လက် ထိပ်ကြီးကိုကြည့်ရင်း ပွစိပွစိ ဖြစ်လာ၏။





"မျက်စိထဲ ဆားပက်လိုက်သလိုပဲကွာ"

"ဟာ- ကိုဂျာအေးကလည်း ဒါ အနုပညာဗျ"

"ကျုပ်စိတ်ထဲ ပြောင်လက်ကွဲအက်တဲ့ ပုလင်းကွဲကြီးပေါ် ထိုင်ရသလိုပဲဗျာ၊ နားရော မျက်စိရော ဘဝင်ရော ရှုပ်နေပါပြီ"

"ဟာ- ကိုဂျာအေးက မခံစားတတ်ဘူးထင်တယ်"

"ဟုတ်တယ်၊ ခင်ဗျားပဲကြည့်၊ ကျုပ် အပြင်ခဏ ထွက်ဦးမယ်။ လူထဲနေရတာ အသက်ရှူကျပ်သလိုပဲ"

ပြောပြောဆိုဆိုနှင့် လူအုပ်ထဲမှ ထွက်ခဲ့ရာ ဆိုင်းဝိုင်းနောက်ဘက် မီးဖိုတဲကြီးထဲ မောင်ရွှေတစ်ယောက် ချွေးတလုံးလုံးနှင့် မီးထိုးနေသည်ကို တွေ့လိုက်ရ၏။

"ဟာ- မောင်ရွှေပါလားကွ"

"ဟုတ်ပါ့ ကိုဂျာအေးရယ်၊ လူလည်း ကျပ်ခိုးမင်းသား ဖြစ်နေပြီဗျ။ မီးခိုးကလည်း မွန်ပါ့ဗျာ၊ ထင်းက အတော့်ကို ထိုင်းတာဗျ၊ မီးခိုး တအား အူတာပဲ"

"ကောင်းတဲ့ထင်း များများထည့်ကွာ"

"ဗျာ"

"ထည့်စမ်းပါကွာ၊ ဖြစ်နိုင်ရင် ရေစွတ်ပြီးထည့်"

"ဟဖ ဘာလုပ်တာလဲ"

"ဟာ- ဒါမှ တမြည့်မြည့်မီးတအူအူနဲ့ မီးဆွဲတာပေါ့ကွ၊ လုပ်လုပ်"

"ဟင်"

ဂျာအေးက ဘာမပြောညာမပြောနှင့် ထင်းတုံးများ ရေစွတ်၍ ထည့်လေရာ အိမ်ဝိုင်းတစ်ခုလုံး မီးခိုးလုံးကြီးများ တက်လာ၏။ စိန်လက်သီးတို့ ဆိုင်းဝိုင်းကြီးမှာလည်း တဖြည်းဖြည်း မီးခိုးငွေ့များ ပြည့်ကျပ်ဖောင်းကား မွှန်ထူလာလေ၏။

"ဟတ်ချိုး . . . ဟူး"

"အောင်မယ်လေး၊ ဘယ်က မီးခိုးတွေတုံး"

"ဟတ်ချိုး . . . ဘုရားအနီစွ"

"ခွီး . . . ဖူး"

"ဟ- တစ်ရွာလုံး မီးခိုးလုံးကြီးနဲ့ ပြည့်နေပါလား"

"ဘယ်သူလုပ်တာတုံး"



www.burmeseclassic.com

www.burmeseclassic.com

"မီးခိုးထဲဘာတွေ ဖြစ်မယ်"

မီးခိုးတွေက တအူအူ တလိမ့်လိမ့် တက်လာ၏။ စိန်လက်သီးတို့ မောင်နှမမှာလည်း မီးခိုးများကြား သီချင်းမဆိုနိုင်၊ ဆိုင်းမတီးနိုင်ဖြစ်ကာ ချေသူချေ နှန်သူ မှန်၊ အသက်ရှုကျပ်သူကျပ်နှင့် ဒုက္ခတွေ့နေလေ၏။ ပရိသတ်ကြီးမှာလည်း သူတို့ခေါင်းပေါ်ရှိသော မီးခိုးလုံးကြီးကြောင့် ယပ်တခတ်ခတ် နှာတချေချေ ချောင်းတဆိုးဆိုး ဖြစ်ကုန်ကြလေ၏။

"ဟာ- ဒုက္ခပါပဲ"

"လုပ်ကြပါဦး၊ မီးခိုးတွေ မွန်လိုက်တာ"

အော်သံဟစ်သံများကြား စိန်လက်သီးတို့ မောင်နှမလည်း ဆိုင်းတီးရပ်လိုက်ရ၏။ စိန်လက်သီး၏အသွင်မှာ ရင်အုပ်ကားကား၊ အရပ်မြင့်မြင့်နှင့် ရှတ်တရက် ကြည့်လျှင် လက်ဝှေ့သမားကြီးအလား ထင်ရ၏။

ထို့ပြင် စိတ်ကလည်း တစ်ဆစ်သာသာ ရှိ၏။ အတွေးအခေါ် အသိတရားကလည်း ဖျင်းလှ၏။ ယခုလည်း သူ့စိတ်ထဲ ဆိုင်းဝိုင်းကို ဖျက်တာပဲဟု တွေးကာ တောက်တခေါက်ခေါက် ဖြစ်နေ၏။

"မိုက်ရိုင်းလှသကွာ၊ ဒါ သက်သက်လုပ်တာကွ"

"ဟုတ်ပ့ါဗျာ၊ ကိုလက်သီးကို ဖျက်ဆီးတာဗျ"

"ဧကန္တ ချက်ကြီးလက်ချက်လား မသိဘူး"

"ဟင်- မင်းတို့နှစ်ယောက် သိလို့လား"

"ပြောတတ်ဘူးလေ၊ ဆိတ်ဖူးစကားကို ကျုပ်က နဘေထစ်ကြည့်တာပေါ့"

"တော်စမ်းကွာ ဒီကိစ္စ မရိုးသားဘူး၊ လက်သည်ကို ငါကိုယ်တိုင် ရှာမယ်ကွ၊ လက်သီးဆိုတာ ဘယ်လိုကောင်လဲဆိုတာ သိစေရမယ်"

"ဟာ- ဆရာလက်သီး မလုပ်ပါနဲ့ဗျာ"

"ဖယ်စမ်းကွာ၊ လက်သီးတို့ ပေါက်ကွဲလာရင် မတားနဲ့ ကြားက ခံသွားရမယ်"

"ဗျာ"

လူရွှင်တော်ဆိတ်ဖူးနှင့် ခေါင်းကြီးတို့နှစ်ဦးမှာ လက်သီးစကားကြောင့် တွန့်ခနဲ ဖြစ်သွား၏။ ထိုစဉ် လက်သီးသည် စင်ပေါ်မှ လွှားခနဲ ခုန်ချကာ လူအုပ်စုကို ကျော်ဖြတ်ရင်း အိမ်ဝိုင်းအနောက်ဘက်သို့ ဝင်လာလေ၏။

ဗျာအေးသည် လက်သီးဝင်လာသည်ကို မြင်သည်နှင့် ရှောင်ထွက်သွား၏။ လက်သီးသည် အံတကြိတ်ကြိတ် တောက်တခေါက်ခေါက်နှင့် ဝင်ခဲ့ရာ





မီးဖိုဘေး တလှုပ်လှုပ်နှင့် အလုပ်ရှုပ်နေသော မောင်ရွှေကို မြင်သွား၏။ မောင်ရွှေကလည်း တစ်ကိုယ်လုံး မီးခိုးရိုက်ထားသဖြင့် မည်းချိတ်နေ၏။ ရှတ်တရက်ကြည့်လျှင် တစ္ဆေသရဲကြီးတစ်ကောင်အလား ထင်ရ၏။ စိန်လက်သီးခမျာ မောင်ရွှေ၏ မည်းမည်းချိတ်ချိတ်အသွင်ကိုမြင်ပြီး တွန့်ခနဲ ဖြစ်သွား၏။

"ဟာ- ဘာကောင်ကြီးလဲကွ"

"ကျုပ်. . . ကျုပ်ပါဗျာ၊ အဟွတ်. . . အဟွတ်"

"သ. . . သရဲ"

"ဟ- သရဲ မဟုတ်ပါဘူးဗျာ၊ ကျုပ်လူပါ။ ကျုပ်နာမည် မောင်ရွှေလို့ ခေါ်ပါတယ် အဟွတ် အဟွတ်. . . ဖူး အီး"

"မောင်ရွှေတွေ မောင်ပွေတွေ လုပ်မနေနဲ့ ထစမ်း"

"ဗျာ၊ ဘာ. . . ဘာလုပ်မလို့လဲ"

"ထစမ်းကွာ"

"အင်"

မောင်ရွှေတစ်ယောက် ပြူးပြူးပြဲပြဲနှင့် ထလာ၏။ မျက်နှာတစ်ခုလုံး မည်းခြောက်နေ၏။ စိန်လက်သီးမှာ မောင်ရွှေကိုကြည့်ရင်း လူမှဟုတ်ပါလေစဟု တွေးကာ ကြောင်စီစီကြည့်နေ၏။ မောင်ရွှေခမျာမှာလည်း မီးခိုးဒဏ်ကြောင့် မျက်ရည်တရွှဲရွှဲ၊ နှာရည်တရွှဲရွှဲ ဖြစ်နေ၏။

"ရုပ်ကိုက ဘယ်နည်းမှ လူမဖြစ်နိုင်ဘူး"

"ဗျာ၊ လူ. . . လူပါဗျ"

"ဩော်- လူ ဟုတ်မဟုတ် စမ်းကြည့်ရအောင်ကွာ၊ ကဲ- ထိုးပြီကွာ"

"ခွပ်. . . ဒုတ်"

"အောင်မယ်လေးဗျ"

"ဟားဟား လူပဲ လူလိုအော်တယ်၊ မှတ်ထားနော် လက်သီးကွ၊ မတူရင် မတုနဲ့ ဆိုင်းတီးတာ လက်သံပြောင်သလို လူတီးတာလည်း လက်သံပြောင်သကွ"

"အားလားလား ဘာ. . . ဘာဖြစ်လို့ ထိုးတာလဲဗျာ၊ ကျုပ်ကို ဖွဲအိတ်များ အောက်မေ့နေသလားဗျာ"

"ဩော်- မီးခိုးထပ်တိုက်ရင် နောက်တစ်ခေါက် ထပ်လာဦးမယ်၊ ဒီတစ်ခါ မျက်နှာမဟုတ်ဘူး၊ ဗိုက်ကိုထိုးကြည့်မယ်"

"ဗျာ၊ ရက်စက်လှချည်လားဗျာ"

မောင်ရွှေခမျာ ကြားထဲက အချောင်ထိုးခံလိုက်ရသည်မို့ ညာဘက်မျက်



www.burmeseclassic.com

www.burmeseclassic.com



[illegible] ဆောင်ကိုင်သွားကာ မီးဖိုဘေးတွင် ရှုံ့ရှုံ့မဲ့မဲ့နှင့် ထိုင်နေရှာ၏။ ဂျာအေး [illegible]သည် မြင်ကွင်းကို အစအဆုံး မြင်လိုက်ရသဖြင့် စိတ်မကောင်း ဖြစ်သွား၏။ ဆင်နှင့် ပုရွက်ဆိတ်လို ဘယ်လိုမှ အရွယ်မမျှသည့်မှို စိန်လက်သီး လုပ်သွားပုံကို ဂျာအေး ပေါက်ကွဲသွား၏။

ထို့ကြောင့်လည်း အိမ်ဝိုင်းထဲမှ ထွက်သွားလေ၏။ စိန်လက်သီးမှာ မောင်ရွှေကို ထိုးကြိတ်လိုက်ရသဖြင့် ဝမ်းသာအားရနှင့် စင်ပေါ်ပြန်တက်လာ၏။ မီးခိုးလုံးကြီးများလည်း ပျောက်ကွယ်သွားပြီမို့ ဆိုင်းဝိုင်းထဲဝင်ကာ လက်သံပြောင် မြောက်စွာနှင့် ဆက်၍ တီးခတ်လေတော့၏။

သူ့လက်သံ ကြားလိုက်သည်နှင့် ညီမလုပ်သူ စိန်လက်ကောက်ကလည်း အသံစူးစူးရဲရဲနှင့် ခုနစ်သံချီ အော်ဆိုလေတော့၏။ ထိုရောအခါမှ ဆိုင်းဝိုင်းကြီး လည်း စိုစိုပြည်ပြည် ဖြစ်လာသလို ပရိသတ်များ၏ လက်ခုပ်သံ၊ လက်ခေါက်မှုတ် သံများ ပွက်ပွက်ဆူလာလေ၏။ ထိုအချိန်တွင် ဂျာအေးတစ်ယောက် လူအုပ်အ နောက်ဘက်ရပ်ကာ ဖုတ်ပြီးသားပြောင်းဖူးကို တဒုတ်ဒုတ် ကိုက်စားနေ၏။

ကောက်ခဲ့ပြောင်းကလည်း လူကြီးလက်မောင်းလောက်ရှိ၍ အစေ့အဆန် အောင်လှပြီး အရသာကလည်း အလွန်မှ ချိုလှ၏။ စားသောက်ပြီးသွားသည်နှင့် ဂျာအေးသည် နွားတင်းကုပ်နား လျှောက်သွားကာ မြေပြင်ပေါ် ပုံ့ပုံ့လေးရှိနေ သော နွားချေးပုံ ပူပူနွေးနွေးထဲ ပြောင်းဖူးရိုးကို ထိုးထည့်သုတ်လိမ်းလိုက်၏။ ထို့နောက် လူအုပ်အနောက်ဘက်သို့ ခပ်တည်တည် လျှောက်လာကာ ပြောင် လက်ရှင်းလင်းနေသော စိန်လက်သီး၏ ငယ်ထိပ်တည့်တည့်ကို အားနှင့်ပေါက် ထည့်လိုက်လေ၏။

"ဒုတ်"

"အောင်မလေးဗျ"

"ဘယ်လိုဖြစ်တာတုံး ဆရာလက်သီးရဲ့"

"ဟာ- ချွေးချေးတွေလား နွားချေးတွေလား"

"ခေါင်း . . . ခေါင်းပေါ်မှာ"

"တောက်- ဘယ်ကောင်လဲကွ၊ ငါ့ကိုပေါက်တာ"

"ဟယ်- ကိုကို့မျက်နှာပေါ်မှာလဲ ချေးတွေ"

"လျှင်လိုက်တာကွာ၊ ဟော့- ပြောစမ်း လက်သီးကို ဘယ်သူစမ်းသလဲကွ"

"ဟင်- ဘာဖြစ်တာတုံး"

"ဆိုင်းဆရာကို ပြောင်းဖူးရိုးနဲ့ပေါက်လို့"







"ခေါင်းပေါ်မှာလည်း ချေးတွေ"

စိန်လက်သီးတစ်ယောက် အကြီးအကျယ် ပေါက်ကွဲလေတော့၏။ ဆိုင်းထဲ [illegible]ဝုန်းခနဲ ထလိုက်၏။ လူပြက်ကြီး ဆိတ်ဖူးမှာလည်း ဆိုင်းဆရာကိုကြည့်ရင်း [illegible]လည်ချာလည် ဖြစ်နေ၏။ ထိုမြင်ကွင်းကို တစ်ယောက်တည်း ကျိတ်၍ [illegible]သောကျနေသူမှာ ဂျာအေး။ လူအုပ်ထဲမှထွက်ကာ ထမင်းဖိုကြီးဘက်သို့ ပြန်ခဲ့ [illegible]၏

"မောင်ရွှေ"

"ခင်ဗျား ဘယ်သွားနေသတုံးဗျ၊ ခင်ဗျားကြောင့် ကျုပ် ထိုးခံလိုက်ရပြီ"

"တောင်းပန်ပါတယ် မောင်ရွှေရာ၊ မင်းကိုလုပ်ခဲ့တဲ့ ငတကြီး ဘယ်လိုခံ [illegible]ရပြီဆိုတာ လိုက်ကြည့်ဦး"

"ဗျာ"

"လာစမ်းပါကွာ"

မောင်ရွှေကို အတင်းဆွဲ၍ စိန်လက်သီး၏ပရိသတ်ကြား ဝင်ခဲ့၏။ ထို [illegible]ချိန်တွင် စင်ပေါ်မှ စိန်ခေါ်နေသော စိန်လက်သီးကိုကြည့်ပြီး မောင်ရွှေ [illegible]သြနေ၏။ ဂျာအေးအမူအရာက ဖြစ်ပ်စပ်။ လုပ်ချင်ရာကို လုပ်လိုက်ရသဖြင့် [illegible]ကျေနပ်ကြီး ကျေနပ်နေ၏။ ထိုစဉ် စိန်လက်သီး၏ ပေါက်ကွဲသံကြီး [illegible]က်လာ၏။

"ကိုင်း- ပြောကြစမ်း၊ ဘယ်သူပေါက်တာလဲ"

"xxx. . . xxx"

"မပြောကြဘူးလား၊ ကျုပ်နာမည် လက်သီးနော်၊ ကြိုးဝိုင်းရှေ့ ထိုးခဲ့တာ [illegible]ာပြီကွ၊ ကိုင်း- ပြောကြစမ်း ငါ့ထိပ်ကို ဘယ်သူပေါက်တာလဲ"

"အရပ်လူကြီး ဖြစ်မှာပေါ့ကွ"

"ဟင်"

"ဟယ်- ဘယ်သူပြောတာလဲ"

"မသိဘူးလေ"

ဂျာအေးက ပြာနှမ်းနှမ်းအသံနှင့် အော်လိုက်၏။ သူ့အသံကြောင့် ရှေ့ဆုံး [illegible]င် မှင်မောင်းတခွဲသားလုပ်နေသော အရပ်လူကြီး ဦးကြာလူးမှ တွန့်ခနဲဖြစ်သွား [illegible]ာ နောက်လှည့်ကြည့်လိုက်၏။ ထိုစဉ် လက်သည်က အရပ်လူကြီး ဆိုလိုက် [illegible]ဖြင့် စင်ပေါ်မှ လွှားခနဲခုန်ဆင်းလာသော စိန်လက်သီးတစ်ယောက် ဦးကြာ [illegible]ရှေ့ အရောက် နောက်တစ်လှမ်းဆုတ်လိုက်၏။

- ၄



www.burmeseclassic.com

www.burmeseclassic.com

"ချွန်ကိုပစ်တာ အရပ်လူကြီးလား"

"ခဲဘာ"

"စောစောက အဲဒီလို ကြားလိုက်လို့ဗျ"

"ဟာ- တောက်တီးတောက်တဲ့ကွာ၊ ငါက လူကြီးကွ မဟုတ်တာ လုပ်[illegible] မလား"

"လိုင်စင်ရှိလို့လား"

"ဘာကွ၊ ဘာလိုင်စင်တုံး"

"ဟို. . . မဟုတ်တာ မလုပ်ဘူးဆိုတဲ့ လိုင်စင်"

"ဟေ- ဘာတုံးကွ၊ ဘာလိုင်စင်မှ မရှိဘူး"

"ခင်ဗျာ"

"အဲလေ ငါလည်း ဘာတွေပြောမိမှန်း မသိဘူး၊ ဒီမှာ ကိုစိန်လက်သ[illegible] ခင်ဗျားရှေ့ ကျူပ်ရပ်နေတာပဲ၊ ပြီးတော့ ကျူပ်က အရပ်လူကြီးဗျ၊ ပစ်ပါ့မလာ[illegible] ခင်ဗျားခေါင်းနဲ့ စဉ်းစားစမ်း"

"အင်- ဒါ. . . ဒါဆို"

"အဲဒါပြောတာပေါ့ကွ၊ နေရာတကာမှာ အင်အားမသုံးစမ်းပါနဲ့ မောင်ရ[illegible] ရာ၊ ဉာဏ်လေးဘာလေးသုံးကွ"

"ဒါဆို ကျူပ်ကို ဘယ်သူပစ်သလဲ"

"အဲဒါတော့ ငါ ဘယ်သိပါ့မလဲကွ"

"တောက်- ဒါ သက်သက် ကျူပ်ကို စော်ကားတာဗျ၊ နယ်တကာ့နယ[illegible] လှည့်လာတာကြာပြီ၊ ဒီလိုအဖြစ်မျိုး တစ်ခါမှ မကြုံဖူးဘူး"

"ခု ကြုံဖူးပြီပေါ့ကွာ"

"ဗျာ"

"ကဲ- အဲဒါထားဦး၊ မင်းငယ်ထိပ်ပေါ်က နွားချေးဖတ်တွေ ဆေးလိုက်ပ[illegible] ကွာ"

"မိုက်ရိုင်းလှသဗျာ၊ ရေကန် ဘယ်မှာလဲဗျ"

"အိမ်ဝိုင်းရဲ့အနောက်ဘက် ဝါးရုံပင်အောက်မှာရှိတယ်၊ မြန်မြန်လုပ်ကွ[illegible] ပရိသတ်က မင်းလက်သံ နားထောင်ချင်လှပြီ"

"ဦးကြီးပရိသတ်က ဒီတစ်ခါ ကျူပ်ကို အုတ်ခဲကျိုးနဲ့ ထုမှာဗျ"

"မကြောက်ပါနဲ့ကွာ၊ ငါ့နာမည် ကြာလူးပါ၊ အရပ်လူကြီး လုပ်လာတ[illegible] အံတိုနေပြီ၊ မင်း သွားဆေးလိုက်၊ ငါ ဒီပရိသတ်ကို ထိန်းထားမယ်"





ပြောပြောဆိုဆိုနှင့် အရပ်လူကြီး ဦးကြာလူးတစ်ယောက် စင်ပေါ်သို့ ဝင့်ဝင့်ကြွားကြွား တက်လာ၏။ ပရိသတ်က သူ့ကိုကြည့်ရင်း ကြောင်စီစီဖြစ်နေ၏။

"ဟာ- ဒီတစ်ခါတီးမှာ အရပ်လူကြီးကွ"

"လက်သံပြောင်ပါ့မလား"

"ဟာ- ဒီလူကြီးက တီးနေကြကွ"

"ဘာတီးတာလဲ"

"ဟို ယကွင်းလေ"

"မြန်မြန်တီးပါဗျို့"

"အင်- အဟမ်း . . . အဟွတ်"

"အရပ်လူကြီး ချောင်းဆိုးနေလား၊ ချွေးသေးပန်းရွက် အစိမ်းလိုက် ဝါးစား ဗျို့"

"ဟော့လူတွေ တိတ်တိတ်နေကြစမ်း၊ အဟမ်း အဟွတ် အို. . . ဒီချောင်းက လဲ"

"ဟား ဟား ဟီး ဟီး"

"တိတ်ကြစမ်း၊ ကျူပ် အရပ်လူကြီး မိုက်ခွက်ကိုင်ပြီး စကားပြောနေပြီ"

"မြန်မြန်ပြောပါဗျို့"

ပရိသတ်၏ တစ်ယောက်တစ်ပေါက် အော်သံဟစ်သံကြောင့် မိုက်ခွက်ကြီးကိုင်ထားသော ဦးကြာလူးခမျာ ယောင်ပေပေ ဖြစ်နေ၏။ သူ့ပရိသတ်ကို သူ မနိုင်ပါချေ။ ချောင်းဟန့်သံပေးရင်း နဂိုကလည်း ရင်ကျပ်အခံရှိသည်မို့ စင်ပေါ်တွင် တချွီးချွီး တဟွတ်ဟွတ် ချောင်းဆိုးလေတော့၏။ ပရိသတ်များမှာ ဦးကြာလူး ပြက်လုံးထုတ်နေသည်အထင်နှင့် သဘောအကျကြီး ကျနေ၏။

ထိုအချိန်တွင် အင်မတိ အင်မတန် စိတ်တိုလှသော စိန်လက်သီးတစ်ယောက် ခေါင်းပေါ်က နွားချေးများ ဆေးကြောရန် လရောင်ရိုးတိုးရိပ်တိပ်ရှိနေသော ရေကန်ကြီးအနား ကပ်လာခဲ့၏။ ရွာသားတွေအားလုံး ရွှေဝါတို့အိမ်ဝိုင်းရှေ့ရောက်နေသည်မို့ လူသူအရိပ်အယောင် မမြင်ရ။

အမှောင်ထုကလည်း လရောင်ကို ဖုံးလွှမ်းနေ၏။ ဝါးရုံပင်ကြီးကလည်း လရောင်ပိုးတဝါးအောက်တွင် ထိုးထိုးထောင်ထောင်ရပ်နေသော တစ္ဆေကြီးတစ်ကောင်အလား။ စိန်လက်သီးမှာ ရေကန်နားရပ်ရင်း ကြက်သီးဖြန်းဖြန်းထနေ၏။



www.burmeseclassic.com

www.burmeseclassic.com



"...တွေပဲ ငါတစ်ယောက်တည်း"

"ခါ... ရှဲ... ရှဲ"

"ဟင်- ဘာသံတွေပါလိမ့်"

"ရှဲ... ရှဲ"

လေအတိုးအဝှေ့အကြောင့် ဝါးရုံပင်ရှိ ဝါးရွက်များ လေအလူးတွင် တရှဲ တရွှတ်ရွှတ်မြည်သံပေးနေ၏။ စိန်လက်သီးခမျာ ဝါးရုံပင်ပေါ်ကို ခေါင်းမော့၍ ကြည့်ရဲ့။ ရေကန်စပ်ထိုင်ပြီး ငယ်ထိပ်မှ ဆွားချေးများကို ဆေးကြောနေ၏။ ထိုစဉ် ဝါးရုံပင်ထိပ်ဖျားမှ ထူးဆန်းလှသော အသံကြီးတစ်သံ ထွက်ပေါ်လာလေတော့ ၏။

"စိန်လက်သီး"

"ဗျာ"

"မင်းဟာ ခန္ဓာကိုယ်အားကိုး မိုက်တာမို့ စိန်လက်သီးတဲ့လား"

"အင်"

"ဘာလဲကွ ကြောက်နေပြီလား၊ ဟူးဟူး အဟတ်... အဟတ်"

"ဟာ"

"ဟော့- စိန်... မျက်... ချေး၊ လျှော... လျှော ရှဲရှဲ"

"အောင်မလေးဗျ၊ သရဲ သရဲ ကယ်ကြပါဦး"

သူ့ကိုယ်ပေါ် တဖျောဖျော တသောသော ကြွေလာသော ဝါးရွက်များ ကြောင့် စိန်လက်သီး အကြီးအကျယ် တုန်လှုပ်သွားကာ ထိုင်ရာမှ ဒရောသော ပါး အော်ဟစ်ပြေးလေတော့၏။

"သရဲ... သရဲဗျို့၊ သရဲ"

"ဟဟ ဘာဖြစ်တာတုံး"

"သရဲတဲ့"

"စိန်လက်သီး သရဲခြောက်ခံရလို့တဲ့"

"လူမိုက်ကြီးက သရဲတော့ ကြောက်သားကွ"

ပရိသတ်အားလုံး အုတ်အော်သောင်းတင်း ဖြစ်ကုန်၏။ ထိုအချိန်တွင် ပရိသတ်ကို စင်ပေါ်မှ ဟိန်းဟောက်နေသော အရပ်လူကြီး ဦးကြာလူးမှာလည် စိန်လက်သီး၏ အော်သံကြောင့် စင်ပေါ်မှ လွှားခနဲခုန်ချကာ အိမ်ပြန်ပြေးလေ တော့၏။

ပရိသတ်အားလုံးလည်း ရုတ်ရုတ်သဲသဲ ဖြစ်ကုန်ကြ၏။ ထိုအချိန်တွင်





ဝါးရုံပင်မှ မျောက်တစ်ကောင်လို ဆင်းလာသော ဂျာအေး။ ချုံများကြားက စိန်လက်သီး၏ ဖြစ်စဉ်ကို ရယ်မောနေသော မောင်ရွှေ။ သူတို့နှစ်ယောက် အကြီးအကျယ် ကျေနပ်နေ၏။

"ဟားဟားဟား ကိုဂျာအေးကတော့ မွှေတဲ့နေရာမှာ နှစ်ယောက်မရှိဘူး ဗျ"

"မှတ်ထား မောင်ရွှေရ၊ ဒါသုံးကွ၊ ဒါသုံး"

ဂျာအေးက ခေါင်းကို လက်ညှိုးထိုးပြီး ပြလိုက်၏။ မောင်ရွှေမှာ သူ့ကို မမေးမမြန်းဘဲ ထိုးကြိတ်သွားသော စိန်လက်သီးတစ်ယောက် ခံလိုက်ရပြီမို့ ဝမ်းသာအားရ ဖြစ်နေ၏။ နောက်ဆုံး သူတို့နှစ်ဦး ခွတ်ပုန်းဆိုင်ဘက်သို့ လျှောက် ခဲ့ကာ တစ်ခွက်တစ်ဖလား သောက်လိုက်ကြ၏။

"မောင်ရွှေရာ မင်းမျက်လုံးတစ်ဖက်က ဆင်နင်းထားသလိုပါလားကွာ"

"စိန်လက်သီး လက်ချက်လေဗျာ၊ ကျုပ် ကျေကိုမကျေနပ်ဘူး"

"စိတ်မပူစမ်းပါနဲ့ကွာ၊ ဒါ အပျိုးပဲ ရှိပါသေးတယ်ကွာ၊ လောကမှာ သူများ မျက်လုံးတစ်ဖက် ဖျက်ဆီးရင် ကိုယ်လည်း မျက်လုံးတစ်လုံး ထုတ်ပေးဖို့ အဆင် သင့် ဖြစ်ထားရမှာပဲကွ"

"ဟုတ်တယ် ဒီစကားမှန်တယ်၊ စိန်လက်သီး စိန့်မျက်ချေးဖြစ်အောင် ကျုပ် လုပ်မယ်ဗျာ"

"ဟော့ကောင် စွတ်တော့ မလုပ်နဲ့ကွ"

"စိတ်ချပါဗျာ၊ ကျုပ် ဒါသုံးမှာပါ"

ဂျာအေးသည် သူ့လုပ်ရပ်ကြောင့် မောင်ရွှေ မျက်နှာကြီး ဖူးရောင်နေ သည်ကိုကြည့်ပြီး စိတ်မကောင်းဖြစ်နေ၏။ မောင်ရွှေမှာ အရက်သုံးလေးခွက် ဝင်သွားပြီမို့ သွေးရဲလာ၏။

"ကိုဂျာအေး"

"ဘာတုံးကွ"

"ကျုပ် မကျေဘူးဗျာ၊ ဒီလူ ဘယ်မှာတည်းသလဲဗျ"

"ဘာလုပ်မလို့လဲကွာ"

"ကျုပ် သူ့ဆီက မျက်လုံးတစ်လုံး လိုချင်တယ်"

"ဟင်- ငါ့စကားနဲ့ငါ တုပ်မိပြီ၊ မင်းကလည်းကွာ လူဆိုတာ အမှားရှိမှာပဲ"

"ဟာ- ဒီအချိန်မှာ ကျုပ်ကို တရားလာမဟောနဲ့ဗျာ၊ ကျုပ်လိုချင်တာ စိန်မျက်ချေးရဲ့ မျက်လုံးတစ်လုံးပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ငါးကလည်း အာဃာတ ကြီးလိုက်တာကွာ"

"ရှောဘုဗျာ၊ ဒီလူ ဘယ်မှာတည်းသလဲပြော"

"ငါ. . . ငါကြားတာတော့ ရွာအနောက်ဘက် ဘုန်းကြီးကျောင်းဝင်းထဲမှာ တဲ့ကွ"

"ဟုတ်လား တွေ့ကြပြီပေါ့ စိန်မျက်ချေးရာ၊ မောင်ရွှေ ဆိုတဲ့ကောင်က လူက ပုရွက်ဆိတ်၊ စိတ်က ဂဠုန်နဂါးတဲ့ဟေ့"

မောင်ရွှေ အကြီးအကျယ် ပေါက်ကွဲချေပြီ။ ဂျာအေးလည်း မထိန်းနိုင် မသိမ်းနိုင်တော့။

မောင်ရွှေသည် ထိုင်ရာမှ ဆတ်ခနဲထလိုက်ပြီး ရွာအနောက်ဘက်မှ ပတ်ကာ ဘုန်းကြီးကျောင်းဆီသို့ ချီတက်ခဲ့လေ၏။ ဂျာအေးမှာ သူ့လူကို စိတ်မချသဖြင့် နောက်မှ တကောက်ကောက် လိုက်လာ၏။ မောင်ရွှေသည် ခေါင်းတည်မောင်းတည်နှင့် ဘုန်းကြီးကျောင်းဘေးသို့ ရောက်ရှိသွားလေ၏။

ထိုအချိန်တွင် စိန်လက်သီးတစ်ယောက် ဆိုင်းပွဲကို မြန်မြန်သိမ်းလိုက်ပြီး တည်းခိုဆောင်ရောက်သည်နှင့် ပရိတ်ကြီးဆယ့်တစ်သုတ်ကို အော်ကြီးဟစ်ကျယ် ရွတ်နေလေ၏။ နှမလုပ်သူ စိန်လက်ကောက်မှာ အစ်ကို၏ အခြေအနေကိုကြည့်ပြီး အိပ်မပျော်နိုင် ဖြစ်နေရာ တည်းခိုဆောင်မှဆင်း၍ အဆောင်ရှေ့ ကွပ်ပျစ်ပေါ်တွင် ထိုင်နေ၏။

"ဟာ- ဟိုမှာ အဲ. . . အဲဒါ စိန်လက်ကောက်ကွ"

"ဟင်- စိန်လက်ကောက်၊ ဘာတုံးဗျ"

"အဲဒါ စိန်လက်သီးရဲ့ ညီမလေ၊ ဆိုင်းနောက်ထ အဆိုတော်ကွ။ စိန်လက်သီးက သူ့ညီမကို တအား ချစ်တာကွ"

"ဟင်- ဒါဆို ဟန်ကျပြီ၊ ကိုဂျာအေး"

"ဟေ"

"အဲဒီ စိန်လက်ကောက်ကို ကျုပ်တို့နှစ်ယောက် ပြန်ပေးဆွဲမယ်ဗျ"

"ဟေ- ဘာလုပ်မှာတုံး"

"ဟာ- စိန်မျက်ချေးကို ချွတ်မလို့ပေါ့ဗျာ၊ ကဲ- ပြောနေတာကြာတယ်ဗျ လာဗျာ မျက်နှာတော့ အဝတ်နဲ့စည်းမှ"

"အေးအေး"

နှစ်ယောက်သား ကိုယ်ပေါ်မှ အင်္ကျီချွတ်ကာ ဖရုပ်ရှေ့ ကွပ်ပျစ်ပေါ် ထိုင်နေသည့် စိန်လက်ကောက်နား ကပ်သွား၏။ မောင်ရွှေသည် တွေ့ရာဝါးတစ်



းကို ကောက်ယူကာ ဟိတ်ဟန်လုပ်ပြီး ကိုင်ထား၏။

အနားရောက်သည်နှင့် မောင်ရွှေက စိန်လက်ကောက်၏ ကျောပြင်ကို လုံးနှင့် ဖမ်းထောက်လိုက်၏။

"မလှုပ်နဲ့၊ မအော်နဲ့"

"ရှင်"

"လှည့်မကြည့်နဲ့"

"ဘုရား ဘုရား ရှင်တို့ . . ."

"တိတ်တိတ်နေစမ်း၊ ထ ခုချက်ချင်းထ ငါတို့နဲ့လိုက်ခဲ့။ မလိုက်ရင် သေပဲ"

"အောင်မလေး မလုပ်ပါနဲ့ရှင်"

"ဒါဆို ထစမ်း၊ အသံမထွက်နဲ့နော်"

"ကြောက်. . . ကြောက်လှပါတယ်ရှင်"

စိန်လက်ကောက်ခမျာ အကြီးအကျယ် ချောက်ချားနေ၏။ ထိုင်ရာမှ တုန်ယင်ယင်နှင့် ထလိုက်ပြီး မောင်ရွှေတို့ခေါ်ရာနောက် တွန့်တွန့်ရွံ့ရွံ့နှင့် ပါသွားလေ၏။ ဂျာအေးမှာ နောက်လိုက်သာလုပ်ရသော်လည်း မောင်ရွှေ တွေ လုပ်နေမှန်းကို စဉ်းစား၍မရ။

ထိုစဉ် စိန်လက်ကောက်ကို ရွာပြင်သို့ ခေါ်လာခဲ့ပြီး ရွာနှင့် ခပ်လှမ်းလှမ်း ခင်းထဲ ခေါ်သွား၏။ ဝါးနှစ်ရိုက်ခန့်အမြင့်ရှိသည့် ကောက်ရိုးပုံကြီးနား အ တွင် စိန်လက်ကောက်ကို ထိုင်ခိုင်းလိုက်၏။

ထို့နောက် မောင်ရွှေသည် ကောက်ရိုးပုံဘေး လူမနေသည့် တဲထဲဝင်ကာ တွေရှာလိုက်၏။ ဂျာအေးမှာ မောင်ရွှေ၏ ရဲတင်းသွက်လက်နေမှုကိုကြည့်ပြီး နေ၏။ တစ်အောင့်အကြာတွင် မောင်ရွှေရောက်လာ၏။ လက်ထဲတွင် အုန်းဆံကြိုးခွေကြီးပါလာ၏။

"လက်ပေးစမ်း"

"ရှင်"

"လက်ပေးစမ်း"

"မ. . . မလုပ်ပါနဲ့ အစ်ကိုကြီးရယ်"

"တိတ်စမ်းကွာ"

မောင်ရွှေသည် စိန်လက်ကောက်၏ ခြေတွေလက်တွေကို ကြိုးနှင့်တုပ်ပြီး ခေါ်သွားကာ ခေါင်းတိုင်နှင့် တွဲချည်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"မောင်ရွှေ မင်းဘာလုပ်မလို့လဲကွာ၊ အဲဒါ အချုပ်ထဲ ရောက်သွားနိုင်တ
နော်"

"မသိဘူးဗျာ၊ ခုချိန်ဆို စိန်မျက်ခွေးတစ်ယောက် ရှာပုံတော်ဖွင့်နေပြီ
ဗျာ"

မောင်ရွှေတစ်ယောက် ဒူးတနှန့်နှန့်နှင့် ပြောဆိုနေစဉ် ကမ္ဘာပျက်သ
ဖြစ်နေရသူမှာ စိန်လက်သီး။ ကျောင်းပေါ်မှဆင်းကာ ညီမဖြစ်သူပျောက်ဆ
သဖြင့် ဒေါင်ချာစိုင်းအောင် ရှာဖွေနေရ၏။ ရွာထဲ လျှောက်ရှာပါသော်လ
စိန်လက်ကောက်၏ အရိပ်အယောင် ပျောက်ဆုံးနေ၏။

နောက်ဆုံး ရွာလူကြီး ဦးကြာလူးဆီ ရောက်သွားလေ၏။

"ဗျို့ ရွာလူကြီး"

"ဟေ- ဘယ်သူတုံး"

"ကျုပ်ပါ စိန်လက်သီးလေ"

"ဟင်- ဘာ. . . ဘာကိစ္စလဲကွယ်"

စိန်လက်သီးက လာရင်းကိစ္စကို လက်သီးလက်မောင်းတန်း၍ ပြော
၏။ ဦးကြာလူးမှာ သူ့စကားကြောင့် ပါးစပ်အဟောင်းသား ဖြစ်နေ၏။ စိ
လည်း မယုံကြည်နိုင်။ ထို့ကြောင့်လည်း အူချာချာနှင့် ပြောလိုက်၏။

"အို- သေ. . . သေချာရဲ့လားကွယ်"

"ဟာ- ကျွန်တော်က နောက်ပါ့မလားဗျာ၊ နှမတစ်ယောက်လုံး ပျော
တာကို. ကျွန်တော် နောက်တီးနောက်တောက်လုပ်ရင် အရူးဖြစ်သွားမှာ
ဗျာ၊ ကျွန်တော်တော့ တစ်ရွာလုံး နှံ့နေပြီ"

"ဟင်- ဒါဆို မင့်နှမ ချစ်သူနဲ့များ လိုက်သွားလေသလားကွယ်"

"ဗျာ၊ ချစ်သူ. . . ဟာ- ကျွန်တော့်နှမမှာ ချစ်သူဆိုလို့ မွေးလို့တောင်
စရာ မရှိဘူးဗျ"

"အင်- ဒါဆို ဘယ်လိုသဘောပါလိမ့်"

"အဲဒါ ပြောတာပေါ့ဗျာ၊ ဒီကိစ္စ မရိုးသားဘူးဗျ ဒီကိစ္စ ပယောဂမကင်
ကျုပ်ကို ပြောင်းဖူးနဲ့ပေါက်တဲ့ကောင်များ ဒုက္ခပေးသွားသလား မသိဘူး"

"ဟင်- သေ. . . သေချာရဲ့လားကွာ"

"ဟာ- သေချာလို့ကတော့ တစ်ရွာလုံး မြေလှန်ပြီး ပြဿနာရှာ
အရပ်လူကြီးရယ်"

"အိမ်း--ဒုက္ခပါပဲ၊ ကိုင်း- ဒါဆို ကျုပ်လူတွေ ခေါ်လိုက်ဦးမယ်၊ ဘာ





ပျောက်သောသူ ရှာရင်တွေ့တဲ့ဗျ"

အရပ်လူကြီးက စိန်လက်သီးကို အားပေးစကားပြောလိုက်ပြီး သူ့လူများ
ကို တစုတဝေး ခေါ်လိုက်၏။ စိန်လက်သီးမှာ ညီမဖြစ်သူအပေါ် အစိုးရိမ်ကြီး
စိုးရိမ်နေ၏။ ဦးကြာလူးသည် သူ့လူများကိုခေါ်ကာ တစ်ရွာလုံးပတ်၍ ရှာလေ၏။

ထိုအချိန်တွင် စိန်လက်ကောက်ခမျာ မောင်ရွှေ၏ လုပ်ရပ်ကြောင့် အကြီး
အကျယ် ချောက်ချားနေ၏။ အမှန်မတော့ စိန်လက်ကောက်သည် အလွန်တရာ
မှ နူတ်သီးကောင်းလှသော မိန်းမတစ်ဦး ဖြစ်၏။ အစ်ကိုလုပ်သူက မြှောက်စား
ထားသဖြင့် စိန်လက်ကောက်မှာ မာနကြီးလှသူဖြစ်၏။

သို့သော် မကြုံဘူးသည့် အခြေအနေနှင့် ကြုံလာရသောအခါ မိန်းမသား
သည် မိန်းမသားဖြစ်သည် ဆိုသည့်အတိုင်း မောင်ရွှေ၏ အပြုအမူကို အကြီး
အကျယ် တုန်လှုပ်နေ၏။

"မောင်. . . မောင်လေးရယ်၊ အစ်မကို သနားရင် လွှတ်ပေးပါကွယ်။
အစ်မ မောင်လေးဒုက္ခရောက်အောင် မလုပ်ပါဘူးတွယ် နော်"

"မလွှတ်ဘူး၊ ကျုပ် မကျေနပ်တာ ခင်ဗျားအစ်ကိုဗျာ၊ အားကြီးမိုက်ရိုင်း
တဲ့လူ၊ ဒါကြောင့် ကျုပ် မကျေနပ်လို့ ဖမ်းတာပဲ"

"အို- အစ်မကို ခားစာခံ ဆွဲမထည့်ပါနဲ့ကွယ်၊ ငါ့မောင် အစ်မကို နား
လည်ပေးပါကွယ်"

"အင်း- ခက်တယ်ဗျာ၊ ကျုပ်က ခင်ဗျားကို ဒုက္ခတော့ မပေးချင်ပါဘူး၊
ဒါပေမယ့် ခင်ဗျားအစ်ကိုဗျ၊ ကျုပ်ကို လက်သီးနဲ့ထိုးသွားတယ်ဗျ"

"ဟင်- ဒုက္ခပါပဲကွယ်၊ မမ ကိုကို့ကိုယ်စား တောင်းပန်ပါတယ်ကွယ်"

"တောက်- ခင်ဗျား ကျုပ်ကိုကြောက်လား"

"ကြောက်တာပေါ့ကွယ်၊ ငါ့မောင်က လူဆိုးကြီး မဟုတ်လား"

"ဟုတ်ဘူးဗျာ၊ ကျုပ်က လူကောင်း"

"ဒါဆို မမကို လွှတ်ပါကွယ်၊ မမ တောင်းပန်ပါတယ်ကွယ်"

"ကဲ- ဖယ်စမ်းဗျာ"

စိန်လက်ကောက်က မျက်ရည်တစမ်းစမ်းနှင့် တောင်းပန်လာသည်မို့ ချည်
ထားသောကြိုးကို ဖြေပေးလိုက်၏။ ထိုစဉ် ဂျာအေး၏အသံ ထွက်လာ၏။

"ဟာ- ဟိုမှာ လူတွေလာနေပြီကွ"

"ဗျာ- ဒုက္ခပါပဲ"

"မောင်ရွှေ ဘယ်လိုလုပ်ကြမလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ခြော. . . ပြောတတ်ဘူးဗျာ"

မောင်ရွှေတစ်ယောက် ခေါင်းစားနေ၏။ စိန်လက်ကောက်ကို ကြိုးတွေ ဖြေပေးလိုက်၏။ စိန်လက်ကောက်သည် သဘောထား ပြောင်းသွားသည့် မောင်ရွှေကို ကျေးဇူးအတင်ကြီး တင်နေ၏။

"ငါ့မောင်လေးက မျက်နှာကြီး အဝတ်အုပ်ပြီး ဘာလုပ်တာလဲ"

"ဟာ- အဲဒါ မျက်နှာဖုံးဗျ"

"ဟင်- ဒါဆို လူဆိုးကြီးလုပ်ကြည့်တာပေါ့၊ ဒါပေမယ့် ငါ့မောင်က လူဆိုးသံလည်း မပေါက်ဘူး"

"ဗျာ၊ ဟို. . . ကျုပ်၊ ဟာ- ခင်ဗျားကို ရှာနေတဲ့လူတွေ လာနေပြီ"

"ဟင်- ဟုတ်လား၊ ဒါဆို ကိုကိုပါလာရင် ငါ့မောင်တော့ ဒုက္ခပဲ၊ မမကို မောင်လေး လွှတ်ပေးတဲ့ကျေးဇူး ရှိပါတယ်ကွယ်"

"ဒါ. . . ဒါဆို ကျုပ် ဘာလုပ်ရမှာလဲ"

"ဘာမှမပူနဲ့၊ ဒီကိစ္စ မမ ဖြေရှင်းမယ်"

"ဟင်"

စိန်လက်ကောက်သည် မောင်ရွှေ၏လက်ကိုဆွဲကာ တဲထဲမှ ထွက်ခဲ့၏။ ဂျာအေးခမျာ တောင်ပြေးရတော့မလို မြောက်ပြေးရတော့မလို ဖြစ်နေ၏။ ထိုစဉ် ဦးကြာလှူးအဖွဲ့နှင့်အတူ စိန်လက်သီးတို့လူစု တလင်းထဲသို့ ရောက်လာ၏။

"ဟင်- ညီမလေး"

"အစ်ကိုကြီး"

"ဘယ်လိုဖြစ်တာတုံး ညီမလေးရယ်၊ သူ. . . သူ ဘယ်သူလဲ၊ ဟင်- ငါ့ လက်သီးနဲ့ ထိုးခဲ့တဲ့ ကောင်ပါလား"

"ဟုတ်ပါတယ် ခင်ဗျာ"

"မင်းနာမည် ဘယ်သူတုံး"

"ကျွန်တော့်နာမည် မောင်ရွှေပါ ခင်ဗျာ"

"ဩော်- မင်းက ကလဲ့စားချေတာကိုး"

"အို- မဟုတ်ဘူး မဟုတ်ဘူး အစ်ကိုကြီး"

"ဟင်- ဒါဆို ဒီကိုလာတာ"

"ဟို. . . ကျွန်မ. . . အဲ- နားနဲ့မနာ ဖဝါးနဲ့နာပါ အစ်ကိုကြီးရယ်၊ ဟို- သူနဲ့ကျွန်မ ချစ်သူတွေ ဖြစ်နေကြပြီ"

"ဘာ"





"ဗျာ"

"ဟိုက်- သွားရောကွာ"

ကြားလိုက်ရသော စကားကြောင့် မောင်ရွှေ မျက်လုံးပြူးသွား၏။ သူ့နည်းတူ တအံ့တဩ ဖြစ်သွားသူမှာ ဂျာအေး ဖြစ်၏။ စိန်လက်သီးမှာ ညီမဖြစ်သူ၏ စကားကြောင့် အကြီးအကျယ် အံ့ဩနေ၏။ တစ်သက်လုံး အပျိုကြီးလုပ်ခဲ့သော စိန်လက်ကောက်၊ ဟန်ပန်ကလည်း ရိုးရိုးတုံးတုံးကြီးမို့ သူ့ညီမကို ဘယ်သူကမှ မချစ်နိုင်ဟု အယုံကြီး ယုံခဲ့၏။ ယခုတော့ အားလုံး တလွဲတချော် ဖြစ်ကုန်ပြီမို့ ဘာကိုနားလည်ရမည်ပင် မသိတော့။

"ဟုတ်. . . ဟုတ်ရဲ့လား ညီမလေးရဲ့"

"ဟုတ်ပါတယ် အစ်ကိုကြီးရဲ့၊ ကိုရွှေ ဟုတ်တယ်နော်"

"အင်- ဟို. . . ကျွန်တော်. . . အဲ"

"ဟေ့ကောင် မင်း ဘာအူချာချာလုပ်နေတာလဲ၊ ပြောစမ်း မင်း ငါ့ညီမကို တကယ် ချစ်တာလားကွ"

"ဗျာ၊ ဟို. . . ကျွန်တော်"

"ပြောလေကွာ"

"ဟုတ်. . . ဟုတ်ပါ. . . ဟုတ်ပါတယ် ခင်ဗျာ"

"ဒါဆိုလည်းပြီးရော၊ ချိန်းတွေ့တာပဲ ဒီလောက်ခေါင်တဲ့နေရာမှာ တွေ့ရသလားကွာ၊ ကိုင်း- လာကြ ဘာမှရှက်မနေနဲ့တော့"

"အင်- သွားပြီ မောင်ရွှေရေ. . . . အမျှ. . . . အမျှ. . . အမျှ"

ဂျာအေးမှာ မောင်ရွှေ၏အဖြစ်ကိုကြည့်ပြီး တစ်ယောက်တည်း အမျှဝေနေ၏။ မောင်ရွှေခမျာမှာတော့ အမှန်အတိုင်း မပြောရဲ။ ဖြေလိုက်လျှင် အသက်နှင့်ကိုယ် အိုးစားကွဲသွားမည်မို့ စိန်လက်ကောက်ပြောသလို ခေါင်းညိတ်လိုက်ရလေတော့၏။ စိန်လက်ကောက်မှာ မောင်ရွှေ၏ ရှုံ့တွတွမျက်နှာကို ပြုံးစိစိနှင့် ကြည့်ရင်း ဖျတ်ခနဲ လက်ဖမ်းတွဲကာ ရွာဘက်သို့ လျှောက်သွားလေတော့၏။

○○○○○



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၈)

"ရှင်၊ ဘယ်လို ကိုကျာအေး"

"ခင့်ဗျာ"

"ရှင့်စကားတွေက ဟုတ်မှ ဟုတ်ရဲ့လားရှင်"

"အင်း- ကျွန်တော်တောင် မယုံဘူး ရွှေဝါရယ်၊ ခုဥစ္စာ မောင်ရွှေ သက်သက် ချောက်ကျသွားတာဗျ"

"ဘယ်လိုဖြစ်တာတုံးရှင်"

"ဒီ. . . ဒီလိုဗျ"

ကျာအေးတစ်ယောက် မောင်ရွှေ၏ အဖြစ်သနစ်ကို ပွင့်ပွင့်လင်းလင်း ပြောပြလိုက်လေ၏။ ရွှေဝါခမျာ မောင်ရွှေ၏ အဖြစ်မှန်ကို ကြားရတော့ အကြီးအကျယ် စိတ်မကောင်း ဖြစ်နေ၏။

ရပ်ကျော်ရွာကျော်ဖြစ်ခဲ့ရသည်မို့ မောင်ရွှေခမျာ ရွှေဝါကို မျက်နှာမပြရဲ အရက်ဆိုင်ထဲမှ မထွက်ရဲအောင် ဖြစ်နေ၏။ ထိုစဉ် ဆိုင်ရှေ့သို့ ဒေါင်းတည်မောင်းတည် ရောက်လာသူမှာ စိန်လက်ကောက်။ အရပ်က ကလန်ကလားခန္ဓာကိုယ်က ပြားချပ်ချပ်၊ လမ်းလျှောက်ပုံကလည်း ဆတ်ကော့လတ်ကော့ အသံကလည်း ဆာတာတာ။

"ကိုရွှေ အို. . . ကိုရွှေ"

"ဗျာ"

"အရက်တွေ ဘာလို့သောက်နေသလဲကွယ်၊ ကောက်ကောက်လာပြီလေ"

"ဟင်- ဒုက္ခပါပဲ၊ ကြီးဒေါ်ရေ. . . ကယ်ပါဦးဗျ"

"အို. . . ကိုရွှေ လာလေ မလာဘူးလား ဒါဆို အစ်ကိုကြီးကို ခေါ်လိုက်ရလား"





"ဟာ- မခေါ်ပါနဲ့ဗျာ၊ လာပါပြီ"

မောင်ရွှေတစ်ယောက် အရက်ဆိုင်ထဲမှ အူယားဖားယား ပြေးထွက်လာ၏။ မိတ်ကပ်အဖွေးသား၊ နှုတ်ခမ်းနီအရဲသားနှင့် ထင်တိုင်းကြဲထားသော စိန်လက်ကောက်ကို ကြည့်ရင်း မောင်ရွှေ တရှုံ့ရှုံ့တမဲ့မဲ့ ခံစားနေရ၏။ စိန်လက်ကောက်ကတော့ မောင်ရွှေ၏ ညိုးတိုးတိုးမျက်နှာလေးကိုကြည့်ကာ သနားကရုဏာကြီးစွာနှင့် လက်တွဲချိတ်လိုက်၏။

"အင်- ဟို. . . ရက်စရာ"

"အို. . . ဘာရှက်စရာလိုလဲ ကိုရွှေရယ်၊ အားလုံး သိပြီးသားပဲဟာ၊ လာပါ မှာပြင်ထွက်ပြီး လမ်းလေးဘာလေး လျှောက်ရအောင်"

"ဗျာ၊ ဟို. . . ကျွန်တော်"

"လာပါ၊ အရက်တွေ မသောက်ပါနဲ့ကွယ်၊ ကောက်ကောက်ကို ချစ်ရင် ကောက်ကောက်စကားကို နားထောင်ပါကွယ်"

"ဟုတ်. . . ဟုတ်ကဲ့ပါ ခင်ဗျာ"

နောက်ဆုံးတော့ စိန်လက်ကောက်ခေါ်ရာသို့ မောင်ရွှေ ပါသွားလေ၏။ ရွာထိပ်သို့အရောက်တွင် စိန်လက်သီးနှင့် မျက်နှာချင်းဆိုင် ကြုံရလေတော့၏။ မောင်ရွှေခမျာ စိန်လက်ကောက်ဆွဲထားသည့်လက်ကို အတင်းဖြုတ်ချနေ၏။ စိန်လက်ကောက်ကတော့ ဘာကိုမှ မှုသည်ပုံမပေါ်။ အစ်ကိုဖြစ်သူရှေ့တွင် တင်းတင်းပင် လက်တွဲချိတ်ထားလေ၏။

"ညီမလေး"

"အစ်ကိုကြီး"

"မနက်ဖြန် အစ်ကိုကြီးတို့ ပြန်မယ်နော်"

"ပြန်မှာပေါ့ အစ်ကိုကြီးရယ်၊ ဟို သူ့ကိုပါ ခေါ်ခဲ့မယ်နော်"

"ခေါ်ခဲ့ရမှာပေါ့၊ ဟေ့ကောင် မောင်ရွှေ"

"ခင်ဗျာ"

"မင်း ငါ့ညီမကို သစ္စာမဖောက်နဲ့နော်၊ သစ္စာဖောက်လို့ကတော့ မင်းကို မီးကင်စားပစ်လိုက်မှာနော်"

"ဟာ- မလုပ်ပါနဲ့ အစ်ကိုကြီးရယ်"

"အေး- ဒါဆို ငါ့ညီမကို မယားမှတ်မှတ် သားမှတ်မှတ် ပေါင်းရမယ်"

"ဟုတ်. . . ဟုတ်ကဲ့ပါ ခင်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



မောင်ရွှေတစ်ယောက် မိလ္လာကန်ထဲ ပြုတ်ကျသွားသူအလား ဒုက္ခတွေ ... ။ ... ထွက်ရန်းထွက်လိုသော်လည်း မလွယ်သည့်အခြေအနေ။ ဘာလုပ် ... လုပ်ရမှန်း မသိတော့။ ကံစီရင်မှုပေါ် ပုံချပြီး စိန်လက်သီးတို့ မောင်နှမနှင့် လိုက် ... ရလေ၏။

ထိုအချိန်တွင် ရွှေဝါခမျာ မောင်ရွှေ၏အဖြစ်ကိုတွေးရင်း မရှုနိုင် မကယ် ... နိုင် ဖြစ်နေ၏။ ဂျာအေးကို တတွတ်တွတ်ပြောရင်း ကြေကွဲနေ၏။ ဂျာအေးမှာ ... လည်း မောင်ရွှေပြဿနာကို ဘယ်သို့ဘယ်ပုံ ဆုံးဖြတ်ရမှန်းမသိ။

"ဒုက္ခပါပဲ ကိုဂျာအေးရယ်၊ ကိုရွှေလေး သနားပါတယ်ရှင်၊ ဒီကိစ္စ ကယ် ... မယ့်သူဆိုလို့ ကိုဂျာအေးပဲ ရှိတော့တယ်"

"အင်း မောင်ရွှေ. . . မောင်ရွှေ ဒီလောက် ကံဆိုးလှသဗျာ၊ ကဲ- ကျ ... တော့ တစ်ခုခုလုပ်ဖို့ ဆုံးဖြတ်လိုက်ပြီ"

"ရှင် ဘာလုပ်မှာလဲ"

"ဒီလိုဗျာ"

ဂျာအေးက သူ့အကြံအစည်ကို ရှင်းပြလိုက်၏။ သူ့စကားကြောင့် ရွှေ ... ခမျာ မျက်လုံးပြူး မျက်ဆန်ပြူး ဖြစ်နေ၏။

"ဖြစ်. . . ဖြစ်ပါ့မလား"

"ဟာ- အဲဒီလိုမှ မလုပ်ရင် မောင်ရွှေ နာလိမ့်မယ်"

"ဟုတ်တော့ ဟုတ်ပါတယ်လေ၊ ကိုင်း- ဒါဆိုလည်း မြန်မြန်လုပ်"

"စိတ်ချ"

ညဉ့်ဦးပိုင်းအရောက်တွင် ဂျာအေးတစ်ယောက် စွန့်စားခန်း စတော့ ... မောင်ရွှေကို ဘုန်းကြီးကျောင်း တည်းခိုဆောင်တွင် ခေါ်ထားသည်မို့ ည ... အမှောင်ကိုအားပြုကာ ကျောင်းဝိုင်းအနီးသို့ ကပ်သွား၏။ ထိုအချိန် မအိပ်နိုင် ... မစားနိုင် ဖြစ်နေသော မောင်ရွှေခမျာ ကျောင်းဝင်းထဲ တံမြက်စည်းလှည်းကျင် ... နေ၏။

ဂျာအေးသည် မောင်ရွှေကြားအောင် အချက်ပေးလိုက်ပြီး ကျောင်းဝိုင် ... အပြင်သို့ ခေါ်ထုတ်ခဲ့၏။

"မောင်ရွှေ"

"ကိုဂျာအေး ကယ်. . . ကယ်ပါ"

"ဟာ- မင်းကလည်း အရေးထဲ ကြောက်နေရသေးတယ်"

"ကျုပ်. . . ကျုပ် ဘာလုပ်ရမလဲ"





"ဘာမှမလုပ်နဲ့ ခုချက်ချင်း ငါနဲ့လိုက်ခဲ့။ ညတွင်းချင်း မင်းနဲ့ငါ ရန်ကုန်ပြန်မယ်"

"ဗျာ- ကိုစိန်လက်သီး"

"ထားလိုက်စမ်းပါ၊ ဘာမှမကြောက်နဲ့ ငါရှိတယ်၊ ကိုင်း- သွားကြမယ်"

"နေဦးဗျ၊ ဟို ကျုပ်အိတ်"

"ထားလိုက်စမ်းပါကွာ၊ ကိုင်း- လာ အချိန်ရှိတုန်း ပြေးကြမယ်"

"ဗျာ"

"လာစမ်းကွာ ယောက်ျားပဲ"

ဂျာအေး အတင်းခေါ်သဖြင့် မောင်ရွှေတစ်ယောက် ကန့်လန့်ကန့်လန့်နှင့် ပါလာ၏။ ရွာအရှေ့မြောက်ဘက်ထိပ်သို့ အရောက်တွင် လှည်းတစ်စီးစောင့်နေ၏။ လှည်းပေါ်တွင် လူနှစ်ဦး စောင်ခေါင်းမြီးခြုံပြီး ထိုင်နေ၏။

"လာ မြန်မြန်လာကြ"

"ဟင် ရွှေ. . . ရွှေဝါ"

"ဟုတ်တယ်၊ လှည်းပေါ်မြန်မြန်တက်"

"ဟုတ်. . . ဟုတ်ကဲ့"

နှစ်ဦးသား လှည်းပေါ် အလျှင်အမြန် တက်လိုက်ကြ၏။ လှည်းပေါ်ထိုင်နေသူမှာ အခြားမဟုတ်၊ ရွှေဝါနှင့် သူတော်တို့ ဖြစ်လေ၏။ သူတို့နှစ်ဦးသည် လှည်းဖြင့် ဘူတာရုံအထိ လိုက်ပို့ပေးခဲ့၏။ ဘူတာရုံရောက်သည်နှင့် လှည်းပေါ်မှ ဆင်းလိုက်၏။ မောင်ရွှေ ဟိုဟိုဒီဒီကြည့်ရင်း ကြောက်လန့်နေ၏။

"ကိုရွှေ"

"ရွှေဝါ"

"ရှင်ပြေးလေတော့၊ ကျွန်မ ကိုဂျာအေးကို ပြေးဖို့လမ်းပြထားတယ်၊ နောက်မှ ကျွန်မ ရန်ကုန်ကို လိုက်ခဲ့မယ်"

"ကျေး . . . ကျေးဇူးတင်ပါတယ် ရွှေဝါ"

"တဲ- သွားပေတော့"

သူတို့နှစ်ဦး ရွှေဝါကိုနှုတ်ဆက်ကာ တက်သုတ်နှင်လေတော့၏။ ရွှေဝါ ပြောလိုက်သည့် လမ်းကြောင်းအတိုင်း ခြေကျင်သုတ်ခဲ့ကြရာ ရန်ကုန်သို့ မိုးလင်းသုလုတွင် ပြန်ရောက်ခဲ့ကြလေ၏။

မြို့သစ်ဆင်ခြေဖုံးရောက်သည်နှင့် ကားတစ်စီးငှားကာ ကြီးဒေါ်အိမ်သို့ ပြန်ခဲ့ကြလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



"ဪ- စောစောစီးစီး ဘယ်သူတွေတုံး"

"ကျွန်တော် မောင်ရွှေပါ ကြီးဒေါ်"

"မောင်ရွှေ . . . လူလေး ဘယ်တွေလျှောက်သွားနေသတုံးကွယ်၊ ကြီးဒေါ်ဖြင့် စိတ်ပူလိုက်ရတာ"

"ဟို . . . ကိစ္စ ရှိ . . . ရှိလို့"

"မပြောမဆို ထွက်သွားတာ ဘယ်ကောင်းပါ့မလဲကွယ်၊ ကိုင်း- အချိန်ရှိတုန်း အိပ်ကြဦး၊ မိုးလင်းမှ ပြောကြဆိုကြတာပေါ့"

"ဟုတ် . . . ဟုတ်ကဲ့ ကြီးဒေါ်"

ပြောပြောဆိုဆို သူတို့နှစ်ဦး အိမ်ကြီးအပေါ်ထပ် တက်ခဲ့ကာ အိပ်ခန်းထဲဝင်၍ အိပ်ခဲ့ကြလေတော့၏။

နောက်တစ်နေ့ မိုးအလင်းတွင် သူတို့နှစ်ဦးနှင့် ကြီးဒေါ်လုပ်သူတို့ ထမင်းစားခန်းတွင် ဆုံမိကြရာ ကြီးဒေါ်လုပ်သူက စစ်မေးလေ၏။ သူတို့အဖြေက မှုသားတစ်ဝက်၊ သစ္စာစကား တစ်ဝက်။ ကြီးဒေါ်လုပ်သူမှာလည်း သူတို့စကားကို မယုံတစ်ဝက် ယုံတစ်ဝက် ဖြစ်နေလေ၏။

"မင်းတို့လုပ်ပုံက ဟုတ်ကိုမဟုတ်ပါဘူးကွယ်၊ ခုလို ထင်ရာမြင်ရာ လုပ်နေရင် ဘယ်ကောင်းမှာလဲ၊ ငါလည်း မင်းစိတ်ကြောင့် မအိပ်နိုင်၊ မစားနိုင်နဲ့၊ နောက်တစ်ခါ ဒီလိုမလုပ်ကြပါနဲ့ကွယ်"

"စိတ်ချပါ ကြီးဒေါ်ရာ၊ ခုဥစ္စာ ဆွမ်းစားရင်း ငှက်သင့်တဲ့ကိစ္စပါ"

"ဘာမဆို ဆင်ဆင်ခြင်ခြင် လုပ်ကြပါကွယ်"

မောင်ရွှေခမျာ ကြုံဆုံလိုက်ရသော အဖြစ်ကြောင့် အိမ်ထဲက အပြင်မထွက်ရဲအောင် ဖြစ်နေရှာ၏။ ဂျာအေးလည်း ပွဲရုံသို့ ပုံမှန်သွားခဲ့၏။ ရှိုးရှိုးယင်နှင့်လည်း အတော်ကလေး ရင်းနှီးနေပြီ ဖြစ်လေ၏။ ထိုအချိန်တွင် ဂျာအေး၏ အသွားအလာကို စောင့်ကြည့်သူတစ်ဦးရှိ၏။ ထိုသူက အခြားမဟုတ်၊ လူဆိုးကြီး ရွှေနီ ဖြစ်လေ၏။ သူ့နံဘေးတွင် တပည့်ကျော်ပုတ်သင်ညိုနှင့် အာလူး ထိုင်နေ၏။

သူတို့လူစု စောင့်ကြည့်နေစဉ် ဂျာအေးတစ်ယောက် ပွဲရုံမှ ထွက်လာသည်ကို တွေ့လိုက်ရ၏။

"အာလူး"

"ဗျာ ဆရာကြီး"

"မင်း လုပ်ငန်း စပေတော့၊ ဒီကောင်က လူလည်နော်၊ သတိထားဦး"





"စိတ်ချပါ ဆရာ"

ပြောပြောဆိုဆိုနှင့် တပည့်ကျော် အာလူးသည် ဆိုင်ထဲမှ ခပ်သုတ်သုတ် ထွက်သွား၏။ ကားလမ်းကိုဖြတ်ကူးပြီး ပွဲရုံထဲမှ ထွက်လာသော ဂျာအေးအနားသို့ မယောင်မလည် ကပ်လိုက်၏။ အာလူး၏ ပုံသဏ္ဌာန်က တကယ့်အညာသားဒိုက်ဆိုက်။ ပုဆိုးတိုတို တိုက်ပုံညစ်ညစ်၊ မျက်နှာသုတ်ပုဝါကြီး ခေါင်းပေါင်းပေါင်းထား၏။ အရုပ်ကလည်း ပုညက်ညက်။ သူ့အနားရောက်သည်နှင့် လေသံ့အစ်အစ်နှင့် ခေါ်လိုက်၏။

"ကိုဂျာအေး"

"ဟင်- မင်း ဘယ်သူတုံး"

"ကျွန်တော့်နာမည် အာလူးဗျ"

"ဘာကိစ္စလဲ"

"ကျွန်တော် ရေနံချောင်းကဗျ"

"ဟေ- ရေနံချောင်းက ဟုတ်လား ဘာကိစ္စလဲပြော၊ ငါလည်း ရေနံချောင်းကကွ"

"ဟာ- အတော်ပဲ၊ ကျွန်တော့်မှာ ပဲတွေပါလာတယ်ဗျ၊ အဲဒါ ရောင်းချင်လို့ဗျ ဟိုလည်ဒီလည် ဖြစ်နေတယ်၊ ကိုဂျာအေးရယ် ကူညီပါဦးဗျ၊ တစ်မြို့တည်းသားချင်းတွေပဲ"

"ဟ- ကူညီရမှာပေါ့ အာလူးရာ၊ ကဲ- ဘယ်မှာလဲ ပစ္စည်းတွေ၊ ငါလိုက်ကြည့်မယ်၊ ကောင်းရင် တစ်ထိုင်တည်း ဈေးဖြတ်မယ်ကွာ"

"သိပ်ကောင်းတဲ့ အစီအစဉ်ပဲဗျ၊ ကျွန်တော့်မှာပါတဲ့ ပစ္စည်းတွေက မြောက်ဥက္ကလာပက မြို့ကြီးထဲမှာ ရှိတယ်ဗျ"

"ဟုတ်လား၊ ဒါဆို ခုချက်ချင်း သွားရအောင်ကွာ၊ ငါက အလုပ်တစ်ခုကို ဆိုင်းမထားချင်ဘူးကွ၊ ကားငှားမယ်"

"လောလောဆယ်တော့ ကျုပ်မှာ ပိုက်ဆံ သိပ်မရှိ . . ."

"မပူပါနဲ့ကွ၊ ငါငှားမှာပေါ့၊ လိပ်စာသာပြော"

ဂျာအေး၏အမေးကြောင့် အာလူး လိပ်စာပြောလိုက်၏။ ထို့နောက် သူတို့နှစ်ဦး တက္ကစီငှားကာ မြောက်ဥက္ကလာဘက်သို့ ထွက်ခဲ့ကြလေ၏။ အာလူးပြောသော မြို့ကြီးရှေ့အရောက် နှစ်ဦးသား ကားပေါ်မှ ဆင်းခဲ့ကြပြီး မြို့ထဲဝင်ခဲ့ကြ၏။ မြို့ကြီးမှာ အတော်ကျယ်ဝန်းလှပြီး သီးစားပင်ကြီးများ ဖားဖားလွှားလွှား ပေါက်ရောက်နေပေ၏။



www.burmeseclassic.com

www.burmeseclassic.com

"ဘယ်မှာလဲကွ"

"ဂိုဒေါင်ထဲမှာဗျ"

"ဟုတ်လား မင်းမဆိုးဘူး အာလူးရေ အလုပ်လုပ်တဲ့နေရာမှာ ကြီးပွားဖို့ အလားအလာ ရှိတာပဲကွ၊ ဘယ်မှာလဲ ဂိုဒေါင်"

"ဟိုမှာလေ"

"ဪ. . . ဟုတ်သားပဲ"

အာလူး လက်ညှိုးထိုးပြသော ဂိုဒေါင်ကြီးဆီသို့ လာခဲ့ကြ၏။ အာလူး သည် ဂိုဒေါင်တံခါးတစ်ချပ်ကိုဖွင့်ကာ ဂျာအေးကို အထဲသို့ ဖိတ်ခေါ်လိုက်၏။

"လာလေ ကိုဂျာအေး"

"ခြံထဲ လူလည်းမရှိပါလား"

"ရှိတယ်ဗျ၊ ခြံကကျယ်တော့ ဟိုဟိုဒီဒီ သွားနေကြတာလေ"

"ဪ"

"လာလာ"

ပြောပြောဆိုဆိုနှင့် သူတို့နှစ်ဦး ဂိုဒေါင်ထဲသို့ ဝင်ခဲ့ကြရာ အထဲရောက် သည်နှင့် ထိုင်ခုံကြီးပေါ် ထိုင်နေသော လူတစ်ယောက်ကို တွေ့လိုက်ရ၏။ သူ့ လက်ထဲတွင် သဘော်ဆေးသုတ်ထားသော ပြောင်းရှည်ကြီးတစ်လက် ကိုင်ထား ၏။

"ဟော- ဆရာကြီးဂျာအေး ရောက်လာပြီကိုး"

"ဗျာ"

သူ့ကို ရိသဲ့သဲ့ ကြိုဆိုလိုက်သော လမ်းဘီလူးရွှေနီ။ ခပ်ထေ့ထေ့ အပြုံးနှင့် ပြုံးကာ ဂျာအေးကို စူးရဲစွာ ကြည့်လိုက်၏။

"ဟာ- ခင်ဗျား ရွှေနီ"

"ဟုတ်ပ၊ ငါတို့ကို မင်းက ပေါ့သေးသေးတွက်ခဲ့တာကိုးကွ။ မရပါဘူးကွ ရွှေနီဆိုတာ တကယ့်လူဆိုးကြီးကွ။ မင်းကို ငါ မလုပ်ချင်လို့ ကြိုးရှည်ရှည် လွှတ်ပေးတာကို မင်းက မြောက်ကြွမြောက်ကြွ လုပ်နေတယ် ဟားဟားဟား"

"ကြိမ်းလှချည်လား ကိုရွှေနီရာ၊ ကိုင်း- ခင်ဗျား ကျုပ်ကို ဘာလုပ်မှာလဲ ပြော"

"ဟ- ခုထိ လေသံမာနေတုန်းပါလားကွ။ ဟေ့ကောင် ဂျာအေး၊ မင်း ငါ့လက်က ပြေးမလွတ်တော့ဘူးကွ"

"ဟုတ်တယ်၊ မင်း ငါတို့ကို ဒီတစ်ခါ ပတ်လို့ မရတော့ဘူးကွ"





"ဟာ- ဘာတွေတုန်းဗျ၊ ခင်ဗျားတို့ကလည်း ကျုပ်ကို ဘာကြောင့် ရန်ရှာ ချင်ရတာလဲဗျာ။ တစ်ဦးမေတ္တာ တစ်ဦးမှာတဲ့၊ ခုတော့ ခင်ဗျားတို့နဲ့ တွေ့လိုက် ရရင် သေနတ်တွေ၊ ဘာတွေညာတွေပါလာပြီ။ ပြီးတော့ ပါးစပ်ကလည်း ကြိမ်းလိုက်မောင်းလိုက်နဲ့ ခင်ဗျားတို့ကိုယ် ခင်ဗျားတို့ ရုပ်ရှင်ရိုက်နေတယ်များ အောက်မေ့နေသလားဗျ"

"ဘာကွ၊ ဟေ့ကောင် ဂျာအေး၊ ရုပ်ရှင် မဟုတ်ဘူးကွ၊ ခုဉစ္စာ တကယ်ကွ။ ဒီမှာကြည့်"

"ဖောက်"

"ဒုန်း . . . ဂွမ်း"

"ဟာ"

"မြင်လား၊ အဲဒါ လုပ်သေနတ်ပေမယ့် အဆင့်မြင့်နည်းနဲ့ လုပ်ထားတဲ့ ဝမ္ဘိရသေနတ်ကွ"

"ဗျာ၊ ဝမ္ဘိရသေနတ်"

"အေးလေ အသံမထွက်ဘူး ဒါပေမယ့် ဇီဝိန်ကြွေသွားနိုင်တယ်၊ မင်းကို ငါ ပစ်ရမှာလားပြော။ ခြေထောက်လား၊ လက်လား၊ ခေါင်းလား ကြိုက်တာ ပြော"

"မလုပ်စမ်းပါနဲ့ဗျာ၊ ခင်ဗျားကလည်း ကြွားစရာမရှိ ကြံဖန်ကြွားနေပြန် ပြီဗျာ"

"အင်"

ရွှေနီက လုပ်သေနတ်ကို မောင်းတင်၍ ပုလင်းတစ်လုံးကို ပစ်ပြလိုက်၏။ ဝှမ်းခနဲမြည်သံနှင့်အတူ အစိတ်စိတ်အမွှာမွှာလွင့်စဉ်သွားသော ပုလင်းကိုကြည့် ပြီး ဂျာအေး တွန့်သွား၏။ သို့သော် ဂျာအေးက ဟန်ကောင်းနေဆဲ။ ရွှေနီတို့လူ သိုက်ကိုလည်း စီးစီးပိုးပိုး ပြောဆိုနေ၏။

"ဒီမှာ ကိုရွှေနီ"

"ဘာတုံးကွ"

"ခင်ဗျားသေနတ်က ယုန်တို့၊ မျောက်တို့ ပစ်ရင် ထိပ့်မလားဗျ"

"ဘာကွ၊ ယုန်မပြောနဲ့ ပုရွက်ဆိတ်ခေါင်းကိုတောင် မှန်အောင်ပစ်နိုင်တယ် ကွ"

"ဟာ- ခင်ဗျားဥစ္စာ အချင်းချင်း ကြွားနေပြန်ပြီ၊ ကဲ- ထားပါတော့ဗျာ။ ကဲ- ဆိုပါဦး ကျုပ်ကိုဖမ်းတာ ဟိုတစ်လောက ကိစ္စပဲလား"



www.burmeseclassic.com

www.burmeseclassic.com



"အေး ငါသိချင်တာ မင်းပြောစမ်း"

"ခင်ဗျားကလည်း နေရာတကာ အမိန့်သံပါနေသကိုးဗျ။ ဒီမှာ ကိုရွှေ လူလူချင်း ဆက်ဆံတဲ့နေရာမှာ အမိန့်တွေ အာဏာသံတွေ ပါလာလို့ကတော့ အဲဒီကိစ္စ ဘယ်တော့မှ အဆင်မပြေဘူးဗျ။ ကိုင်း- အဲဒါတွေ ထားပါတော့ဗျာ ကျုပ် အရက်သောက်ချင်တယ် ခင်ဗျားတို့မှာ အရက်ရှိလား"

"ဘာကွ"

"ဟာ- ခင်ဗျားကလည်း နေရာတကာ အော်ငေါက်နေတာကိုး၊ ပြေ လည်လည်ပြောရင် နတ်တွေ ကြိုက်ပါတယ်ဗျာ"

"ဟေ့ကောင် တိတ်စမ်း၊ ကဲ- ပုတ်သင်ညိုနဲ့ အာလူး၊ ဒီကောင့် ကြိုးတွေနဲ့ အသေတုပ်စမ်းကွာ၊ တစ်နေရာမှ မလွတ်စေနဲ့"

"ဟင်- ဒုက္ခပါပဲ"

ပုတ်သင်ညိုနဲ့ အာလူးတို့နှစ်ဦးက ဂျာအေး၏ တစ်ကိုယ်လုံးကို ကြိုးမျာ နှင့် ချည်နှောင်ပစ်လိုက်ကြ၏။ အားနှင့်မာန်နှင့် ချည်နှောင်လိုက်သည်မို့ တု တုတ်ပင် လှုပ်၍မရ။ ထိုသို့ အကြမ်းပတမ်းဖက်လာသော်လည်း ဂျာအေး အမူအရာမှာ တစ်ချက်ပင် တွန့်မသွား။ သူ့ကို စဉ်ဆက်မပြတ် အကဲခတ် သော လမ်းဘီလူး ရွှေနီပင် ကြောင်စီစီ ဖြစ်သွား၏။

"မင်း တော်တော် သွေးရဲတာပဲ"

"ဩော်- ကိုရွှေနီရယ် လူဆိုတာ သေရမှာပဲ၊ ဒါကို တွေးကြောက်နေ ဘာလုပ်မှာလဲဗျ။ ကြောက်တဲ့လူဟာ နှစ်ခါသေရတယ်တဲ့ဗျ၊ ကျုပ်ကတော့ သေရမှာကို ပျော်တောင်ပျော်တယ်ဗျ"

"ဟေ"

"ဟ- ထူးဆန်းလှချည်လား"

"အဲဒါကြောင့် ပြောတာပေါ့၊ ဂျာအေးဟာ သေရမှာလည်း မကြောက်ဘူ လမ်းဘေးပုဆိုးခြုံပြီး အိပ်ရမှာကိုလည်း မရှက်ဘူးဗျ"

"ဟင်- မင်းက အတော့်ကို အရှက်နည်းတဲ့ ကောင်ပါလား"

"ကိုရွှေနီက ဂျွန်တော့်ကို လျှော့တွက်နေတာကိုးဗျ၊ ဘဝကို ဒေါင်ကျ ပြားကျကျ နေတတ်အောင် တျင့်ထားတာဗျ"

"အင်- ဟုတ်ပါ့ကွာ၊ မင်းလိုကောင်မျိုး လူဆိုးဂေးပြုလုပ်လို့ကတော့ မလွ ပါလား။ ကိုင်း- ဒါတွေဘေးချိတ်၊ မင်းကို ဦးမင်္ဂလာ ဘာပြောခဲ့သလဲ ဘာ ခဲ့သလဲ"





"လာပြန်ပြီ"

"ဟေ့ကောင် ရှုတ်ရှုတ်သဲသဲ မလုပ်နဲ့နော်၊ ငါမေးတာကို ဖြေပေတော့"

"ဒီလောက် သိချင်နေသလား"

"အေး သိချင်တယ်"

"သိချင်ရင် အရက်တစ်လုံး တိုက်ရမယ်၊ ကြိုးတွေဖြေပေးရမယ်"

"ဟင်- တကယ်လား"

"တကယ်ပေါ့ဗျာ"

"မင်းဥစ္စာ မလွယ်ပါလား၊ မင်း ငါ့တို့ နည်းနည်းပါးပါးတော့ ကြောက်သင့် တာပေါ့ကွာ"

"ဟာဗျာ. . . ခင်ဗျားက သရဲတစ္ဆေ ဖုတ်ဘီလူးမှ မဟုတ်တာဗျ"

"အင်- ဘယ်လိုလုပ်ကြမလဲ၊ ငါတော့ ဒုတိယမ္ပိ မှားပြန်ပြီထင်တယ်။ ဟေ့ကောင် ဂျာအေး"

"ဘာတုံးဗျ"

"မင်း မင်းကွာ ဒီတစ်ခါတော့ ရွှေနီက ဆိစိမ်စက္ကူ ဖြစ်သွားပြီကွ၊ ဟူး ဟူး ဟားဟား တော်ပြီ ငါတို့မေးတာကို အရက်တိုက်မှဖြေမယ်ဆိုတာ မင်း ငါတို့ကို ဆင်ကြံကြံဖို့ပဲ ဖြစ်မယ်၊ ပြီးတော့ အရက်ဆိုတာ ဘုရားမကြိုက်၊ နတ်မကြိုက် ဗြဟ္မာမကြိုက်. . ."

"ဆရာ၊ ဟို ဆရာက လူဆိုးကြီးလေ"

"ဩော်- အေး ဟုတ်တယ်၊ ဂျာအေး မင်း ဒီတစ်ခါတော့ ငါ့လက်ထဲက မလွတ်တော့ဘူးသာ မှတ်ပေတော့ကွာ။ ကိုင်း- ဒီကောင့်ကို ကားပေါ်တင် ခေါ်ခဲ့၊ ငါတို့ ထောက်ကြံ့ဘက်သွားမယ်။ ဒီကောင် ဉာဏ်သိပ်များတဲ့ကောင်၊ လွှတ်ထားရင် ငါတို့ကောင်တွေ ဖွတ်ကျားဖြစ်ကုန်မယ်"

"ဟုတ်တယ်၊ ဆရာဖွတ်ကျား"

"ဘာကွ"

"ဟာ- ဟို. . . ဖွတ်ကျားဖြစ်ကုန်မှာကို ပြော. . ."

"တိတ်စမ်း အာလူးရာ၊ ကိုင်း- လုပ်လုပ် မြန်မြန်လုပ်"

"ဟုတ်ကဲ့ ဆရာကြီး"

ပြောပြောဆိုဆိုနှင့် အာလူးနှင့် ပုတ်သင်ညိုတို့နှစ်ဦးသည် ဂျာအေးကို ဂျစ်ကားနှင့်တင်ကာ ထောက်ကြံ့ဘက်သို့ မောင်းထွက်ခဲ့လေ၏။ အချိန်မှာညနေ စောင်းအချိန်အခါ ဖြစ်၏။ ပုတ်သင်ညိုနှင့် အာလူးတို့က ဂျာအေးကို ညပ်၍



www.burmeseclassic.com

www.burmeseclassic.com



ထိုင်ထား၏။

တစ်ကိုယ်လုံး ကြိုးများနှင့် တုပ်နှောင်ထားသဖြင့် ဂျာအေးတစ်ယောက် ကျပ်စည်းထားသလို ခံစားနေရ၏။

"ဟားဟားဟား ခုမှ ရွှေနီကို လေပြေလာမထိုးနဲ့၊ သေပြီသာမှတ်ကွ"

"ကိုရွှေနီကလည်းဗျာ၊ ဒီလောက် မာန်မတက်စမ်းပါနဲ့။ ခင်ဗျား လေဒီလေးနဲ့တွေ့ရင် ရွှေနီကနေ ကြွေပြီဖြစ်သွားမယ်"

"ဟကောင်ဂျာအေး၊ မင်း ပါးစပ်ပေါက် ပိတ်ထား။ မင်းဟာ နှစ်သိန်းတန် သတ္တဝါတစ်ကောင်ကွ၊ ဘယ်နည်းနဲ့မှ လက်လွှတ်မခံနိုင်ဘူး"

"ဗျာ၊ နှစ်သိန်းတန် ဟုတ်လား၊ များလှချည်လား။ ကိုယ့်ကိုယ်ကိုယ် ဒီလောက် တန်ကြေးရှိမှန်း ခုမှသိတယ်"

"တိတ်စမ်းကွာ၊ ခုချိန်မှာ မင်းဟာ ငါတို့ရဲ့ ငွေထုပ်ကြီးပဲကွ၊ ဟဲဟဲဟဲ"

"အင်- ဘယ်သတ္တဝါလေများ ချွန်တွန်းလုပ်လိုက်ပါလိမ့်၊ လောကကြီးမှာ ဒီလို ရှုကြောင်ကြောင်တွေလည်း ရှိပါလား၊ ဒို အသင်လောက ကျွန်ုပ် ဘာကို နားလည်ရတော့မည်လဲ"

"တိတ်စမ်း၊ သွေးရူးသွေးတန်းတွေနဲ့ လျှောက်ပြောမနေနဲ့။ တိတ်တိတ်နေစမ်း၊ လောကကြီးမှာ လျှာအေးပြီး ခြေရှေးမှ အလုပ်ဖြစ်မှာကွ"

"အားပါး တိုရွှေနီကလည်း လူဆိုးသာလုပ်တယ်၊ ဒိုင်ကြောင်တွေက ဆန်းကြယ်လှချည်လားဗျ၊ ကဲ- ခင်ဗျားစကား လင်းစမ်းပါဦး၊ အပြင်းပြေနားထောင်ကြည့်ရအောင်ဗျာ"

"အင်- မင်းကိုယ်မင်း ပျော်ပွဲစားထွက်လာတယ်များ အောက်မေ့နေသလားကွ"

"ဩော်- စောစောကစကားကို ကျုပ် နားမလည်လို့ပါဗျာ၊ ပြောပါဦး ခြေအေးဝမ်းရောင်"

"ဟာ- လျှာအေးခြေရှေးပါကွာ၊ မှတ်ထား လျှာကို အေးတိအေးစက်လို့ ပြောတာ သဘောက စကားသိပ်မပြောနဲ့လို့ ဆိုတာပေါ့။ ဟဲဟဲ ခြေရှေးဆိုတာ လမ်းများများလျှောက်နိုင်းတာ၊ တစ်နည်းအားဖြင့် စကားနည်းနည်းပြော၊ အလုပ်များများလုပ်နိုင်းတာပေါ့ကွာ"

"ဩော်- ဒီလိုကိုး၊ ကောင်းလိုက်တဲ့ စကားပုံဗျာ၊ ဒါဆို အမြဲတမ်း ရေခဲငုံထားရင် ကောင်းမယ်ဗျ"

"အင်- ဘာ့ကြောင့်လဲကွ"





"ခင်ဗျားပဲ ပြောတာလေ၊ လျှာကို အေးအောင်ထားရမယ်ဆိုတာ"

"တော်စမ်းကွာ၊ မင်းပါးစပ်ထဲရောက်ရင် စကားပုံတွေလည်း ပျက်စီးရောပဲ"

"ဟဲဟဲ လောကကြီးမှာ စိုးရိမ်မယ်ဆို စိုးရိမ်စရာတွေ တစ်ပုံကြီးပါဗျာ၊ ဟိုအရေး ဒီအရေး ရှုပ်ထွေးနေတာပဲ။ ခုပဲကြည့် ခင်ဗျားတို့ ကျုပ်ကို ဖမ်းတယ်၊ ဘာကြောင့်လဲ ပိုက်ဆံလိုချင်လို့။ ပိုက်ဆံ ဘာကြောင့်လိုသလဲ၊ ချမ်းသာဖို့။ ဘာကြောင့် ချမ်းသာချင်သလဲ၊ ဆင်းရဲမှာကြောက်လို့။ ဘာကြောင့် ဆင်းရဲသလဲ၊ မကောင်းတာလုပ်လို့. . ."

"ဟာ- တော်ပါတော့ကွာ၊ မင်းဥစ္စာ မျက်စိရှုပ် နားကိုရှုပ်ရော"

"အဲဒါကြောင့်ပေါ့၊ လျှာပူပြီး ခြေထူရင်လည်း မကောင်းဘူးဗျ"

"ဟေ- လျှာပူပြီး ခြေထူ ဘာတုံးကွ၊ မင်းကတော့ ထွင်လိုက်ပြန်ပြီ"

"မှတ်ထား ကိုရွှေနီရ၊ လျှာပူတယ်ဆိုတာ စကားများများပြောလို့ပေါ့။ ဟဲဟဲ ခြေထူတယ်ဆိုတာ ရှေ့မတိုးနောက်မဆုတ် ထုံအ,နေတာ။ ပြောရရင် လေးလံ ထုံထိုင်းနေတာ။ အားလုံးခြုံပြောရရင် စကားများပြီး အလုပ်မဖြစ်တဲ့ သဘောဗျ ဟဲဟဲ"

"တတ်လည်း တတ်နိုင်ပါ့ကွာ၊ ဂျာအေးဆိုတဲ့ကောင်က ကုန်းဘောင်ခေတ်မှာသာမွေးရင် မင်းတုန်းမင်းပခုံးပေါ် ထိုင်မယ့်ကောင်ပဲ"

"ဟဲဟဲ ကိုရွှေနီကလည်းဗျာ"

"တိတ်စမ်းကွာ၊ မင်းနဲ့ငါ တစ်သားတည်းနေလို့ မဖြစ်ဘူး၊ မင်းက စည်းရုံးရေးကောင်းတယ်၊ တော်ကြာ ငါတို့ကောင်တွေ အရည်ပျော်ကုန်မယ်"

"ဟဲဟဲ ဟူးဟူး အဟတ်အဟတ်"

ဂျာအေး၏ရယ်သံက မှင်စာကြီးတစ်ကောင် ရယ်သံအလား။ ရွှေနီတို့မှာ ဂျာအေးကို ဖမ်းသာဖမ်းလာရသော်လည်း မျက်ခုံးတလှုပ်လှုပ် ခံစားနေကြရလေ၏။

○○○○○



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

ထောက်ကြံ့ရှိ ခြံကြီးတစ်ခြံ၏ အိမ်အိုကြီးတစ်လုံးပေါ်တွင် ဂျာအေ
ရောက်ရှိနေ၏။ အိမ်ကြီးမှာ ရှေးဟောင်းအိမ်အိုကြီးဖြစ်ပြီး ဆေးရောင်မျာ
ဖျက်ပြယ်နေကာ အမိုးအကာများ ပျက်စီးနေလေ၏။ အိမ်အပေါ်ထပ် ခေါင်မိုး
ထက်တွင် လင်းဆွဲအုပ်ကြီး ရှိလေ၏။

သူတို့လူစု အိမ်ကြီးပေါ် ရောက်လာသည်နှင့် လင်းဆွဲအုပ်ကြီးမှာ ဝုန်းခ
ဒရောသောပါး ထပျံလေတော့၏။

"အောင်မလေးဗျ သရဲတွေ"

"ဂိုး . . . ဂိုး"

"ဟ- လုပ် လုပ်ပါဦး ဆရာရယ်"

"လင်း . . . လင်းဆွဲတွေပါကွ"

"ကြောက် . . . ကြောက်စရာကြီးဗျ"

"ဘာမှ မကြောက်ကြနဲ့ ငါရှိတယ်၊ ကိုင်း- ဂျာအေးကိုခေါ်ခဲ့"

"ကိုရွှေနီ"

"ခင်ဗျား ဘာမဟုတ်က ဟုတ်ကတွေ လုပ်ဦးမှာလဲဗျာ"

"တိတ်စမ်း၊ ငါဘာသာငါ ဘာလုပ်လုပ်ပေါ့"

ဂျာအေးကို အိမ်ကြီးအပေါ်ထပ် ထမ်းခေါ်လာပြီး ရှေးဟောင်း ကျွန်းပတ်
လက်ကုလားထိုင်ပေါ် ချပေးလိုက်၏။ ထိုအချိန်တွင် အခန်းကြီးတစ်ခန်းထဲ
အနက်ရောင် လည်သာလောင်းကုတ်နှင့် လူတစ်ဦး ထွက်လာ၏။ မျက်မှန်
အနက်တပ်ဆင်ထားပြီး ဦးထုပ်ကို ခပ်ငိုက်ငိုက် ဆောင်းထား၏။ နှုတ်ခမ်းမွေးတု
မုတ်ဆိတ်မွေးတုများကို တပ်ထား၏။ ပါးစောင်တွင် စီးကရက်တစ်လိပ်ခဲထား၏





ဂျာအေး ထိုသူကိုကြည့်ရင်း ကြောင်စီစီ ဖြစ်နေ၏။ ဂိုက်ဆိုက်က လူဆိုး
ခေါင်းဆောင်ကြီးတစ်ဦး၏ ဂိုက်ဆိုက် အပြည့်။ ဗီဒီယိုကားထဲတွင် ကြည့်ရသော
လူဆိုးကြီးတစ်ဦး၏ ဟန်ပန်ဂိုက်ဆိုက် ဖမ်းထား၏။

"မင်းက ဂျာအေးလားကွ၊ ဟဲဟဲဟဲ ဟူးဟူး"

"အင်- ကျုပ် မှတ်ပုံတင်ဌာန သွားနေသလိုပဲ၊ တစ်ခါလာ နာမည်မေး
လိုက်၊ အသက်မေးလိုက်၊ တော်ကြာ ဟိုဟာမေးလိုက် ဒီဟာမေးလိုက်နဲ့ဗျာ။
မသေမချင်း မှတ်ထား၊ ကျုပ်နာမည် ဂျာအေး၊ အဖေနာမည် ဦးကျောက်ဖား၊
ရေနံချောင်းသား၊ ကိုင်း- မှတ်ပေတော့"

"ဩော်- ဟုတ်ပြီ၊ မောင်ဂျာအေးက စိတ်လည်း တိုတတ်သကိုး၊ စိတ်အေး
အေးထားပါကွာ"

"ဘယ်လိုလုပ် စိတ်အေးရမှာလဲဗျ။ ရုပ်ရှင်ရိုက်တာမှ မဟုတ်တာ"

"အဲ- ဟုတ်သားပဲ၊ ငါတို့က ရွှေပြည်အေးသမားတွေပါကွာ"

"ဟင်- ရွှေပြည်အေးတဲ့။ လူလည်း မုန့်ဖက်ထုပ်ဘဝ ရောက်နေပြီ။
ရွှေပြည်ပူဆိုရင်တော့ ကင်ပြီး၊ ဖုတ်ပြီးသားကို ဖြစ်နေပြီ"

"မောင်ရင်က တယ်လည်း စကားကြွယ်သကိုး"

ပုဂ္ဂိုလ်ကြီးသည် သူ့ကို ရိသဲ့သဲ့ပြောရင်း သူ့ရှေ့ထိုင်ခုံတွင် ဝင်၍ထိုင်ချ
လိုက်၏။

"ဒုန်း . . . ဝွမ်း"

"အောင်မလေးဗျ"

"ဟာ သူ့ရွေး"

"တောက်- ဒီထိုင်ခုံအစုတ်အပြတ်တွေ ဘာလို့ လာထားသလဲကွ၊ ဟေ့
ကောင် အာလူး"

"ဗျာ သူ့ရွေး"

"ယူသွားစမ်းကွာ၊ အား . . . နာလိုက်တာကွာ"

ပုဂ္ဂိုလ်ကြီးမှာ ခုံပေါ်ဟန်နှင့်ပန်နှင့် ထိုင်ချလိုက်ရာ ခြေတစ်ချောင်းက
ခြစားထားသည်မို့ ကြမ်းပြင်ပေါ် ပက်လက်ကြီး ပြုတ်ကျသွားလေ၏။ ထို
မြင်ကွင်းကို ကြည့်ပြီး ဂျာအေးက တဟီးဟီး တဟားဟား အော်ရယ်လိုက်၏။

"ဟေ့ကောင် ဂျာအေး၊ ဘာရယ်တာလဲ တိတ်စမ်း"

"ဟဲဟဲ ခင်ဗျားက ကျုပ်ကို မုင်တွေမောင်းတွေနဲ့ ကြောက်အောင် ဖြ
ခြောက်တယ်၊ ခင်ဗျား ခုံပေါ်က ခွေးကျကျတော့ အော်လိုက်တာဗျာ



www.burmeseclassic.com

www.burmeseclassic.com



"တိတ်စမ်းကွာ၊ ကိုင်း- ငါမေးတာ ဖြေစမ်း"

"ဘာလဲ ဦးမင်္ဂလာကိစ္စလား"

"ဟုတ်တယ်၊ မင်းနဲ့ ဦးမင်္ဂလာက ဘာတွေပြောခဲ့သလဲ၊ မင်းကို ဦးမင်္ဂလာ ဘာတွေပေးခဲ့သလဲ ပြောစမ်း။ လိမ်မယ်ညာမယ်တော့ မကြံနဲ့နော်၊ ကြံလို့ကတော့ အသေပဲကွ"

"ဟ- ကြိမ်းလိုက်တာဗျာ၊ မပြောဘူးဆိုရင် ခင်ဗျား ဘာလုပ်မလဲ"

"ဟားဟားဟား ဦးဆုံး မင်းခြေချောင်းတွေ ဖြတ်မယ်၊ နောက် ခြေသားလုံးကို ဓားတုံးတုံးနဲ့ လှီးမယ်၊ အဲဒါမှ မပြောရင်..."

"ဘာကို လှီးမှာလဲဗျ"

"ငါလှီးချင်တဲ့နေရာ လှီးမှာပေါ့ကွာ။ ပြီးတော့ ဗိုက်ကိုဖောက်မယ်၊ လက်တွေကို လှီးပစ်မယ်၊ မျက်လုံးတွေ..."

"ဟ- တော်ပါတော့ဗျာ၊ ခင်ဗျားပြောပုံဆို ကျုပ်ဟာ ကြက်ကင်တို့ ငုံးကင်တို့ ဖြစ်သွားနိုင်တယ်"

"အေး- အဲဒီပုံစံပေါ့ကွာ၊ ဟဲဟဲ ကားကားလေးနဲ့ ဘဝကူးသွားလိမ့်မယ်"

"ပြောတာနဲ့ကို ကြောက်စရာကြီးပဲဗျာ၊ ဒါဆို ပြောမယ် ဆိုရင်ကောဗျာ"

"ဟာ- အမှန်အတိုင်းပြောရင် မင်းကြိုက်တာပြော။ အရက်ကြိုက်သလား မိန်းမကြိုက်သလား၊ ပိုက်ဆံလိုချင်သလား ကြိုက်တာပြောကွာ"

"အိမ်း- ဆိုးတော့မဆိုးဘူးဗျာ၊ ဒါပေမယ့် ခင်ဗျားတို့ ဘယ်အတိုင်းအတာအထိ ကတိတည်မှာလဲဗျ။ လူဆိုးမှာ ကတိသစ္စာဆိုတာ အူကြောင်ကြောင်ကိစ္စဗျ"

"ဟကောင် ငါက ကတိသစ္စာတည်ပါသကွာ၊ မင်း မှန်တာပဲပြော"

"ကောင်းပြီလေ ကျုပ်ပြောမယ်၊ ဒါပေမယ့် ကျုပ် ဦးဆုံးလိုချင်တာ ဝီစကီတစ်လုံးရယ်၊ ပြီးတော့ ကြက်ကင်တစ်ခြမ်းရယ်၊ နောက်ပြီး ဟိုဗျာ စီးကရက်"

"အဆင့်မြင့်လှချည်လားကွ"

"ကျုပ်လိုချင်တာ ပြောတာလေ၊ နောက်ပြီး ငွေကတစ်သိန်း"

"ဟင်"

"ဟုတ်တယ်လေ၊ ကျုပ်ဟာ နှစ်သိန်းတန်တယ်ဆိုတော့ တစ်ဝက်တော့ဆိုင်တာပေါ့ဗျာ"

"ကောင်းပြီလေ၊ အားလုံး ဖြစ်စေရမယ်။ ဟေ့ကောင် ရွှေနီ"

"ဗျာ သူဌေး"





"အဲဒီကိစ္စတွေ ခုချက်ချင်း စီစဉ်ပေးလိုက်စမ်း"

"ဟုတ်ကဲ့ ဆရာကြီး"

"ဆယ့်ငါးမိနစ်အတွင်း လိုချင်တယ်ဗျာ"

"ရစေရမယ်ကွာ"

ဂျာအေးက သူပြောချင်ရာပြော၍ ဒူးနှန့်လိုက်၏။ ထိုစဉ် သူ့ကိုယ်ပေါ်မှ ကြိုးများ ဖြေပေးလိုက်၏။

"ဟူး ... ခုမှပဲ လွတ်လပ်သွားတယ်။ အင်း ... လောကကြီးမှာ လူတွေဟာ မကောင်းမှုမှာ တယ်ပြီး ပျော်ပါးလှသကိုး"

"အင်- ဟကောင် ဂျာအေး၊ တောက်တီးတောတဲ့တွေ မပြောစမ်းနဲ့၊ ခုချိန်မှာ မင်းဟာ ငါ့လက်ထဲက ခေါင်းကြီးကိုယ်သေး ပုရွက်ဆိတ်ကွ။ ခြေပစ်လို့ရတယ် သိလား"

"ဒေါသကြီးလှချည်လား သူဌေးမင်းရယ်၊ ကျုပ်က မှန်တာပဲပြောချင်တာဗျ။ ခုလည်း စဉ်းစားကြည့်လေ၊ ဦးမင်္ဂလာကိစ္စနဲ့ ပတ်သက်ပြီး ရှုပ်ရှုပ်ယှက်ယှက် လုပ်ချင်ကြသကိုး။ ဒါ လောဘပဲ၊ လောဘကြောင့် ဒုစရိုက်မှာ ပျော်ပါးချင်တာပဲဗျ"

"တိတ်စမ်းကွာ ဟောင်ဖွာဖွာနဲ့"

သူတို့နှစ်ဦး ပြောဆိုနေစဉ် ရွှေနီတို့လူစု အရက်ပုလင်းများ၊ ကြက်ကင်များ ရောက်ရှိလာလေ၏။ ဂျာအေးကို ရွှေနီက အရက်ငှဲ့တိုက်ရ၏။ ဂျာအေးသည် ကြက်ကင်တစ်ဖဲ့စားရင်း ဝီစကီ တစ်ငုံနှစ်ငုံ သောက်လိုက်၏။

"အားပါး ကောင်းလိုက်တဲ့ အရသာ၊ ဘဝဟာ တယ်ပြီး နေလို့ကောင်းပါလား"

"ဟေ့ကောင် မင်းကို ငါတို့ ပူဇော်နေတယ်များ မှတ်သလားကွ။ သောက်စရာရှိတာသောက် ပြောစရာရှိတာ ပြောပေတော့"

"ပြောပါ့မယ်ဗျာ၊ နောက်တစ်ခွက်လောက် သောက်လိုက်ဦးမယ်။ ထည့်ပါဦး ကိုရွှေနီ"

"အင်"

လမ်းဘီလူးကြီး ရွှေနီတစ်ယောက် ဂျာအေးနှင့်တွေ့မှ အရက်ငှဲ့ပေးရသည့်ဘဝကို ရောက်ခဲ့ရသဖြင့် စိတ်ထဲ ကျလိကျလိ ဖြစ်နေ၏။ ဂျာအေးသည် ရေခဲတုံးကလေးများ ပေါလောပေါလော မျောနေသော ဝီစကီခွက်ကို တစ်ငုံမော့သောက်လိုက်ပြီး စီးကရက်တစ်လိပ် မီးညှိဖွာရှိုက်ရင်း မီးခိုးငွေ့များကို မှုတ်ထုတ်



www.burmeseclassic.com

www.burmeseclassic.com



သိုက်၏၊

"မင်းပုံစံက သေခါနီးမသာ ရိက္ခာယူနေသလိုပဲ"

"ဟာဗျာ ဒါ ဇိမ်ဗျ ဇိမ်။ ကဲ- နားထောင်"

"ပြောစမ်းကွာ"

"ဦးမင်္ဂလာဟာ မသေခင်မှာ ကျုပ်ကို လူတစ်ယောက်ဆီ သွားခိုင်းခဲ့တယ်"

"ဟာ- ဦးမင်္ဂလာ မသေသေးပါဘူးကွ"

"ဗျာ- မသေသေးဘူး ဟုတ်လား"

"အေး- မသေသေးဘူး။ ဒြီးတော့ အဲဒီ ဦးမင်္ဂလာ ပျောက်နေတယ်ကွ"

"ဗျာ- ပျောက်နေတယ် ဟုတ်လား"

"ဟုတ်ပ"

"ဖုံ့ဩစရာပဲဗျ၊ လူမမာကြီးက ဘယ်လျှောက်သွားနေပါလိမ့်"

"ပြောတတ်ဘူးလေကွာ၊ ဒါကြောင့် နောက်ဆုံးပြောခဲ့ဆိုခဲ့တာ မင်းပဲ၊ အဲဒီအချက်ဟာ အဓိကပဲ၊ ကိုင်း- ပြောစမ်း သူ ဘာတွေပြောခဲ့သလဲကွ"

"အင်း . . . သူပြောခဲ့တာ အမွေတွေ ကိစ္စပဲ၊ သိန်းပေါင်းထောင်ချီနေတဲ့ ရတနာ အမွေတွေဗျ"

"ဟေ- ရတနာတွေ"

"ဟုတ်ပ၊ သူတို့ဘိုးစဉ်ဘောင်ဆက် ထိန်းသိမ်းစုဆောင်းလာတဲ့ ရတနာပစ္စည်းတွေပေါ့ဗျာ။ အဲဒါ ဦးမင်္ဂလာက လူတစ်ယောက်ဆီမှာ ဝှက်ထားခဲ့တယ်"

"ဟင်- လူတစ်ယောက်"

"ဟုတ်ပ့ဗျာ၊ ဝှက်ထားခဲ့တယ်ဆိုတာ ရတနာပစ္စည်းကို ပြောတာမဟုတ်ဘူးဗျ"

"ဘာလဲကွ၊ မင်းဥစ္စာ ရှုပ်တုတ်ရှုပ်တုတ်နဲ့"

"ရတနာပစ္စည်းတွေ ထားခဲ့တဲ့ မြေပုံပေါ့ဗျာ"

"ဟေ- ရတနာမြေပုံ"

"ဟုတ်ပ၊ သိန်း သုံးလေးထောင် တန်ဖိုး ရှိတယ်ဗျ"

"ဟင်- ဒါ. . . ဒါဆို ဘယ်သူ့ဆီ ပေးခဲ့တာလဲ"

"နာမည်က ဦးပုစိ နေတာက ဟိုဗျာ သန်လျင်ဘက်မှာပဲ၊ လိပ်စာမေ့နေသလိုပဲ၊ တစ်ခွက်ထည့်ဦးဗျာ"

"ဟော့ကောင် ရွှေနီ များများထည့်ပေးလိုက်၊ ကြက်သားကင်လည်းစားကွာ၊ အရက်လိုလည်းပြော၊ ဘာစားချင်သေးလဲ"





"တော်ပါပြီဗျာ၊ ခင်ဗျားက ကိုယ်လိုချင်တာ မရရအောင် ဖားလည်း ဖားတတ်တာပဲကိုး။ အင်းလေ. . . ဒါကြောင့် ခင်ဗျားကို တပည့်တွေက သူဌေးလို့ ခေါ်တာပဲ"

"ဒါတွေမပြောနဲ့ကွာ၊ မင်းနဲ့ငါကြားမှာ မီးစိမ်းပြထားပြီလေကွာ၊ ငါ့ဘာသာ ငါ ဘယ်လိုမောင်းမောင်းပေါ့ကွာ၊ အရေးကြီးတာက နားလည်မှုပဲကွ"

"ထားပါတော့ဗျာ၊ ကျုပ် တစ်ခွက်လောက် သောက်လိုက်ဦးမယ်၊ နည်းနည်းတော့ စဉ်းစားဦးမယ်ဗျာ"

"စဉ်းစားပါကွာ"

"နေဦးဗျ"

ဂျာအေးသည် မျက်လုံးပြူးပြူးကြီးလုပ်ပြီး ဟိုငေးဒီငေးလုပ်နေ၏။ သူဌေးနှင့် ရွှေနီတို့လူသိုက်မှာလည်း နတ်ကရာ ကြည့်မောနေကြ၏။ ထိုစဉ် ဂျာအေးက သတိရလာသည့်ဟန်နှင့် လက်ဖျောက်တစ်ချက် တီးခတ်လိုက်၏။

"ဟုတ်ပြီ၊ သတိရပြီဗျ"

"ဟင်- ဒါ. . . ဒါဆို ပြောလေကွာ"

"နေ့ဘာက ----- မှာ"

"ဩော်- သေချာပြီနော်"

"သေချာပါတယ်ဗျာ၊ ကျုပ်ပြောတာ အစိမ်းတွေချည်းပဲ။ အနီစကားလုံးပေါ်ဘူး။ ခင်ဗျား ကောင်းကောင်းမောင်းသွားနိုင်တယ်။ ဂီယာတောင် ချိန်းစရာလိုဘူးဗျ၊ ဘရိတ်လည်း နင်းစရာမလိုဘူး။ အားလုံး အန္တရာယ်ကင်း ဝဲဘားရှင်းပဲ"

"ဟင်- ဝမ်းသာလိုက်တာကွာ၊ မင်းဟာ ငါထင်တာ ငါးဘတ်မွှေလို့ ထင်တာကွ၊ တကယ်ပေါင်းကြည့်မှ မင်းဟာ ငါးရှဉ့်ပါလားကွာ"

"ဗျာ၊ ငါးရှဉ့် ဟာ- ကျုပ်ကိုချည်းပဲ မပြောပါနဲ့၊ ခင်ဗျားလည်း ဒီလိုပဲ။ ပြောပုံဆိုပုံက တကယ့်ဇရာမအမြောက်ကြီး ချိန်ထားသလိုပဲ၊ နဖူးတွေ ဒူးတွေ ကြုံတော့မှ ခင်ဗျားဟာ"

"ဘာလဲကွ"

"အရည်မရှိတဲ့ ကြံဖတ်ကြီးပဲဗျ"

"ဘာကွ၊ မင်းကွာ. . . ဟင်းဟင်း မကောင်းတတ်လို့ပေါ့ကွာ၊ ကဲ-ဟောဒီမှာ ငွေတစ်သိန်း"

"ကျုပ်ကိုလည်း ပြန်ပို့ဦးနော်"

"ပို့မှာပေါ့ကွ၊ မင်းစကား မှန်ပါစေနော်"



www.burmeseclassic.com

www.burmeseclassic.com



"တွန်းဆိုင်ပြောရမှာလားဗျ"

"ငါယုံတယ်ကွ"

"ဒါပေါ့ဗျ၊ မင်းမှာသစ္စာ လူမှာကတိတဲ့၊ ခင်ဗျား ကျုပ်ပြောတာ ယုံကြည်တယ် မဟုတ်လား"

"အေး ယုံတယ်"

"မှတ်ထားဗျ၊ ယုံကြည်ချက်ဟာ အမှန်တရားပဲ၊ ကိုင်း- ကျုပ်ကိုပြန်ပို့ ဆိုင်းဝိုင်းမပါဘူးလား"

"ဟာ- မင်းက နတ်မှမဟုတ်တာ"

"ဟဲဟဲ ကျုပ်လည်း နတ်တွေနီးပါးလောက်ကို ခင်ဗျားကို မ,ခဲ့တာဗျ"

"ဟုတ်ပါတယ် ကျေးဇူးရှင်ကြီးရယ်၊ ကိုင်း- ရွှေနီ"

"ဗျာ သူဌေး"

"သူ့ကို အိမ်တိုင်ရာရောက် လိုက်ပို့စမ်း၊ မှဲ့တစ်ပေါက်တောင် မစွန်းစေ နဲ့ ကြားလား"

"ဟုတ်ကဲ့ သူဌေးမင်း"

ရွှေနီတို့လူသိုက် ဂျာအေးကို တရိုတသေ ခေါ်သွားကြ၏။ ဂျာအေးဂိုဏ် ဆိုက်က တကယ့်ဘုရင်ကြီး ဂိုက်ဆိုက်။ ရွှေနီခမျာ ဂျာအေးကို ရဲရဲတောင် ကြည့်ရဲ၊

"ကိုရွှေနီ"

"ခင်ဗျာ ကိုဂျာအေး"

"ကျုပ်ရဲ့ပါဝါကို မြင်တယ်မဟုတ်လား"

"ဟုတ်ပါတယ် ကိုဂျာအေးရယ်၊ လောကကြီးက အပြောင်းအလဲ တ လည်း မြန်ပါဘိဗျာ"

"အဲဒါပဲ ကိုရွှေနီရဲ့၊ ဟတ်ချ်လောင်းဆိုပြီး အော်လိုက်တာနဲ့ လောကကြီး ဖြစ်စဉ်တွေဟာ ဖျတ်ခနဲ ဖျတ်ခနဲ ပြောင်းသွားတာ၊ ခင်ဗျားအမြင်ပဲ။ အဲဒါဘာ သိလား"

"မသိပါဘူးဗျာ"

"မှတ်ထားဗျ၊ လောဘ တန်ခိုးပဲ။ လောဘရှိတဲ့လူဟာ ဗီဇရော ကိုယ်က တရားပါ မေ့သွားနိုင်တယ်။ ဘဝကိုလည်း မှင်သက်မိသွားနိုင်တယ်။ ပြောရ အဲဒီ စိတ်ကလေး အမွေးအတောင်ပေါက်လာတာနဲ့ လူဟာ နေ့ချင်းညချ ပြောင်းလဲသွားတယ်ဗျ"





"ဟုတ်ပ့ါဗျာ၊ ကိုဂျာအေးဟာ တကယ့်ပညာရှိပဲ။ မဟုတ်မှလွဲရော ဦးပုည သေလို့ ဝင်စားတာလား မသိဘူး"

"မှတ်ထားဗျ၊ ဦးပုညက သေခါနီး ခေါင်းဘေးနံရံဘယ်ညာကို အပေါက် ဖောက်ခိုင်းထားတယ်ဗျ"

"ဟင်- ဘာလုပ်မလို့လဲ"

"လက်ထုတ်ပြီး က,မလို့လေ"

"ဗျာ"

"အဲဟဲဟဲ ရယ်မောစရာ ပြောတာပါဗျာ၊ သေရင် လက်နှစ်ဖက်ထုတ်ပြီး ဘာမှပါမသွားဘူးဗျို့လို့ ကျန်ခဲ့တဲ့လူတွေကို ပြောချင်တာဗျ"

"ဟင်- ဟုတ်ပ့ါဗျာ၊ ကိုဂျာအေးလည်း သေရင် အဲဒီလို လုပ်မှာလားဗျ"

"မလုပ်ဘူးဗျ၊ ကျုပ်သေရင် ခေါင်းအပြင်မှာ ခေါင်းထုတ်ခိုင်းထားမယ်ဗျ"

"ဘာလုပ်မလို့လဲဗျ"

"ဟဲဟဲ ကျန်တဲ့လူတွေကို ခေါင်းခါပြပြီး ကျုပ်လုပ်ခဲ့တာ အကုန်အမှား ချည်းပဲဗျို့လို့ ပြောပြလိုက်ချင်တာဗျ"

"ကြံကြံဖန်ဖန်ဗျာ၊ ကိုင်း- သွားကြမယ်"

"ကားနဲ့သွားမှာနော်"

"စိတ်ချပါ ကိုဂျာအေးရယ်"

နောက်ဆုံးတော့ ဂျာအေးပြောသမျှ ရွှေနီတို့လူစု အကုန်လိုက်လုပ်ပေး ရလေ၏။ အိမ်ပြန်အရောက်တွင် ကားပေါ်မှဆင်းလာသော ဂျာအေးကိုကြည့် ရင်း မောင်ရွှေ အံ့ဩနေ၏။ စတိုင်က တကယ့်မီလျံနာ သူဌေးကြီးစတိုင်၊ တံခါးဖွင့်ပေးမည့်သူက အဆင်သင့်။

"ကိုဂျာအေး ဘယ်လိုဖြစ်လာတာတုံးဗျ"

"ဟဲဟဲ တစ်ခါတစ်ခါတော့လည်း ဘဝဟာ အဲဒီလို အပြောင်းအလဲလေး တွေ ဖြစ်သင့်တာပေါ့ကွာ၊ ကြီးဒေါ်စိမ်းရော"

"အိမ်ပေါ်မှာ အိပ်နေတယ်ဗျ"

"ဒါဆို ဆိုင်သွားရအောင်ကွာ"

"ဗျာ- ဘယ်ဆိုင်လဲ"

"ချစ်မိုးကြီးဆိုင်လေ၊ ပြီးရင် ငါသွားချင်တဲ့ဆိုင်ကို မင်းလိုက်ခဲ့။ ဒီနေ့ ငါ ဒကာခံမယ်"

"ဒါဆို သွားမယ်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



မောင်ရွှေသည် ချစ်မိုးကြီးဆိုသည်နှင့် အူယားဖားယား ဖြစ်နေ၏။ ချက်ချင်း အိမ်ပေါ်တက် အဝတ်အစားလဲကာ ချစ်မိုးဆိုင်သို့ ထွက်ခဲ့ကြလေ၏။

သူတို့နှစ်ဦး ရောက်ရှိသွားချိန်တွင် ရွှေဝါတစ်ယောက် ကောင်တာတွင် ထိုင်နေသည်ကို တွေ့လိုက်ရ၏။

"ဟာ- ဟို. . . ဟိုမှာ ရွှေဝါပြန်လာပြီဗျ"

"အေး ဟုတ်တယ်"

ရွှေဝါသည် ကောင်တာတွင်ထိုင်ပြီး ပိုက်ဆံများ သိမ်းဆည်းနေရာမှ သူတို့ကိုမြင်လျှင် ဝမ်းသာအားရနှင့် ထလာ၏။

"ဟော- ကိုရွှေတို့ပါလား"

"ဟုတ်. . . ဟုတ်ပါတယ်"

"ဝမ်းသာလိုက်တာ၊ ကိုင်း- လာကြ ထိုင်ကြ ဘာစားမလဲ ကြိုက်တဲ့ဟင်းပြော"

"သူ့ကို ရှိတဲ့အသည်းတွေ ကျွေးလိုက်"

"ဟင်- ကိုဂျာအေးကလည်း"

"ဟဲဟဲ ဟုတ်သားပဲဗျာ၊ ခင်ဗျားစကားကြောင့် ရွှေဝါရှက်သွားပြီ၊ ကိုင်း- ရွှေဝါ ကောင်းမယ်ထင်တာ ကျွန်တော်တို့ စားပါ့မယ်"

"တကယ်"

"တကယ်ပေါ့ဗျာ"

ရွှေဝါတစ်ယောက် မောင်ရွှေကို ချစ်ရည်ရွှန်းလဲ့သည့် အကြည့်များနှင့် ကြည့်ရင်း ပြောလိုက်၏။

"ဒါဆို ခဏလေးစောင့်နော်"

"တစ်သက်လုံး စောင့်နေမှာပေါ့"

"ရှင်"

"ကြောင်လှချည်လားကွ"

"ဟဲဟဲ ချစ်ရင် ခုလိုပဲလေဗျာ"

"အင်- မင်းဟာက ချစ်လေပေါလေပဲ၊ ချစ်ပေါကြီးပေါ့ကွာ"

"ဟာ- တော်ပါဗျာ"

သူတို့နှစ်ဦး ပြောဆိုနေစဉ် အနားသို့ ရွှေဝါရောက်လာ၏။ စားပွဲပေါ်တွင်လည်း ဟင်းပွဲထမင်းပွဲတွေ စုံစုံလင်လင် ပြင်ဆင်ထားလေ၏။ ရွှေဝါသည် လွတ်နေသောခုံတွင် ဝင်၍ထိုင်လိုက်၏။ အခြေအနေ အတော်ကလေး တိုးတက်လာ





ပြီမို့ မောင်ရွှေတစ်ယောက် အကြီးအကျယ် အူမြူးနေ၏၊ ချစ်သူ၏ မျက်နှာလေးကို ရွှန်းရွှန်းစားစားကြည့်နေ၏။

ထိုစဉ် ရွှေဝါ၏ အသံကလေး ပေါ်လာ၏။

"ရွာက ရှင်တို့ပြန်သွားကြပြီးနောက် ဘာတွေဖြစ်ကျန်ခဲ့သလဲ သိလား"

"ဗျာ ဘာတွေဖြစ်ခဲ့လို့လဲ"

"စိန်လက်သီးလေ"

"ဗျာ၊ စိန်လက်သီး ဟုတ်လား"

"ဟုတ်ပ့ါ"

"ဟာ- ဟို. . . အဲ- ကျွန်တော့်ကို . . ."

မောင်ရွှေတစ်ယောက် စိန်လက်သီး ဆိုလိုက်သည်နှင့် မျက်လုံးပြူး မျက်ဆန်ပြူး ဖြစ်သွားလေ၏။ မရိုးမရွနှင့် ထိုင်ရမလို ထရမလို ဖြစ်နေ၏။ မောင်ရွှေအမူအရာကြည့်ပြီး ရွှေဝါပြုံးလိုက်၏။

"ဒီလောက် ကြောက်မနေစမ်းပါနဲ့ ကိုရွှေရယ်၊ ပြဿနာက တိုးလိုးတန်းလန်းကြီးနဲ့ ပြီးသွားပါပြီ"

"ဟင်- တကယ်လား"

"တကယ်ပါ၊ အောင်မလေး ရှင်တို့လည်း ပျောက်သွားရော စိန်လက်သီးတစ်ယောက် ငှက်ကြီးတောင်ကြီးကိုင်ပြီး တစ်ရွာလုံး ပတ်ရှာတာ"

"ဗျာ၊ ဘုရား ဘုရား"

"အဲဒါ ရှင့်နာမည်ကို တကြော်ကြော်ခေါ်လို့။ အရပ်လူကြီးလည်း အိပ်လို့မရဘူး၊ လိုက်တောင်းပန်လိုက်ရတာ။ စိန်လက်ကောက်ခမျာမှာလည်း ရင်တထုထုနဲ့အော်ပြီး ငိုလိုက်ရတာ"

"ဗျာ"

"ကိုရွှေကတော့ တကယ်စွံတယ်"

"ဟာ- မလုပ်ပါနဲ့ဗျာ"

ရွှေဝါက နောက်လိုက်သော်လည်း မောင်ရွှေ မျက်စိပျက် မျက်နှာပျက်ဖြစ်နေ၏။ ဂျာအေးကတော့ မောင်ရွှေကိုကြည့်ရင်း ပြောလိုက်၏။

"အင်း . . . မောင်ရွှေ ဘာလို့စိတ်ကူးလွဲခဲ့ရတာလဲကွာ၊ တကယ်ဆို စိန်လက်ကောက်ဟာ မယ်ဖြစ်နိုင်လောက်အောင် တော်တော်လှတာကွ"

"တော်ပါတော့ဗျာ၊ ဟို ရွှေဝါ အား . . . အားသလားဟင်"

"ဘာလုပ်မလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"နှစ်ယောက်တည်း စကားပြောချင်လို့ဗျာ"

"အို"

"လိုက်သွားစမ်းပါ ရွှေဝါရယ်၊ ဒီကောင့်ပုံစံက မလွယ်ဘူး"

"ဟုတ်. . . ဟုတ်ပါတယ်၊ ကျွန်တော် မောင်ရွှေ အခြေအနေ ဆိုးနေရပြီ"

"ဒါဆိုလည်း သေလိုက်ပါလား"

"ဗျာ၊ ရက်စက်ပါ့ ရွှေဝါရယ်။ ရွှေဝါသာ ကျွန်တော့်ကမ္ဘာ၊ ကျွန်တော့်ကဗျာ၊ ကျွန်တော့်ဘဝ၊ ကျွန်တော့်အလင်းရောင် . . ."

"ဟာ- တော်ပါတော့ကွာ၊ မင်းဥစ္စာ ရွှေဝါကို မြွေတစ်ကောင်လို မျိုချမယ့်ပုံပဲ"

"ဟဲဟဲ ခင်ဗျားပဲ ပြောခဲ့တယ်လေ၊ အချစ်ဟာ မြွေတစ်ကောင်ပဲတဲ့၊ ချစ်လာကြရင် တစ်ယောက်နဲ့ တစ်ယောက် မျိုချကြဖို့ ကြိုးစားနေကြတယ်ဆို"

"မင်း မဆိုးဘူး မောင်ရွှေ"

"ထားပါတော့ဗျာ၊ ကိုင်း- ရွှေ. . . ရွှေဝါ ဟို ကျွန်တော့်စကားကို"

"ကဲပါရှင် ဒါဆို ညနေကျရင် စောင့်နေ"

"ဗျာ၊ တကယ်လား"

"တကယ်ပါ"

"ဟာ- ဝမ်းသာလိုက်တာ ရွှေဝါရယ်၊ ကျွန်တော် ဘယ်လို ဝမ်းသာမှန်း မသိဘူးဗျာ၊ ဒါဆို ကျွန်တော်တို့ပြန်မယ်။ ညနေနော်"

"အင်းပါ"

မောင်ရွှေမှာ ဝမ်းသာလွန်းလှသဖြင့် ဆိုင်ကထွက်သည်နှင့် ခုန်ပေါက်ကြည်နူးနေ၏။ သိန်းဆုကြီးပေါက်သည့်အလားပင်။ ဂျာအေးကိုလည်း ကျေးဇူးတင်စကားတွေ လှိုင်နေအောင် ပြောဆိုနေ၏။

"ရပါတယ်ကွာ၊ ဒါထက် မင်းကို ငါပြောစရာရှိတယ်ကွ"

"ဘာတုံးဗျာ"

"ငါ မြစ်ဝကျွန်းပေါ်ဘက်ကို ကိစ္စတစ်ခုနဲ့ သွားမလို့ကွ၊ ဘယ်လောက်ကြာမယ်တော့ မသိဘူး"

"ဟင်- ဘာလုပ်မလို့လဲ"

"ကိစ္စရှိလို့ကွ"

"ဟာဗျာ ကျွန်တော်ပါ လိုက်မယ်လေ"





"မင်းလိုက်လို့ မဖြစ်ဘူးလေ၊ ရွှေဝါ့ကိစ္စ ရှိသေးတယ် မဟုတ်လား"

"ဟာ ဟုတ်ပ့ါဗျာ။ မသွားပါနဲ့ ကိုဂျာအေးရာ၊ ခင်ဗျား မရှိရင်"

"ကိစ္စက အရေးကြီးလို့ကွ"

"ဘာကိစ္စတုံးဗျာ"

"မင်း မသိချင်စမ်းပါနဲ့ အရေးကြီးတာ ငါပြန်လာရင် မင်းနဲ့ ရွှေဝါ နှစ်ကိုယ့်တစ်စိတ် ဖြစ်နေတာပဲ မြင်ချင်တယ်ကွာ၊ ဘယ်လိုလဲ မင်း အစွမ်းရှိပ့ါမလား"

"ဟာ- မပူပါနဲ့၊ မောင်ရွှေပါ"

"အေး မင်းလည်း ထင်ရာစွတ်လုပ်တတ်တဲ့ကောင်ပဲ။ ငါ မင်းကိုယုံတယ်၊ ဒီတော့ မနက်ဖြန်စောစော ငါခရီးထွက်မယ်၊ ဒေါ်လေးကိုတော့ မင်းပဲ ပြောလိုက်ပေတော့"

"စိတ်ချပါဗျာ"

နောက်ဆုံးတော့ သူတို့နှစ်ဦး စကားတပြောပြောနှင့် ပွဲရုံသို့ ရောက်ရှိလာ၏။ ရိုးရိုးယဉ်မှာ အလွန်မှ အလုပ်ကြိုးစားသူလေး ဖြစ်၏။ ပွဲရုံအခြေအနေမှာလည်း နေ့ချင်းညချင်းဆိုသလို တိုးတက်လာ၏။ ယခုလည်း ပွဲရုံရှေ့တွင် ကုန်ကားကြီးတွေ တန်းစီနေ၏။

အညာတစ်ခွင်ကို စာချုပ်ချုပ်ထားလေသလားပင် အောက်မေ့ရ၏။ သူတို့နှစ်ဦး ရောက်လာသောအခါ ဝိုင်းဝန်းကူညီခဲ့ကြသဖြင့် ရိုးရိုးတစ်ယောက်ဝမ်းသာအားရ ဖြစ်နေ၏။

"ကိုရွှေတို့ ရှိလို့သာပေါ့"

"ဟဲဟဲ ကျွန်တော်တို့က ကူညီချင်တဲ့ သူတွေပါ ရိုးရိုးရယ်"

"ရိုးရိုးက ကျေးဇူးပ့ါမယ် ဘာ. . ."

"နောက်မှပဲ စားတော့မယ်ဗျာ"

ရိုးရိုးယဉ်နှင့်အတူ သူတို့နှစ်ဦး ဝိုင်းဝန်းလုပ်ကိုင်ခဲ့ရာ ကုန်ကားငါးစီးခန့် သုပ်သိမ်းဖြစ်သွားခဲ့၏။ သို့နှင့် ညနေစောင်းလုလုတွင် ပွဲရုံရုံးခန်းပိတ်၍ မြို့ထဲဘက်သို့ ထွက်ခဲ့ကြလေ၏။

○○○○○



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

ဂျာအေး၏ ဦးတည်ရာခရီးက ပုသိမ်မြို့ကြီး ဖြစ်၏။ ပုသိမ် အစုန်အဆ
သွားလာနေသော ဇလမင်းထင် မည်သည့် သင်္ဘောကြီးပေါ် ပက်လက်ကုလာ
ထိုင်တစ်လုံးဝယ်ကာ လိုက်ခဲ့၏။ ခရီးသည်တွေက စုံပါ၏။ အဖြူအနီကြောင်ကျ
နှင့် အသံဗလံတွေကလည်း သင်္ဘောတစ်စီးလုံး အုန်းအုန်းကျွက်ကျွက်ဖြစ်နေ၏

အပေါ်ထပ်မှာနေရာရခဲ့သဖြင့် ရှုခင်းများကို အပေါ်စီးမှမိုး၍ ကြည့်နိုင်၏
သန္နံဘေးတွင် သူလိုကုလားထိုင်ဝယ်ပြီး လိုက်ပါခဲ့သူတွေကလည်း တစ်ပုံတ
ခေါင်း။ ခရီးသွားရင်း မိတ်ဆွေဖွဲ့ခဲ့ရ၏။ သန္နံဘေးတွင် အတော်အတန်ဝသော
လူကြီးတစ်ဦးနှင့် သူ့အရွယ် အမျိုးသမီးငယ်လေးတစ်ဦး ပါလာ၏။ အမျိုးသမီး
ငယ်လေးမှာ အလွန်တရာမှ ချောမောလှ၏။ အသားအရေ ဖြူစွတ်စွတ်၊ နှာ
ပေါ်ပေါ်၊ ပါးပါးလှပ်လှပ်နှင့်မို့ မိန်းမချောလေးဟု သတ်မှတ်ရချေမည်။

ထိုမိန်းမချောလေးနှင့် တစ်ညလုံး သင်္ဘောအတူ စီးရမည်မို့ ဂျာအေး
အူမြူးနေ၏။ လူမိုက်ရွှေနီတို့ဆီမှ တစ်သိန်းကို စရိတ်လုပ်လာသဖြင့် သူ့ပုံစံ
သူ့ဌေးဂိုက် ဖမ်းထား၏။

ပါးစောင်တွင် စီးကရက် အခဲမပျက်စေရ။ စားတော့ သင်္ဘောပေါ်
ထမင်းဆိုင်။ ဆိုင်က သန့်ပြန့်လှပြီး ဟင်းထမင်းလည်း စုံလင်လှ၏။ စားတော
ဘိုစာစားဖို့ ပြင်လိုက်၏။ ငွေရောင် ဇွန်းခက်ရင်းကို လက်ကိုင်ပဝါနှင့် သုတ်လိုက်
၏။ ဆိတ်ကလီစာ၊ ကြက်အသည်းအမြစ်၊ ငါးကျည်းခြောက်ကြော်၊ ကြက်
ပဲဟင်း၊ ဖွယ်ဖွယ်ရာရာ စုံလင်လှ၏။

ဂျာအေး၏ရင်ဘတ်တွင် ဖြူစွတ်နေသော ပဝါတစ်ထည်ကို ချည်နှော
လိုက်၏။ ထိုစဉ် အထဲသို့ အမျိုးသမီးတစ်ဦး ဆတ်တောက်ဆတ်တောက် ဝင်လာ





၏။ ထမင်းစားခန်းက သီးသန့်ခန်း။ အမျိုးသမီးသည် သူ့ရှေ့စားပွဲခုံတွင် ဝင်ထိုင်
လိုက်၏။

"ကျွန်မကို ဆိတ်ကလီစာ၊ ကြက်ကလီစာ၊ ဝက်ကလီစာသုံးပွဲနဲ့ ပြင်ပေး"

"အင်- ကလီစာတွေမှာပါလား"

အံ့ဩကြီးစွာနှင့် စားနေရာမှ မော့ကြည့်လိုက်၏။ မိတ်ကပ် ထူလပျစ်နှင့်
နှုတ်ခမ်းနီရဲတွတ်တွတ် ဆိုးထားသော မိန်းမလျာတစ်ဦး ဖြစ်နေသည်ကို တွေ့
လိုက်ရ၏။ သူ့ကိုတွေ့တော့ မချိုမချဉ်အပြုံးနှင့် ပြုံးပြနေ၏။

"ဟိုက်- အခြောက်"

"စားနေပြီလား ကိုကိုရဲ့"

"အင်- သွားပြီကွာ၊ စားမကောင်းတော့ပါဘူး"

"ဘယ်လိုဖြစ်တာတုံး ကိုကိုရဲ့၊ ဇာခြည်က စောစောကတည်းက ကိုကို့ကို
ကြည့်နေတာ။ ကိုကိုက ဘိုဆန်တယ်နော်"

"ဟိုက်"

"ကိုကို"

"ဗျာ"

"စကားပြောဦးလေ၊ ဇာခြည်က ကိုကို့နောက် အရိပ်လို လိုက်ခဲ့တာ စကား
ပြောကွယ်"

"သေပါတော့ကွာ"

"အို ကိုကိုကလည်း၊ ဘယ်လိုဖြစ်လို့ သေချင်နေတာတုံး"

"မင်း . . . မင်းလာလို့ကွ"

"အင်- တစ်မျိုးကြီးပါလား။ ရုပ်ကြီးကို မဲ့မထားနဲ့ကွယ်၊ ဟိုလေ နွားချေးပုံ
လောက်တဖွာဖွာတက်သလိုပဲ"

"ဘာကွ၊ အေ့ . . ."

"ဆော. . . ဆောရီးနော် ကိုကို"

"-------"

"ရှင်၊ ကိုကိုနော်"

"ဒုက္ခပါပဲကွာ၊ မင်းဘာသာမင်း စားစမ်း၊ ဒါ လူကြီးလူကောင်းတွေ စားတဲ့
နေရာကွ၊ နောက်ရွှတ်ရွှတ်မလုပ်နဲ့ ထကန်ပစ်လိုက်မယ်"

"ဟင် ကိုကိုကလည်း လူကြီးလူကောင်းပြောပြီး လူကို ကန်မယ်ဆိုတော့
ခြင်းတို့ နွားတို့မှ ကန်တတ်တာ ကိုကိုရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဘာကွ၊ တော်စမ်းကွာ"

ဂျာအေး ခံတွင်းပျက်ချင်ချင် ဖြစ်သွား၏။ ဇာခြည်ဆိုသော မိန်းမလျှာ၏ မျက်နှာက မလိုင်ပျစ်ပျစ်ထဲ ငံပြာရည်ပုပ်အဲ့အဲ့လောင်းထည့်ထားသည့်ပုံ။ ဘယ်လိုမှ ကျက်သရေ မရှိသည့်ပုံ။ နောက်ဆုံး ခေါင်းကြီးငုံ့ပြီး ဆာဆာနှင့် တွယ်လေတော့၏။

"ဟင်- ကိုကိုကလည်း စားနေတာများ ပြိတ္တာက လူဖြစ်လာသလား အောက်မေ့ရတယ်၊ အဲဒါ ဘိုလိုစားတာမဟုတ်ဘူး။ ဂေါ်ရင်ဂျီနဲ့ ကပ္ပလီကပြားတွေမှ အဲဒီလို စားတာရှင့်"

"ဟေ့ကောင် မင်း လွန်လာပြီနော်"

"ကိုကိုကလည်း လွှတ်ဒေါသကြီးပဲ၊ ဒီက ချစ်လို့စတာကို"

"တိတ်စမ်း"

"တော်ပြီ ချစ်လို့ပြောမှန်း မသိတဲ့လူ၊ အလကား အညာသားရုပ်ထနောင်းငုတ်တိုကို ထုံးသုတ်ပြီး မီးရှို့ထားတဲ့ရုပ်"

"ဟိုက်- ကြမ်းလှချည်လား"

"ဇာခြည်တို့က ခပ်ကြမ်းကြမ်းပဲ"

"တော်ကွာ၊ ငါကောင်းကောင်း စားပါရစေ"

ဇာခြည်ဆိုသော မိန်းမလျှာကို ဂျာအေး လက်နက်ချလိုက်ရ၏။ မတတ်နိုင်တော့။ ဘာပြောပြော နှလုံးမသွင်းရုံသာ ရှိပေတော့၏။ ထို့ကြောင့်လည်း ဖွန်းနှင့် ခက်ရင်းကို ဟန်နှင့်ပန်နှင့်ကိုင်ကာ ဘိုစားစား စားလိုက်၏။

ဇာခြည်သည် သူ့ဗိုက်တင်ကိုကြည့်ပြီး ထမင်းစားရင်း ပြုံးစိစိလုပ်နေ၏။ ထိုသို့ပြုံးလိုက်မှ ဇာခြည်၏ဟောက်ပဲ့ဖြစ်နေသော သွားကျိုးများကို မြင်လိုက်ရ၏။ ဘယ်လိုမှ ပုံပန်းမလာသည့် မိန်းမလျှာမကို ဂျာအေး ဒီတစ်ခါပဲ မြင်ဖူး၏။

သိပ်လည်း ရဲရဲမကြည့်ဝံ့။ တော်ကြာ မဟုတ်တာဟုတ်ကတွေ ပြောလာမှာစိုးလှသဖြင့် စားလက်စကို ဆက်စားလိုက်၏။

"ကိုကို"

"ဘာတုံးကွ"

"ကိုကိုက အသည်းကြိုက်တယ်နော်၊ ကြောက်စရာကြီး ဇာခြည့်အသည်းကိုတော့ မစားပါနဲ့ကွယ်"

"မင်းပါးစပ် ပိတ်မထားနိုင်ဘူးလား"

"ကိုကိုနော်"





"ကဲကွာ"

"ဗွမ်း"

"အောင်မလေးတော့ စပ်တယ် စပ်တယ်၊ သူ့လက်ဆေးရေတွေနဲ့ ပက်...ယ်"

စိတ်ထဲ ရှုပ်ထွေးတင်းကျပ်လာပြီမို့ ဂျာအေး မခံစားနိုင်။ ထို့ကြောင့်လည်း ...နှင့် ခပ်လှမ်းလှမ်းတွင်ရှိသော လက်ဆေးရေဇလုံကိုယူကာ ဇာခြည်၏မျက်...ကို ပက်ထည့်လိုက်၏။ ဇာခြည်ဆိုသော မိန်းမလျှာခမျာ ငါးရံ့ပြာလူးသလို ...တ်ဆတ်ခါနေ၏။ ထိုစဉ် ဂျာအေးသည် တစ်ထောင်တန်တစ်ရွက်ကို စားပွဲ...ါ ပစ်တင်လိုက်ပြီး ထမင်းစားခန်းထဲမှ ထွက်ခဲ့လေ၏။

"တောက်- တော်တော်နှောင့်ယှက်တဲ့ဟာမ၊ ကောင်းကောင်းကို မစား...ဘူး"

ပါးစပ်က ပွစိပွစိပြောရင်း သူနေရာသို့ လျှောက်လာကာ ပက်လက်...လားထိုင်တွင် ဝင်ထိုင်လိုက်၏။ ထိုအချိန်တွင် မိန်းမလျှာ ဇာခြည်မှာ တွန့်ကာ...မ်ကာ အော်ကာဟစ်ကာ ဖြစ်နေ၏။ ဆိုင်အမှုထမ်းများက ဝိုင်းလုပ်ပေးနေရ...၏။

ဂျာအေးတစ်ယောက် ဘယ်သူ့မျက်နှာမှလဲ မကြည့်ချင်တော့။ ထို့ကြောင့် ...ယ်ထားသည့် ဂျာနယ်တစ်စောင်ကို မျက်နှာအုပ်ကာ ငြိမ်ငြိမ်ကလေး အိပ်ပစ်...ိုက်လေ၏။

ထိုအချိန်တွင် လူမိုက်ကြီး ရွှေနီတို့အဖွဲ့မှာ ဂျာအေးစကားကို အယုံကြီး ...၍ လိပ်စာအတိုင်း လိုက်ခဲ့ကြ၏။

"ဟာ- ဒီလမ်းထိပ် ညာဘက်ချိုးလိုက်ရင် ရောက်ပြီ"

"နာမည် ဘယ်သူလဲ ဆရာ"

"ဦးပေစိ"

"ဟုတ်ပါဘူးကွ၊ ဦးပုစိပဲ"

"အဲ- ဟုတ်တယ်. . . ဟုတ်တယ်"

"ကိုင်း- ကားကို ဘီးလိမ့်မောင်းတော့"

"ဟုတ်ကဲ့ ဆရာ"

ရွှေနီသည် သူ့တပည့်များကို အမိန့်ပေးရင်း စီးလာသည့်ကားကို ဖြည်း...ည်းချင်း မောင်းခိုင်းလိုက်၏။ အိမ်ကြီးအိမ်ကောင်း သုံးလေးအိမ်ကျော်တွင် ...င်းသပ်သပ်ရပ်ရပ်နှင့် ဆောက်လုပ်ထားသော တစ်ထပ်အိမ်ပုလေးရှေ့ ကား

www.burmeseclassic.com

www.burmeseclassic.com



ဆိုလိုက်၏။

"အဲဒီ အိမ်ပဲကွ"

"လိပ်စာမှန်ရဲ့လား"

"မှန်ပါတယ်ကွာ"

"ဒါဆို ဆင်းကြမယ်ဟေ့"

"ဟုတ်ကဲ့"

ပြောပြောဆိုဆိုနှင့် ကားထဲမှ ထွက်လိုက်ကြပြီး ခြံရှေ့စပ်တွင် ကားအ ရပ်လိုက်၏။ ထိုစဉ် ခြံထဲမှ လူဝဝကြီးတစ်ဦး ထွက်လာ၏။ ပုဆိုးတိုတိုဝတ် စွပ်ကျယ်ချိုင်းပြတ်ဝတ်ထား၏။ လက်ထဲတွင် မြေဆွသည့် ဂေါ်ပြားအသေး ကိုင်ထား၏။

"ဘာကိစ္စလဲဗျ"

"တံခါးဖွင့်စမ်း"

"ဗျာ"

"ဘာကိစ္စ"

"နောက်မှမေး၊ ငါ့နာမည် ရွှေနီကွ၊ ဟဲဟဲ"

"အင်"

ခြံထဲသို့ တံခါးကိုတွန်းဖွင့်ကာ အထဲသို့ ဆရာတပည့်သုံးဦး ရင်တ ကောနှင့် ဝင်ခဲ့ကြ၏။ လူဝကြီးမှာ ရွှေနီတို့သုံးဦးကို ကြောင်စီစီနှင့်ကြည့် နောက်မှ လိုက်ခဲ့၏။ ရွှေနီတို့ သုံးဦးသည် အိမ်တံခါးကိုဖွင့်၍ ဧည့်ခန်းထဲ ဝင် လိုက်၏။

ထိုစဉ် လူဝကြီးက သူတို့အနားရောက်လာ၏။ ရွှေနီသည် စီးကရက်ထ လိပ်ကို မီးညှိဖွာရှိုက်ရင်း လေသံတင်းတင်းနဲ့ ပြောလိုက်၏။

"ကိုင်း- မင်းဆရာ ပူစီကို ခေါ်လိုက်စမ်း၊ ဒီမှာ လမ်းဘီလူးရွှေနီ ရော နေတယ်ပြောလိုက်"

"ဗျာ၊ ရွှေနီ"

"ဟုတ်တယ်၊ မြေပုံပါ တစ်ခါတည်း ယူခဲ့လို့"

"အင်- ဟို လက်ဝါးကပ်တိုင်ရော ယူခဲ့ရမလား"

"ဘာကွ၊ ဟေ့ကောင် ဖက်တီး၊ မင်းငါ့ကို နောက်နေတာလားကွ၊ ခေါ် ဘယ်မှာလဲ ပူစီတို့ ပူရီတို့"

"ဗျာ"





"ဘာကြောင်ကြည့်နေတာလဲကွ၊ ငါ စိတ်ဆိုးလာရင် မင်းဒီဗိုင်းက အာပြဲ ခြောက်ဒီဗိုင်း ဖြစ်သွားမယ်နော်"

"ဒုက္ခပါပဲ"

လူဝကြီးသည် ပြောင်စပ်စပ်ဖြစ်နေသော ဆံပင်ကို ကုတ်ခြစ်ပြီး သူတို့ကို မှန်တုန်တုန်နှင့် မေးလိုက်၏။

"ဘာကိစ္စလဲဗျ"

"ဟာ- မင်းကလည်း စကားရှည်တယ်ကွာ။ ဘယ်မှာလဲ ပူစီ၊ ငါ သူနဲ့ စကားပြောချင်တယ် ခေါ်လိုက်"

"ဒီမှာ ခွေးဘီလူး ရွှေနီ"

"ဘာကွ၊ လမ်းဘီလူးကွ"

"ဩော်- ထားပါတော့ကွာ၊ လမ်းဘီလူးရွှေနီ၊ မင်းတွေ့ချင်တဲ့ ပူစီကို မင်း မြင်ဖူးလား"

"ဟင်- ပိန်ခြောက်ခြောက် ရှည်မျောမျော၊ ကိုယ်က ပူစီနံ့ နံတယ်"

"ဟင်- လူကိုများ ပြောရက်လိုက်တာ၊ ဟေ့ကောင် ရွှေနီ"

"ဗျာ"

"ငါ့နာမည် ပူစီကွ"

"ဗျာ၊ ခင်ဗျားက ကိုပူစီ"

"အေး၊ ဟုတ်တယ်။ ကဲ- ပြော ဘာပြောချင်သလဲ"

"ဟို. . . အမွေ. . . မြေပုံ. . . ဦးမင်္ဂလာ"

"ဘာကွ၊ ဘယ်ကမြေပုံလဲ၊ မြေပုံလည်း မသိဘူး၊ လက်ဝါးကပ်တိုင်လည်း မသိဘူး၊ မင်းသိဖို့လိုတာ ငါ ဘယ်သူလဲဆိုတာ မင်းသိဖို့ပဲ"

"ဗျာ"

လူဝကြီးက ဦးပူစီဖြစ်နေ၍ ရွှေနီ ကြောင်သွား၏။ သူစိတ်ထဲ လူဝကြီးကို အလဝမ် ဟု၍သာ မှတ်နေမိ၏။ ယခုတော့ ပူစီက သူတို့တွေ့ချင်သော ခြံပိုင်ရှင် ဖြစ်နေပြီမို့ ပြောမိခဲ့သမျှစကားတွေကြောင့် အားတုံ့အားနာ ဖြစ်နေ၏။

"ဟာ- ခင်ဗျားက ကိုပူစီနော်"

"ဟုတ်တယ်၊ နောက်ပြီးမှတ်ထား ငါဟာ ရဲအုပ်ကြီး ပူစီကွာ၊ ဘာလိုချင်သ လဲ လက်ထိတ်လား၊ အချုပ်လား၊ ဒါမှမဟုတ် ခြေချုပ်လားပြော"

"ဟိုက်"

ရဲအုပ်ကြီးကိုပူစီစကားကြောင့် ရွှေနီတို့လူစုမှာ မရိုးမရွ ဖြစ်နေ၏။ ထူထူ

www.burmeseclassic.com

www.burmeseclassic.com



ပူပူနွေး ဘာလုပ်လို့ ဘာလုပ်ရမှန်း မသိအောင် ဖြစ်ကုန်၏။ အိမ်ဦးခန်း မျက်နှာစာတွင် ချိတ်ဆွဲထားသော ရဲအုပ်ကြီး ဦးပူစီ၏ ဓာတ်ပုံကိုကြည့်ရင်း ပို၍ ပျာလောင်ခတ်ကုန်၏။

တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ရင်း မချိတင်ကဲ ခံစားချက်နှင့် အချက်ပြနေ၏။ ထိုစဉ် ရဲအုပ်ကြီးက သူတို့လူစုကို ရှုတင်းတင်းကြည့်ရင်း ပြောလိုက်၏။

"နေဦး ဟော့ကောင် ရွှေနီ"

"ဗျာ"

"မင်း စောစောကပြောတာ ငါကြားလိုက်တယ်၊ လမ်းဘီလူးရွှေနီ ဟုတ်ပြီ ဟုတ်ပြီ ငါမှတ်မိပြီ မင်းအကြောင်း ငါမသိဘူးများ အောက်မေ့နေသလားကွ"

"ဗျာ၊ ဟို ကျွန်တော် မသိ"

"တိတ်စမ်း၊ မင်း ဘာမဟုတ်တာရှုပ် လုပ်ချင်လို့ ငါ့ဆီလာသလဲ ပြောစမ်း ငါကြားလိုက်တာ မြေပုံကိစ္စ၊ ဘာလဲ မှန်မှန်ပြောစမ်း"

"ခင်ဗျာ၊ ဟို. . . ကျွန်တော်တို့ အိမ်. . . အိမ်မှားတာလား၊ လူမှားတာလား တစ်ခုခုတော့ မှား . . ."

"တော်စမ်း မင်းတို့ ဘာမကောင်းမှု ကျူးလွန်မလို့လဲ"

"မဟုတ်ရပါဘူးဗျာ၊ ဟို ဘုရားကိုးဆူဆရာ လာရှာတာပါ"

"ဘာကွ၊ မင်းလား ဘုရားဖက် တရားဖက်လုပ်မှာ၊ ဟော့ကောင် ငါ့ကို မှန်မှန်ပြော မပြောရင် ဒီအိမ်က မသွားရဘူးကွာ"

"အင်- ဒုက္ခပါပဲ၊ ဆရာပူစီရယ် ကျွန်တော်ပြောတာ ယုံကြည်ပါဗျာ။ မကောင်းမှုဆို ခြင်တောင်မရိုက်တော့ပါဘူးဗျာ။ ဝါတွင်းသုံးလပတ်လုံး သက်သတ်လွတ်စားတယ်၊ ဥပုသ်တစ်ပတ်တစ်ခါ စောင့်ပါတယ် ဆရာရယ်။ မယုံရင် သူတို့ကို မေးကြည့်၊ ဟော့ကောင် ပုတ်သင်ညို ပြောလိုက်လေကွာ"

"ဟုတ်. . . ဟုတ်ပါတယ် ဆရာပူတီရယ် အဲလေ ဆရာပူစီရယ်၊ ကျွန်တော်တို့လူစု မကောင်းမှုတွေ ပပျောက်အောင်ဆိုပြီး ကြီးကိုးကြီးမှာလှည့်ပြီး ပုတီးစိပ်နေပါတယ်။ နောက်ပြီး ကျွန်တော်တို့အဖွဲ့ နာမည်က 'သူတော်ဖြူ' လို့ နာမည်တောင် ပေးထားပါတယ်။ ဆရာကြီးက လမ်းဘီလူးရွှေနီ မဟုတ်တော့ပါဘူး ဆရာပူစီရယ်၊ သူတော်ဖြူ ရွှေနီပါ။ ကျွန်တော်က သူတော်ဖြူ ပုတ်သင်ညိုပါ၊ ဟိုကောင်က သူတော်ဖြူ. . ."

"တော်စမ်းကွာ၊ မယုံဘူး။ ဒါ တချား ဥပုသ်စောင့်တာ ဖြစ်ရမယ်"

www.burmeseclassic.com



"ဗျာ ဆရာပူစီက ဇွတ်ကြီးပါလားဗျ။ မှန်တာပြော သံစွာပါ။ သုံးဆယ့်ခုနစ်မင်း အစဉ်းသိပါ ဆရာပူစီရယ်၊ မယုံရင် အဲဒီ သုံးဆယ့်ခုနစ်မင်းကို မေးကြည့်ပါဗျာ"

"ဘယ်ကနတ်တွေ ဆွဲထည့်တာလဲကွ၊ တောက်- မင်းတို့သုံးယောက် တော်တော်ကို ရဲတင်းကြပါလား၊ ငါ့အိမ်ကို မင်းတို့ ဓားပြတိုက်မလို့ လာတာလား ပြောစမ်း"

"မဟုတ်ရပါဘူး ဆရာပူစီရယ်၊ သုံးဆယ့်ခုနစ်မင်း အတွင်းအပြင် သိပါတယ်၊ မယုံရင် နတ်ကတော်ကတစ်ဆင့် မေးကြည့် . . ."

"ဘာကွ၊ ဟော့ကောင်ရွှေနီ"

"ခင်ဗျာ"

"ဒီတစ်ခါတော့ မင်းတို့ကို ငါ ခွင့်လွှတ်လိုက်မယ်"

"ဟာ ဝမ်းသာ. . ."

"နေဦး မင်းတို့သုံးယောက် ငါ့ခြံကိုရှင်း၊ အိမ်သာဆေး၊ ပြီးတော့ နောက်ဘက်က နွားခြံမှာရှိတဲ့ ထင်းတုံးတွေ ခေါက်ထားခဲ့"

"ခင်ဗျာ"

"အေး အဲဒါတွေလုပ်ပြီးမှ ပြန်ခွင့်ပေးမယ်"

"ညာ. . . ညာပါ"

"မညာဘူးကွ၊ ဒါ မင်းတို့ကို ငါလျှော့ပေးလိုက်တာ။ မဟုတ်ရင် ချက်ချင်း အချုပ်ခန်းထဲ လက်ထိတ်တန်းလန်းနဲ့ ဝင်သွားရမယ်"

"ဗျာ၊ ဒါ. . . ဒါဆိုတော့ မလုပ်ပါရစေနဲ့ ဆရာပူစီရယ်၊ ဟို- ခိုင်းတာတွေ အကုန်လုပ်ပေးပါ့မယ်"

"အေး ဒါဆို ခုချက်ချင်းထ၊ အပေါ်အင်္ကျီတွေချွတ်၊ ပေါက်တူးပေါက်ပြားတွေကိုင်"

"ဟုတ်. . . ဟုတ်ကဲ့ပါ ခင်ဗျာ"

နောက်ဆုံးတော့ ရွှေနီတို့လူစု ရဲအုပ်ကြီး ပူစီ၏အိမ်တွင် ချေးသေးက အစ တစ်နေကုန် လုပ်ပေးခဲ့ကြ၏။ ရဲအုပ်ကြီးက သူတို့လုပ်ပုံကိုင်ပုံကို ရှုတင်းတင်းနှင့် အကဲခတ်နေ၏။ မကျေနပ်တာတွေ့လည်း ထပ်ခါတလဲလဲ ခိုင်းခဲ့သဖြင့် သုံးယောက်စလုံး ဓာတ်လပိုင်လိုက်နေ၏။

နောက်ဆုံး လုပ်ငန်းအားလုံး ပြီးသွားသောအခါ ရဲအုပ်ကြီးက သူတို့သုံးဦးတို့ ကာလသားချက်နှင့် ကျွေးမွေးကာ ပြန်လွှတ်လိုက်လေ၏။ လမ်းဘီလူး ရွှေနီ



www.burmeseclassic.com

www.burmeseclassic.com



မှာ ခြံပြင်ရောက်သည်နှင့် ပေါက်ကွဲတော့၏။

"ဟိုကောင် ဂျာအေး"

"ဟုတ်ပ့ါဗျာ၊ တော်တော် ပြဿနာလုပ်တဲ့ကောင်"

"သွားပြီဗျာ၊ ငွေတစ်သိန်းလည်း ပါသွားပြီ"

"တော်တော် မွေတဲ့ကောင်ပဲ၊ ပြဿနာကို မီးထွန်းရှာတဲ့ ဂျာအေး မင်းလွတ်အောင် ပြေးလေတော့ကွာ။ မင်းလုပ်တာ အိပ်နေတဲ့ခွေကို ငရဲမီးပက်လိုက်တာပဲကွ"

"ဟာ- ဆရာရွှေနီကလည်း ငရဲမီးနဲ့ပက်ရင် ကျုပ်တို့အားလုံး အရိုးပဲ ကျန်တော့မှာပေ့ါဗျာ၊ မဟုတ်တာ မပြောပါနဲ့"

"အေးကွ၊ ငါလည်း ထင်ရာမြင်ရာ ပြောချလိုက်တာ၊ ကဲ- ဒီကိစ္စ သူဌေးကို အမြန် အကြောင်းကြားရအောင်၊ ဂျာအေးနောက်ကို လိုက်မှ"

"ဟုတ်တယ် ဆရာရွှေနီ"

နောက်ဆုံးတော့ ရွှေနီတို့လူစု ဂျာအေးနောက်ကို လိုက်ရန် သူဌေးလုပ်သူနှင့် တွေ့ဆုံပြောဆိုခဲ့ကြလေ၏။ ထိုသို့ ပြဿနာပေါင်းစုံနှင့် ရွှေနီတို့လူစု ကြုံဆုံနေခိုက်တွင် ပုသိမ်သင်္ဘောကြီးပေါ်တွင် ရောက်ရှိနေသော ဂျာအေးမှာ တဖြူးဖြူးတိုက်ခတ်နေသည့်လေကို တဝကြီးရှူကာ မြစ်ပြင်တစ်ဖက်ရှိ ရွာကလေးများ၊ တောရိပ်တောင်ရိပ်ကလေးများကို ကြည့်နေ၏။

သူ့နံဘေးတွင် လူဝကြီးနှင့် အမျိုးသမီးငယ်လေးတို့ ရပ်နေ၏။ သင်္ဘောဦးပိုင်း လက်တန်းဘေးတွင် သူလိုကိုယ်လိုလူတွေ အများကြီး။ ဝင်လုလု ဆည်းဆာရောင်ကိုကြည့်နေကြ၏။ စင်ရော်တစ်အုပ်ကလည်း ကျီကျီကျာကျာ အသံပေး၍ ပျံသန်းနေကြဆဲ။

ခပ်ဝေးဝေးတွင် မြင်နေရသော ရွာပုပုကလေးများကိုကြည့်ရင်း ပီတိဖြစ်နေကြ၏။

"ပါပါကြီး ဟိုမှာကြည့်စမ်းပါဦး၊ လှလိုက်တာနော်၊ တကယ့်ပန်းချီကားလိုပဲ"

"ဟုတ်ပ့ါ သမီးရယ်၊ အဲဒါ နတ်ပန်းချီကွယ့်"

"ဗျာ၊ နတ်ပန်းချီ"

ဂျာအေးက ကြားမှဝင်၍ ရောလိုက်၏။ သူ့စကားကြောင့် လူဝကြီးမှာ ဆူပွပွမျက်နှာဘေးနှင့် သူ့ကိုကြည့်လိုက်၏။ အသားလွတ်ကြီး ဝင်ရောက်လာသည်မို့ အမျိုးသမီးလေးမှာလည်း ကြောင်စီစီဖြစ်နေ၏။ ထိုစဉ် ဂျာအေးက တော့ သူ့မူအတိုင်း ဆက်၍ ပြောချလိုက်၏။





"မဖြစ်နိုင်ဘူးဗျ၊ နတ်တွေဟာ ပန်းချီမဆွဲတတ်ဘူးဗျ၊ သူတို့ဟာ ပန်းပုပဲ ထုတတ်တာဗျ"

"အင်- ဟကောင် မင်းဘယ်သူလဲ၊ မင်းက နတ်တွေအကြောင်း သိရအောင် မင်းက နတ်ဆရာလား"

"ဟဲဟဲ ပါပါကြီးကလည်း"

"ဘာကွ၊ မင်း ငါ့ကို ပါပါကြီးလို့ မခေါ်နဲ့၊ ဒါ စုလေးခေါ်ဖို့ ထားတာ"

"ဗျာ"

လူဝကြီး၏စကားကြောင့် ဂျာအေး တွန့်ခနဲ ဖြစ်သွား၏၊ အမျိုးသမီးငယ်လေး၏အမည်မှာ စုလေးဟု သိလိုက်ရသဖြင့် ဂျာအေး ဝမ်းသာအားရ ဖြစ်နေ၏။

"ဪ- ကျွန်တော်က စုလေးကို မှန်မှန်ကန်ကန် မြင်စေချင်တယ်လေ၊ ဒါကြောင့် ပြောရတာပါ"

"ဘာကွ၊ စုလေး . . . ဟေ့ကောင် မင်း မင်း ငါ့ကို ဘာမှတ်နေသလဲ"

"ဪ- ပါပါကြီးကလည်း မြန်မာလူမျိုးတွေပဲဗျာ၊ မေတ္တာ သစ္စာ ဘာရဏာ မုဒိတာ ဆိုဗျာ စာဆိုတောင် ရှိပါရဲ့-

တစ်ဦးမေတ္တာ တစ်ဦးမှာ
စေတနာဗရွှ
ထားကြမှ ကောင်းပေမည်။
သုစရိုက် အတွေးကိုယ်စီ
အမုန်းမသိနဲ့ အချစ်ပွား။
လောကအလိုရယ်မို့
စောဒကတွေ မဆိုလိုက်ကြပါနဲ့
မိုက်တယ်ဆိုတာ အလွယ်လေးရယ်မို့
မိုက်ဘေးကရှောင် အမှောင်ကိုခွင်းကာပ
ချစ်ချင်းနဲ့ အတူနေကြရင်
သုခဘုံအလား . . . တဲ့ဗျ"

"တိတ်စမ်းကွာ၊ နဘေတွေ ကဗျာတွေနဲ့ မင်းက ဘုန်းကြီးပျံဆရာလားကွ"

"အဲ- ပါပါကြီးကတော့ လုပ်ချလိုက်ပြန်ပြီ၊ ဒါ တြိချိုးတစ်ပုဒ်ဗျ။ ဘယ်လောက်ကောင်းသလဲလို့။ လောကမှာ လူစိမ်းရယ်၊ လူကျက်ရယ် မရှိပါဘူးဗျာ၊



www.burmeseclassic.com

www.burmeseclassic.com

အားလုံး သွေးသားတွေပါပဲ။ ဟိုဘဝက ပါပါကြီးဟာ ကျွန်တော့်သား ဖြစ်ခ
လည်း ဖြစ်မှာပဲဗျ"

"ဟာ- ဒီကောင် ပြောလေဆိုးလေပါလား"

"ပြောမနေနဲ့ ပါပါကြီး၊ အဲဒီလူပုံစံက စိတ်သိပ်မနှံ့သလိုပဲ၊ လာ သွားဖြ
မယ်"

"ဟင်- စွဲချက်တွေကလည်း ကြောက်စရာကြီးပဲ"

"လာပါဆို"

စုလေးဆိုသော အမျိုးသမီးက ပါပါကြီးကို အတင်း ဆွဲခေါ်သွားသဖြ
ဂျာအေး အခံစားကြီး ခံစားလိုက်ရ၏။ သူ့စေတနာကို ဝေဒနာထင်သွားခဲ့ပြ
ဘယ်လိုမှ မေတ္တာတံတားကို ထိုး၍မရမှန်း ရိပ်မိလိုက်သဖြင့် မြစ်ပြင်ကို ခေါ
စိုက်နှင့် ကြည့်လိုက်၏။

"ဟင် ဂန်ဒူးကြီး"

"ဟီးဟိ. . ."

"အင်"

ခေါင်းစိုက်ကြည့်လိုက်ပါမှ သူနံဘေးတွင် ပုံပုံကလေးထိုင်၍ တမော့မေ
လုပ်နေသော မိန်းမလျှာဇာခြည်ကို တွေ့လိုက်ရလေ၏။ ဂျာအေးအသွင်က
ညကြီးကြောင်တောင် နေမင်းကြီး ဝုန်းခနဲ ထွက်လာသည့်အလားပင်။ ဇာခြည်
အသွင်အပြင်က ကျိန်းစပ်စပ် ပြူးပြဲပြဲ။ သူ ဘာလုပ်လို့ ဘာလုပ်ရမှန်းမသိ
ထိုစဉ် ဇာခြည်၏အသွင် ပေါ်လာ၏။

"ကိုကို ထိုင်လေ"

"ဘာကွ"

"ထိုင်ပါဆို၊ ကိုကိုတလည်း ဒေါသကြီးပဲ၊ မထိုင်ဘူးလား ထိုင်မလားပြေ

"မထိုင်ဘူးကွာ"

"ကဲ- မထိုင်ဦး"

"ဟိုက်- ဟာ. . . လုပ်ကြပါဦး"

"အို"

"မင်း . . . မင်း ဂန်ခြောက် ငါ့ကို ပုဆိုးဆွဲချွတ်တယ်၊ သေပေတော့"

ဇာခြည်သည် ဒေါတပွပွနှင့် ပုဆိုးကို လှမ်းဆွဲပစ်လိုက်ရာ လျှောခနဲပု
ကျွတ်သွားလေတော့၏။ ဖြစ်စဉ်ကြောင့် အနားရှိ လူပရိသတ်အားလုံး မျက်
ပြူး မျက်ဆန်ပြူး ဖြစ်ကုန်၏။ ဂျာအေးမှာလည်း ရှက်လွန်းလှသဖြင့် ငုံ့မကြည့်





သို့သော် အတွင်းခံဘောင်းဘီကလေး ပါသဖြင့် တော်သေးသည်ဟု ဆိုရချေ
မည်။ ဇာခြည်ကလည်း ညာဖက်လီးယား အိုက်တင်လေးဖမ်းပြီး မျက်နှာကို လက်
ကလေးနှင့်အုပ်၍ လက်ချောင်းများကြားမှ ကြည့်လိုက်၏။

ဂျာအေး အကြီးအကျယ် ပေါက်ကွဲသွားချေပြီဟု ဆိုရတော့မည်။ ဇာခြည်
၏ ဆံပင်ကို ဖျတ်ခနဲလှမ်းဆွဲလိုက်ရာ ဆံပင်တုကြီးစွပ်ထားသော ဇာခြည်ခမျာ
ကတုံးပြောင်ပြောင်ကြီး ပေါ်လာလေတော့၏။

"ဟားဟားဟား ဂန်ဒူးက ကတုံးကြီးပါလား"

"ဝူး ဟား ဟား အဟတ် အဟတ် ဟူးဟူး"

"ဟယ်တော် ရယ်သံကြီးက ဗြိတ္တာသံကြီး"

"ရယ်ရတယ်ကွာ ဂန်ဒူး မဟုတ်ဘူး၊ ဂန်တုံးကွ ဂန်တုံး"

"ရှင်. . . ရှင် မိုက်ရိုင်းတယ်၊ ဇာခြည်ကို ရက်စက်တယ်"

"ဘာကွ၊ ဒီမှာကြည့်စမ်း မင်းလုပ်တာလေ"

"ဒီမှာလည်းကြည့်ဦး၊ ကျွန်မလည်း ကတုံးကြီး ဖြစ်နေပြီ"

"ဒါဆို ကျေပြီ၊ သရေပဲကွ"

"အို- ဇာခြည် မသရေဘူးရှင့်၊ ရှင် ကျွန်မကို အရှက်ခွဲတာ"

"ဟာ- တော်စမ်းကွာ"

ကွင်းလုံးပုံနေသော လုံချည်ကို ကောက်ဝတ်လိုက်၏။ ဇာခြည်ခမျာမှာ
လည်း ကြမ်းပြင်ပေါ်ကျနေသော ဆံပင်တုကြီးကို ကောက်စွပ်ရင်း သူ့ကို ပွစိပွစိ
ပြောကာ ထွက်သွားလေတော့၏။ ခရီးသည် အားလုံးကလည်း ဂျာအေး၏
ရိုက်ချက်အပြင်းစားကိုကြည့်ကာ အူတက်အောင် ရယ်မောနေကြ၏။

ကြာတော့လည်း ဂျာအေးတစ်ယောက် ရှက်ကိုးရှက်ကန်း ဖြစ်လာ၍
ထိုင်ခုံဆီသို့ လျှောက်ခဲ့ပြီး ထိုင်ချလိုက်၏။

ထိုအချိန်တွင် ပါပါကြီးနှင့် စုလေးတို့နှစ်ဦးမှာ မျက်နှာပေါ် လက်ကိုင်ပဝါ
ကလေးများအုပ်၍ အိပ်နေကြ၏။ သူတို့နှစ်ဦးကိုကြည့်ရင်း ဂျာအေး ကြိတ်
မနိုင်ခဲမရ ခံစားနေရ၏။ သူ့ကို မှိုချိုးမှုစ်ချိုး ပြောရက်သော ပါပါကြီး ဆိုသူကို
မကျေနပ်။ တစ်ခုခုလုပ်ရမှ ကျေနပ်မည်ဟု သဘောရနေ၏။ ထို့ကြောင့်လည်း
ပါပါကြီးဘက်မှ မသိမသာငဲ့စောင်းကြည့်ရင်း အကဲခတ်လိုက်၏။

တခေါခေါဟောက်နေသော ပါပါကြီး၏ ပါးစပ်ကြီးက ဟောင်းလောင်း
တိုးယိုပေါက်။ သူ့စိတ်ထဲ ပျားပိတုန်းတစ်ကောင်လောက် ထည့်ပေးလိုက်ချင်၏။
သဘော်ပေါ်တွင် ပျားပိတုန်း တစ်ကောင်တလေမျှမရှိ။ ယင်ကောင်တွေပဲ



www.burmeseclassic.com

www.burmeseclassic.com

ရှိနေ၏၊

နောက်ဆုံး ကြမ်းပြင်ပေါ် မသိမသာ စမ်းကြည့်လိုက်ရာ လုံးတုံးတုံးအရာကြီး စမ်းမိသဖြင့် ယူကြည့်လိုက်၏။ ဘယ်သူ စားထားမှန်းမသိသော ပြောင်းဖူးရိုးကြီး။ မြင်ကွင်းကြောင့် ကျာအေး ဝမ်းသာအားရ ဖြစ်သွား၏။

စားပြီးသား ပြောင်းဖူးရိုးကြီးကို အမြီးရိုးမှကိုင်ကာ ပါပါကြီး၏ ဟထားသော ပါးစပ်ထဲ ဖျတ်ခနဲ ထိုးထည့်လိုက်ပြီး အိပ်ချင်ယောင်ဆောင်လိုက်လေတော့၏။

ပါပါကြီးမှာ အတော်ကလေး အိပ်မောကျနေပုံရသဖြင့် ပါးစပ်ထဲ ပြောင်းဖူးရိုးကြီး ဝင်နေမှန်းပင် မသိပါချေ။

ကျာအေးသည် မျက်ပေါက်ကိုကျဉ်း၍ ကြည့်လိုက်၏။ ယခုထိ ပါပါကြီးက အိပ်ကောင်းနေဆဲ။ ထိုအခါ ထိုင်ရာမှ အသာထပြီး သဘော်အောက်ထပ်သို့ ဆင်းသွားလေတော့၏။

○○○○○



## အခန်း (၁၁)

“ဘော် ဘော် ဘော်”

“ဖရှူး . . . ဝူး . . . ဝူး”

“အို- ဘာဖြစ်တာလဲ ပါပါကြီး”

“အူး . . . ဖရှူး . . . ဝူး”

“ဟယ်- ပါးစပ်ထဲမှာ ပြောင်းဖူးရိုးကြီး”

စုလေးမှာ ပါပါကြီး မြူးမြူးမြဲမြဲ ထအော်လိုက်သဖြင့် အိပ်နေရာမှ လန့်နိုးလာ၏။ မြင်ကွင်းကြောင့် စုလေး အထိတ်တလန့် ဖြစ်သွား၏။ ပြောင်းဖူးရိုးကြီး ပါးစပ်ထဲထည့်ကာ အော်ဟစ်နေသော ပါပါကြီး။ ကမန်းကတန်း ဆွဲထုတ်ပေးလိုက်ရ၏။

“တောက်- ဘယ်ကောင် လက်ကမြင်းသွားတာလဲကွ”

“ဟိုလူရော”

“ဘယ်သူတုံး”

“ပါပါကြီးဘေးကလူ”

“မရှိဘူး၊ တောက်- မိုက်ရိုင်းလိုက်တာကွာ၊ လူကိုများ နောက်စရာမှတ်နေသလား၊ ပြောင်းဖူးရိုး မကိုက်ဖူးကွ၊ ကိုက်ချင်းကိုက်း . . .”

“အို- ဘာတွေပြောနေတာလဲ ပါပါကြီးရဲ့”

“အဲ- ငါ့စကားနဲ့ငါ ရှုပ်ကုန်ပြီ။ မိုက်ရိုင်းလှသကွာ၊ ဘယ်ကမြင်းကောင်များ ငါ့ကို ဒုက္ခပေးသွားတာလဲ မသိဘူး”

“အဲဒီလူပဲ ဖြစ်မှာပဲ”

“ဘယ်သူလဲ ပြောစမ်း စုလေး၊ သိလို့ကတော့ စစ်ကြေညာလိုက်ပြီသာ



www.burmeseclassic.com

www.burmeseclassic.com



မှတ်"

"အို- လက်လွှန်ကုန်ပါ့မယ်"

"လွှန်ပစေ၊ ဒီကိစ္စ လွှန်သင့်တယ်ကွ။ လူကြီးကို လူကြီးမှန်း မသိဘူး။ ပြောစမ်း ဘယ်သူလဲ"

"စုလေးထင်ထားတာ ပါပါကြီးဘေးကလူပဲ ဖြစ်မယ်"

"ဟုတ်တယ် ဒီကောင်ပဲ ဖြစ်ရမယ်၊ ရှာမယ် ဒီကောင် အောက်မှာပုန်းနေတာ ဖြစ်ရမယ်"

"အို- ဘယ်သွားမလို့လဲ"

"စုလေးနေခဲ့၊ ပါပါကြီး လိုက်ရှာမယ်"

"အို- ဒုက္ခပါပဲ"

စုလေး ပြောမရတော့။ ပါပါကြီး ပေါက်ကွဲသွားချေပြီ ဖြစ်၏။ ထိုင်ရာမှ ဝုန်းခနဲ ထလိုက်ပြီး ပြည့်ကျပ်နေသော ခရီးသည်များကို ကျော်ကာခွကာနှင့် အောက်သို့ ဆင်းခဲ့၏။ အောက်ထပ်တွင် ခရီးသည်တွေက ငါးပိသိပ်၊ ငါးချဉ်သိပ်။ ထိုင်သူထိုင်၊ ရပ်သူရပ်နှင့် ကျပ်သပ်နေပေ၏။

သင်္ဘောကြီးကလည်း ဧရာဝတီမြစ်ပြင်ကိုဆန်၍ တဒုတ်ဒုတ် ခုတ်မောင်းနေဆဲ။ အမှောင်ထုက ပြိုဆင်းနေပြီမို့ မြစ်ပြင်တစ်ခုလုံး မှောင်နှင့်မည်းမည်း။ သင်္ဘောကြီး၏ ဆလိုက်မီးရောင်သာ မြစ်ပြင်တွင် ထင်းထင်းကြီး ပေါ်နေပေ၏။

ထိုအချိန်တွင် သင်္ဘောအောက်ထပ်သို့ တိုးတိုးခွေ့ခွေ့ ဆင်းလာသော ပါပါကြီးသည် ပြည့်ကျပ်နေသော လူအုပ်ကြား အတင်းကျော်ခွ ဖြတ်သန်းခဲ့၏။ ရှေ့ကပိတ်နေသည့် လူများကို အတင်း ဖယ်ကာရှားကာ၊ တွန်းကာထိုးကာ လုပ်လိုက်သဖြင့် ကုန်းပတ်ဘေးထိုင်နေသော လူကို ဒုတ်ခနဲ ဝင်တိုက်မိလိုက်၏။

"အောင်မလေးတော့"

"ဟာ- ရေထဲကျသွားပြီ"

"သံချောင်းခေါက်၊ အရေးပေါ် ခလုတ်ဆွဲ"

"ဒေါင်. . . ဒေါင်. . . တီ. . . တီ"

"ဘော်. . . ဘူး . . . ဝေါ. . . "

အရေးပေါ် အချက်ပေးသံကြောင့် သင်္ဘောကြီးမှာ တစ်ရှိန်ထိုးပြေးနေရာမှ ဝေါခနဲ မြည်ဟည်းသံကြီးနှင့်တကွ တငြိမ့်ငြိမ့်တအိအိ ထိုးရပ်သွား၏။ သင်္ဘောပေါ်ရှိ ခရီးသည်များ အော်ကာဟစ်ကာ ဖြစ်နေကြ၏။

"ကယ်ကြပါဦး . . . ဟိုမှာ ဟိုမှာ"





"လူနစ်နေပြီ"

"လုပ်ကြပါဦး . . . ဆင်းကြလေ"

"နစ်နေပြီ ဒုက္ခပါပဲ၊ ဆင်းမယ့်လူ မရှိဘူး"

"ဝူး . . . ဝူး . . . ကယ်"

ရေထဲမှ လူခေါင်းမှာ ဝုန်းခနဲ ပေါ်လာလိုက် ပြန်နစ်သွားလိုက်နှင့် ယက်ကန်ယက်ကန် ဖြစ်နေ၏။ ပါပါကြီးမှာ သူ့ကြောင့် ရေထဲနစ်နေသောလူကိုကြည့်ပြီး မရှုနိုင် မကယ်နိုင် ဖြစ်နေ၏။ ရေကူးတတ်ပေမယ့် မဆင်းရဲ၊ ဘာလုပ်လို့ လုပ်ရမှန်းမသိ၊ မျက်လုံးကြီးအပြူးသားနှင့် ခုန်ဆွခုန်ဆွ အော်ဟစ်နေ၏။

ထိုစဉ် သင်္ဘောနောက်ခန်းမှာ လူတစ်ယောက် ရေထဲခုန်ချသွား၏။

"ဟာ- ဟိုမှာ လူတစ်ယောက် ခုန်ချသွားပြီ"

"တော်ပါသေးရဲ့၊ ကယ်မယ့်လူ ပေါ်လာလို့"

"လှိုင်းလေငြိမ်နေလို့ပေါ့ဗျာ"

"ဟို. . . ဟိုမှာ ပေါ်လာပြီ"

"ဆွဲ. . . ဆွဲကြ၊ ကြိုးပစ်"

ရေထဲခုန်ချသွားသောသူမှာ တခြား မဟုတ်။ အိမ်သာဘေးတွင် ကုပ်ချောင်း ကုပ်ချောင်း လုပ်နေသော ဂျာအေးပင် ဖြစ်လေ၏။ လူတစ်ယောက် ရေထဲပြုတ်ကျသွားသည်ကို မြင်လိုက်၍ ကယ်တင်ရန် မြစ်ထဲသို့ ဒိုင်ဗင်ထိုးချလိုက်၏။

သို့သော် ရေထဲရောက်မှ သူလည်း ကောင်းကောင်း ရေမကူးတတ်မှန်းသိလာ၏။ ထိုအခါ ကယ်ဖို့နေနေသာသာ သူပါရောရ၍ ရေနစ်လေ၏။

"ဟာ- ကယ်တဲ့လူပါ နစ်နေပြီဗျို့"

"ဒုက္ခပါပဲ"

"ဒီလူ ရူးနေလား၊ ရေမှ မကူးတတ်ဘဲနဲ့"

"ဟုတ်ပ့ါဗျာ၊ နှစ်ယောက်လုံး ကြွကိန်းပဲ"

ခရီးသည်များလည်း တစ်ယောက်တစ်ပေါက် ပြောဆိုနေကြ၏။ ဘယ်သူမှလဲ ဆင်းမကယ်ရဲ။ ပါပါကြီးမှာ နောက်ထပ်လူတစ်ယောက် ရေနစ်သည်ကို တွေ့လိုက်ရသဖြင့် ပါးစပ်အဟောင်းသား ဖြစ်နေ၏။ ထိုစဉ် သင်္ဘောအမှုထမ်းများ ရောက်လာကာ အသက်ကယ်ဘောများပစ်ချ၍ ရေထဲနစ်နေသော လူနှစ်ဦးကို မရမက ကယ်တင်လိုက်ကြ၏။

"အူး . . . ဟူး . . . ဖရှူး"

www.burmeseclassic.com

www.burmeseclassic.com



"ဖူး . . . ဖူး . . . ဖရူး"

"အစ် . . . အီး"

"သတိရပြီလား"

"ဟာ- ဟိုဟာ ဂန်ဒူးကြီးပါလား"

"ဟင်- ဒီကောင် ငါ့ကိုဒုက္ခပေးတဲ့ကောင်ပဲ"

ကုန်းပတ်ပေါ်အရောက် ပက်လက်ကလေးဖြစ်နေသော လူနှစ်ယောက်ကိုကြည့်ပြီး ပါပါကြီးဆိုသူမှာ ပါးစပ်အဟောင်းသား ဖြစ်သွား၏။ ပထမ ပြူတ်ကျသွားသူမှာ ဂန်ဒူးဇာခြည် ဖြစ်ပြီး ဒုတိယကယ်တင်ရန် ခုန်ချသွားသူမှာ ဂျာအေး ဖြစ်လေ၏။

ခရီးသည်များမှာ ဟစိဟစိဖြစ်နေသော ဂျာအေးကိုကြည့်ပြီး အံ့ဩနေ၏။ ဇာခြည်မှာလည်း ကတုံးကြီးနှင့်ဖြစ်ပြီး လဲကျနေရာမှ တအင်းအင်း အော်ကာ ရေတွေအန်လေတော့၏။

ဂျာအေးသည် အမောပြေလာသောအခါ သူ့နံဘေးနား ရေတွေအန်နေသောလူကိုကြည့်ပြီး မျက်လုံးပြူးသွား၏။

"ဟာ- ရေ . . . ရေနစ်တာ မင်းလား"

"ဟုတ် . . . ဟုတ်ပါတယ် ကိုကိုရယ်၊ ကိုကိုပေးတဲ့ အသက်ပဲ ရှိပါတော့တယ်"

"ဘာ- သွားရောကွာ၊ စောစောက အဲဒီလိုမှန်းသိရင် ငါ မကယ်ပါဘူး"

"အို- အဲလိုမပြောပါနဲ့ ကိုကိုရယ်၊ ဇာခြည့်ဆံပင်လည်း ရေထဲမျောသွားပြီ၊ ဇာခြည် ရှက်လိုက်တာ၊ ဟင်- ဟိုပြိတ္တာကြီး ဟုတ်တယ်၊ ဇာခြည်ကို တိုက်ချလိုက်တာ ဟိုပြိတ္တာကြီး"

"ဗျာ"

ဇာခြည်သည် ထိုင်ရာမှလူးလဲထလိုက်စဉ် လူအုပ်စုကြားရပ်နေသော ပါပါကြီးကို မြင်သွား၏။ မြင်မြင်ချင်း လက်ညှိုးတထိုးထိုးနှင့် ရန်တွေ့လေတော့ရာ ပါပါကြီးမှာ နောက်တဆုတ်ဆုတ် လုပ်နေရ၏။ ခရီးသည်များမှာ ကတုံးပြောင်ပြောင်နှင့် မိန်းမလျာဇာခြည်၏ ရန်တွေ့ပုံကိုကြည့်ပြီး ရယ်ရအခက်၊ ငိုရအခက် ဖြစ်နေ၏။

ဂျာအေးမှာလည်း သူ ကယ်မိသူမှာ ဂန်ဒူးဇာခြည်ဖြစ်နေ၍ စွန့်စားခဲ့ အထမမြောက်ခဲ့ပါလားဟု တွေးကာ တဒုတ်ဒုတ်ခံစားနေရ၏။ ထိုစဉ် သင်္ဘောဆလင် ဦးကျော်ခင်ရောက်လာ၍ ဂျာအေးကို ပြူးပြူးပြဲပြဲကြည့်ရင်း မေးလိုက်၏။





"နေပါဦး ခင်ဗျားက ရေမကူးတတ်ဘဲ ဘာဖြစ်လို့ ဆင်းကယ်တာလဲ"

"အေးဗျာ ရေထဲရောက်မှ ကိုယ့်ကိုယ်ကိုယ် ရေမကူးတတ်မှန်း သိတော့တယ်။ ပြီးတော့ ရေနစ်တဲ့လူက ဂန်ဒူးကြီးဗျ၊ ကျုပ်က တခြား ခရီးသည်မှတ်လို့"

"အို- ရှင် ဒီလိုတော့ မပြောနဲ့၊ ဂန်ဒူးလည်း လူပဲ။ နှလုံးသားရှိတယ်၊ ခြေရှိတယ်၊ လက်ရှိတယ်၊ အသက်ရှူတယ်ရှင့်"

ဇာခြည်တစ်ယောက် ဂျာအေး၏ ရက်ရက်စက်စက် ပြောလိုက်သော စကားများကြောင့် အောင့်သီးအောင့်သက်ဖြစ်ကာ ပေါက်ကွဲသွားလေ၏။ ဆလင် ကိုကျော်ခင်တစ်ယောက် ကြားထဲကဝင်ပြီး ဟန့်တားလိုက်ရ၏။

"တော်ပါတော့ဗျာ၊ ခင်ဗျားနာမည် ဘယ်သူလဲ"

"ကျုပ်နာမည် ဂျာအေးဗျ"

"ကျုပ် လေးစားပါတယ် ကိုဂျာအေးရယ်၊ ခင်ဗျားက လူမှုရေးစိတ်ဓာတ် အပြည့်ရှိတဲ့လူပါပဲ၊ ခင်ဗျားဟာ ကိုယ့်အသက်တောင် ပဓာနမထားတဲ့ လူပါပဲ"

"ဟုတ်တယ် ကိုဂျာအေးကို ဂုဏ်ပြုသင့်တယ်၊ ရေမကူးတတ်ဘဲ ကယ်ရဲတာ အံ့ရော"

"ဟုတ်ပ။ တော်တော်ရဲတဲ့လူ"

ခရီးသည်တွေကပါ ဂျာအေး၏ အစွမ်းအစကို ဝိုင်းဝန်းချီးမြှောက်ကြသဖြင့် လူဝကြီးခမျာ ငိုင်ကျသွား၏။ သူ့အမှားကိုလည်း ရိပ်မိသွားသလိုပင်။ ထို့ကြောင့်လည်း ဂျာအေးအနားသို့ လျှောက်လာ၏။

"ကိုဂျာအေး"

"ဟင်"

"ကျုပ်နာမည် ဝဏ္ဏစည်သူပါ"

"ကျုပ်က ခင်ဗျားနာမည်မှ မမေးတာဗျ"

"ဩော်- မိတ်ဆက်တာပါဗျာ၊ တကယ်တော့ ကျုပ်ကြောင့် ဟောဒီ မဇာခြည် သေတော့မလို့။ ကျွန်တော်ကလည်း ကိုယ့်အသက်ကိုယ် နှမြောနေမိတယ်။ အမှန်တော့ ကျွန်တော် ရေကောင်းကောင်း ကူးတတ်တယ်ဗျ။ ဒါပေမယ့် ကိုယ်သေမှာ ကြောက်နေတယ်၊ ခင်ဗျားက ကျုပ်ထက် လူစိတ်ပိုရှိတယ်၊ ပြီးတော့ ခင်ဗျား ကျွန်တော့်ပါးစပ်ထဲ ပြောင်းဖူးရိုး ထည့်ခဲ့လို့ ဒေါသဖြစ်ပြီး ဆင်းလာတာဗျ။ အဲဒီဒေါသကြောင့် ကျုပ်အမှားတွေ ဖြစ်နေရတာပါ။ ကျွန်တော် ခင်ဗျားကို လေးစားသွားပြီ ကိုဂျာအေး"

"ဟုတ်တယ်၊ ဇာခြည်လည်း ကိုကို့တို့ အရမ်းအရမ်းကို လေးစားတယ်"



www.burmeseclassic.com

www.burmeseclassic.com



"တော်ပါကွာ"

ခုမှပဲ အားလုံးရယ်နိုင်ပြုံးနိုင် ဖြစ်လာ၏။ ဝဏ္ဏစည်သူဆိုသော ပုဂ္ဂိုလ်ကြီးသည် ဂျာအေး၏ ပခုံးကိုဖက်၍ အပေါ်ထပ်သို့ ခေါ်လာ၏။ ခရီးသည်အများစုမှာ ရေတွေစိုရွှဲနေသော ဂျာအေးကိုကြည့်ပြီး အံ့ဩနေ၏။

ထိုစဉ် စုလေးဆိုသော မိန်းမချောလေး အနားရောက်လာ၏။

"စုလေး"

"ဘာလဲ ပါပါကြီး"

"အိတ်ထဲက ပါပါ့အကျီ ပေးစမ်းကွယ်"

"ရှင်၊ ဘာ. . . ဘာလုပ်မလို့လဲ"

"ပေးစမ်းပါကွယ်၊ ကိုဂျာအေးခမျာ ချမ်းနေရှာပြီပေါ့"

"ဟင်"

"မြန်မြန်ထုတ်ပေးကွယ်"

"ဟုတ်. . . ဟုတ်ကဲ့"

စုလေးသည် ကုလားထိုင်ဘေးတွင် ချထားသော သားရေအိတ်ထဲမှ မီးပြာရောင် စပို့ရှပ်အကျီနှင့် ဘောင်းဘီတစ်ထည်ကို ထုတ်ပေးလိုက်၏။ ဝဏ္ဏစည်သူသည် ဂျာအေး၏ ကိုယ်ပေါ်မှ ရေစက်များကို သုတ်ခိုင်းလိုက်ပြီး သူ့အကျီ ဘောင်းဘီများကို ဝတ်ခိုင်းလိုက်၏။ စုလေးမှာ အံ့ဩ၍ မဆုံးတော့။

ထိုစဉ် ပါပါကြီးက အကြောင်းစုံရှင်းပြလိုက်သဖြင့် စုလေးခမျာ ပါးစပ်အဟောင်းသား ဖြစ်နေ၏။

"ဟုတ်လား။ တော်. . . တော်ပါသေးရဲ့ ပါပါကြီးရယ်၊ဒါကြောင့် စုလေးက ဒေါသနဲ့ မလုပ်ပါနဲ့လို့ အတင်းတားတာပေါ့"

"အေးပါ စုလေးရယ်၊ ဒါ ပါပါ့အမှားပါ။ ကိုင်း- ကိုဂျာအေး ပုသိမ်ရောက်ရင် ကျုပ်အိမ်မှာတည်းဗျာ၊ ကျုပ် အားလုံး တာဝန်ယူမယ်"

"ဟာ- ရပါတယ်"

"အို- တည်းစမ်းပါဗျာ၊ ခင်ဗျားက ကျုပ်မသိတဲ့ အရည်အချင်းတွေ ရှိတဲ့လူပဲဗျ"

"ဟဲဟဲ ဒီလောက်လည်း မမြှောက်ပါနဲ့ဗျာ၊ မနေတတ်ဘူး"

ဝဏ္ဏစည်သူနှင့် ဂျာအေးတို့နှစ်ဦးမှာ နာရီပိုင်းအတွင်း ပြေလည်သွားသည်မို့ ဘေးဘီမှခရီးသည်များပင် အံ့ဩနေ၏။ ထိုစဉ် သူတို့အနီးသို့ ဇာခြည်ရောက်လာ၏။ တဘုံးပြောင်ပြောင်ကိုလည်း ပိုးသားပဝါနှင့် စည်းနှောင်ထားပေ၏။



"ကိုကိုဂျာ"

"ဟင်- လာပြန်ပြီကွာ"

"အို- ကိုကိုဂျာကလည်း ဇာခြည့်ကို နားလည်ပါ"

"ဘာနားလည်ရမှာတုံး၊ ပြော"

"ဟိုလေ ကိုကိုဂျာဟာ ဇာခြည့်မျက်လုံးထဲမှာတော့ တကယ့် ရောမသူရဲကောင်းကြီးပဲ"

"တော်ပါတော့ကွာ"

"အို- ပုသိမ်ရောက်ရင် ဇာခြည်နဲ့ လိုက်ခဲ့ရမယ်၊ ဇာခြည်တို့တိုက်မှာနေရမယ်၊ ဘယ်မှမသွားရဘူး။ ကြိုက်သလောက်နေ၊ တစ်သက်လုံးနေ၊ ဇာခြည် ကိုကိုဂျာကို မြူစုမယ်"

"တော်ပါတော့ကွာ ခုလိုပြောတာ ကျေးဇူးတင်ပါတယ်၊ ဟောဒီက ဦးဝဏ္ဏစည်သူကလည်း သူ့အိမ်မှာနေဖို့ ဖိတ်နေတယ်"

"ဟုတ်လား၊ အန်ကယ်ကလည်း သမီးအရင်ခေါ်ပါရစေလို့ နော်အန်ကယ်"

"ကျွန်တော် ဘယ်မှာမှ မတည်းပါရစေနဲ့၊ ကျွန်တော့်သူငယ်ချင်းက ပုသိမ်မှာ ရှိပါတယ်၊ သူ့နာမည် ကိုတင်ဝင်းပါ၊ ရာမညမှာနေပါတယ်။ နောက်မှ လာလည်ပါ့မယ်၊ လိပ်စာသာ ပေးထားကြပါ"

"ဟာ- မဟုတ်တာဗျာ"

"ရပါတယ် ဦးဝဏ္ဏစည်သူရယ်၊ ကျွန်တော့်ကြောင့် ဘယ်သူမှ အလုပ်ရှုပ်စေချင်ပါဘူး"

"ဒါဆိုလည်း ကိုဂျာအေး တည်းမယ့်လိပ်စာသာ ပြောထား"

"ဟုတ်ကဲ့၊ ဟိုရောက်ရင် သေသေချာချာ ပြောပါ့မယ်"

သူတို့လူစု ရင်းရင်းနှီးနှီး ဖြစ်သွားခဲ့ကြ၏။ ထိုအချိန်တွင် သင်္ဘောကြီးက ငါးခယ်မဆိပ်ကမ်းသို့ ဆိုက်ကပ်ခဲ့ပြီ ဖြစ်လေ၏။ ဈေးသည်တွေရော၊ ခရီးသည်တွေပါ တဝေါဝေါနှင့် တက်လာကြ၏။

ဖော်သုံ့ဟစ်သူနှင့် ပွက်လောညံနေ၏။ စက်သံက တဂျုန်းဂျုန်း မြည်နေဆဲ။ တစ်အောင့်အကြာတွင် သင်္ဘောအပေါ်ထပ်သို့ ကောက်ညှင်းပေါင်း၊ ငါးသလောက်ကင်၊ ငါးခြောက်ကြော်၊ မုန့်ဖက်ထုပ်၊ ကောက်ညှင်းကျည်ထောက်၊ စိမ်းစားဥ၊ မြေပဲလှော်၊ ငါးမုန့်ကြော် စသည်ဖြင့် ဈေးသည်ပေါင်းစုံ ရောက်ရှိလာလေ၏။

ဦးဝဏ္ဏစည်သူသည် ငါးသလောက်ကင် သုံးကင်နှင့် ကောက်ညှင်းချိတ်

www.burmeseclassic.com

ပေါင်းများ ဝယ်လိုက်၏။ အုန်းသီးကလည်း ဖွေးလွှလွှ၊ ငါးသလောက်ကင်တ လည်း ကြွပ်ရွနေ၏။ ကောက်ညှင်းငချိတ်ပေါင်းကလည်း အငွေ့တထောင် ထောင်း၊ နှမ်းဖြူးထားသဖြင့် ငန်ပျပျစားရသည်မှာ ခံတွင်းတွေ့လှ၏။

ဦးဝဏ္ဏစည်သူမှာ ငွေကို ရေလိုသုံးနိုင်သူဟု ဆိုရချေမည်။ ကြီးမားသော သားရေအိတ်တစ်လုံး ချိုင်းကြားညှပ်ထား၏။ အိတ်ထဲတွင် တစ်ထောင်တ အထပ်လိုက်၊ သုံးစွဲရာတွင်လည်း လက်ဖွာလွန်းလှ၏။

ဂျာအေးကိုလည်း လိုလေသေးမရှိအောင် ပြုစုခဲ့လေ၏။ သို့နှင့် မြစ်ပြင် အတိုင်း တဒုတ်ဒုတ် ခုတ်မောင်းလာသော သင်္ဘောကြီးသည် ပုသိမ်မြို့ဆိပ်ကမ်း သို့ နံနက်ခုနစ်နာရီခွဲခန့်တွင် ဆိုက်ကပ်လာလေ၏။

ခရီးသည်တွေက အလုအယက် ဆင်းကြ၏။ သယ်မည့်ပိုးမည့် သူတွေ ကလည်း တစ်ပုံတစ်ခေါင်း။ ဆိုက်ကားဆရာများ၊ ကားငှားသူများကလည် သင်္ဘောပေါ်အထိ တက်လာကာ ပါစင်ဂျာစပ်နေ၏။

ဦးဝဏ္ဏစည်သူသည် ဂျာအေးနှင့် ဇာခြည်တို့နှစ်ဦးကို သူတို့အိမ်မှ လာကြ သည့်ကားနှင့် လိုက်ခဲ့ရန် ဖိတ်ခေါ်ခဲ့၏။ ငြင်းသော်လည်း ဘယ်လိုမှ ငြင်းမရ နောက်ဆုံး ကားကြုံနှင့်လိုက်ခဲ့ရာ ရာမညဘက်အတက်တွင် ဂျာအေးကို ချထား ခဲ့လေတော့၏။

⚙⚙⚙⚙⚙

## အခန်း (၁၂)

"ဟာ- ဂျာအေး"

"ကိုတင်ဝင်း"

"ဟာ- ဝမ်းသာလိုက်တာကွာ၊ လာ သူငယ်ချင်း"

တင်ဝင်းနှင့် ဂျာအေးတို့က တောင်တွင်းကြီးတွင် တစ်ဖွဲ့တည်းသားများ ဖြစ်ခဲ့ကြ၏။ တင်ဝင်းသည် လွန်စွာမှ နုံအလှပြီး တုံးတုံးထထ တစ်ဦးဟုလည်း ဆိုရချေမည်။ မကောင်းမှုပြုရမှာကိုလည်း အလွန်မှ စိုးထိတ်လှသူ ဖြစ်၏။

အရှင်းဆုံးပြောရလျှင် တင်ဝင်းသည် ရိုးသားစွာ၊ နုံအစွာနှင့် ဆင်းရဲနေသူ ဟု ဆိုရချေမည်။ တင်ဝင်း၏ ဇနီးသည် မအေးအေးကြည်မှာလည်း တင်ဝင်းနည်း တူ ထုံအအနိုင်လှ၏။ အရပ်ထဲက အသွင်တူ၍ အိမ်သူဖြစ်သည်ဟု အသိ အမှတ်ပြုထားကြလေ၏။

သားသမီးလေးယောက်ရှိ၏။ ကလေးများလှသဖြင့် တင်ဝင်းခမျာ အလုပ် နှင့်လက် ပြတ်သည်မရှိခဲ့။ တင်ဝင်းက ဘောက်။ ကြုံရာကျရာကို လုပ်ကိုင်စား သောက်တတ်သူ ဖြစ်၏။ တစ်ချိန်က ရွှေပုသိမ် ဆိုသော အမည်နှင့် ဟာလဝါ လုပ်ငန်းလုပ်ခဲ့၏။ စီးပွား တအားဖြစ်ခဲ့၏။ သားတွေသမီးတွေလည်း ဝဝလင်လင် ဖြစ်ခဲ့၏။

သို့သော် အလုပ်သမားများ ကြားက နှိပ်စက်လာသဖြင့် ချမ်းသာမှုက တစ်ခဏသာ ရှိခဲ့လေ၏။ ထို့နောက် သူဌေးသူငယ်ချင်းတစ်ဦး၏ခြံတွင် ကျိုး စောင့်ကြက်စောင့်လုပ်ခဲ့၏။ စာရိတ္တကောင်းမွန်လှသဖြင့် သူဌေးက သူ့ခြံကို လက် လွှဲအပ်ထားခဲ့၏။

ခြံကြီးက ဧက ရာကျော်ရှိပြီး အာတာလွတ်၊ ပီလောပီနံ အစရှိသော



www.burmeseclassic.com

www.burmeseclassic.com



...င်များ စိုက်ခဲ့၏။ သူ၏ ရိုးသားကြိုးစားမှုကြောင့် အထွက်နှုန်းကောင်းခဲ့၏။ ထိုအခြေအနေကြောင့် ကိုတင်ဝင်းတို့မိသားစု စားဝတ်နေရေး ချောင်ချောင်လည်လည် ရှိခဲ့၏။ မြို့ကြီးက ပဲခူးရိုးမကြီး၏ အောက်ခြေတွင် ရှိ၏။

တစ်ချိန်တွင် တောဆင်ရိုင်းအုပ်များ ပီလောပီနံခင်းထဲဝင်၍ ဖျက်ဆီးခဲ့၏။ ဆင်ရိုင်းများအပြင် တောဝက်အုပ်ကြီးကလည်း တပ်ချီလာ၏။ ထိုအခြေအနေကြောင့် စိုက်ပျိုးထားသော သီးနှံများ ပျက်စီးသွားခဲ့ရပြီး ဆက်၍ မစိုက်ပျိုးရဲအောင် ဖြစ်ခဲ့ရ၏။

ထို့ပြင် ဆင်ရိုင်းအုပ်က တင်ဝင်းတို့မိသားစုနေထိုင်ရာ အလုပ်သမား တန်းလျားများကိုပါ ညကြီးမိုးချုပ် လာရောက်ဖျက်ဆီးသဖြင့် နောက်ဆုံး တင်ဝင်းတို့မိသားစုလည်း မြို့ကြီးထဲမနေရဲတော့ဘဲ ပုသိမ်သို့ ပြောင်းရွှေ့လာခဲ့ရလေ၏။

ယခုတော့ တင်ဝင်းတစ်ယောက် သားများနှင့်အပြိုင် ဆိုက်ကားသမားကြီးလုံးလုံး ဖြစ်နေချေပြီ။ ရိုးရိုးအအနှင့် လုပ်ကိုင်စားသောက်ခဲ့သည်မို့ ဘဝက မရှိမရှားဘဝ။ ဂျာအေးရောက်လာတော့ တစ်မိသားစုလုံး ပျော်ရွှင်နေ၏။

ဂျာအေးကလည်း ရောက်သည့်အချိန်ကစ၍ ငွေသုံးသောင်းကို ပက်ခနဲ ပေးပစ်လိုက်၏။

"ဟာ- မယူပါရစေနဲ့ကွာ"

"ယူစမ်းပါ ကိုတင်ဝင်းရာ၊ ကျုပ်က ခင်ဗျားတို့အိမ်မှာ တစ်ပတ်လောက်နေဦးမှာ"

"နေစမ်းပါကွာ၊ တစ်ပတ်မကဘူး ကြိုက်သလောက်နေစမ်းပါ၊ ငါ မင်းကို တင်ကျွေးထားနိုင်ပါတယ်ကွာ"

"မလုပ်ပါနဲ့ဗျာ၊ ကျုပ် ခင်ဗျားတို့ဘဝကို နားလည်ရမှာပေါ့၊ ကဲ- ယူလိုက်ပါဗျာ၊ မဟုတ်ရင် ကျုပ် ခင်ဗျားတို့ထမင်းစားရမှာ မျိုမကျဘူးဗျ"

"မင်းကတော့ လုပ်ပြီကွာ"

ဂျာအေးရောက်လာသည့်အချိန်မှစ၍ တင်ဝင်း၏ဇနီးသည် အေးအေးကြည်လည်း မီးဖိုချောင်ထဲက မထွက်ရ။ တင်ဝင်းသည် နောက်တစ်နေ့ နံနက်ခင်းအရောက်တွင် ဂျာအေးကို ဆိုက်ကားနှင့်တင်ကာ ရွှေမုဋ္ဌော၊ ရေကြည်ရေနောက် အစရှိသည့် ဘုရားများ ဖူးစေ၏။

ရွှေမုဋ္ဌောဘုရားကြီးမှာ ရှေးဟောင်းလက်ရာနှင့် အလွန်မှ သပ္ပာယ်လှသော ဘုရားပုထိုးများ ရှိလေ၏။ ရင်ပြင်တော်မှာ ကျယ်ဝန်းလှပြီး ရှေးဟောင်းရုပ်ပွားတော်များက နေရာအနှံ့ တည်ရှိ၏။





ပုသိမ်မြို့ရှိ ဘုရားများ စုံလင်အောင် ဖူးပြီးသည့်နောက် ကမ်းနားဆိပ်ရှိ လက်ဖက်ရည်ဆိုင်တစ်ဆိုင်တွင် ဝင်၍ ထိုင်လိုက်ကြ၏။ လက်ဖက်ခြောက်၏ အရသာ ကောင်းလှသည်မို့ ဂျာအေးတစ်ယောက် လျှာထဲစွဲသွား၏။

"ဂျာအေး"

"ဘာလဲ ကိုတင်ဝင်း"

"ပုသိမ်ကို အလည်သက်သက်ပဲလားကွ"

"ဟုတ်ဘူးဗျ၊ ကျုပ် ကိစ္စတစ်ခုရှိလို့"

"ဟင်- ဘာကိစ္စတုံး"

"ဒီလိုဗျ၊ ကန်ကြီးထောင့်ဆိုတဲ့ ရွာကလေးဟာ ပုသိမ်မှာ ရှိတယ်မဟုတ်လားဗျ"

"အေး- ရှိတာပေါ့ကွာ၊ ဘာလုပ်မလို့လဲ အဲဒါ တောင်ပေါ်မှာလေ"

"ဟုတ်လား၊ ဒါဆို အဲဒီရွာကို လိုက်ပို့စမ်းဗျာ"

"အသိရှိလို့လားကွ၊ အဲဒီမှာ ငါ့အမျိုးတွေတော့ ရှိတယ်ကွ"

"ဟာ- ဒါဆို အတော်ပဲပေါ့ဗျာ"

"ဘာကိစ္စလဲကွ"

"နောက်မှပဲ ပြောမယ်ဗျာ၊ လောလောဆယ် အဲဒီရွာက ဒေါ်ဝိုင်းဖြူဆိုတဲ့ မိန်းမကြီးတစ်ဦးကို ကျွန်တော် တွေ့ချင်တယ်"

"ဟင်- မင်းဥစ္စာ ပဟေဠိ ဆန်လှချည်လား"

"ဟဲဟဲ ဒီလောက်တော့ ရှိမှာပေါ့ဗျာ"

"ကိုင်း- ဒါဆို ခုချက်ချင်းတော့ မသွားနဲ့ကွာ၊ အိမ်မှာ အုန်းထမင်းနဲ့ ကြက်သားဟင်းချက်ထားရတဲ့ မိကြည်က မင်းအတွက် ရှယ်ချက်ထားတာကွ။ မနက်ဖြန်မှ သွားကွာ"

"ကောင်းသားပဲ"

ပြောပြောဆိုဆိုနှင့် သူတို့နှစ်ဦး လက်ဖက်ရည်သောက်ပြီးသည်နှင့် ဆိုက်ကားတစ်စီးဖြင့် အိမ်ဘက်သို့ ပြန်ခဲ့ကြလေ၏။ ထိုအချိန်တွင် အေးအေးကြည် တစ်ယောက် မီးခိုးတလုံးလုံးနဲ့ ချက်ပြုတ်နေဆဲ။

"ဟဲ့- မိကြည် မပြီးသေးဘူးလား"

"ပြီးပါပြီ ကိုတင်ဝင်းရဲ့"

"ဟုတ်လား၊ ဒါဆို တို့ ရေမိုးချိုးပြီးရင် စားမယ်"

"ကိုတင်ဝင်း"



www.burmeseclassic.com

www.burmeseclassic.com



"ဘာတုံးကွ"

"ဟို ဟဲဟဲ မစားခင် ဆာဆေးလေး သောက်ချင်သေးဗျာ"

"ဟေ ဆာဆေး၊ ဘာတုံးကွ"

"ဩော်. . . ဟိုလေဗျာ၊ အရက်ကလေး တစ်ပက်နှစ်ပက်. . ."

"ဩော်. . . ဒါလား၊ ရရစေမယ်ကွ၊ ဟေ့- ကိုမျိုး"

"ဗျာ"

"ဟောဒီ မင်းဦးလေးအတွက် အရက်ဝယ်ပေးလိုက်စမ်းကွာ"

ဂျာအေးသည် တင်ဝင်း၏ သားကြီးဖြစ်သူအား တစ်ထောင်တန်တစ်ရွက် ထုတ်ပေးလိုက်ပြီး ရမ်တစ်လုံး ဝယ်ခိုင်းလိုက်လေ၏။ တင်ဝင်းက တစ်စက်ကလေးမသောက်။ တင်ဝင်းအကြိုက်ဆုံးမှာ ဆေးပေါ့လိပ်။ ဆေးပေါ့လိပ်ဆိုရာတွင်လည်း ပုသိမ်မှထွက်သော 'တင်ဦးကြည်' ဆေးလိပ်သာ ဖြစ်၏။

လက်ကြားမညှပ်ရလျှင် နားရွက်ကြား ညှပ်ရမှ တင်ဝင်းကျေနပ်၏။ သူ့ကို ကြည့်လိုက်လျှင် အမြဲတမ်း ဆေးပေါ့လိပ်တဖွာဖွာနှင့် တွေ့ရတတ်ပေ၏။

ယခုလည်း သူ့နံဘေးနားထိုင်ကာ ဆေးပေါ့လိပ်ကြီး တဖွာဖွာလုပ်နေ၏။ ထိုစဉ် မောင်မျိုး ပြန်လည်ရောက်ရှိလာ၏၊ ဂျာအေးသည် အရက်ပုလင်းဖွင့်ကာ လျှာဆွတ်အာဆွတ် တစ်ခွက်နှစ်ခွက် မော့လိုက်၏၊ အေးအေးကြည်ကလည်း ကြက်အသည်းမြစ်၊ တောင်ပံများကို ပန်းကန်လေးနှင့် မြည်းဖို့ ထည့်ပေးလာ၏။

မဆလာကောင်းကောင်းနှင့် ဟင်းချက်ကောင်းလှသော အေးအေးကြည်၏လက်ရာကြောင့် ဂျာအေး လျှာလည်သွား၏၊ အရက် တစ်ခွက်နှစ်ခွက်ဝင်သွားသဖြင့် လူလည်း ထူပူလာ၏၊

"အဆင်ပြေရဲ့လား ကိုတင်ဝင်း"

"ဒီလိုပဲ ဂျာအေးရာ၊ ရရစားစားပေါ့"

"ခင်ဗျား ဆိုက်ကားနင်းရတာ ဘယ်သက်သာမှာလဲဗျာ"

"ဒီလိုပေါ့ကွာ၊ ဘဝဟာ အလုပ်လုပ်နေမှ ရှင်သန်နိုင်တာကွ"

"ကောင်းလိုက်တဲ့ စကားဗျာ၊ ဟုတ်တယ် အလုပ်မလုပ်ဘဲ နေခြင်းဟာ ကိုယ့်ကိုယ်ကိုယ် သေကြောင်းကြံတာပဲတဲ့"

"ဟုတ်ပ့ါ ဂျာအေးရာ၊ ငါ ဘယ်လောက်ပင်ပန်းပင်ပန်း လုပ်ရှားနေရတော့ စားကောင်း အိပ်ပျော်ကောင်းကွ၊ မချမ်းသာပေမယ့် စိတ်ချမ်းသာသကွယ်"

"ဒါပေါ့ဗျာ"

သူတို့နှစ်ဦး ပြောဆိုနေစဉ် အိမ်ရှေ့သို့ အဖြူရောင် ဆလွန်းကားကလေး





တစ်စီး ဝေါခနဲ ထိုးရပ်လာ၏။

"ဟာ- ဘယ်သူတွေပါလိမ့်"

"ဟဲ့- ထကြည့်စမ်း ငမျိုး"

တင်ဝင်းတို့လင်မယား ကားဆီကိုကြည့်နေစဉ် ကားထဲမှ လူတစ်ယောက် ထွက်လာ၏။ သူတို့နေထိုင်ရာ အိမ်ရှေ့အရောက်တွင် ရပ်လိုက်၏။

"ကိုဂျာအေး ရှိလားဗျ"

"ဟင်- ရှိ. . . ရှိပါတယ်၊ ဘာကိစ္စလဲ"

"ဩော်. . . ဦးဝဏ္ဏစည်သူက ဖိတ်ခိုင်းလိုက်လို့ပါ"

"ဟင်- ခုကွပါပဲ၊ ကိုတင်ဝင်း"

"ဘာတုံးကွ"

"ကျုပ်ကို သူက အလည်ခေါ်တာဗျ၊ ကေ့ထ္တ ထမင်းဖိတ်ကျွေးမလို့နဲ့ တူတယ်"

"ဟင် ဒါဆို ငါတို့ ချက်. . ."

"မပူနဲ့ တစ်ဝက်ပဲ စားခဲ့မယ်၊ ခုချက်ချင်း ပြန်လာမယ်"

"မင်းကတိနော်"

"စိတ်ချပါဗျာ၊ ကဲ- သွားကြမယ်"

ပြောပြောဆိုဆိုနှင့် တင်ဝင်းတို့လင်မယားကို နှုတ်ဆက်ကာ ကားပေါ်တက်ထိုင်လိုက်၏။

ကားထဲတွင် ဒရိုင်ဘာအပြင် လူနှစ်ဦးထိုင်နေ၏။ ဂျာအေးကို ပြုံးပြုံးရွှင်ရွှင်နှင့် ပြောလိုက်ကြ၏။

"ကိုဂျာအေးကတော့ တကယ့် လူစွမ်းကောင်းကြီးပဲ၊ ကိုဝဏ္ဏစည်သူက ခင်ဗျားအကြောင်း ပြောနေတာဗျ"

"ဩော်- ဘာရယ်တော့ မဟုတ်ပါဘူးဗျ"

"ဟာ ဘယ်နှယ်မဟုတ်ရမှာလဲဗျ၊ ခင်ဗျားရဲ့စိတ်ဓာတ်ကတော့ ချီးကျူးစရာပဲဗျ"

"တော်ပါတော့ဗျာ၊ ကျွန်တော် မနေတတ်ဘူး"

"ကဲ- မောင်းတော့"

ရာမညလမ်းထဲမှ ကားမောင်းထွက်ခဲ့၏၊ ဂျာအေးကို လူနှစ်ယောက်ကြား ညှပ်ထိုင်ထား၏၊ သူ့ကို တမြှောက်တည်း မြှောက်နေကြသဖြင့် ဂျာအေးတစ်ယောက် မရှိုးမရွ ဖြစ်နေ၏။ သူ ဒီလောက် တော်လိမ့်မယ် အရင်က မထင်ခဲ့။



www.burmeseclassic.com

www.burmeseclassic.com

သူ့ရှေ့တွေပြောမှ ကိုယ့်ကိုယ်ကိုယ် တော်လှပါလားဟု တွေးကာ ပီတိတွေဖြ
နေပေ၏။

သို့နှင့် နာရီဝက်ခန့်အကြာတွင် မြို့ပြင်ရှိ ခြံကြီးတစ်ခြံထဲ ရောက်လာ၏
"ကဲ- ရောက်ပါပြီ ကိုဂျာအေး"

"ဟုတ်လား"

ကားတံခါးဖွင့်သည်နှင့် အောက်သို့ဆင်းလိုက်၏။ ခြံထဲတွင် သီးစားပ
ကြီးများက ဖားလျားဝေနေ၏။ သစ်ပင်ကြီးတစ်ပင်အောက်တွင် ကျောက်ခုံလေး
တစ်ခုရှိပြီး ခုံပေါ်တွင် ဦးဝဏ္ဏစည်သူ ထိုင်နေ၏။

"ဟော- ကိုဂျာအေး"

"ဟုတ်ပါ့ဗျာ၊ ဖွတ်ခေါ်တာနဲ့ လိုက်လာရတာ"

"ဟဲဟဲ ခင်ဗျားက ဟီးရိုးပဲဗျာ"

"တော်ပါတော့ဗျာ"

ဂျာအေးလျှောက်နေသည့် ခြေလှမ်းများပင် မှားကုန်၏။ ဦးဝဏ္ဏစည်သူ
၏ဘေးတွင် စုလေးနှင့်အတူ ရုပ်ရည်ခပ်ကြမ်းကြမ်းလူတစ်ဦး ထိုင်နေ၏။ သူတို့
အားလုံး၏ အကြည့်များက ဂျာအေးအပေါ် ရောက်ရှိနေ၏။

"ဟောဟို ကျောက်ခုံပေါ် ထိုင်ပါဦး ကိုဂျာအေး"

"ကောင်းပါပြီဗျာ"

ဂျာအေးသည် ထိုင်ခုံတွင် ဝင်၍ထိုင်လိုက်၏။ ထိုစဉ် ဦးဝဏ္ဏစည်သူက
သူ့ကို စူးရဲသောအကြည့်နှင့် တစ်ချက်လှမ်းကြည့်ပြီး ပြုံးထေ့ထေ့နှင့် ပြော
လိုက်၏။

"ခင်ဗျား လာမှလာပါ့မလားလို့ဗျာ"

"လာရမှာပေါ့ ဦးဝဏ္ဏစည်သူရယ်"

"ခင်ဗျားကြောင့် ကျုပ်ရဲ့အမှားကို သိလိုက်ရတာ တအားကို ကျေးဇူးတင်
တယ်ဗျာ"

"ဒီလောက်လည်း မဟုတ်ပါဘူး"

"တကယ်ပြောတာပါဗျာ၊ ဒါကြောင့် ကျေးဇူးဆပ်တဲ့အနေနဲ့ ခင်ဗျားကို
အဖိုးတန်ပစ္စည်းလေးတစ်ခု ပေးချင်လို့ဗျ"

"ဟာ- မဟုတ်တာဗျာ"

"ပေးချင်လို့ ခုလိုခေါ်လိုက်ရတာပေါ့ ကိုဂျာအေးရယ်"

ပြောပြောဆိုဆိုနှင့် ဝတ်ထားသည့် ကုတ်အင်္ကျီဖြူဖြူ၏ဘေးအိတ်ထဲကို





လက်နှိုက်၍ တစ်စုံတစ်ခုကို ဆွဲထုတ်လိုက်၏။

"ဟောဒါပဲဗျာ"

"ဟာ- သေ. . . သေနတ်ကြီး"

"ဟုတ်ပါတယ်ဗျာ၊ ဘယ်လိုလဲ သူ့ရဲကောင်းကြီးရဲ့ သိပ်ကြောက်သွား
သလား"

"ဦး . . . ဦးဝဏ္ဏစည်သူ ခင်ဗျား"

"မြင်တဲ့အတိုင်းပဲလေဗျာ၊ ဒါ သေနတ်တဲ့။ ကျည်တစ်တောင့်ထွက်သွား
တာနဲ့ ခင်ဗျားရင်ဘတ်ကြီး ဟင်းလင်းပွင့်သွားနိုင်တယ်။ သွေးတွေ ပွက်ခနဲ
ထွက်လာနိုင်တယ်ဗျ။ ခင်ဗျား မကြောက်ဘူးလား"

"ဟာ- ကြောက်. . . ကြောက်တာပေါ့ဗျာ"

"သေချာရဲ့လားဗျာ၊ ခင်ဗျားကိုကြည့်ရတာ ဘာကိုမှ အကြောက်အလန့်
ရှိမယ့်ပုံ မပေါ်ဘူး။ ဒါပေမယ့် ယုံ၊ ဟောဒါ သေနတ် ဒီမှာကြည့်"

"ဒုတ်. . . ဒုတ်"

"အောင်မယ်လေးဗျ"

သူ့နံဘေးက သစ်ငုတ်ကြီး ကျည်နှစ်တောင့်ကြောင့် ဖွာခနဲ အမြစ်ပါပြုတ်
ပြီး လန်ထွက်သွား၏။ မြင်ကွင်းကြောင့် ဂျာအေး ရင်တွေ တုန်သွား၏။ ခြေတွေ
လက်တွေ အေးစက်သွား၏။

"ခင်. . . ခင်ဗျားကြီး"

"ဟဲဟဲ ဆောရီးပဲ ကိုဂျာအေးရယ်၊ သိပ်ကြောက်သွားသလားဟင်"

"ကြောက်. . . ကြောက်ပါတယ်ဆိုမှဗျာ"

"ခင်ဗျားကြောက်ပုံကလည်း တစ်မျိုးကြီးပဲ"

"ဗျာ၊ ဟို . . . ကြောက်တာ ဘယ်လိုအမူအရာပြမှ ကြောက်တယ်လို့
ခေါ်တာလဲဗျ၊ ကျုပ် တကယ် ကြောက်တာပါဗျာ"

"ကောင်းပြီ၊ သိပ်လည်း မကြောက်နဲ့ဦး၊ သေးထွက်သွားဦးမယ်"

"ဟုတ်. . . ဟုတ်ကဲ့"

"ဒါဆို ကျုပ်မေးတာတာဖြေ၊ ခင်ဗျား ပုသိမ်ကိုလာတာ ဘယ်သူ့ကို လာ
ရှာတာလဲ ပြောစမ်း"

"ဗျာ"

"ပြောလေ"

"ဟို. . . သူငယ်ချင်းဆီ လာတာ"



www.burmeseclassic.com

www.burmeseclassic.com



"တိတ်စမ်း၊ ခင်ဗျား ကျုပ်ကို ညာတာ။ ကျုပ် ရှင်းရှင်းပဲမေးမယ်၊ ခင်ဗျား ဒီကိုလာတာ ဦးမင်္ဂလာရဲ့ကိစ္စ မဟုတ်လား ပြောစမ်း"

"ခင်ဗျာ၊ ဟို. . . ကျွန်တော်"

"ကျုပ်ကို ညာဖို့မကြိုးစားစမ်းပါနဲ့ဗျာ၊ ကိုင်း- ဖြေစမ်း ဦးမင်္ဂလာက ခင်ဗျားကို ဘာတွေလုပ်ခိုင်းသလဲ"

"ဒုက္ခပါပဲ၊ ဘာ. . . ဘာမှ"

"တော်စမ်းပါဗျာ၊ ကျုပ်ထပ်မေးမယ် ဦးမင်္ဂလာက ခင်ဗျားကို ဘာပေးခိုင်းသလဲ"

"ဦးဝဏ္ဏစည်သူ၊ ခင်ဗျားက ကျုပ်ဘာပြောပြော ယုံမှာမဟုတ်ဘူး၊ ဒီတော့ ကျုပ် ဘာပြောရမလဲ၊ မကျေနပ်ရင် သတ်ပစ်လိုက်ဗျာ။ ဂျာအေး သေသွားလည်း ကျုပ်အဖေက အဖေကြီးမှာ။ ငိုမယ့်သူ မရှိသလို၊ နောက်ဆုံတင်းစရာလည်း မရှိဘူးဗျ"

ဂျာအေး၏ လေသံက တဖြည်းဖြည်း မာကျောလာ၏။ ဦးဝဏ္ဏစည်သူတို့ လူသိုက်မှာ ဂျာအေး အမူအရာကြောင့် ဇဝေဇဝါ ဖြစ်နေ၏။ သူ ရထားသည့် သတင်းက အတိအကျ ဘယ်လိုမှ မလွဲနိုင်သည့်အကြောင်းအရာမို့ ခေါင်းတစ်ချက်ခါရင်း လက်ထဲက သေနတ်ကို ခလုတ်ဆွဲတင်လိုက်၏။

"ထောက်"

"ဟာ- သတ်တော့မှာလား"

"ခင်ဗျားက ရသရမှာမကြောက်ဘူးဆိုတော့ သတ်လည်း အလကားပေါ့၊ ဒီတော့ ဒီလိုလုပ်ဗျာ"

"ဘာလုပ်ရမှာလဲ"

"ဦးမင်္ဂလာဟာ သိန်းထောင်ချီချမ်းသာတဲ့ အဘိုးကြီး၊ သူ့ရဲ့ပစ္စည်းထားခဲ့တဲ့နေရာကို လျှို့ဝှက်ထားတယ်၊ ဒါကို ခင်ဗျားသိနေတယ်လို့ အားလုံးက ယုံကြည်နေတယ်ဗျ"

"ဟင်- အားလုံး၊ ဘယ်သူတွေလဲဗျ"

"ဦးမင်္ဂလာရဲ့ သားသမီးတွေပေါ့"

"ဗျာ၊ အဲ . . . အဲ့ဩစရာပါလား"

"ဒါ ခင်ဗျားကိစ္စ မဟုတ်ဘူးဗျ၊ အရေးကြီးတာက ခင်ဗျားနဲ့ကျုပ် ညှိမယ် အဲဒီပစ္စည်းရဲ့ သုံးပုံတစ်ပုံ ခင်ဗျားကိုပေးမယ်၊ ခင်ဗျား ကျုပ်ကို အမှန်အတိုင်း ပြောမလား"





"ဟင်"

ဦးဝဏ္ဏစည်သူ၏ စကားက မက်မက်စက်စက် ရှိလှ၏။ သုံးပုံတစ်ပုံဆိုသည်ကလည်း လက်ထဲ သိန်းနှစ်ထောင်လောက် ဝင်လာမှာကျိန်းသေ၏။ လောဘသားဆိုလျှင် ထိုနေရာမှာပင် အဖြစ်မှန်ပြောလိုက်မှာ ကျိန်းသေ၏။

ဂျာအေး သို့မဟုတ် ယုံကြည်ရာကို အမှန်တရားဟု နားလည်သူ။ ပျော်ပျော်ပါးပါးနှင့် နေတတ်သော ဂျာအေး၊ လူ့လောကကြီး ရှုပ်ထွေးနက်နဲမှုကြောင့် သူ အတော် ဇဝေဇဝါ ဖြစ်ခဲ့ရလေ၏။

"နေဦး ပါပါကြီး၊ ကိုဂျာအေးကို စုလေး မေးချင်တယ်"

"မေးလေ စုလေး"

"ကိုဂျာအေး"

"ဘာလဲဗျာ၊ ဘာသိချင်သလဲ၊ ခင်ဗျားတို့ညစ်စွာ ဂျာနယ်လစ်တွေ ကျနေတာပဲ"

"တော်စမ်း၊ ရှင် မဟုတ်တာမပြောနဲ့၊ ကျွန်မ မေးမယ် ရှင် ဒီကိုလာတာ အလည်သက်သက် ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး၊ ရှင် လမ်းဘီလူး ရွှေနီကို သိသလား"

"ဗျာ၊ ဟို. . . ခင်ဗျားတို့က"

"ရှင် ဘယ်လိုလိမ်လိမ်၊ ရှင့်အမူအရာက လိမ်စင်ကြီးပါ ကိုဂျာအေးရယ်၊ ကျွန်မတို့က ဘာမဆို ပြေပြေလည်လည်ပဲ ဖြစ်စေချင်တာ၊ ဒီတော့ ကျွန်မ ခံရဲကြီး ကတိပေးမယ်၊ ရှင် သုံးပုံတစ်ပုံကိစ္စ တစ်ပြားတစ်ချပ်မှ မကျန်စေရဘူး"

"ဟုတ်တယ်ကွ၊ မင်း အဲဒါတော့ယုံ"

"ဒုက္ခပါပဲဗျာ၊ ဒီလောက်သိချင်ရင် ခင်ဗျားတို့ ဦးမင်္ဂလာကို လိုက်ရှာလေ၊ သူ့ကိုရှာနိုင်ရင် ခင်ဗျားတို့လိုချင်တာ ရပြီပေါ့ဗျာ"

"ဘာကွ၊ မင်းက ပြောလေ ခေါင်းမာလေပါလား"

"မဟုတ်ပါဘူးဗျာ၊ ခင်ဗျားတို့က ရေလိုက်လွဲနေတာဗျ၊ ကျုပ်ကို ခင်ဗျားတို့က တအား အထင်ကြီးနေတာကိုး။ အမှန်တော့ ကျုပ်ကို ဦးမင်္ဂလာပြောတဲ့ကိစ္စက တခြား မဟုတ်ဘူးဗျ။ ဦးမင်္ဂလာက သူ့နာပြုဆရာမလေး လော်ရာကို စွဲလမ်းနေတာဗျ"

"ဟင်"

"ရှင်"

"ဟုတ်တယ်၊ သူက ကျုပ်ကို စာပေးခိုင်းတယ်လေ၊ လော်ရာနဲ့သူ့ အမြေ



www.burmeseclassic.com

www.burmeseclassic.com



အနေမှာ အိုကေရင် ကျုပ်ကို ငွေတစ်သိန်းပေးမယ်လေ"

"အို- ဟုတ်. . . ဟုတ်ပါ့မလား"

"အဲဒါတော့ ကျုပ်လည်း ယုံပါလို့ မပြောချင်ဘူး၊ ဦးမင်္ဂလာဟာ မိန်းမ ချောချောလေးမြင်ရင် ရောဂါတောင် သတိရတာ မဟုတ်ဘူးဗျာ၊ ခုလည်း ပျောက်သွားတယ်ဆိုတာ မိန်းမနောက် လိုက်သွားတာ ဖြစ်လိမ့်မယ်"

"အင်- ဘယ်လို. . . ဘယ်လို စုလေး"

"ဖြစ်. . . ဖြစ်နိုင်တယ် ပါပါကြီးရဲ့၊ စုလေးက အစဉ်းသိဆိုတော့ သူပြော တာ ရှစ်ဆယ်ရာခိုင်နှုန်း သေချာတယ်"

"ဟာ- ရှစ်ဆယ် မဟုတ်ဘူး ရာခိုင်နှုန်းပြည့်ဗျ။ ဦးမင်္ဂလာမှာ မိန်းမတွေ တစ်လှေကြီး။ သူဟာ အချစ်ရူးသမားကြီး။ ပြောရရင် ခင်ဗျားတို့ လိုချင်တဲ့အရွေ တွေဟာလည်း အဲဒီ အမျိုးသမီးလက်ထဲ ရောက်သွားရင် ခင်ဗျားတို့အားလုံး ဒုက္ခရောက်ကုန်မယ်။ ကျုပ်ကို သတ်ပစ်လိုက်လို့က ခင်ဗျားတို့မှာလည်း ထောင် ထဲရောက်မယ်၊ အမှုလည်းဖြစ်မယ်၊ ပိုက်ဆံကုန်မယ်။ ပြီးတော့ နဖူးမှာနား ဖြူတ်ကို ပုဆိန်နဲ့ ထုသလို ဖြစ်မှာပဲ။ ပြောရရင် ကျုပ်က ဖြူတ်။ နဖူးကြီး ဒိုင်းခနဲ ပြကွဲသွားမှာ ဦးမင်္ဂလာ။ ကဲ- စဉ်းစားကြည့်"

"အင်- ကိုဂျာအေးဟာ စကားကို စီကာဆင်ကာနဲ့ တော်တော် ပြောတတ် တာကိုး"

"ဒါ အမှန်တွေပဲလေဗျာ၊ ယုံတာ မယုံတာ ခင်ဗျားတို့ကိစ္စ၊ သတ်ချင်သတ် လိုက်၊ မြန်မြန်သေ မြန်မြန်အေးပေါ့ဗျာ။ အဲ- ကျုပ် အသေဆိုးနဲ့ သေသွားလို့ကတော့ တန်းပြီး သရဲဖြစ်မှာပဲ"

"ဟင်"

"ဟုတ်တယ်လေ၊ ဥပစ္ဆေဒကကံဗျ။ ဒီတော့ သရဲတစ္ဆေဖြစ်မှာ ကျိန်းသေ တယ်။ ဒီတော့ ခင်ဗျားတို့ကို ကျုပ် တစ်ယောက်မှ အလွတ်ပေးမှာ မဟုတ်ဘူးဗျ"

"ဗုဒ္ဓေါ၊ ပါပါ. . . ပါပါကြီး"

"ဘာတုံး စုလေး"

"တော်ပြီ၊ ဒီလူဟာ သွက်ချာပါဒဖြစ်အောင် ရူးနေတဲ့လူပဲ။ ပြန်လွှတ်လိုက် သူ့ကို သတ်ပစ်လို့လည်း အရေမရ အဖတ်မရ၊ ပြီးတော့ သေသွားရင်လည်း ကျွန်မတို့ဆီ သရဲဖြစ်ပြီး ရောက်လာမှာ"

"ဟုတ်ပါ့ကွာ"

"သူ့ရုပ်က မသေခင်ကတည်းက မှင်စာပုံ"





"အေး- ဟုတ်တယ်"

"ဟားဟားဟား အဟတ်အဟတ်၊ အဲဒါ ပြောတာပေါ့ဗျာ ကျုပ်ကို ဒုက္ခ ပေးတာနဲ့ ခင်ဗျားတို့အားလုံး မုန့်လုံးစက္ကူကပ်ကိန်း ဆိုက်ပြီသာ မှတ်ပေတော့။ ကျုပ်ပြောတာ ကြားရဲ့လား"

"ဗျာ"

"ဦးဝဏ္ဏစည်သူ ခင်ဗျားက အသက်ကြီးပြီ၊ ခင်ဗျားလုပ်တာ အချိန်မစီးတဲ့ အလုပ်။ ဒါကြောင့် ရွှေဖရုံသီး များများစားသင့်တယ်"

"ဘာကွ၊ ဘာဖြစ်လို့ စားရမှာလဲ"

"ဩော်- ရွှေဖရုံသီးက စေးတယ် ပိုင်တယ်၊ အဲဒီ ရွှေဖရုံသီး တစ်နေ့ တစ်လုံး စားကြည့်၊ ခင်ဗျား အချိန်စီးလာမယ် အသားတိုးလာမယ်"

"ဟေ့ကောင်၊ မင်းကများ ငါ့ကို"

"ဩော်- ကျုပ်က အမှန်ပြောတာဗျ၊ ကျုပ် အဘိုး၊ အဘွားဆို ကြီးလာလေ လေ ရွှေဖရုံသီး များများစားတာပဲဗျ၊ အဲဒါ ကျုပ် မေးကြည့်တော့ အသက်ကြီး လေ အချိန်စီးလေ ဖြစ်အောင်တဲ့ဗျ"

"တိုက်- ဒီကောင်ပြောတာ"

"အို- ပါပါကြီးကလည်း ကိုဂျာအေးပြောတာ သိပ္ပံနည်းကျတယ် ပါပါကြီး ရဲ့၊ ဟုတ်ပြီ ဒီအချိန်ကစပြီး ပါပါကြီးကို ရွှေဖရုံသီး တစ်နေ့တစ်လုံး ချက်ကျွေး မယ်"

"ဗုဒ္ဓေါ၊ ဂျာအေး မင်း မဟုတ်တာတွေ ပြော. . ."

"ရော- ဦးဝဏ္ဏစီးသူ အဲလေ ဦးဝဏ္ဏစည်သူရယ် ဂျာအေးဟာ အမှန်တရား ကို မြတ်နိုးတယ်ဗျ။ ဒီတော့ အမှန်တရားပဲ ပြောချင်တယ်။ ခင်ဗျားဟာ လူကြည့် တော့ပုတ်၊ ဦးနှောက်က ဖြူတ်လို့တောင် ဆိုရမလိုပဲ"

"ဟင်- လာပြန်ပြီ"

"မှတ်ထားဗျ၊ ဦးနှောက်ကြီးပစေ ဦးနှောက်ကြီးရင် ဝက်ဦးနှောက် နွားဦး နှောက် ဆင်ဦးနှောက်. . ."

"ဟာ- ဘာတွေလဲကွ"

"ဩော်- ဦးနှောက်ကြီးကြီးတွေကို စားရမယ်၊ ဆင်ခြင်ဉာဏ် ကြီးချင်ရင် ဆင်ဦးနှောက်ထဲမှာ ခြင်တွေ ရိုက်ထည့်ပြီးစား"

"တိတ်. . . တိတ်စမ်း၊ ဘာတွေတုံးကွ"

"ဟာ- ကျုပ်ပြောတာ နားထောင်စမ်းဗျာ"



www.burmeseclassic.com

www.burmeseclassic.com



ဂျာအေးတစ်ယောက် သွန်ဘေးတွင် ရန်သူတွေ ဝိုင်းနေသော်လည်း ကြောက်စိတ် တစ်မှုင်တစ်မွှားမျှ မရှိ။ ဦးဝဏ္ဏစည်သူတို့လူစု ပြုံးကြောင်ကြောင် ဖြစ်နေ၏။

"ကျုပ် ကဗျာရွတ်ပြမယ်၊ နားထောင်"

"ဟာ တော်တော်လာတဲ့လူပဲ"

"နားထောင်ဗျာ-

လောဘကြောင့်လူ

ဖြူရာကမည်း

ဂုလည်းမမြင်

မြူပဲထင်မိ

ထိုအသိက

နွံရှိသာသို့ ညွန်သည့်နှယ်"

"ဟင်- ဒုက္ခပဲ၊ ခုမှ စာပြောဆရာနဲ့ လာတိုးနေပါလား။ ပြဿနာ ဖော် မရဘဲ ဘုန်းကြီးဝတ်ရမယ့် ကိန်းပါလား"

"မမိုက်ချင်စမ်းပါနဲ့ ဦးဝဏ္ဏစည်သူရယ်၊ မိုက်တယ် ဆိုတာ လူ့လောက နောက်ပြန်လျှောက်ကြည့်တာပဲတဲ့ဗျ"

"ဟိုက်- လုပ်ပြန်ပြီကွာ၊ ကိုင်း- ဂျာအေး စာတွေ ကဗျာတွေလည်း ရွတ် မနေနဲ့။ ငါတို့ ဆွေးနွေးချင်တဲ့ကိစ္စလည်း ဘယ်ရောက်သွားမှန်း မသိဘူး၊ ဒီတော့ မင်းကို သုံးရက် စောင့်ကြည့်မယ်၊ ခြေလှမ်းမှားတာနဲ့ သေပြီသာမှတ်"

"ဟာ- ဒီလောက် ပြောနေတဲ့ကြားက ခင်ဗျားက ပစ်ကိုသတ်မယ် ပစ် သတ်မယ် လုပ်နေတာပဲဗျ။ ကေန္တ လာတုန်းကလည်း အဝီစိ၊ ပြန်တော့လည် အဝီစိမယ့်လူပဲ"

"ဟာ- တော်ပါတော့ ဘုရားဒကာ ဂျာအေးရာ။ ဟိတ်ကောင်တွေ ကောင့်ကို ပြန်ပို့လိုက်၊ အေး- ငါတို့ ဒီလို ခေါ်မေးတာ ဖွတော့ မဖွနဲ့နော်"

ဂျာအေး ဘာတစ်ခွန်းမှမပြော။ ပြုံးစိစိနှင့် ခေါင်းညိတ်ပြလိုက်၏။ ဦးဝဏ္ဏ စည်သူတို့လူစုမှာ ဂျာအေးကို အကြီးအကျယ် လက်မြှောက်လိုက်ရ၏။ စာ ပေစတွေပြောပြီး သူတို့အားလုံး ငြိမ်ကျသွားအောင် ပြောရဲလှသော ဂျာအေး လည်း အံ့အံ့ဩဩကြီး ဖြစ်နေကြ၏။

ဂျာအေး ပြောသည့်စကားကို စုလေးက ထောက်ခံနေ၏။ အစ ဦးမဂ်လာကို ရှာဖွေရန်ပင် ဖြစ်၏။





"ဟုတ်တယ် ပါပါကြီး၊ ကိုဂျာအေးက ဉာဏ် ဇာအား ကောင်းတယ်၊ သူ တွက်ပြတာ မှန်တယ်၊ အဓိကပြဿနာရဲ့ အရင်းခံဟာ ဘာဆိုတာ သိဖို့ပဲ"

"အေးကွ၊ ငါတို့လည်း ရေလိုက်လွဲတော့မလို့ တော်တော် ပြောလည်း ပြောတတ်တဲ့လူပဲ"

"ဟုတ်ပါ့ ပါပါကြီးရယ်၊ ကိုဂျာအေးဟာ လူကြည့်ရတော့ ပေါ့တောတော ပေမယ့် ဉာဏ်ကောင်းပုံရတယ်"

"တော်ပါတော့ စုလေးရာ"

သူတို့လူစု ဝိဝါဒဖြစ်နေစဉ် ဂျာအေးတစ်ယောက် တင်ဝင်းတို့အိမ်သို့ ရောက်လာ၏။ တင်ဝင်းသည် ဂျာအေးကို မြင်သည်နှင့် ဝမ်းသာအားရ ပြော လိုက်၏။

"ဘယ်လိုလဲကွ၊ တစ်ဝက်ပဲ စားခဲ့ရဲ့လား"

"ငါ့ကတိ ငါ မဖျက်ပါဘူးကွ၊ ကဲ- စားကြမယ်"

"မိကြည်ရေ မြင်တော့ပေါ့၊ ဂျာအေး ပြန်လာပြီ"

"ဟုတ်ကဲ့ ကိုတင်ဝင်း"

တင်ဝင်းတို့မိသားစုမှာ ဂျာအေး ပြန်လာသဖြင့် ထမင်းဝိုင်းကို ဖွယ်ဖွယ် ရာရာ ပြင်ဆင်လေ၏။ ဂျာအေး ကြုံခဲ့သည့်အဖြစ်ကို ဘာတစ်ခွန်းမှ မပြော။ ဒုန်းထမင်း၊ ကြက်သားဟင်း ကာလသားချက်ကို မြိန်ရေရှက်ရေ စားပစ်လိုက် ၏။

"ကောင်းလိုက်တာကွာ"

"ဝရဲ့လားကွ"

"ဝပါတယ် ကိုတင်ဝင်းရာ၊ ခင်ဗျားနဲ့ တိုင်ပင်စရာရှိတယ်"

"ဟင်- ဘာလဲ"

"စားပြီးရင် အိမ်နောက်ဘက်မှာ စကားပြောရအောင်"

"ဘာလဲကွ"

"ကျွန်တော် ပြောသလိုလုပ်ပါ"

"အေးအေး"

တင်ဝင်းက အူတိအူကြောင်၊ လက်ဆေးပြီး အိမ်နောက်ဖေး ရောက်လာ ၏၊ ဂျာအေးသည် လေသံတိုးတိုးနှင့် ပြောလိုက်၏။

"ကိုတင်ဝင်း"

"ဘာတုံးကွ"



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်တို့ ပုံစံပြောင်းမယ်"

"ဟင်- ဘာတွေဖြစ်နေလို့လဲ"

"ကျုပ်ပြောသလို လုပ်မယ်ဗျာ"

"ဘာလဲကွ"

"ဒီလို"

သူ လေသံတိုးတိုးနှင့် ပြောပြလိုက်၏။ တင်ဝင်းမှာ ကြားခါစက မျက်လုံးပြူး မျက်ဆန်ပြူး ဖြစ်နေ၏။

"ကောင်းပါ့မလားကွ"

"ကောင်းပါတယ်ဗျာ၊ ကျုပ် လိုချင်တာတွေ အမြန်ပေး"

"ရစေရမယ်ကွာ"

ဂျာအေးသည် နောက်ဘက်အခန်းထဲဝင်ကာ တင်ဝင်း လှမ်းပေးသော ပစ္စည်းများနှင့် ချက်ချင်း သူ့ကိုယ်သူ ပြောင်းလဲပစ်လိုက်၏။ မှန်ထဲကြည့်ပြီး သူ့ကိုယ်သူပင် အံ့ဩသွား၏။ တကယ့် မိန်းမငယ်တစ်ယောက် အလားပင်။

"ဘယ်လိုလဲဗျ"

"ဟင်- ငါတောင် မျက်စိလည်သွားပြီကွာ"

"ဘာမှ မေးမနေနဲ့၊ ကျုပ်တို့ အဲဒီရွာကို အမြန်သွားမယ်၊ ကျုပ်ကို စောင့်ကြည့်နေတဲ့လူတွေ ဒီနားတစ်ဝိုက်မှာ ရှိနိုင်တယ်၊ ဒီတော့ ကျုပ် နောက်ဘက်က ထွက်မယ်၊ ခင်ဗျားရှေ့က လိုက်ခဲ့"

"အေး- သတိထားဦးနော်"

"စိတ်ချပါဗျာ"

ဂျာအေးတစ်ယောက် အိမ်နောက်ဘက် တောလမ်းထဲမှ စမ်းတဝါးဝါး လျှောက်ခဲ့၏။ ကုန်းမြင့် များစွာကို ကျော်ဖြတ်အပြီးတွင် လမ်းထိပ်သို့ ရောက်ရှိလာ၏။

တင်ဝင်းကို မြင်လိုက်သည်နှင့် မျက်စပစ်ပြလိုက်ပြီး နှစ်ယောက်တည်း တိုင်ပင်ထားသည့် လမ်းအတိုင်း လျှောက်ခဲ့ကြ၏။

"သတိထားပါ ဂျာအေးရယ်"

"မပူနဲ့၊ ကျွန်တော့်ကို ဘယ်သူမှ မသိဘူး"

"တော်ပါသေးရဲ့ကွာ၊ ကားဂိတ်အထိသွားမယ်"

"လမ်းခွဲပြီး သွားကြမယ်"

"အေးအေး"





ပြောပြောဆိုဆိုနှင့် သူတို့နှစ်ဦး လမ်းခွဲထွက်ခဲ့ကြ၏။ ဂျာအေးသည် မျက်စိလျင်လျင်နှင့် လျှောက်ခဲ့ရာ လမ်းထစ်ဝက်တွင် ဦးဝဏ္ဏစည်သူ၏ လူတစ်ယောက်ကို တွေ့လိုက်ရ၏။

သူ့ကို ဂျာအေးမှန်း မမှတ်မိ၊ ဂျာအေးသည် လမ်းပေါ်တွင် ဥဒဟို သွားလာနေကြသော လူများကြား ရောနှောလိုက်ပြီး ကားဂိတ်ဘက်သို့ ခပ်သွက်သွက် လျှောက်ခဲ့လေ၏။

မိနစ်သုံးဆယ်ခန့် အကြာတွင် ကားဂိတ်သို့ ရောက်လာ၏၊ ကန်ကြီးထောင့် သွားမည့်ကားပေါ် တက်လိုက်၏။ ကားထဲ ဟိုဟိုဒီဒီ ကြည့်လိုက်တော့ ကိုတင်ဝင်းကို ခုံတစ်နေရာတွင် မြင်လိုက်ရ၏။

တစ်အောင့်အကြာတွင် ကားကြီးက ကန်ကြီးထောင့်ဘက်သို့ စက်နှိုး၍ ထွက်ခွာလေတော့၏။ ဂျာအေး ရင်တွေတခုန်ခုန် ဖြစ်နေ၏။ သူ့ကိုယ်သူ မိန်းကလေးလို ပြင်ထားမှန်း သတိမေ့သွားကာ ဝှက်ထားသည့် စီးကရက်တစ်လိပ်ကို ယူသောက်မိ၏။ ဆေးလိပ်ငွေ့ကြောင့် ဘေးမှ အဘိုးကြီးက သူ့ကို မျက်စောင်းထိုးလိုက်၏။

"ဟာ- မိန်းကလေးဖြစ်ပြီး"

"ဖို- ဆောရီးပဲနော် အဘ"

"ဟင်- အခြောက်ကြီးပါလား"

"ဟဲဟဲ"

အဘိုးကြီးက သူ့အသံ ဩဩကြီးကြောင့် အထာပေါက်သွား၏၊ မျက်စိတစ်ဖက် မှိတ်ပြလိုက်တော့ အဘိုးကြီး ဟိုဘက်လှည့်သွား၏၊ ထိုအချိန်တွင် ကားကြီးက တအိအိနှင့် မောင်းနှင်နေဆဲ၊

○○○○○



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

ကန်ကြီးထောင့် ရွာကလေးထိပ် ရောက်သည်နှင့် ကားပေါ်မှ ဆင်းခဲ့ပြီး ရွာထဲ ဝင်ခဲ့၏။ တစ်အောင့်အကြာ သူ့အနားသို့ တင်ဝင်း ရောက်လာ၏။

"ဘာလုပ်မလဲ"

"ခင်ဗျား အမျိုးတွေအိမ် အရင်သွားမယ်"

"အေး- ဟို. . ."

"နောက်မှပြော"

"ဘယ်သူ လိုက်လာသေးလဲ"

"မြင်တော့ မမြင်မိဘူးဗျ"

"ကိုင်း- ဒါဆို ရှေ့ကသွား"

ပြောပြောဆိုဆိုနှင့် သူတို့နှစ်ဦး ရွာအနောက်ဘက် အိမ်ဝိုင်းထဲ ဝင်ခဲ့ကြ၏။ အိမ်ထဲ ရောက်သည်နှင့် ဂျာအေးက ကိုယ်ပေါ်မှ အမျိုးသမီး အဆင်အယင်များကို ဖြုတ်ပစ်လိုက်၏။

"ဟား. . . မလွယ်ပါလား"

"မင်း ဘာတွေ လုပ်နေတာလဲ ဂျာအေးရယ်၊ ငါတော့ နားကို မလည်တော့ဘူး"

"နောက်တော့ သိမှာပေါ့ကွာ၊ လောလောဆယ် ငါ့ကိစ္စ မင်းလုပ်ပေး"

"ဘာမှမပူပါနဲ့ကွာ။ နေဦး၊ မိမှန်. . . ဟဲ့ မိမှန်"

"ရှင်၊ လေးလေး"

"လာပါဦးကွာ၊ ဒီမှာ မေးစရာရှိလို့"

"ဟုတ်ကဲ့ ဟုတ်ကဲ့၊ လာပါပြီ"





အိမ်နောက်ဘက်မှ အမျိုးသမီးငယ်တစ်ဦး ထွက်လာ၏။ အသားက မည်းကြုတ်ကြုတ် ချက်ပြုတ်နေပုံရ၏။

"ဘာ. . . ဘာကိစ္စလဲ လေးလေး"

"ထိုင်ပါဦး မိမှန်ရယ်၊ ဟောဒီက မိတ်ဆွေက မေးစရာရှိလို့"

"ဪ- ဟုတ်ကဲ့၊ ဘာများပါလိမ့်"

"တခြား မဟုတ်ပါဘူးဗျာ၊ ဟောဒီ ကန်ကြီးထောင့်ရွာမှာ ဒေါ်ဝိုင်းဖြူဆိုတဲ့ အမျိုးသမီးတစ်ဦးများ နေထိုင်သွားသလားလို့ပါ"

"ရှင်၊ ဒေါ်ဝိုင်းဖြူ"

"ဘယ်အရွယ် ရှိသလဲ"

"အရွယ်တော့ မငယ်တော့ဘူးပေါ့၊ ကျွန်တော့်စိတ်ထင် ခုဆိုရင် ငါးဆယ်ကျော် ခြောက်ဆယ်နီးပါး ရှိနေပြီ ထင်ပါရဲ့"

"ဒေါ်ဝိုင်းဖြူကြီး ဟုတ်လား"

"ဟုတ်ပါတယ်"

မမှန်သည် ဂျာအေးစကားကြောင့် ဇဝေဇဝါ ဖြစ်နေ၏။ ထို့ကြောင့်လည်း အိမ်ပေါ်မှ ဆင်းသွားကာ အိမ်နှင့် သုံးအိမ်ကျော်လောက်တွင် နေထိုင်သော အဘွားဝိန်ဆီ စုံစမ်းမေးမြန်းခဲ့၏။

"ဟဲ့- မိမှန်ရဲ့၊ ဝိုင်းဖြူဆိုတာ တို့ရွာမှာ တစ်ချိန်က နေသွားခဲ့တာပေါ့"

"ရှင်၊ ကျွန်မ မသိလိုက်ပါလား"

"အို- ညည်းတို့မိသားစုက ရွာကို မနေ့တစ်နေ့ကမှ ရောက်လာတာကိုး၊ အဲဒီ ဝိုင်းဖြူက ဒေါ်ကျင်နိုင်ရဲ့ ညီမတစ်ဝမ်းကွဲလေ၊ သူ့အကြောင်း သိချင်ရင် ဒေါ်ကျင်နိုင်ကို မေးကြည့်"

"အမေကျင်လား"

"ဟုတ်တယ်၊ သူ ကောင်းကောင်း မကျန်းမာဘူးဆို"

"ခုတော့ ကောင်းသွားပါပြီ၊ ဒါဆို အတော်ပဲ"

မိမှန်၏ ကူညီစောင်မမှုကြောင့် ဒေါ်ဝိုင်းဖြူ၏ ညီမဝမ်းကွဲတော်သူ ဒေါ်ကျင်နိုင် ရောက်ရှိလာ၏။ ဂျာအေးကို မှန်တုပ်ကုပ်ကြည့်ပြီး မေးလိုက်၏။

"ဘာကိစ္စလဲကွယ့်"

"ဟို- ဒေါ်ဝိုင်းဖြူ"

"မမဝိုင်း ဘာဖြစ်သလဲ၊ ဘာကိစ္စလဲ"

"ဟိုဗျ၊ အဲဒီ ဒေါ်ဝိုင်းဖြူ ဘယ်ပြောင်းသွားသလဲလို့ပါ၊ ကျွန်တော့်ကို



www.burmeseclassic.com

www.burmeseclassic.com



လူတစ်ယောက်က ရှာခိုင်းလို့ပါ"

"ဩော်- ဒါကြောင့်ကိုး၊ ကေန္တ မင်းကို ရှာခိုင်းတဲ့လူဟာ မဂ်လာပဲ ဖြစ်ရမယ်"

"ဗျာ၊ ဟုတ်. . . ဟုတ်ပါတယ်ဗျာ၊ ဒါဆို ဒေါ်ဝိုင်းဖြူနဲ့ တွေ့. . ."

"တွေ့လို့ မရဘူး"

"ဗျာ၊ ဘာ. . . ဘာကြောင့်"

"ဘာကြောင့်လဲဆိုတော့ ဝိုင်းဖြူ သေပြီ"

"ဗျာ- သေပြီ၊ ဒုက္ခပါပဲ ဒါ. . . ဒါဆို သူ့မှာ သားသမီးတွေ မကျန်ခဲ့ဘူးလားဗျ"

"ကျန်ခဲ့တယ်"

"ဗျာ၊ ဒါဆို ကျွန်တော် သူနဲ့ တွေ့ချင်လိုက်တာဗျာ။ ကျွန်တော့်ကို နာမည်နဲ့ လိပ်စာပြောပြပါလား"

"သူက ပုသိမ်မြို့ပေါ်မှာ နေတာပဲ၊ နာမည်က မောင်မောင်၊ လိပ်စာက -----"

"ကျေးဇူးတင်လိုက်တာဗျာ၊ ဒါဆို ကျွန်တော်တို့ ဒေါ်ဝိုင်းဖြူရဲ့ မျိုးဆက်ကို တွေ့နိုင်ပြီပေါ့"

ဂျာအေးမှာ ဦးမင်္ဂလာ၏ ကိစ္စကို အခက်အခဲများကြားမှ မရမနေ ဖြစ်မြောက်အောင် ဆောင်ရွက်လေ၏။ ယခုတော့ ဒေါ်ဝိုင်းဖြူ၏ သားနှင့် တွေ့ဆုံရန် ချက်ချင်း သွားရောက်၏။ သို့သော် ဟိုမြို့ပြောင်းလိုက် သည်ပြောင်းလိုက်နှင့် လိပ်စာ အတိအကျ မရနိုင်ဘဲ ဖြစ်နေ၏။

နောက်ဆုံး လိပ်စာ အတိအကျသိသော လူတစ်ယောက်၏ ကူညီစောင့်ရှောက်မှုကြောင့် မောင်မောင်၏ လိပ်စာအစစ်အမှန်ကို ရရှိသွား၏။ လိပ်စာရလျှင်ရချင်း ဦးမင်္ဂလာပေးခဲ့သည့် ပစ္စည်းကိုယူကာ ချက်ချင်းပင် မောင်မောင် ရှိရာသို့ အငှားကားနှင့် လာခဲ့လေ၏။

* * *

မောင်မောင် နေထိုင်ရာ အိမ်ကလေးမှာ ပျဉ်ထောင်အိမ်ကလေးဖြစ်ပြီး အိမ်ရှေ့ရောက်သည်နှင့် ဂျာအေးက အော်ဟစ် မေးမြန်းလိုက်၏။

"မောင်မောင် ရှိလား"

"ဟဲ့- ဘယ်သူတုံးဟဲ့၊ ဒီနာမည် မခေါ်ပါနဲ့လို့ ပြောထားရက်နဲ့"

"ဗျာ၊ ဟို- မောင်မောင်လေ"





"လာပြီဟေ့ လာပြီ- ဘယ်ငတုံးကများ ဒီနာမည် ကြိုက်နေပါလိမ့်"

ကြားရသည့် အသံက နားမချမ်းသာသည့်အသံ။ အိမ်ရှေ့သို့ လူတစ်ယောက် ပြေးထွက်လာ၏။ တံခါးကို ဝုန်းခနဲ ဆောင့်ဖွင့်ချလိုက်၏။

"ဘယ်သူလဲ တစ်မောင်တည်း မောင်နေတာ"

"ကျွန်တော်ပါ"

"ဟယ်- ကိုကိုဂျာ"

"ဗျာ၊ အဲ- ဇာခြည်တတုံးပါလား၊ မင်း ဒီမှာ နေသလား"

"အို- ကိုကိုဂျာကလည်း ဇာခြည်ပါဆို၊ လာလေလို့ အိမ်ပေါ်တက်ခဲ့"

"ဟိုက်- ငါတော့ ငါးပါးမှောက်ပြီ ထင်ပါရဲ့"

"လာပါဆို"

တံခါးဖွင့်ပေးလာသူက တခြားမဟုတ်။ သူနှင့် ပုသိမ်သင်္ဘော အတူစီးခဲ့သော မိန်းမလျှာ ဇာခြည် ဖြစ်နေ၍ပင်။ ဂျာအေးမှာ ဖြစ်စဉ်ကြောင့် အူလည်လည် ဖြစ်နေ၏။ ဇာခြည်ကတော့ ဂျာအေးကို တွေ့လိုက်သည်နှင့် အကြီးအကျယ် ဝမ်းမြောက်ဝမ်းသာ ဖြစ်နေ၏။

"ကိုကို"

"ဟိုက်- ဟေ့ကောင် ကတုံး ငါလာတာ ကိစ္စရှိလို့ကွ"

"ဘာကိစ္စလဲပြော"

"ဟိုကွာ၊ ကိုမောင်မောင်ဆိုတဲ့ လူကို လာရှာတာ"

"အို- အဲဒီ နာမည်ကြီးကို ဘေးချိတ်ထားလိုက်ပါကွယ်"

"ဟာ- ဘေးချိတ်လို့ မရဘူး၊ ငါ့မှာ သိပ်အရေးကြီးတဲ့ကိစ္စ ရှိနေတယ်ကွ။ မင်းမှာသစ္စာ လူမှာကတိတဲ့ကွ"

"အို- ကိုကိုက မင်းလည်း မဟုတ်ဘူး၊ လူလည်း မဟုတ်ဘူးလေ"

"ဘာ- ငါ. . . ငါ လူပါဟ"

"ဟုတ်နိုင်ဘူးကွယ်၊ ကိုကို့ပုံက မှင်စာလေးလိုလို၊ သရဲလေးလိုလိုနဲ့ ဟင်းဟင်း ဇာဇာ့ရင်ထဲမှာတော့ တအား ချစ်စရာကောင်းတယ်"

"အောင်မယ်လေး ဘယ်လိုလုပ်ပြီးများ ရေစက်လာဆုံရပါလိမ့်ကွာ၊ ကဲ- ငါမေးတာ ဖြေစမ်း။ မင်းက ဒီအိမ်မှာ ဘာလဲ"

"အိမ်ရှင်မ"

"ဘာကွ၊ ငါမေးတာ ကောင်းကောင်း ဖြေစမ်းကွာ"

"အို- တကယ်ပြောတာ ဇာက တစ်ခုလပ်လေ၊ ဇာယောကျ်ားက ဇာ့ကို



www.burmeseclassic.com

www.burmeseclassic.com



ပစ်သွားတာကြာပြီ၊ ဇော့ရင်ထဲ. . .”

“ဟာ- တော်ပါတော့”

“ရှင်၊ လူကိုများ”

“ငါမေးတာ ဖြေစမ်း၊ မင်း ကိုမောင်မောင်ဆိုတဲ့လူကို သိလား”

“ရှင်”

“ဟော့ကောင်၊ ရှင်တွေ ရှက်တွေ လုပ်မနေနဲ့ ငါမေးတာဖြေ ကိုမောင်မောင်က မင်းယောကျ်ားလား”

“အို- ရှုပ်ကုန်ပြီ”

“ဘာရှုပ်တာတုံးကွ၊ ငါတွေ့ချင်တာ ကိုမောင်မောင်ကွ”

“ဘာလုပ်မလို့တုံးဆို”

“ဒါ မင်းကိစ္စ မဟုတ်ဘူး”

“ခက်ပါ့ ကိုကိုရယ်၊ ဇာကလေ ဇာကလေ”

“ဟိတ်ကောင် ကောင်းကောင်း ဖြေစမ်းကွာ၊ ဘာလဲ မောင်မောင် သေပြီလား”

“ရှင်၊ အို- ဇော့ကို အဲလို မပြောနဲ့”

“ဘာကွ”

“ဟုတ်တယ်လေ၊ ဇော့နာမည်အရင်းက မောင်မောင်၊ ကိုကို မယုံရင် အိမ်ထောင်စုစာရင်းနဲ့ မှတ်ပုံတင် ထုတ်ပြမယ်လေ”

“ဘာကွ”

ကျာအေး မျက်လုံးပြူး မျက်ဆန်ပြူးသွား၏။ မိန်းမလျာ ဇာခြည်ကို ကြည့်ပြီး ဇဝေဇဝါ ဖြစ်နေ၏။

“ဟကောင်၊ မင်း မဟုတ်တာ မပြောနဲ့၊ မင်းအဖေ ဘယ်သူလဲ ပြောစမ်း”

“အဖေ၊ အဟင့် . . . အဟင့်”

“ဟာ- အရေးထဲ ငိုချင်းချ. . .”

“ဇော့အဖေက ဦးမင်္ဂလာလေ”

“ဟေ- သွားရောကွာ”

“ဘာတုံး၊ ဘာဖြစ်လို့တုံး ကိုကိုရဲ့”

ကျာအေးမှာ မိန်းမလျာ ဇာခြည်ထံမှ ကြားလိုက်ရသောအခါ ပါးစပ်အဟောင်းသား ဖြစ်နေ၏။ ဦးမင်္ဂလာက မှာဖွေခိုင်းလိုက်သော ဒေါ်ဝိုင်းဖြူ၏ မျိုးဆက်။



သူ ဘယ်လိုမှ မထင်မှတ်ထားသော မိန်းမလျာ ဇာခြည် ဖြစ်နေ၍ ပိုပြီး အံ့သြနေရလေ၏။ ဘာဆက်ပြောလို့ ပြောရမှန်းပင် မသိတော့။ သို့သော် ဦးမင်္ဂလာက သူ့ကို ယုံကြည်စွာ အပ်နှင်းလိုက်သည့် ကိစ္စကိုတော့ ပြီးမြောက်အောင် ဆောင်ရွက်ချင်၏။ ထို့ကြောင့်လည်း ဇာခြည်၏ အမျိုးသားမှတ်ပုံတင်ကို အရင် ယူကြည့်လိုက်၏။ ဇာခြည် ပြောခဲ့သလိုပင် နာမည်အရင်းက မောင်မောင်။ ငယ်ရုပ်က ခန့်ညားလှ၏။ ဖခင်အမည် ဦးမင်္ဂလာ ဆိုသည်ကို တွေ့လိုက်ရသည်နှင့် ကျာအေးမှာ ဇာခြည်ကို တအံ့တဩ ကြည့်မိလေ၏။

“ယုံပြီလား ကိုကို”

“ပြဿနာပဲ၊ ဟောဒီမှာ မင်းအဖေ ဦးမင်္ဂလာက ငါ့ကို ပေးခိုင်းလိုက်တာကွ”

“ဘာကြီးတုံး”

“ကျာကင်တစ်ထည်ပေါ့ကွာ”

“အို”

သူ အသေအချာ သိမ်းဆည်းထားသော ကျာကင်အကျႌကို ထုတ်ပေးလိုက်၏။ ဇာခြည်မှာ ကျာကင်ကို ဝတ်ဆင်ရင်း ရှုံ့ရှုံ့တွတ္တ လုပ်နေ၏။

“အို- ကျာကင်ကြီးကလည်း ပွရောင်းရောင်းကြီး၊ ဖေဖေက ဘာလုပ်ဖို့ ပေးခိုင်းတာလဲ၊ တခြား ပစ္စည်းလေးတွေ ပေးပေါ့။ ဥပမာ ရေမွှေးတို့ မိတ်ကပ်တို့။ မလိုပါဘူး ရော့၊ ကိုကို့ကို ဇာဇာ လက်ဆောင်ပြန်ပေးလိုက်မယ်”

“ဟာ- အဲဒါ မင်းအဖေ ဦးမင်္ဂလာရဲ့ အမွေကွ။ ဒီကျာကင်ဟာ သိန်းလေးငါးထောင်တန်တယ်ကွ”

“အို- ဘယ်နှစ်ထောင်တန်တန် ဇာ စိတ်မဝင်စားဘူး၊ ဇာ စိတ်ဝင်စားတာ ကိုကိုကျာ”

“သွားရောကွာ”

“အို- ကိုကိုကလည်း၊ ရော့- ခုချက်ချင်းဝတ်”

“ဟင်”

“ဝတ်လိုက်ပါဆို၊ ဇော့ကိုချစ်ရင် ဝတ်ရမယ်”

“ဒုက္ခပါပဲ၊ ဒီမှာ မောင်မောင် ဟောဒီ အကျႌတစ်ထည်ကြောင့် ငါ အမျိုးမျိုး ဒုက္ခတွေကြုံခဲ့တာကွ။ ဒီလောက် ဒုက္ခသုက္ခကြားက ငါ ထိန်းထိန်းသိမ်းသိမ်း ယူလာခဲ့တာကို မင်း တန်ဖိုးထားသင့်တာပေါ့ကွာ”

“အို- ကိုကိုကျာကလည်း ဇာ အဲဒါတွေ မသိချင်ဘူး။ ဇာသိတာ ကိုကိုကျာကို



www.burmeseclassic.com

ချစ်တယ်"

"သေပါတော့ကွာ"

ဂျာအေးတစ်ယောက် အံ့ကြီးအကျယ် စိတ်ပျက်လက်ပျက် ဖြစ်သွား၏။ ပုသိမ်ကို စွန့်စွန့်စားစား လာခဲ့ရ၏။ ရန်သူတွေကြား သက်စွန့်ဆံဖျား ပြေးခဲ့လွှားခဲ့ရ၏။ ယခုတော့ လုပ်လာသမျှကိစ္စအားလုံး သဲထဲရေသွန် ဖြစ်ရတော့မည့်ကိန်းမို့ စိတ်အပျက်ကြီး ပျက်နေ၏။

မိန်းမလျှာ မောင်မွှောင်ကလည်း ဘာကိုမှ တန်ဖိုးထားသူမဟုတ်။ နောက်ဆုံး သူ ဘယ်သို့ဘယ်ပုံ ဆုံးဖြတ်ရမှန်း မသိဘဲ ချီတုံချတုံ ဖြစ်နေ၏၊ ထိုစဉ် အိမ်ပေါ်သို့ လူကြီးတစ်ယောက် တက်လာ၏။

"ဟာ- ဦး . . . ဦးမဂ်လာ"

"ဟေ- မင်း မောင်ဂျာအေး"

"ဟုတ်ပါတယ်၊ ဦး ဒီကို ဘယ်လိုရောက်နေတာတုံးဗျ"

"ဒီလိုပေါ့ မောင်ဂျာအေးရယ်၊ ဦးလည်း လောဘကြီးလှတဲ့ သားသမီးတွေ ဇနီးမယားတွေကို ရွံမုန်းမိတာနဲ့ တကယ့် မေတ္တာစစ် မေတ္တာမှန်နဲ့ ချစ်ခဲ့တဲ့ နော်ဆေးကို ရှာခဲ့တယ်လေ၊ နော်ဆေးဟာ ဘယ်သူမှတ်သလဲ"

"ဘယ်သူလဲ ဦးလေးမဂ်လာရဲ့"

"မဝိုင်းဖြူပေါ့ကွာ၊ သူ့ရဲ့မြန်မာနာမည်က မဝိုင်းဖြူတဲ့"

"ဒါ. . . ဒါဆို မောင်မောင်"

"ဟုတ်တယ်၊ မင်းဘေးမှာ ကုပ်ချောင်းကုပ်ချောင်း ထိုင်နေတဲ့ မိန်းမလိုလို ယောကျ်ားလိုလို သတ္တဝါဟာ ငါ့ရဲ့သား မောင်မောင်ပဲ၊ သူတို့သားအမိဘဝဟာ ကြမ်းတမ်း ခက်ထန်လွန်းလှတယ်ပါတယ်။ မောင်မောင့်အမေ ဝိုင်းဖြူ ငါ့အခေါ် နော်ဆေးပေါ့၊ သူဟာ သေတဲ့အထိ ငါ့ကို စောင့်ဆိုင်းခဲ့တယ်လေ။ ဒါကြောင့် ငါဟာ နည်းနည်း သွားလို့ရ လာလို့ရတာနဲ့ ဆေးရုံပေါ်ကနေ ရုပ်ဖျက်ခဲ့ပြီး ပုသိမ်ကို တစ်ယောက်တည်း ထွက်လာခဲ့တာပဲကွ"

"ဩော်- ဒီလိုကိုး၊ ဒါဆို ကျွန်တော့်ကို သတ်မယ်ဖြတ်မယ် လိုက်လုပ်တဲ့ လူတွေက. . ."

"အေး သူတို့ဟာ ဦးရဲ့ သွားအကြီး ဟိန်းကျော်နဲ့ သမီးမိုက် စုလေးတို့ပဲကွ၊ သူတို့ဟာ ငါ့အမွေကို တအား မက်မောကြတယ်။ ဟိန်းကျော်က ဒုတိယအိမ်ထောင်ရဲ့ အကြီးဆုံးသား၊ စုလေးက တတိယအိမ်ထောင့်ရဲ့ အကြီးဆုံးသမီး သူတို့နှစ်ယောက်ပေါင်းပြီး ငါ့ကို အမွေလွှဲပေးဖို့ ခြိမ်းခြောက်ခဲ့ကြတယ်၊ ငါ့ရင်





သွေးတွေပေမယ့် လောဘဇောတိုက်နေကြတော့ ငါ့ကိုတောင် အမှုန့်ခြေပစ်ချင်ကြတယ်လေ။ ဒါကြောင့်လည်း ငါ ဘာလုပ်ရသလဲဆိုတော့ ပိုင်ဆိုင်သမျှ စာချုပ်စာတမ်းတွေကို အကုန်သိမ်းဆည်းပြီး အကျီတစ်ထည်ထဲ ထည့်ချုပ်ခဲ့တယ်လေ၊ အဲဒီအကျီက မင်းဝတ်ထားတဲ့ ဂျာကင်ပဲကွ"

"ဗျာ၊ အံ့ဩစရာပဲဗျာ"

"အေး- သိန်းငါးထောင်အထက်မှာ ရှိတဲ့ အမွေပစ္စည်း ရတနာတွေပဲကွ။ အဲဒါကို ငါအပေးချင်ဆုံးက နော်ဆေးပဲ။ ခုတော့ နော်ဆေး မရှိတော့ဘူး၊ ဒါကြောင့် ငါတစ်ဖြစ်လဲ သမီးဇာခြည်ကို ပေးချင်တာ"

"အို ဒက်ဒီကလည်း သမီး အဲဒီဂျာကင်ကြီးကို မယူဘူး၊ ကိုဂျာအေးကို ပေးလိုက်ပြီလေ၊ သမီးယူချင်တာ ဟဲဟဲ ကိုကိုဂျာ"

"ဗုဒ္ဓေါ"

"ကဲ- မင်းကြားတဲ့အတိုင်းပဲ မောင်ဂျာအေး၊ ငါ့သမီးကတော့ မင်းကိုအကျကြီးကျနေပြီ၊ အဖေနေရာကပြောတော့ မျက်နှာတော့ ပူလှသကွာ၊ မင်း ဇာခြည်ကို ယူမလား"

"ခင်ဗျာ၊ ဟာ- မ. . . မလုပ်ပါနဲ့ ဦးလေးရယ်၊ ကျွန်. . . ကျွန်တော် မယူပါရစေနဲ့၊ ဟို. . . ဟို ဟော်ဒီမှာ ဂျာကင် ဦးလေးပဲ ယူလိုက်ပါတော့။ ကျွန်တော် စေတနာသက်သက်နဲ့ ဆောင်ရွက်ပေးတာပါ"

"အေးလေ၊ ဒါကြောင့် ငါ့သမီးဇာခြည်ကို မင်း မယားမှတ်မှတ် သားမှတ်မှတ် ပေါင်းရင် သိန်းငါးထောင်. . ."

"တော်ပါတော့ ဦးလေးရယ်၊ ကဲ- ကျွန်တော် ပြန်တော့မယ်၊ အားလုံးပြီးသွားပြီမို့ ကျွန်တော် သွားပါရစေတော့"

"နေ. . . နေပါဦးကွယ်"

"ကိုကိုဂျာ"

"တော်ပါတော့ မခေါ်ပါနဲ့တော့၊ မကြားပါရစေနဲ့တော့။ ဘဝဆက်တိုင်း ဆက်တိုင်း ဒီအဖြစ်မျိုးနဲ့ မကြုံပါရစေနဲ့တော့။ တာတာ့"

"အို- ကိုကိုဂျာ"

"သွားပြီဗျို့"

နောက်ဆုံးတော့ သူ့ကိစ္စ အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ပြီမို့ မိန်းမလျှာ ဇာခြည်နှင့် ဦးမဂ်လာတို့ကိုထားကာ အိမ်ကြီးပေါ်မှ သုတ်ခြေတင်ခဲ့လေတော့၏။

ပေါ်ဂျာရှစ်



www.burmeseclassic.com